www.burmeseclassic.com

ဂျူး

# သုညကမ္ဘာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး

★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး

★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

12 JAN 2013

# ပျိုး

# သုညကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com


အဖုံးဒီဇိုင်း - **Idea Kyaw**

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
ဝဲယမ်အော့ဖ်ဆက်
၆၈၊ ကားဝါလမ်း
ဒဂုံမြို့နယ်

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းငွေ

ပုံနှိပ်ခြင်း - ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

ဖျူး
သုညကမ္ဘာ / ဖျူး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၂
၂၈၈- စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) သုညကမ္ဘာ


## အခန်း (၁)

"နှင်အခု ဘာတွေများ ဆက်လုပ်ဖို့ တွေးထားလဲ ဝေး"

"နှင်လည်း၊ အစမရှိ အဆုံးမရှိနဲ့ ဘာကိုပြောချင်တာလဲ"

တကာယ်တော့ ကျွန်မစိတ်ထဲကနေပြီး သူ့ရိုယ ပြောချင်တာတွေကို နားလည်နေပါသော်လည်း တမင်သက်သက်ကို မသိချင်ယောင်ဆောင်ကာ မေးလိုက်ခြင်း ဖြစ်သည်။

"နှင် မသိချင်ယောင်ဆောင်နေတာလား ဝေး၊ တကာယ်ဆိုနှင် ဟိုကောင်ကို တကာယ်လည်း မချစ်ပါဘဲ ဘာလို့များ အဖြေပြန်ပေးဖို့ စဉ်းစားနေရတာလဲ"

"သူ့ကိုငါ ရွေးချယ်သင့်တယ်လို့ ထင်တယ်လေ"

"အဲဒါ နှင့်ရင်ထဲကလာတဲ့ အမှန်ဆုံးစကားလား"

ကျွန်မသည် သူရိယ မျက်နှာကို တည့်တည့်စိုက်ကြည့်လျက် ခေါင်းကို အသာလေး ညိတ်ပြလိုက်သည်။ သူ သက်ပြင်းတစ်ချက်ချ လိုက်၏။

သူလည်း သိမှာပါ။ လွှမ်းဝေဝေက တစ်ခုခုကို လုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီးလျှင် ဘယ်တော့မှ နောက်မဆုတ်တတ်ဘူးဆိုတာကိုပေါ့။

"ဒါဆိုလည်း ငါဘာမှ မပြောချင်တော့ပါဘူး။ ဒါပေမဲ့ နောက်ဆုံးတစ်ခုတော့ ပြောခဲ့ချင်တယ်၊ နင့်ရွေးချယ်မှုအတွက် ဖြစ်လာတဲ့ အကျိုးဆက်မှန်သမျှကို နင့်ဘာသာပဲ လက်ခံဖြေရှင်းရလိမ့်မယ်နော်"

သူရိယ မျက်နှာထက်က အပြုံးလေးကို ကျွန်မ ဘယ်တော့မှ မေ့မည်မဟုတ်ပါ။ ဒါပေမဲ့ ကျွန်မရင်ထဲက နာကျင်မှုကို သူ သိသင့်သည်။ သူ နားလည်သင့်သည်။

ကျွန်မဘဝရဲ့ သံယောဇဉ်အရှိဆုံး၊ ကျွန်မဘဝကို နားအလည်နိုင်ဆုံးလို့ ထင်ထားခဲ့သော ယောက်ျားတစ်ယောက်က ခုလိုမျိုး လှောင်ပြုံးတစ်ခုကို ရက်ရက်စက်စက် ပြုံးဖြစ်လိမ့်မည်လို့ ကျွန်မ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။

အဲဒါပါပဲ သူရိယဆိုတဲ့ ယောက်ျားသည် ကျွန်မ မျှော်လင့်မထားတာတွေကို အမြဲလိုလို ပေးတတ်မြဲဖြစ်သည်။ ပြီးတော့ သူ ပေးသမျှ



အားလုံးသည်လည်း လွန်ခဲ့တဲ့ ငါးနှစ်လုံးလုံး သူ့အနားမှာ တောက်တဲ့တစ်ကောင်လို တွယ်ကပ်ပြီး သူ လိုအပ်သမျှ ဖြည့်ဆည်းပေးရသည့် ဘဝကို ကျွန်မ စိတ်ကုန်နေပြီဖြစ်သည်။

ရလာသမျှ ရလဒ်တွေကတော့ ပျော်ရွှင်မှု နှစ်ဆယ်ရာခိုင်နှုန်းတွင် စိတ်ပျက်ငြီးငွေ့ဖွယ် ရှစ်ရာခိုင်နှုန်းလောက် ပျော်ဝင်နေသည့် ဝမ်းနည်းဖွယ်တွေသာ ဖြစ်ခဲ့ရသည်။ ရှေ့ဆက်ပြီးလည်း အဲဒီဒဏ်တွေကို ကျွန်မ သည်းမခံနိုင်တော့ပါ။

ထို့ကြောင့်ပင် သူရိယနဲ့ ဝေးရာကို ထွက်ပြေးဖို့ ကျွန်မသည် အားစာခံလူတစ်ယောက်ကို ရွေးချယ်ပစ်လိုက်ရခြင်း ဖြစ်သည်။

ရှင့်အတွက်ကတော့ ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလားဆိုတာ ရှင့်ရဲ့ခံယူချက်ပေါ်မှာပဲ မူတည်နေလိမ့်မယ် ဖေသုတ ...။

■ ■ ■

"ရှင် ကျွန်မဆီ ဖုန်းဆက်လာလိမ့်မယ်ဆိုတာ ကျွန်မ သိနေတယ် ကိုဖေသုတ"

"အင်း ဖြစ်နိုင်ပါတယ်၊ ဒါက မင်းတို့ မိန်းကလေးတွေ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း အထင်ကြီးပြီး တွေးတတ်တဲ့ ကိစ္စမျိုးပဲ မဟုတ်လား"

ကျွန်မ နည်းနည်းတော့ ခံပြင်းသွားသည်။ အဲဒီ ဖေသုတဆိုတဲ့

www.burmeseclassic.com



လူက ဘယ်တော့မဆို စကားကို ကောင်းကောင်းမွန်မွန် ဖြောင့်ဖြောင့် တန်းတန်း ပြောတတ်လေ့ မရှိ။ တစ်ခုခုကို ထိုးနှက်လိုက်ရမှ ကျေနပ်သလိုလို နှင့် ရိလိုက်ရမှ ကျေနပ်တတ်သူ ဖြစ်သည်။

ထိုအကျင့်တစ်ခုကိုတော့ ကျွန်မ သူ့ဆီမှာ ရှာဖွေတွေ့ရှိထားသည်။ နောက်ထပ်ရော ကျွန်မကို အမြင်ကပ်စေသည့် ဘယ်လိုအကျင့်ပေါင်း မြောက်များစွာ သူ့ထံမှာ ရှိနေလေမလဲ မသိပါ။

"ထားလိုက်ပါတော့လေ၊ ရှင်ဘာကြောင့် ကျွန်မဆီ ဖုန်းဆက်တယ်ဆိုတာလေး တစ်ဆိတ်ပြောပြနိုင်မလား"

သူ့ထံမှ ရယ်မောသံ ခပ်တိုးတိုးကို ကြားရသည်။ နောက်တော့ ရယ်သံစွက်နေသော ထိုအသံနှင့်ပင်

"မင်းက သုတ ဖုန်းဆက်လိမ့်မယ်ဆိုတာတော့ သိပြီး ဘာကြောင့် ဆက်မယ်ဆိုတာတော့ မသိဘူးပေါ့ ဟုတ်လား"

"အင်းလေ၊ သိရအောင် ကျွန်မက ဗေဒင်ဆရာမမှ မဟုတ်တာ"

"ဟုတ်ပါပြီဗျာ၊ ဒါဆိုလည်း ပြောပြပါ့မယ်၊ သုတ ပြောထားတဲ့ ကိစ္စလေးကို မင်းစဉ်းစားပြီးပြီလား၊ အဖြေလေး တစ်ဆိတ်လောက် သိချင်လို့ပါဗျာ"

သူ့အသံက ယဉ်ယဉ်ကျေးကျေးလေး ထွက်ကျလာပြန်သည်။





ဒီလူဟာလေ တမင်တကာ လုပ်ပြောနေသလား ထင်မှတ်ရလောက်အောင်ကို ချိုသာလွန်းနေပြန်ပါပြီ။

အေးပေါ့လေ သူက လိုချင်သည့် လူပဲ။

ဒီလောက်တော့ ကျွန်မ်အပေါ်မှာ ချိုချိုသာသာ ဆက်ဆံသင့်သည် မဟုတ်လား။ ဒါကိုတော့ ကျွန်မ ကျေနပ်သွားမိသည်။

ကျွန်မ စဉ်းစားပြီးပါပြီ။

"ဒါဆို အဲဒီ အဖြေလေးကို အခုသိလို့ရမလား မသိဘူးနော်"

"သိချင်တယ်ပေါ့ ဟုတ်လား"

ကျွန်မက ရယ်မောရင်း မေးလိုက်တော့ သူ့အသံ တိတ်ဆိတ်သွားသည်။ စက္ကန့်ပိုင်းမျှကြာမှ

"သုတ သိချင်ပါတယ်"

သူ့အသံက တည်တည်ငြိမ်ငြိမ်။

"ဒါပေမဲ့ ကျွန်မက ပြောလို့ မထွက်ဘူးရှင့်"

"ဟာ အဲလို လုပ်လို့ မရဘူးလေ၊ ဖုန်းပြောနေတဲ့ အချိန်ကြီးမင်းမျက်နှာကြည့်ပြီးတော့လည်း ခန့်မှန်းလို့ရတာ မဟုတ်ဘူး၊ မင်းပြောပြမှပဲ သုတက သိရမှာပေါ့"

သူ့လေသံတွင် ရင်းနှီးမှုကို အထင်းသား တွေ့လိုက်ရသည်။ သူ နည်းနည်းတော့ ရဲတင်းလာသည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ မိန်းကလေးတစ်ယောက်က ရုက်စနိုးလေသံလေးနှင့် ပြောမထွက်ဘူးဆိုမှတော့ ထိုစကားသည် အပြောခံရမည့် ယောကျာ်းလေးတစ်ယောက်အတွက် ကံကောင်းစေမှာ အမှန်ပင်ဖြစ်သည်။

သူလည်း အဲဒါကို တွေးမိသွားလောက်ပြီ ထင်၏။

ငါစိတ်မကောင်းပါဘူး သူရိယရယ်။ ဒါပေမဲ့ ငါနောင်တရမှာတော့ မဟုတ်ဘူးဆိုတာ နင်သိတယ် မဟုတ်လား။

"ရလဒ်က ကောင်းပါတယ်၊ အင်း positive ပေါ့"

ကျွန်မသည် ထိုစကားကို ခပ်တိုးတိုးလေး လေသံမျှဖြင့် ပြောလိုက်ခြင်း ဖြစ်သော်လည်း ကျွန်မအတွက်တော့ တကယ့်ကို အားယူကာ ကြိုးစားပြောလိုက်ရခြင်း ဖြစ်သည်။

ဆောင်းတွင်းကိုပင် ဝီဝီပြင်ပြင် မရောက်သေးသော အောက်တိုဘာလ နှောင်းပိုင်းကာလ ဖြစ်ပေမယ့် ကျွန်မ တစ်ကိုယ်လုံး အေးစက်ကာ အသံတွေကလည်း တုန်ယင်နေပြန်သည်။

"Positive ဆိုတာ ဘာကိုပြောတာလဲ"

ဒါတော့ သူ လူလည်ကျတာမှန်း ကျွန်မ သိလိုက်ပါသည်။ စိတ်ကို မနည်းအားတင်းကာ ပြောနေရပါတယ်ဆိုကာမှ သူက အသားယူချင်နေသေးသည်။ သူ မမြင်နိုင်မှန်း သိပေမယ့် ကျွန်မ မျက်စောင်းလေး တစ်ချက် ထိုးလိုက်၏။





"Positive ဆိုတာ Negative မဟုတ်တာကို ပြောတာပေါ့"

သူ့ရယ်သံ ခပ်အုပ်အုပ်လေးကို ကျွန်မ ကြားလိုက်ရသည်။

ဘုရားရေ အဲဒီ ရယ်သံလေးကို ကြားလိုက်ရချိန်မှာ ဘာလို့များ ကျွန်မ ရင်ဘတ်ထဲက နှလုံးသားက အဆက်မပြတ် ခုန်လှုပ်လာရတာပါလိမ့်။

ဒါပေမဲ့ အဲဒါဟာ အချစ်တဲ့ခုန် မဟုတ်ဘူးဆိုတာကိုတော့ ကျွန်မ သေချာသိနေပါသည်။

"ဒါပေမဲ့ အဲဒီ Negative ဆိုတာ ဘာလဲလို့ သူတ နားမလည်ဘူးဗျ သိလား"

"အိုး အဲဒါကတော့ တမင်သက်သက် လုပ်ကြံပြောတာကြီး"

"ဟား ဟား မဟုတ်ရပါဘူးဗျာ၊ သူတ တကယ်ကိုပဲ မသိတာပါ"

ကျွန်မ ခုန်လှုပ်နေသော ရင်ဘတ်ကို ငြိမ်သက်အောင် ထိန်းချုပ်ရင်း အသက်ကို ပြင်းပြင်းလေး ရှူထုတ်ပစ်လိုက်သည်။

"ဒါဆိုရင် အဖြေကို သိချင်တဲ့လူက မေးခွန်းကို အရင်ပြန်မေးရမှာပေါ့"

ကျွန်မလည်း သူ့ကို ပြန်ရစ်လိုက်ပါသည်။

ဟုတ်တယ်လေ ကျွန်မက ပေးရမယ့်လူ၊ သူက လိုချင်တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူ့ဘက်ကိုလည်း အဲဒီလောက်တော့ ပြန်ပြီး ရစ်ပိုင်ခွင့် ရှိရ မည်။

"မေးခွန်းက ခဏခဏ မေးပြီးပြီလေ၊ ဒီတစ်ခါတော့ မင်းပဲ ဖြေလိုက်တော့ပေါ့"

"ကျွန်မက ဦးနှောက်သိပ်မကောင်းဘူးရှင့်၊ ဟိုးအရင်ရက်တွေက မပြောနဲ့၊ လွန်ခဲ့တဲ့ တစ်နာရီလောက်က ဘာပြောခဲ့တယ်ဆိုတာတောင် မှတ်မိချင်မှ မှတ်မိတတ်တာ"

"ဒါကတော့ မင်းနည်းနည်း ပိုသွားပြီ၊ သုတ မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး၊ ကျွန်မကလည်း ရှင့်မေးခွန်းကို ရှင်ပြန်မမေးရင် ဖြေဖို့ စိတ်ကူးလုံးဝ မရှိဘူး"

"အိုကေ၊ ကိုယ်က လိုချင်တဲ့လူဆိုတော့ ပြန်မေးပေးရမှာပေါ့ နော်"

ပြန်မေးပေးမည်ဆိုသည့် သူ့ထံမှ စကားလေးတစ်ခွန်းကို ကျွန်မမှာ ငြိမ်သက်စွာဖြင့် တစ်မိနစ်ခန့် စောင့်စားလိုက်ရသည်။

အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်သံ ကျွန်မ ကြားရသည်။

"အင်း သုတကို မင်းချစ်လား"

ဒီလိုကျပြန်တော့လည်း အဲဒီစကားလေးတစ်ခွန်း ပြောဖို့အတွက်ကို ကျွန်မ နှုတ်ခမ်းတို့ သွေ့ခြောက်လာ၏။ ဘာလို့များ အလွယ်တကူနဲ့





ပြောမထွက်ရတာပါလိမ့်။ တကယ်ဆို ကျွန်မ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားခဲ့သော ကိစ္စတစ်ခုအတွက် ဒီလို တွန့်ဆုတ်နေဖို့ မကောင်းပါ။

ဘယ်လိုပဲ သူ့ရိုယကို အရွဲ့တိုက်ပြီး ဖေသုတကို အဖြေပေးရန် ဆုံးဖြတ်ခဲ့သည်ပြောပြော ဖေသုတဆိုသည့်လူက မိန်းမတစ်ယောက်အတွက် ရွေးချယ်သင့်သော ယောကျ်ားမျိုးပဲ မဟုတ်လား။

စီးပွားရေးဘက်မှာပဲ ကြည့်မလား၊ ပညာရေး၊ လူမှုရေးတွေ အပြင် ယောကျ်ားပီသသော ရုပ်ရည်ကလည်း ယုံချင်စရာ အလိုလို ကောင်းနေခဲ့တာ ဖြစ်သည်။

ဒီလိုလူမျိုးကို ရွေးချယ်ခြင်းအားဖြင့် ကျွန်မဘက်က ဘယ်လို လုပ် မှားယွင်းနိုင်ပါ့မလဲနော်။

BURMESE CLASSIC .com

"ကျွန်မ သုတကို ချစ်ပါတယ်"

သူ့ထံမှ ရယ်သံသဲ့သဲ့လေးကို ကြားရပြန်သည်။

ဒါဟာ သူကိုယ်သူ ယုံကြည်နေသော ရယ်သံမျိုးပါပဲ၊ ကျွန်မဆီက ဒီလို အဖြေမျိုးကိုရမယ်မှန်း ယုံကြည်နေခဲ့ပြီးသော ရယ်သံမျိုး ဖြစ်သည်။

ဒါပေမဲ့ သူ မသိသေးသော တစ်ခုကတော့ ကျွန်မရဲ့ အဲဒီအဖြေဟာ သူ့အတွက် ရင်ဘတ်ထဲကလာသော အဖြေတစ်ခု မဟုတ်ဘူးဆိုတာပေါ့။ အဲဒါကိုတော့ သူ ဘယ်တော့မှ သိလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ ဒီအချိန်ကစပြီး ဖေသုတနဲ့ ကျွန်မဟာ ချစ်သူတွေ ဖြစ်သွားခဲ့ကြပြီလေ။ ပတ်ဝန်းကျင် အမြင်မှာတော့ ကျွန်မဟာ သူ့ရိုးယဆိုသည့် ခပ်ပွေပွေ ကောင်လေးတစ်ယောက်ဆီကနေ ထွက်ပြေးနိုင်ခဲ့ပြီပေါ့။ ဒါဟာ အမြဲတမ်းအတွက် ဖြစ်နိုင်လျှင် သိပ်ကိုကောင်းပါလိမ့်မည်။

■ ■ ■



## အခန်း (၂)

"မင်းကို သုတ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်"

လမ်းလျှောက်နေရင်းနှင့် သူက ဆိုင်းမဆင့်ဗုံမဆင့် ပြောလာသည်။ ကျွန်မ သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်မိသည်။ ဘယ်လိုသူငယ်ချင်းမျိုးမို့လို့ သူက တခမ်းတနားနှင့် ပြောနေရတာလဲ။

တော်တန်ရုံနှင့် လူတစ်ယောက်အကြောင်းကို မဆီမဆိုင် မပြောတတ်သော သူ့ဆီက ဒီစကားကြားရခြင်းသည် ကျွန်မအတွက် စိတ်ဝင်စားစရာ ကောင်းနေ၏။ ကျွန်မနှင့်တောင် မိတ်ဆက်ပေးမည်ဆိုတော့ သူနှင့်လည်း တော်တော်လေး ရင်းနှီးသူသာ ဖြစ်ရမည်။

"မိတ်ဆက်ပေးလေ၊ သူက ဘယ်မှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု သူ့ဆီကို သွားနေတာလေ"

"ဟွန်း သူက ဘယ်မှာမို့လဲလို့"

တကယ်ဆို ကျွန်မတို့ လမ်းထိပ်ကို သူ လာစဉ် အိမ်နားမှာ မုန့်စားရင် ကျွန်မတို့နှစ်ယောက် လမ်းလျှောက်ထွက်ခဲ့ကြခြင်းဖြစ်၏။

"သူက ဒီနားမှာပဲ နေတာကွ၊ မင်းနဲ့ တစ်ရပ်ကွက်တည်းပေါ့"

"တစ်ရပ်ကွက်တည်းဆိုရင် သူနဲ့ကျွန်မက မြင်ဖူးနေကြမှာပေါ့နော်"

"အင်း မြင်ဖူးရင်လည်း မြင်ဖူးမှာပေါ့၊ သူက အရင်တုန်းက ခွေငှားဆိုင်တောင် ဖွင့်ခဲ့ဖူးသေးတာလေ"

"ဟုတ်လား၊ ဒီရပ်ကွက်ထဲမှာ ကျွန်မ မငှားခဲ့ဖူးတဲ့ ခွေဆိုင် ဆိုတာလည်း မရှိသလောက်ဘဲဆိုတော့ သိနေမယ်နဲ့ တူတယ်"

"သိနေတော့ ကောင်းတာပေါ့၊ မင်းအကြောင်းတွေကို သူ့ဆီမှာ မေးလို့ ရတာပေါ့"

သူက ရယ်ကျဲကျဲနှင့် ပြောလာသည်။ ကျွန်မ သူ့ကို မျက်စောင်း ထိုးလိုက်၏။

တကယ်တော့ ရင်ထဲမှာ အနည်းငယ် ထိတ်လန့်နေမိသည်။ သူရိယနဲ့ ကျွန်မတို့ အတွဲများခဲ့သည့် အကြောင်းက ရပ်ကွက်တစ်ခုလုံး တင်မက ဟိုးဘက်ရပ်ကွက်တွေထိပါ ဟိုးလေးတကျော်ကျော် ရှိခဲ့တာ





မဟုတ်လား။

"ကျွန်မအကြောင်းတွေက ထူးထူးတွေတွေ မရှိပါဘူး၊ ဒါပေမဲ့ တချို့ကတော့ အထင်အမြင် လွဲတာလေးတွေလည်း ရှိချင်ရှိနေမှာပေါ့လေ"

ကျွန်မ ထိုစကားကို ပြောလိုက်မိခြင်းသည် ကိုယ့်ကိုယ်ကိုယ ကြိုပြီး ကာကွယ်ထားလိုက်ခြင်းလည်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ကျွန်မသည် သူရိယဆီသို့ ပြန်သွားချင်စိတ် ဒါမှမဟုတ် သူရိယနဲ့ ပတ်သက်ခဲ့သည့် အကြောင်းတွေကို ပြန်လည် ဖော်ထုတ်ဖို့ရာ တော်တော်လေးကို စိတ်ကုန်နေခဲ့ပြီ ဖြစ်သည်။

"ဘာလဲ အဲဒီစကားက ကိုယ့်တာသာကြိုကာလိုက်တဲ့ သဘောလား"

သူ့လေသံက တစ်ခုခုကို အတပ်သိနေသော လေသံမျိုးနှင့် ကျွန်မ လန့်ဖျပ်သွားမိသည်။ ဒါပေမဲ့ လွှမ်းဝေဝေးဆိုတဲ့ ကျွန်မကလည်း သိပ်ကိုဟန်ဆောင် ကောင်းလွန်းနေတာပဲလေ။

ကျွန်မ သူ့ကို တကယ်ပဲ စိတ်ဆိုးပြလိုက်သည်။ မျက်နှာကိုတည်ကာ ဘာစကားတစ်ခွန်းမှ မပြောတော့သော ကျွန်မကို ငဲ့ကြည့်ပြီး သူလည်း မျက်နှာတည်သွားသည်။ နောက်မှ ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မင်းဘာမှ ဖြစ်မနေနဲ့၊ သုတက ဒီတိုင်းပဲ နောက်လိုက်တာပါ၊ မင်းက အဲလောက်လေးတောင် စလို့နောက်လို့ မရဘူးလား"

သူ့လေသံက ကျွန်မကမှားပြီး သူကတော့ သိပ်မှန်ကန်ပါသည် ဆိုတဲ့ လေသံမျိုးပါ။ ကျွန်မက အဲဒါတွေကိုပဲ မကြိုက်တာ ဖြစ်သည်။ ကိစ္စတစ်ခုခုဖြစ်တိုင်း ကျွန်မဘက်က မှန်သည်ဖြစ်စေ မှားနေသည်ဖြစ်စေ နောက်ဆုံးမှာတော့ သူကသာ စိတ်တိုအော်ဟစ်တတ်မြဲ ဖြစ်၏။

"အခုက ဘာဖြစ်တာလဲ၊ လေသံကမာပြီး ရုပ်က ခပ်တည်တည်နဲ့ လူကို စိတ်ကောက်နေတာလား"

လမ်းလျှောက်နေသည့်တစ်လျှောက် သူ့ထံမှ စကားတစ်လုံးမှ ထပ်ထွက်မလာတော့လည်း မနေတတ် မထိုင်တတ် ဖြစ်နေရတာက ကျွန်မ ကိုယ်တိုင်ပဲ ဖြစ်လို့နေပြန်သည်။

ကျွန်မက သူ့ကို အဖုအထစ် တစ်ခုခုကြောင့် စိတ်ကောက်နေတာလားလို့ မေးလျှင် မျက်နှာတည်ကြီးနှင့် နှုတ်ဆိတ်သွားတတ်တာလည်း သူပဲ ဖြစ်၏။

ဒါဟာ ချစ်သူသက်တမ်း တစ်လအတွင်း ကျွန်မ သိခွင့်ရခဲ့သော ဖေသုတ၏ အကျင့်ဟာစ်ခု ဖြစ်သည်။

"မင်းကို သုတက ဘာလို့ စိတ်ကောက်ရမှာလဲ၊ သုတက မိန်းကလေးမှ မဟုတ်တာ"





ဒါကတော့ သူနဲ့ ချစ်သူဖြစ်ပြီးကတည်းက ကျွန်မ အမြဲကြားနေရသော စကားလုံးပါပဲ။

အဲဒီလိုသာဆို ကျွန်မကလည်း သူ့ကို ပြန်မေးလိုက်ချင်ပါသည်။ မိန်းကလေးဖြစ်သော ကျွန်မက စိတ်ကောက်ပြန်တော့လည်း သူဆိုတဲ့ ယောကျ်ားသားကြီးက ဘယ်တုန်းက ချော့ခဲ့ဖူးလို့လဲ၊ ကျွန်မ စိတ်ကောက်လို့ကောက်မှန်းတောင် သူ မသိတာက များလို့နေသည်။ အဲဒီတော့လည်း ကျွန်မဘာသာ စိတ်ကောက်ပြေလိုက်ရမြဲ ဖြစ်၏။

"ရောက်ပြီ ဒီတိုက်ပဲ"

ဟိုးအရင်က အဆောက်များသော ဟောင်ကောင်တိုက်ပုံစံလေးထပ်အဆောက်အဦးတစ်ခု ဖြစ်သည်။

"အပေါ်ထိ တက်ရမှာလား။ ကောင်းပါ့မလား"

"ဘာမကောင်းစရာရှိလဲ၊ သူတို့မိသားစုနဲ့ သုတတို့ မိသားစုက ဟိုးအရင်ကတည်းက ရင်းနှီးပြီးသား"

"အေးလေ၊ အဲဒါကြောင့် ပြောတာပေါ့၊ လူကြီးတွေနဲ့ဆိုတော့ ကျွန်မ လိုက်ခဲ့လို့ သင့်တော်ပါ့မလား"

"ဘာမှပူမနေနဲ့ ဒီအိမ်က သူတို့ညီအစ်ကို နှစ်ယောက်တည်းနေကြတာ"

အဲဒီအချိန်မှာပဲ ကျွန်မတို့နှစ်ယောက် လှေကားတစ်ဝက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြပြီ ဖြစ်သည်။

တံခါးဖွင့်လားသော ကောင်လေးကို ကျွန်မ ကောင်းကောင်း သိပါသည်။ ထိုကောင်လေးကလည်း ကျွန်မကို သေချာပေါက် သိနေပါ လိမ့်မည်။

"ဒါ သုတ သူငယ်ချင်းပဲ ရောင်နီတဲ့"

ကောင်လေးက ကျွန်မကို ပြုံးကြည့်နေ၏။ သူလည်း ကျွန်မကို သိနေမှာ သေချာပါသည်။ ကျွန်မကတော့ ခပ်လျှမ်းလျှမ်းသာ ပြန်ပြုံးမြ ဖြစ်လိုက်သည်။

"မင်းသူ့ကို သိလား၊ မင်းတို့နဲ့ တစ်ရပ်ကွက်တည်း နေတာပဲ"

သူကတော့ ရင်းရင်းနှီးနှီးပင် ဖိနပ်ကို အကျအန ကြိုးဖြေ၍ ချွတ်ကာ ဆိုဖာခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချရင်းပြောလိုက်တာ ဆိုပေ မယ့် ကျွန်မကတော့ ယောင်တောင်တောင်နှင့်ပင် မတ်တပ်ရပ်နေမိဆဲ ဖြစ်သည်။

"ထိုင်လေ အစ်မ၊ ထိုင်လို့ရပါတယ်"

လေသံက ဘယ်လိုပါလိမ့်၊ ပြီးတော့ ကျွန်မကိုကြည့်နေသော မျက်လုံးများ၊ နှုတ်ခမ်းများကလည်း ပြုံးယောင်ယောင်နှင့် မိန်းကလေး ဆန်လွန်းလှသည်၊ ဒီကောင်လေး ကျွန်မကို လှောင်နေတာလား။ ဘယ်လို ပဲဖြစ်ဖြစ် အဲဒီလိုမျိုး ပြောလိုက်တဲ့ မျက်နှာပေးနှင့် လေသံကို ကျွန်မ





နည်းနည်းမှ မနှစ်သက်ပါ။

"ဟုတ်သားပဲ၊ မင်းက ဘာဖြစ်နေတာလဲ လာ ထိုင်"

သူ့ လှမ်းခေါ်မှပင် ကျွန်မမှာ သူနှင့်တစ်ခုံတည်း ခပ်ခွာခွာလေး ထိုင်ဖြစ်၏။ ရောင်နီက ကျွန်မတို့နှစ်ယောက်နှင့် မျက်နှာချင်း ဆိုင်တွင် ဝင်ထိုင်ပါသည်။

"ဒီအစ်မကို ငါသိပါတယ်"

"ဟုတ်လား ဘာလဲ သူက ရပ်ကွက်ထဲမှာ တော်တော်နာမည် ကြီးတယ်နဲ့ တူတယ်"

"အဟဲ အဲလိုတော့လည်း မဟုတ်ပါဘူးကွာ၊ တစ်ရပ်ကွက် တည်းသားချင်းဆိုတော့ မျက်မှန်းတန်းမိနေတာပါ၊ ဟုတ်တယ်နော် အစ်မ"

ကဲကြည့်၊ စကားပြောတာကိုက ဘယ်လိုမှန်းမသိ၊ ကျွန်မကိုပဲ လှောင်ပြောင်နေသလိုလို ခံစားနေရသည်။ အဲဒါကို ကျွန်မ တကယ်ပဲ သည်းမခံနိုင်ပါ။ ဒါပေမဲ့လည်း ဒီကောင်လေးက ဖေသုတရဲ့ သူငယ်ချင်း ဖြစ်နေသည်မို့ ကျွန်မမှာ တော်တော်လေး အောင့်အည်းထားရခြင်း ဖြစ်သည်။

"သူက တော်တော်လေးဆိုးတယ်လို့ ငါကတော့ ကြားထားတယ်၊ အဲဒါရော ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဖေသုတကို ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ ကျွန်မ မျက်နှာတည်တည်ကို သူ မြင်ပေမယ့် မမြင်ချင်ယောင်ဆောင်ကာ ဆက်ပြောပြန်၏။

"ဥပမာကွာ ဟို ဖြူဖြူရှည်ရှည် နွဲ့နွဲ့ကောင်လေ အဲဒီတစ်ယောက်နဲ့ သူနဲ့အကြောင်းကို မင်းသိထားတာများရှိရင် ငါ့ကို ပြောပြစမ်းပါ"

"ဘာလဲ ဘယ်သူလဲ သူရိယကို ပြောတာလား"

တကယ်တော့ ဖေသုတ နှုတ်ကနေ အဲဒီလို လေသံမျိုး ထွက်လာတည်းက သူရိယကို ပြောတာမှန်း ချက်ချင်းသိလိုက်သော်လည်း ကျွန်မက ကြားဖြစ်၍ ကြောင်တောင်တောင်လုပ်ကာ ပြန်မေးလိုက်ခြင်းဖြစ်သည်။

သူက ကျွန်မကို ပြုံးပြုံးကြီး ကြည့်နေ၏။ သဘောကတော့ အဲဒီကောင်နဲ့ မင်းအကြောင်းတွေကို အမှန်အတိုင်း ပြောလိုက်စမ်းပါဆိုသော အမူအရာမျိုး အကြည့်မျိုးတွေ ဖြစ်သည်။

"ရှင် အဲဒီလိုမကြည့်ပါနဲ့ ကျွန်မနဲ့ သူရိယက ဘာမှမဟုတ်ဘူး တကယ့်ကို သူငယ်ချင်းအရင်းကြီးတွေပဲ"

"အေးလေ သုတကရော ဘာများပြောနေလို့လဲ"

"အိုး ရှင်ဘာမှမပြောပေမယ့် ရှင့်မျက်လုံးတွေက ကျွန်မကို





သူရိယနဲ့ စွပ်စွဲနေတာကတော့ အမှန်ပဲလေ၊ အဲဒါကို ရှင်ငြင်းမလား"

"အိုကေ မင်းပြောတာတွေက အမှန်ပဲလား။ သူရိယနဲ့က ရိုးရိုးသားသား သူငယ်ချင်းတွေပါဆိုတာလေ"

"ဘယ်နှစ်ခါပြောရမှာလဲ၊ အဲလောက် ပြောပြီးတာတောင် ရှင်မယုံသေးဘူးဆိုရင် မတတ်နိုင်တော့ဘူး"

ပြောနေရင်းနှင့် ကျွန်မအသံက အနည်းငယ် သိမ်ဝင်သွားသည်။ ဘာကိုမှန်း မသိပါဘဲ ရင်ထဲမှာ လှိုက်ကာ ဝမ်းနည်းလာမိခြင်းဖြစ်၏။ သူ့ သူငယ်ချင်းတစ်ယောက်ရှေ့ထိ ခေါ်လာပြီး ကျွန်မကို တမင်သက်သက် အရှက်ခွဲနေခြင်းပဲလား။

ခေါင်းထဲမှာ အတွေးပေါင်းမြောက်များစွာ ယောက်ယက်ခတ်သွား၏။

ကျွန်မ တုန်လှုပ်ခြောက်သွားသော အမူအရာအား သတိထားမိသွားသော ရောင်နီက

"ဟေ့ကောင် သုတ မစပါနဲ့တော့ကွာ၊ ဟိုမှာ ငိုတော့မလားမသိဘူး"

"မဟုတ်ဘူး ရောင်နီ၊ ငါကသူ့ကို အခွင့်အရေးပေးနေတာ၊ ခုချိန် ငါ့စိတ်ထဲမှာ အရမ်းရှင်းနေတယ်၊ သူတို့နှစ်ယောက် တစ်ခုခုဖြစ်ခဲ့တယ်ဆိုရင်လည်း ငါ့ကို အမှန်အတိုင်းသာ ဝန်ခံလိုက်၊ ငါ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး၊ ပြဿနာလည်း လုံးဝမလုပ်ဘူး၊ အဲဒီလောက်ထိကို ရင်ထဲမှာ ရှင်းနေတာ''

ရင်ထဲမှာ ရှင်းနေတာလား။ ဒါမှမဟုတ် ရှင့်ရင်ထဲမှာ ကျွန်မနဲ့ ပတ်သက်ပြီး သဝန်တိုမှုတွေ မရှိတာလား။ ရှင်းရှင်းလင်းလင်း ပြောပါ ဖေသုတရဲ့လို့ ကျွန်မစိတ်ထဲကနေ အော်ဟစ်ပစ်လိုက်သည်။

သေချာတာ တစ်ခုကတော့ သူဟာ ကျွန်မနဲ့ ချစ်သူဖြစ်ပြီးချိန် တည်းက ကျွန်မအပေါ်တွင် တခြားယောက်ျားများနှင့် မနာလို ဝန်တိုခြင်း တစ်ကြိမ်မျှ မရှိဖူးသေးတာပါပဲ။

အဲဒါကို ကျွန်မ မကျေနပ်ပါ၊ ချစ်သူရည်းစားရယ်လို့ ဖြစ်လာကြ လျှင် ကိုယ့်ချစ်သူကို သဝန်တိုတတ်တာကတော့ လူသားတိုင်းပဲ မဟုတ် လား။ ဒါပေမဲ့ သူကတော့ တစ်မူထူးခြားစွာပင် ကျွန်မအပေါ်တွင် အ လွန်ကို ယုံကြည်စိတ်ချနေပုံရသည်။

အင်း သူရိယနဲ့ကတော့ ခွင်းချက်ပေါ့။

''ကဲ မင်းပြောပြမှာလား''

''ကျွန်မ ဘာမှပြောစရာ မရှိဘူး၊ ရှင့်ရင်ထဲမှာ ရှင်းနေတယ် ဆိုရင်လည်း ရှင်းနေတဲ့အတိုင်းသာ ဆက်ထားလိုက်တော့၊ ကျွန်မဘက် ကတော့ တကယ်ပဲ ပြောစရာစကား တစ်လုံးမှ မရှိဘူး''

ကျွန်မက လေသံမာမာနှင့် ခပ်ပြတ်ပြတ် ပြောလိုက်တာမို့





သူ နည်းနည်းတော့ ငြိမ်သက်သွားသည်။ သို့သော် တစ်ခွန်းကတော့ ပြောဖြစ်အောင် ပြောလိုက်သေး၏။

ခုပဲ ငိုတော့မလို လုပ်လိုက် ခုပဲ လေသံက မာသွားလိုက်နဲ့ တော်တော်လည်း အပြောင်းအလဲ မြန်တယ်နော်တဲ့။

ကျွန်မကတော့ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် စိတ်ရှင်းရှင်းနဲ့ နေလိုသည်။ သူ့ကို ကျွန်မယုံကြည်သလို ကျွန်မကိုလည်း ယုံကြည်စေချင်သည်။ အဲဒါက ရင်ထဲမှာရှိတဲ့ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခု ပါပဲ။

''ကျွန်မ ပြန်ချင်ပြီ''

ကျွန်မရဲ့ လေးလံထိုင်းမှိုင်းနေသော အမူအရာကြောင့် သူ နည်းနည်းတော့ ကျွန်မကို သတိထားမိသွားပုံ ရသည်။ ရောင်နီနှင့် စကားတွေ ပြောနေရာမှ ကျွန်မဘက်နားသို့ တိုးကပ်လာ၏။

ကျွန်မ ခန္ဓာကိုယ်ကို ကျုံ့ပစ်လိုက်သည်။ သူ့အသားနှင့် ကျွန်မ ခန္ဓာကိုယ် မထိချင်ဘူးဆိုသည့် အမူအရာမှန်း သူ သိမှာပါ။ ပြီးတော့ ကျွန်မစိတ်ထဲမှာ တော်တော်လေး မကြည်မလင် ဖြစ်နေမှန်းလည်း သူ သတိထားလိုက်မိပုံရ၏။ သက်ပြင်းတစ်ခု နိုးချလိုက်သေးသည်။

''ကဲ ရောင်နီ ငါသူ့ကို ပြန်လိုက်ပို့လိုက်ဦးမယ်၊ မင်း အိမ်မှာပဲ နေမှာမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီက ခေါင်းညိတ်ပြလိုက်တော့မှ ကျွန်မဘက်သို့ ပြန်လှည့်လာခဲ့သည်။ သူက သူ့သူငယ်ချင်းတွေကိုတော့ အမြဲတမ်း ဂရုတစိုက်ရှိခဲ့ပြီး သူ့ချစ်သူဖြစ်တဲ့ ကျွန်မကိုတော့ ဘာလို့များ ကြင်ကြင်နာနာ မဆက်ဆံချင်ခဲ့တာလဲ မသိပါ။

ကျွန်မ တစ်လမ်းလုံး တိတ်ဆိတ်စွာ လိုက်ပါလာတော့သည်။ သူ သိပ်ကျေနပ်ပုံမရ။ ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်အကြောင်းကိုတစ်ယောက် သေချာကျနစွာ မသိနိုင်ကြသေးသော ချစ်သူနှစ်ဦးအဆင့်ကနေ မတက်နိုင်ကြသေးပါ။

တစ်လဆိုသော အချိန်ကာလသည် ကျွန်မတို့နှစ်ဦးစလုံးအတွက် အလွန်ပဲ တိုတောင်းလွန်းနေပါသေးသည်။

"ရှင်ဘာလို့ အဲလိုလုပ်တာလဲ ဖေသုတ"

ကျွန်မ လေသံက အေးစက်မာကြောနေဆဲ ဖြစ်သည်။ သူ လမ်းလျှောက်နေတာကို ရပ်ပစ်လိုက်၏။ နောက်တော့ ကျွန်မဘက်သို့ တည့်တည့်လှည့်လျက်

"သုတ ဘာလုပ်လို့လဲ"

"အဲဒါကိုက ရှင်မဟုတ်တာဘဲ"

"မင်းဘာကို ဆိုလိုချင်တယ်ဆိုတာ မင်းကိုယ်တိုင်ပဲ သိမှာပေါ့ သုတက ဘယ်လိုသိနိုင်ပါ့မလဲ"





"ရှင့်သူငယ်ချင်းရှေ့ကြီးမှာ ကျွန်မကို အဲလိုမျိုးတွေ ပြောနေတာ ကျွန်မရဲ့ သိက္ခာကို ရှင်ထည့်မတွက်တာဘဲ ဖေသုတ"

"ဟား ရောင်နီဆိုတာ သုတတို့အတွက် အူမချေးခါး အားလုံးသိတဲ့ သူငယ်ချင်းကွ၊ ဘာဖြစ်လဲ ဒီသူငယ်ချင်းတွေကြားမှာ လျှို့ဝှက်ချက်ဆိုတာ တော်တော်ရှားတယ်"

"လျှို့ဝှက်ချက် မရှိတာမှ မဟုတ်တာ၊ ရှားတာလေ၊ အဲဒီရှားတဲ့ထဲမှာ ကျွန်မအကြောင်းတွေကိုလည်း ထည့်ပေးပါ၊ ကျွန်မ ပြောတာကို ရှင် သိပါတယ်နော်"

"မဟုတ်သေးဘူး။ မင်းမှားနေပြီ၊ သုတက သုတသူငယ်ချင်းတွေကို အဲလိုမျိုး သူစိမ်းတစ်ယောက်လို ဆက်ဆံရမှာကို အမုန်းဆုံးပဲ၊ အထူးသဖြင့် ကြားခံလူတစ်ယောက်ကြောင့် အဲလိုမျိုးတွေ ဖြစ်မှာကို ပိုမကြိုက်သေးဘူး၊ ပြောတာကို သိလား"

"ဒါဆို ရှင့်သူငယ်ချင်းတွေလောက်တောင် ကျွန်မက အရေးမကြီးဘူးလို့ ရှင်ဆိုလိုချင်နေတာလား"

သူ ကျွတ်ခနဲ စုပ်သပ်လိုက်သည်။ ကျွန်မ တော်တော်လေး ခံပြင်းသွားမိ၏။ ရည်းစားစဖြစ်ချိန်ကနေ ခုချိန်ထိ ကျွန်မအပေါ်မှာ သူ့ရဲ့ အလေးထားမှုတစ်ခုခုကို ပေါ်လွင်လာအောင် သူ မပြသနိုင်သေးပါ။

ဒါနဲ့တောင် ကျွန်မဆိုတဲ့ မိန်းမက သူ့အပေါ်မှာ ဘာအခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို မျှော်လင့်နေသေးတာလဲ။ သူ့သူငယ်ချင်းတွေနဲ့ ယှဉ်လိုက်ရင်လည်း ကျွန်မဟာ ဟိုးနောက်ဆုံးမှာ ရှိနေလိမ့်မယ်ဆိုတာ မေးနေစရာပင် မလို တော့ပါ။

"ကျွန်မ ပြန်တော့မယ်၊ ရှင်လည်း ရှင့်သူငယ်ချင်း စောင့်နေမှာ ဆိုတော့ ပြန်သွားလိုက်ပါဦး"

"မင်း သုတကို မရွဲ့နဲ့နော်"

"ဟောတော့ ကျွန်မပြောတဲ့ လေသံထဲမှာ ရွဲ့သလို ခနဲ့သလို တစ်ခွန်းမှ မပါဘူးနော်၊ အကယ်၍ ရှင်က အဲလိုထင်တယ်ဆိုလည်း ကျွန်မကပဲ ဆောရီးပါ"

ကျွန်မ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။ သူ နောက်ကနေများ ပါလာမလားလို့ မျှော်လင့်မိသေးပေမယ့် သူပါမလာပါ။ ကျွန်မ နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက်ထားမိ၏။ ကျွန်မမှန်ကန်သည်ထင်လို့ ရွေးချယ်ခဲ့ သော အရာတစ်ခုသည် မှားယွင်းမှုတစ်ခု ဖြစ်နေခဲ့တာလား။

မှားယွင်းမှုတစ်ခု ဖြစ်ခဲ့သည်ဆိုလျှင်လည်း အဲဒီအကျိုး အပြစ် အားလုံးကို ကျွန်မတစ်ယောက်တည်းသာ ခံယူဖို့ ရှိတော့သည်။ ဒါဟာ ကျွန်မရဲ့ ရွေးချယ်မှုတစ်ခုပဲလေ။

■ ■ ■





အခန်း (၃)

"နင်ဘာတွေ လုပ်နေတာလဲ ဝေး"

"ဒီလိုပါပဲ"

ကျွန်မရဲ့ အေးစက်စက် အပြုအမူနှင့် လေသံကြောင့် သုရိယ နည်းနည်းတော့ စိတ်ခုသွားပုံရသည်။ ကျွန်မကို တည့်တည့်စိုက်ကြည့် နေရာမှ တစ်နေရာသို့ အကြည့်လွှဲပစ်လျက်

"ငါ့ကို နင်ကဒီလိုမျိုး ဆက်ဆံတယ်ပေါ့"

"ငါနင့်ကို ဘယ်လိုများ ဆက်ဆံမိလို့လဲ သုရိယရယ်၊ ငါက နင့်ကို အမြဲတမ်းအလျှော့ပေးပြီး ဆက်ဆံလာခဲ့တာပါ"

"အေးလေ အဲဒီလို ဆက်ဆံခဲ့တာက အရင်ကပေါ့၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့ကို အဲဒီပုံစံမျိုးနဲ့ ဘယ်ဆက်ဆံတော့မလဲ၊ ဟုတ်တယ်မဟုတ်လား"

"နင်ငါ့ကို ရွဲ့နေတာလား"

"ဘာရွဲ့စရာရှိလို့လဲ၊ ခုတော့ နင်က ငါ့ထက်ပိုပြီး အရေးပေးရမယ့် လူရှိနေပြီလေ၊ အဲဒီတော့ အလိုလိုနေရင်း ငါက နောက်ရောက်သွားတာ ဖြစ်သင့်ပါတယ်"

ကျွန်မရှေ့တည့်တည့်တွင် ရှိနေသော အငွေ့တထောင်းထောင်းနှင့် ကော်ဖီခွက်ကိုသာ ကျွန်မ စိုက်ကြည့်နေမိသည်။ ကျွန်မ ဘာပြန်ပြောသင့်သလဲဆိုတော့ စကားလုံးသေချာ မရွေးချယ်နိုင်သေးသောကြောင့်ပါ။

"နင့်မှာ ပြောစရာစကားကောင်း မရှိတော့ဘူးပေါ့ ဟုတ်လား။ ဘာပဲပြောပြော နင်နဲ့ငါက သူငယ်ချင်းတွေ မဟုတ်တော့ဘူးလား ဝေး"

ကျွန်မ စိတ်ရှုပ်ထွေးစွာနှင့် ခေါင်းကို ခါရမ်းပစ်လိုက်သည်။

"နင်နဲ့ငါက အမြဲတမ်းအတွက် သူငယ်ချင်းတွေပါပဲ သူရိယ၊ ဒါပေမဲ့ အရင်တုန်းကလိုတော့ နင့်ဆန္ဒတွေကို ငါလိုက်မဖြည့်ပေးနိုင်တော့ဘူး။ လူတိုင်းလူတိုင်းမှာ ဘဝရှိတယ်၊ အဲဒီဘဝကို ဘယ်လိုပုံစံဖြစ်စေချင်တယ်ဆိုတာလည်း အဲဒီလူတိုင်းကပဲ ရွေးချယ်ရမှာ၊ အေး အခု ငါ့ဘဝကို ငါရွေးချယ်ခဲ့ပြီးသွားပြီ၊ အဲဒီအတွက် အရင်တုန်းက အရာတွေကို ပြောင်းလဲသင့်တာအားလုံး ပြောင်းလဲပစ်ရမှာပဲရ၊ စွန့်လွှတ်သင့်ရင် စွန့်လွှတ်ပစ်ရမှာပဲ၊ နင်လည်း နင့်ဘဝကို ပြတ်ပြတ်သားသား ရွေးချယ်လိုက်စမ်းပါ သူရိယရာ"

ကျွန်မစကားတွေကို သူရိယက မျက်ခုံးပင့်ကာ နှုတ်ခမ်းမဲ့လျက် နားထောင်နေရင်းမှ စကားဆုံးသည်နှင့် တဟားဟား ထရယ်တော့သည်။

"ဟား ဟား ဟား ဝေးရယ်၊ နင့်စကားတွေက တကယ်ကို အဆန်းတွေပါလား။ နင် ဘယ်တုန်းက အဲလိုစကားမျိုးတွေ ပြောတတ်သွားတာလဲ"

"ငါက နင့်ရှေ့မှာဆို ငါ့ဆန္ဒတွေကို ဘယ်တော့မှ အမှန်အတိုင်း ထုတ်ပြောခွင့်မရခဲ့ဘူး။ အဲဒီတော့ ဒီလိုစကားမျိုးတွေကို ငါ မပြောတတ်ဘူးလို့ နင်တို့ မှားထင်နေခဲ့ကြတာပါ၊ လူဆိုတာ တကယ်တမ်း လိုအပ်လာပြီဆိုရင်တော့ တကယ်ပြောသင့်တဲ့စကားမျိုးတွေကို ပြောတတ်ကြပါတယ်"

သူရိယ မျက်နှာ ချက်ချင်းပင် ပြန်တည်သွားပြန်သည်။ သူ့ရှေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့ သူ့စကားမှန်သမျှကို ပြန်လည်ချေပနေသော ဝှမ်းဝေးဝေးကို တစ်ခါမှမမြင်ဘူးသည့် လူတစ်ယောက်လို သူငေးကြည့်နေခဲ့သည်။

အဲလိုပဲ ဖြစ်မည်ဆိုတာကိုလည်း ကျွန်မ ကြိုပြီးတွေးထားမိ







www.burmeseclassic.com

www.burmeseclassic.com



သွားပင်ဖြစ်၏။ လွမ်းဝေးဝေး ဆိုတာ လွန်ခဲ့တဲ့ နှစ်တွေအတွင်း သူရိယအတွက်ဆိုရင် ဘာကိုမဆို လိုလေသေးမရှိ မရရအောင် ဖြည့်ဆည်းပေးတတ်ခဲ့သော ကျိုးနွံသည့် သူငယ်ချင်းမလေးတစ်ယောက် ဖြစ်ခဲ့သည်။

အဲဒီအပေါ်မှာလည်း သူရိယသည် အခွင့်အရေးပေါင်း မြောက်များစွာကို ကောင်းကောင်းအသုံးချခဲ့ပြီး ဖြစ်၏။ အဲဒီလို သူပြောတိုင်း ပြီးခဲ့သည့် မိန်းမတစ်ယောက်က အခုလိုအချိန်မှာ သူ မထင်မှတ်ထားခဲ့သည့် စကားမျိုးတွေနဲ့ ပြန်ပြီးတုန့်ပြန်လိမ့်မည်လို့ သူ ဘယ်ထင်ထားပါ့မလဲလေ။

"နင် တော်တော် ပြောင်းလဲသွားပြီ ဝေး"

"ဟုတ်တယ် ငါပြောင်းလဲသွားပြီ၊ အထူးသဖြင့် နင့်အပေါ်မှာပေါ့"

ကျွန်မ ထိုစကားကို ပေါ့ပေါ့လေးပင် ပြောထွက်နိုင်လိုက်ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားမိ၏။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ တတ်နိုင်သမျှတွေရဲ့ အဆုံးစွန်ထိ ပေးဆပ်ခဲ့ဖူးသော ယောကျ်ားလေးတစ်ယောက်ကို ဒီလိုမျိုး ပြောထွက်နိုင်လိုက်တာဟာ ကျွန်မအတွက်တော့ ဝမ်းမြောက်စရာပါပဲ။

အဲဒီလူရဲ့ ကွန်ယက်တွေထဲကနေ ကျွန်မ လုံးဝကို ရုန်းထွက်နိုင်ခဲ့ပြီဆိုတာ ကိုယ်ကိုယ်တိုင် အသေချာဆုံး ဖြစ်သွားသည်။





သူရိယကို ဘယ်လောက်ပဲ သံယောဇဉ်တွယ်ခဲ့ပေမယ့် ခုချိန်မှာ ကျွန်မအတွက် အရေးပါဆုံးဖြစ်သင့်သည့် သူသည် ဖေသုတ တစ်ယောက်သာဖြစ်သည်လေ။ အဲဒီအတွက် ကျွန်မရဲ့အတိတ်တွေကို ပြင်ဆင်ခွင့်မရတော့သည့်တိုင် လက်ရှိအချိန်ကစပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့တော့ စိတ်ကို ပိုင်းဖြတ်ထားခဲ့ပါသည်။

■ ■ ■

" မင်းဆီကို ဖုန်းခေါ်နေတာ တောက်လျှောက်ပဲ၊ ဘယ်တွေ လျှောက်သွားနေတာလဲ"

အိမ်ပြန်ရောက်သည်နှင့် ဖုန်းမြည်သံက ဆူညံနေအောင် မြည်ဟီးနေခဲ့သည်။ ကောက်ကိုင်လိုက်တော့ စစချင်း ကြားလိုက်ရသည့် အသံက ဒေါသတွေနှင့် ပြည့်နှက်နေသည့် အပြစ်တင်သံ။

"ကျွန်မ လျှောက်သွားနေတာ မဟုတ်ပါဘူး"

"အဲဒါဆို ဘယ်သွားနေတာလဲ၊ သုတ ဖုန်းခေါ်နေတာ နာရီဝက်မကတော့ဘူး"

"ကျွန်မ သူငယ်ချင်းတစ်ယောက်နဲ့ ကော်ဖီဆိုင်ထိုင်နေတာပါ"

"ဘယ်သူငယ်ချင်းလဲ၊ သူရိယမှ ဟုတ်ရဲ့လား"

သူ့လေသံက အတပ်သိနေသော လေသံမျိုး။ ပြီးတော့ ကျွန်မအပေါ်တွင် နည်းနည်းလေးမှ မယုံကြည်နိုင်သည့် ပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူရိယနဲ့ ကော်ဖီသောက်နေတာ၊ ဘာလဲ ကျွန်
သူငယ်ချင်းတစ်ယောက်နဲ့တောင် ကော်ဖီတူတူ သောက်ခွင့် မရှိတော့
ဘူးလား"

"မင်း သုတကို မအော်ပါနဲ့၊ အခုအပြစ်လုပ်ထားတာက ဘယ်
သူလဲဆိုတာ မင်းဘာသာ ပြန်စဉ်းစားကြည့်ပါ"

"ကျွန်မ သူငယ်ချင်းနဲ့ ကော်ဖီတူတူသောက်တာကို ရှင်က
အပြစ်လို့ ဆိုလိုချင်တာလား"

"မင်းဆီကို သုတ ညကျရင် လာခဲ့မယ်၊ အခု အလုပ်ထဲက
ဆက်နေတာ၊ မင်းကို ရှည်ရှည်ဝေးဝေးတွေ မပြောနိုင်ဘူး"

ခွပ်ခနဲ ချသွားသောဖုန်းကို ကျွန်မ ကြောင်တောင်တောင်နှ
ငေးစိုက်ကြည့်နေမိသည်။ ကျွန်မက အကောင်းဆုံးဖြစ်အောင် ကြိုးစာ
ချင်နေပါလျက်နဲ့ သူက ဘာလို့များ ကျွန်မလုပ်သမျှကို အပြစ်လို့ မြင်နေ
ရတာလဲ မသိပါ။

သူ ကျွန်မကို နားလည်မပေးနိုင်တော့ဘူးလား။ ကျွန်မ လုပ်ခဲ့
တဲ့ အတိတ်တစ်ခုကို အမြဲလိုလို သံသယတွေနဲ့ပဲ ကြည့်နေတော့မှာလား
ကျွန်မ စိတ်ပျက်ငြီးငွေ့စွာနှင့်ပင် ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်
ထိုင်ချလိုက်မိတော့၏။

ညနေကျရင်လည်း သူ့ဆီကနေ ဘယ်လိုအပြစ်တင်သံများ





မခံမရပ်နိုင်လောက်အောင် ကြားရဦးမည်လဲ မပြောတတ်သေးပါ။

ကျွန်မ ပြုခဲ့မိသော အတိတ်က အရာတွေသည် ဘယ်လိုပဲ
ပြောင်းလဲချင်ပေမယ့်လည်း ပြောင်းလဲခွင့် မရတော့ဘူးလား။

ကျွန်မနှင့် သူရိယတို့ကြားက သံယောဇဉ်အတိမ်အနက်ကို
ဖေသုတအား အမှန်အတိုင်း မပြောပြခဲ့မိသောကြောင့် တစ်ချိန်ချိန်မှာ
အဲဒီအကြောင်းတွေကို ဖေသုတ သိသွားမှာ ကျွန်မ အလွန်စိုးရိမ်နေခဲ့
မိသည်။

ဘယ်လိုနည်းနဲ့မှလည်း ဖေသုတရဲ့ ပြစ်တင်ပြောဆိုမှုမျိုးကို
ခံနိုင်ရည်စွမ်း မရှိပါ။

အမှားတစ်ခုဟု မသတ်မှတ်ချင်သော်လည်း ကျွန်မသည် ကိုယ့်
ကိုယ်ကိုယ် ပြန်အမြင်ကပ်မိလောက်အောင်ပင် ယောကျ်ားတစ်ယောက်
အနားမှာ ဘာကိုမှ ဂရုမစိုက်တဲ့ တွယ်ကပ်နေခဲ့ဖူးသည်။ ထိုယောကျ်ားကို
ယုံကြည်ခဲ့မိသည်။ သူ့အတွက်ဆိုလျှင် အရာရာကို ပေးဆပ်ရန် အမြဲ
အသင့်ရှိနေခဲ့သည်။

တကယ်ဆို ယောကျ်ားတစ်ယောက်၏ မာယာများကြားမှာ
ကျွန်မ မရှုမလှ နစ်မြောနေခဲ့ရခြင်းသာ ဖြစ်၏။ နောက်ဆုံးမှာ ကျွန်မ
လိုချင်ခဲ့သော သူ့ထံမှအချစ်ကိုလည်း ကျွန်မမရခဲ့၊ ပတ်ဝန်းကျင် အသိုင်း
အဝိုင်းတစ်ခုလုံး၏ မျက်နှာစောင်းထိုး ကဲ့ရဲ့ခြင်းတွေကိုသာ ကျွန်မရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်ဆိုသော အနေအထားကနေ ဘယ်လို အခြေအနေမျိုးကိုမှ ပြောင်းလဲမသွားခဲ့။ သူ့အနေနဲ့မှာ တည်တည်ငြိမ်ငြိမ်နှင့် မှီတွယ်ခိုဝင်ချင်ခဲ့သမျှ ဖြစ်မလာဘဲ အမြဲလိုလို ယောက်ယက်ခတ်ပူလောင်နေရသော ကိုယ့်ဘ၀ကို မုန်းတီးလာမိသည်။

ဒီလိုအချိန်မျိုးမှာ ကျွန်မနားတွင် အသင့်ရှိနေခဲ့သော ဖေသုတကို ကျွန်မ မျက်လုံးစုံမှိတ် ရွေးချယ်ခဲ့ခြင်းအတွက် အမှားတစ်ခု ထပ်အဖြစ်မခံနိုင်တော့ပါ။ ကျွန်မ ချစ်သူပါဟု လူတွေအားလုံးရှေ့မှာ ပေါ်ပေါ်ထင်ထင် တွဲပြခွင့်ရှိသည့် ယောကျာ်းတစ်ယောက် ရှိနေခဲ့ပြီ။

ဒီလူအပေါ်တွင်သာ ကျွန်မ အကောင်းဆုံး ကြိုးစားချစ်ခင်သွားရန်လည်း ဆုံးဖြတ်ချက်ချပြီး ဖြစ်သည်။

ဒီလိုမျိုး ဆုံးဖြတ်ထားခဲ့တာတောင် ကျွန်မထံမှာ ဘာလို့များ ပူလောင်စိတ်ညစ်စရာတွေက ထပ်တွယ်ကပ်နေရသေးတာလဲ၊ ယောကျာ်းတစ်ယောက်ကြောင့် စိတ်ညစ်ရတာတွေက ယခုချိန်ထိ မကုန်ဆုံးနိုင်တော့ဘူးတဲ့လား။

လူတစ်ယောက်ဟာ မှားခဲ့ဖူးသည်ဆိုလျှင်တောင် တစ်ချိန်ချိန်မှာတော့ အဲဒီအမှားကို ပြန်လည်ပြင်ဆင်နိုင်ခွင့် ရှိသင့်သည်။ အဲဒီလိုပြင်ဆင်ချိန် ၀ရောက်လာခဲ့ရင်လည်း ထိုလူရဲ့ပြင်ဆင်လိုမှုကို လျစ်လျူရှုထားခြင်းမျိုးအား နည်းနည်းမှ သည်းမခံနိုင်ပါ။





ခုတော့ ကျွန်မအဖြစ်က . . .။

စိတ်ပျက်စွာနှင့်ပင် လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်ပစ်လိုက်မိသည်။

ချိန်းထားသည့် အချိန်ထက် နောက်မကျအောင် ထိုနေရာသို့ ရောက်နေခဲ့ခြင်းသည် နောက်ကျခြင်းအတွက် အပြစ်တစ်ခု ထပ်မတိုးစေခြင်း ဖြစ်သည်။ ကော်ဖီကိုသာ စွဲစွဲမြဲမြဲ သောက်တတ်သူမို့ ကော်ဖီတစ်ခွက်ကို မှာယူကာ အသင့်ယူလာသော စာတစ်အုပ်ကို ထိုင်ဖတ်နေပါတယ်။

ကျွန်မသည် တစ်စုံတစ်ခုကို စောင့်ဆိုင်းရမည်ဆိုလျှင် အူကြောင်ကြောင် မဖြစ်စေရန်အတွက် ဖတ်စရာ တစ်ခုခုကို ဆောင်သွားတတ်မြဲဖြစ်သည်။ အခုလည်း ကျွန်မ သိပ်ကြိုက်သော စာရေးသူတစ်ယောက်၏ ၀တ္ထုတစ်အုပ်ကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ထိုင်ဖတ်နေမိသည်။

စာမျက်နှာ ဆယ့်နှစ်မျက်နှာကျော်ကျော် ဖတ်ပြီးချိန်မှာတော့ ကျွန်မရှေ့သို့ သူ ရောက်လာပါသည်။

"ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး"

သူက ထုံးစံအတိုင်း နွားနို့အေးတစ်လုံး မှာယူလိုက်ပြီး အကျီ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဆုံး ကြယ်သီးတစ်လုံးကို ဆွဲဖြုတ်လိုက်၏။

နွားနို့တစ်လုံးကို ကုန်စင်အောင် သောက်ပြီးတော့မှ သူ ကျွန်မကိုကြည့်သည်။ စာအုပ်ကို ဖတ်နေသည်ဆိုသော်လည်း ကျွန်မ ရှေ့တည့်တည့်တွင်ထိုင်နေသော သူ ဘာလုပ်လိုက်သည်ဆိုတာကိုတော့ ကျွန်မရဲ့ အာရုံတွေက အလိုလို သိနေပါသည်။

ခုဆို သူ ကျွန်မကို မမှိတ်မသုန် စိုက်ကြည့်နေခဲ့တာ တော်တော်ကြာသွားပြီ။ ဒါပေမဲ့ ကျွန်မ သူ့ကို ပြန်မကြည့်ပါ။ ကျွန်မသည် ကိုယ့်ဘက်က မှားမှားမှန်မှန် သူ့ရဲ့စူးရှသော မျက်လုံးအကြည့်များရဲ့ ဒဏ်ကို မခံစားနိုင်သူသာ ဖြစ်သည်။

"သုတ ဒီည စောစော ပြန်ရမယ်"

အဲဒါပဲပေါ့။

သူ့ရဲ့ နိုင်ကွက်က အဲဒါပဲလေ။ ကျွန်မက သူ့ကို ကျွန်မဆီမှာ ကြာကြာနေစေချင်မှန်းသိရင် သူက စောစောပြန်ဖို့ ပြောမည်။ ကျွန်မ သူ့ကို တွေ့ချင်နေလျှင် မအားဘူးဟု ငြင်းဆိုမည်။

သူ ကျွန်မဆီက ချစ်စရာလေးတစ်ခွန်းကို လိုချင်နေခဲ့တုန်းကတော့ ဒီလိုအပြုအမူမျိုး၊ အပြောအဆိုမျိုးတွေဆိုတာ သူ့ဆီမှာ ရှိတယ်လို့တောင် မထင်မှတ်ရလောက်အောင် သိမ်မွေ့နူးညံ့နေခဲ့ပါသည်။ ခုမှ ကျွန်မမှာ သူ့ရဲ့ အေးစက်စက်ပြုတ်သားမှုတွေကို မလိုအပ်ပါဘဲ အလူး





အလဲ ခံစားနေရသည်။

ကိုယ့်ဘက်က သူ့ကို အရေးပေးချင်လာခဲ့တာတောင် သူက အဲဒါတွေကို လျစ်လျူရှုဖို့ ကြိုးစားနေတာလား မပြောတတ်တော့ပါ။

ကျွန်မ ရင်ထဲမှာ သူ့ရိယကို ထုတ်ဖယ်ပစ်လိုက်ပြီး သူ့တစ်ယောက်ကို စွဲစွဲမြဲမြဲ ချစ်သွားပါတော့မည်ဆိုကာမှ သူက ကျွန်မအပေါ်မှာ အလွန်အေးစက်နေခဲ့ပြန်သည်။

"ကျွန်မဆီမှာ နေရရင် ရှင့်စိတ်တွေ မလွတ်လပ်ဘူးလားဟင်"

ဒါဟာ ကျွန်မ တော်တော်လေးကို ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ပြောလိုက်ရသော လေသံနှင့်စကားလုံးတို့ ဖြစ်၏။

"ဟုတ်တယ်၊ သုတ မင်းကို နားလည်ပေးလို့ မရဘူး"

"ဘာကိုပြောချင်တာလဲ"

"ဟာကွာ မင်းဒီလောက် ထုံးလား။ သုတ ဘာကိုလိုချင်တယ်ဆိုတာတောင် မင်းမသိဘူးလား"

သူသည် ကျွန်မအပေါ်တွင် စိတ်မရှည်တတ်သော ချစ်သူတစ်ယောက်လည်း ဖြစ်သေး၏။

"ဟင့်အင်း ကျွန်မ မသိဘူး သုတ၊ ကျွန်မ သိတာက ရှင်ကသာ ကျွန်မကို နားလည်မပေးနိုင်ခဲ့တာ၊ ရှင် ကျွန်မအပေါ်မှာ အမြဲတမ်း အဆိုးတွေပဲ မြင်နေတယ်၊ ကျွန်မတို့ ချစ်သူဖြစ်တာ လပိုင်းပဲရှိသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်ယောက်နဲ့တစ်ယောက် နားမလည်ကြသေးတာလို့ ယူဆလို့ ကျွန်မရှင့်ကို ဘာမှပြန်မပြောခဲ့တာပါ''

''မဟုတ်ဘူး၊ သုတကတော့ မင်းအကြောင်းကို တော်တော်လေး သိလာပြီ၊ အထူးသဖြင့် မင်းနဲ့သူရိယ အကြောင်းတွေပေါ့''

''ရှင် ပြောပြန်ပြီလား၊ အဲဒီလို သံသယမျိုးတွေ ကျွန်မအပေါ်မှာ လာမထားပါနဲ့''

ကျွန်မ ပြောနေရင်းနှင့် ကျွန် ကိုယ်တိုင်ပင် မထင်ထားပါဘဲ မျက်ရည်တို့ ရစ်ဝဲလာကြလေသည်။ ဒါကို သတိထားလိုက်မိပုံရသော သူက

''သုတရှေ့မှာ မျက်ရည်မကျနဲ့နော်၊ ကမ္ဘာပေါ်မှာ သုတ အမုန်းဆုံးအလုပ်က ဒီတာပဲ''

ကျွန်မကို သူချုပ်ကိုင်ဖို့ ကြိုးစားနေတာလား။ ဒါမှမဟုတ် ကျွန်မရဲ့ဘဝထဲမှာ သူ့စိတ်ကြိုက် အပြုအမူတွေ အပြောအဆိုတွေနဲ့ပဲ ပြည့်နှက်နေအောင် လုပ်နေတာလား၊ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ကျွန်မရဲ့ အမူအကျင့်တွေကို ပြောင်းလဲပစ်ဖို့ ကြိုးစားနေတာတော့ ကျွန်မ သိလာသည်။

''ကျွန်မကို ရှင်နည်းနည်းမှ ယုံကြည်ပေးလို့ မရဘူးပေါ့ ဟုတ်လား''





''မင်းယုံကြည်အောင် နေခဲ့ရင်တော့ သုတက ယုံကြည်ပေးမှာပေါ့၊ မင်းလုပ်ခဲ့တာတွေကို မင်းပဲ အသိဆုံးဖြစ်မှာပါ''

''ကျွန်မနဲ့သူရိယ ဘာမှမဖြစ်ခဲ့ကြပါဘူး၊ အဲဒါကို ရှင်နည်းနည်းမှ ယုံကြည်ပေးလို့ မရဘူးလားဟင်''

''သုတ ယုံပေးချင်ပါတယ်၊ ဒီနေ့လို အပြုအမူမျိုး မင်းထပ် မလုပ်တော့ဘူးဆိုရင်ပေါ့''

''သူရိယနဲ့ ဒီနေ့ ကော်ဖီတူတူ သောက်ဖြစ်တယ်ဆိုတာက လည်း''

''တော်တော့ သုတကို ဘာမှမရှင်းနဲ့''

လက်ကာပြကာ ခေါင်းခါရမ်းလျက် ပြောလိုက်သော သူ့စကားက ကျွန်မ ဘာပြောပြော သူ နားမထောင်ချင်တော့ဘူးဆိုသည့် သဘောလား။ ကျွန်မက အမြဲတမ်း သူ့နောက်ကနေပဲ လိုက်နေရတော့မှာလား။

ကျွန်မ ရင်ထဲမှာ အလိုလို မွန်းကျပ်လာသည်။ ယောကျ်ားတစ်ယောက်ကို ချစ်ရတာ ပင်ပန်းလွန်းလို့ ကိုယ့်ကို ချစ်ပေးနိုင်မည်ဟု ယူဆသော တခြားယောကျ်ားတစ်ယောက်အား ပြောင်းလဲ ရွေးချယ်ခဲ့သော်လည်း လောလောဆယ်မှာတော့ ကိုယ်ကသာ မွန်းကျပ်ပိတ်လှောင်သလို ခံစားနေရပြန်သည်။

ဒီလိုသာဆို ဘယ်မှာလဲ ကျွန်မအတွက် အကျိုးအမြတ်။



www.burmeseclassic.com

www.burmeseclassic.com



"သုတ ပြန်တော့မယ်"

"နေပါဦးလား၊ ခုမှ အစောကြီး ရှိသေးတာကို၊ အိမ်မှာ တစ်ခုခု လိုက်စားပါဦး၊ ရှင်ဗိုက်ဆာနေမယ်လို့ ကျွန်မထင်တယ်"

သူ ကျွန်မကို စူးစူးစိုက်စိုက် ကြည့်နေပြန်သည်။ ကျွန်မရဲ့ ဖိတ်ခေါ်မှုအတွက် သူ ဘယ်လိုတုန့်ပြန်ရင် အဆင်အပြေဆုံး ဖြစ်မလဲလို့ တွေးတောနေတာပဲ ဖြစ်ရမည်။ ကျွန်မကတော့ အတတ်နိုင်ဆုံး မျက်နှာ မပျက်အောင် ဟန်ဆောင်ထားပါသည်။

ဘာလိုပဲဖြစ်ဖြစ် အတည်တကျ တည်ဆောက်မည်ဟု ဆုံးဖြတ် ထားခဲ့ပြီးသော ကိစ္စတစ်ခုကို ကျွန်မအပျက်စီး မခံနိုင်ပါ။ ကျွန်မဘက်က အလျှော့ပေးနိုင်သမျှတော့ အလျှော့ပေးမည်၊ ဒါပေမဲ့ အဲဒီ အလျှော့ပေး မှုအပေါ်မှာ သူ အနိုင်ယူလိုက်မှာကိုတော့ ကျွန်မ စိုးရိမ်နေမိ၏။

"အိုကေလေ၊ ကိုယ်လိုက်ခဲ့ပါ့မယ်"

ဒါဟာ သူ့ဘက်က ပြန်လည် ပြေလျော့စပြုလာခြင်းလား။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအခြေအနေပေါ်မှာ ကျွန်မ သူ့ကို ထိန်းသိမ်းနိုင် အောင် ကြိုးစားရပါလိမ့်မည်။

"ကောင်းပြီ၊ အိမ်မှာတော့ ဘာဟင်းမှမရှိဘူး၊ ဒါပေမဲ့ ရှင်စား ဖို့အတွက် အလွယ်ကူဆုံး ခေါက်ဆွဲပြုတ်ပေးပါ့မယ်"

သူ ဘာမှပြန်မပြောပါ၊ စားသောက်ထားသည်များကို ကျသင့်





ငွေရှင်းပေးရင်း မသိကျိုးကျွံ ပြုနေ၏။

ကျွန်မ အိမ်တံခါးသော့ကို ဖွင့်ပြီး ရှေ့မှနေ၍ ခပ်သွက်သွက်လေး ဝင်သွားပြီး ရှိသမျှ မီးချောင်းများအားလုံးကို ဖွင့်ပစ်လိုက်သည်။ လူမရှိ တုန်းက မှောင်မည်းနေခဲ့သော ကျွန်မရဲ့အိမ်ခန်းလေးသည် ခုလိုကျတော့ သည်း အလင်းရောင်အောက်မှ နေသားတကျ ရှိနေခဲ့၏။

"သုတအတွက် တကူးတကတွေ လုပ်မနေနဲ့နော်၊ ခေါက်ဆွဲ ပြုတ်တစ်ခုတည်းနဲ့လည်း စားတတ်ပါတယ်"

သူက အိမ်ရှေ့ခန်းတွင်ထိုင်ရင်း နောက်ဖေးသို့ ဝင်သွားသော ကျွန်မအား လှမ်းအော်ပြောလိုက်ခြင်း ဖြစ်၏။ ဖေသုတ၏ ကျွန်မ နှစ်သက်သော အပြုအမူတွေထဲက တစ်ခုကတော့ အဲဒီလိုမျိုး အစား အစာကို ချေးမများတတ်ခြင်းပင် ဖြစ်သည်။

ယောက်ျားလေးတွေက များသောအားဖြင့် အစားအသောက် နှင့် ပတ်သက်လာလျှင် ချေးများတတ်ကြ၏။ သူရိယကိုပဲ ကြည့်ပါလား ဟိုဟင်းမစားတာနဲ့ ဒီဟင်းမကြိုက်တာနဲ့ သူ့မှာ ထမင်းတစ်ခါ စားဖို့အရေး ဟင်းရွေးနေရတာနဲ့တင် အချိန်တွေ တော်တော် ကုန်ဆုံးရစမြဲ ဖြစ်သည်။

အိုး ထားလိုက်စမ်းပါ။ သူရိယက သူရိယပဲ။ ဘယ်တော့မှ ဖေသုတ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါဘူးလေ။ ကျွန်မ နှလုံးသားထဲ ကနေ သူရိယကို ထုတ်ပစ်ပြီး သွားပြီဆိုလျှင် ကျွန်မ ဦးနှောက်ထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ထုတ်ပစ်ရဦးမည်။

ခုချိန်မှာ ကျွန်မနှင့် အနီးကပ်ဆုံး မျက်စိရှေ့တွင် ရှိနေသူသည် ဖေသုတသာ ဖြစ်သည်။ ကျွန်မရဲ့ ချစ်သူလည်း ဖြစ်သေးသည်။ အဲဒီ ယောကျာ်းကိုသာ ကျွန်မရဲ့ အာရုံတွေ အားလုံးကို ပေးအပ်ထားလိုက်ရမှာပဲ မဟုတ်လား။

ကျွန်မ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်ထားခဲ့ပြီပဲလေ။

ခေါက်ဆွဲပြုတ်ထဲသို့ ကြက်ဥတစ်လုံး ဖောက်ထည့်နေတုန်းမှာပင် ကျွန်မ နောက်နားဆီသို့ ခြေသံဖွဖွလေးနင်းလျက် သူရောက်လာခဲ့သည်။

ဟင့်အင်း မဟုတ်သေးပါဘူး။ သူဟာ တမင်သက်သက် ခြေသံဖွဖွလေး နင်းလာခဲ့တာ မဟုတ်ဘူး။ သူ့ရဲ့ ခြေသံကိုက နဂိုတည်းက တိုးတိုးညှင်းညှင်း ရှိလွန်းလှတာ ဖြစ်သည်။

"ပြီးပြီလား"

"ပြီးတော့မယ်လေ၊ သွားပါ အိမ်ရှေ့မှာပဲ အေးအေးဆေးဆေး သွားစောင့်နေပါ"

ကျွန်မက သူ့ကို လှည့်မကြည့်ဘဲ ပြောလိုက်ခြင်း ဖြစ်၏။

သူ ပြန်မထွက်သွားသေးကြောင်းကိုတော့ ကျွန်မ နောက်လှည့်





ကြည့်ကာ အတည်ပြုလိုက်သည်။ သူ့အပေါ်အင်္ကျီ အဖြူရောင်ကို ချွတ်လျက် အောက်က စွပ်ကျယ်လေးသာ ဝတ်ထားသောကြောင့် သူ့ရဲ့ ယောကျာ်းပီသသော လက်မောင်းကြွက်သားများကို ကျွန်မ ကောင်းကောင်း မြင်နေရသည်။

"သုတ ဒီနားမှာပဲ စားမယ်လေ"

ကျွန်မနားတွင် ခွေးခြေခုံရှည်တစ်လုံး ဆွဲယူထိုင်လျက် သူက အကျအန ပြောနေပြန်သည်။ ကျွန်မ သူ့စိတ်တိုင်းကျပင် ပန်းကန်လုံးကို သူ ထိုင်နေရာ ရှေ့တည့်တည့်သို့ ချပေးလိုက်၏။

"ရေနည်းနည်း နည်းသွားတယ်"

"ရတယ်၊ ရေနည်းတော့ အရသာ ပိုကောင်းတာပေါ့"

"မဟုတ်ဘူးလေ၊ ချဉ်စပ်ဆိုတော့ ရှင်ပိုစပ်မှာ စိုးလို့ပါ"

"ဒါဆိုလည်း သုတ အစပ်ပြေအောင် မင်းက တစ်ခုခု ထပ်စီထဲ့ပေးပေါ့"

သူလေသံကို နားထောင်ရတာတော့ ခုနက ဒေါသတွေ ကင်းစင်ကုန်ပြီနှင့် တူပါသည်။ ကျွန်မ နည်းနည်း စိတ်ပေါ့ပါးသွား၏။ ခေါက်ဆွဲပြုတ်ကာစ အချိန်ထိ စိတ်ထဲမှာ လေးလံနေခဲ့သမျှသည် အခုမျိုး သူ့ရဲ့ ရင်းရင်းနှီးနှီး စကားသံကြောင့် ပြန်လည်ကြည်လင် လန်းဆန်းလာခဲ့ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



''အိမ်မှာတော့ သရက်ဖျော်ရည်ပဲ ရှိတယ်၊ ရှင် ကြိုက်လား''

''သုတ သောက်ပါတယ်''

''အိုကေ ဒါဆို ကျွန်မ ဖျော်လိုက်မယ်၊ ခေါက်ဆွဲကို ဖြည်းဖြည်း စားဦးနော်၊ အပူလောင်လိမ့်မယ်''

ကျွန်မရဲ့ ကလေးတစ်ယောက်အား သတိပေးလိုက်သလို စကားကြောင့် သူ ကျွန်မကို ခပ်ဖွေဖွေတစ်ချက် လှမ်းကြည့်လိုက်သေ သည်။ သဘောကတော့ သူ့ကို ဆရာမလုပ်ပါနဲ့ပေါ့။

ကျွန်မသူ့ကို မကြောက်တော့ပါ။ လန့်လည်း မလန့်တော့ပါ ချစ်စရာကောင်းသော ဟန်ကြီးတစ်ခွဲသားနှင့် နေတတ်သော ကျွန်မ ချစ်သူတစ်ယောက်အဖြစ် ပြန်လည် မြင်ယောင်လာပြီ ဖြစ်သည်။

ကျွန်မ ထင်သည့်အတိုင်းပင် ခေါက်ဆွဲပန်းကန် တစ်ဝက်မကျ သေးခင်မှာပင် သူ့နဖူး၌ ချွေးသီးများ အလုံးလိုက် သီးထလာတေ သည်။ သူသည် နည်းနည်းလေးမှ အစပ်ဒဏ်ကို မခံနိုင်သော လူတ ယောက်ဖြစ်၏။

ပါးစပ်ကလည်း ရှူးရှူးရှဲရှဲ ဖြစ်နေပြီမို့ ဖျော်ရည်ခွက်ကို သူ့ဆ သို့ မြန်မြန်ချပေးလိုက်ရပြန်၏။

ထိုအခါမှ အအေးကို တစ်ကျိုက်နှစ်ကျိုက် သောက်ချလိုက်ပြီ

''အားပါး စပ်လိုက်တာကွာ၊ မင်းဟာက ငရုတ်သီးမှုန့်တွေ





ထပ်ထည့်ထားသလားတောင် မှတ်ရတယ်''

သူ ဖြစ်နေပုံကို ကြည့်ပြီး ကျွန်မ ရယ်ချင်လာသော်လည်း မျက်နှာကို ခပ်တည်တည်သာ လုပ်ထားလိုက်သည်။

''မင်းက ဘာလို့ ပြုံးစိစိ လုပ်နေတာလဲ''

''ဟင် ဘယ်မှာ လုပ်လို့လဲ၊ ရှင့်ကို ရယ်တယ်ဖြစ်မှာစိုးလို့ တောင် ဒီကမျက်နှာကို တမင်တည်ထားတာ''

''ဩော် တကယ်ကတော့ ရယ်ချင်နေတာပေါ့လေ၊ အဲဒါကို မင်းက တမင်တည်ထားပေးရတယ်ပေါ့ ဒီလိုလား''

''အာ သုတနော် ဘယ်လိုဖြစ်နေတာလဲ၊ လူကို အပြစ်မရှိ အပြစ်လိုက်ရှာနေတယ်''

ကျွန်မက ထိုစကားကို စိတ်ဆိုးကာ ပြောလိုက်ခြင်း မဟုတ်တဲ ရယ်မောကာ ပြောလိုက်ခြင်းမို့ သူ ပိုလို့ ဒေါသထွက်သွားပုံရသည်။

စားလက်စ ခေါက်ဆွဲပန်းကန်ကို တစ်ဖက်သို့ တွန်းပို့ပစ်လိုက်ပြီး အအေးတွေကို အကုန်မော့သောက်ချပစ်လိုက်ကာ ဂုန်းခနဲ မတ်တပ်ထရပ် လိုက်၏။

''အခု မင်းဘာဖြစ်ချင်တာလဲ ပြော၊ သုတကို ဟားချင်နေတာ လား''

သူသည်လည်း ထိုစကားကို တကယ်ဒေါသစစ်စစ် ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ခြင်း မဟုတ်မှန်း ကျွန်မ သိပါသည်။

သူ ကျွန်မနားသို့ တဖြည်းဖြည်း တိုးကပ်လာခဲ့၏။ ကျွန်မ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ သူ ထပ်တိုးလာပြန်၏။ သူ့မျက်နှာတွင် အပြုံးရေးရေးတစ်ခုကို မြင်ရသည်။ ကျွန်မ ထပ်ဆုတ်လို့ မရတော့ပါ။ နောက်ဘက်တွင် အုတ်နံရံနှင့် ထိကပ်တော့မည်ဖြစ်၏။

ထို့ကြောင့် ကျွန်မသည် သွက်လက်စွာပင် သူ့ခန္ဓာကိုယ်ကို ရှောင်တိမ်းလျက် အိမ်ရှေ့ခန်းဆီသို့ သုတ်ခြေတင် ထွက်ပြေးတော့သည်။ နောက်ကနေ လိုက်လာနေသော သူ့ခြေသံကို ကျွန်မ ကြားနေရ၏။ ဒါပေမဲ့ ကျွန်မ လုံးဝလှည့်မကြည့်ပါ။

သို့သော် နီးကပ်လာသော ခြေသံနှင့် လက်တစ်ဖက်က ကျွန်မအား နောက်ကနေ ဆောင့်ဆွဲလိုက်သောကြောင့် ကျွန်မတို့ နှစ်ဦးသားလုံးလုံးထွေးလျက် ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားတော့သည်။ သူက ကျွန်မကိုယ်ပေါ်မှနေ အုပ်မိုးလျက် ကြည့်နေပြီး ဟက်ဟက်ပက်ပက် ရယ်နေ၏။ သူ ရယ်နေသောကြောင့် ကျွန်မသည်လည်း လိုက်လံရယ်မောမိပါသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အားရပါးရ ရယ်မောနေမိသော ကျွန်မတို့နှစ်ယောက်သည် လွန်ခဲ့သော မိနစ်ပိုင်းလောက်က စကားများထားကြသည်ဆိုတာကိုလည်း သတိရမတော့သည့် ချစ်သူနှစ်ဦးအသွင်သာ ဖြစ်၏။





"ဖယ်လေ သူ့ခန္ဓာကိုယ်ကြီးနဲ့ လူ့ကိုယ်ပေါ်ကနေ တက်ဖိထားတာ ကြည့်ဦး"

ကျွန်မက နှုတ်ခမ်းစူလျက် ပြောလိုက်မှပင် သူက ကျွန်မကိုယ်ပေါ်ကနေ တစ်ဖက်သို့ လှဲချပစ်လိုက်သည်။

အဖြူရောင် ဆေးသုတ်ထားသော မျက်နှာကြက်ကို နှစ်ဦးသား အဓိပ္ပါယ်မဲ့မော့ကြည့်ရင်း စကားမဆိုဖြစ်ကြသေးပါ။

သေချာတာကတော့ ကျွန်မ ရင်ဘတ်တွေသည် နိမ့်လိုက်မြင့်လိုက်နှင့် မြန်မြန်ဆန်ဆန် လှုပ်ရှားနေကြသည်။ ကျွန်မရင်တွေ ခုန်နေတာလား။ အို မဟုတ်နိုင်ပါဘူး။ ခုနက ပြေးလိုက်ရသောကြောင့် ကျွန်မ မောပန်းနေတာပါ။

"ဘာတွေ စဉ်းစားနေတာလဲ"

တိတ်ဆိတ်နေသော အခန်းလေးထဲတွင် တိုးညှင်းသော သူ့လေသံကပင် တော်တော်လေးကို ကျယ်လောင်လွန်းနေ၏။

"'မစဉ်းစားပါဘူး"

ကျွန်မ သူ့ကိုလှည့်မကြည့်ဘဲ လေသံလေးနှင့် ပြန်ဖြေလိုက်သည်။

"မလိမ်ပါနဲ့ မင်းတစ်ခုခု စဉ်းစားနေပါတယ်၊ အဲဒါကလည်း သေသုတအကြောင်းပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ကျွန်မ ကြည့်နေမှန်းသိသောကြောင့် သူကလည်း ကျွန်မဘက်သို့လှည့်လာပါသည်။ ကျွန်မတို့နှစ်ဦး၏ မျက်နှာများ အတော်လေးကို နီးကပ်သွားသည်။ သူ့နှုတ်ခမ်းများ ပြုံးနေ၏။

ဘယ်လောက်တောင်များ နီးကပ်လိုက်သလဲဆိုရင် သူ့နှာဝမှ ရှူထုတ်လိုက်သော လေသည် ကျွန်မနှာခေါင်းနား တစ်ဝိုက်တွင် ဝေ့ဝိုက်နေကြ၏။ ကျွန်မ မျက်လုံးများကို မှိတ်ထားလိုက်သည်။

"ဘာလုပ်နေတာလဲ"

သူ ရုးစမ်းသလို မေးလာတော့မှ ကျွန်မက ညစ်ကျယ်ကျယ်လေး ပြုံးလျက်

"သုတ ရှူထုတ်လိုက်တဲ့ လေရဲ့အနံ့ကို အရမ်းကြိုက်တာပဲ"

"အဲဒီတော့"

"အဲဒါကြောင့် ကျွန်မ လိုက်ရှူနေတာလေ"

"ခင်းကကွာ ပေါက်ပေါက်ရှာရှာ"

သူ တစ်ဖက်သို့ လှည့်သွားပါသည်။ သူ စိတ်ဆိုးသွားခြင်း မဟုတ်ပါ။ ကျွန်မ သိတာပေါ့၊ အဲဒါ သူရှက်သွားတာ။

"ဒီဘက်ပြန်လှည့်လေ"

သူ့လက်မောင်းတစ်ဖက်ကို အတင်းဆွဲလှည့်သော်လည်း သူ



တင်းခံထားသောကြောင့် ကျွန်မမှာ တဖြည်းဖြည်း အားကုန်လာ၏။

"ဘာဖြစ်နေတာလဲလို့၊ ဒီဘက်လှည့်ပါဆို"

ကျွန်မ ခပ်မာမာလေး ပြောလိုက်တော့မှ သူက အင်တင်တင်နှင့် လှည့်လာပါသည်။

"မဟုတ်တာတွေဆို သိပ်တတ်တယ် ဟုတ်လား"

"ဟွန့် အဲဒါ မဟုတ်တာမှ မဟုတ်တာ"

"တစ်ခါမှ မကြားဖူးပါဘူးကွာ၊ နှာခေါင်းက ထွက်တဲ့လေကို လိုက်ရှူရတယ်လို့"

"တစ်ခါမှ မကြားဖူးဘူးဆိုရင်တော့ ရှင်တော်တော် ပိန်းတာပဲ၊ လွမ်းဝေးဝေး ကျေးဖူးကြောင့် ခုလိုသိသွားတာနော်၊ ကျွန်မက ရှင့်အနံ့ဆွဲ အားလုံးကို မှတ်မိတယ်သိလား"

"ဟွန့် ဒါဆို မင်းက ပါဝီလား"

"ဟယ် ကြည့်စမ်း လူကိုများ တိရစ္ဆာန်ရဲ့ လာနှိုင်းနေတယ်၊ ကျွန်မ တိရစ္ဆာန်ဆို ရှင်ကရော ဘာဖြစ်သွားမလဲ၊ မစဉ်းစားတတ်ဘူးလား"

"ဟင့်အင်း မဆိုင်ပါဘူး၊ မင်းက ခွေးလေးဆို သုတက ခွေးသိန်းလုပ်မှာပေါ့"

"ဟာ လူကို စော်ကားတာ ကြည့်စမ်း၊ ကြည့်စမ်း"

ကျွန်မ မခံမရပ်နိုင်စွာပင် သူ့လက်မောင်းကို သွားနှင့် ဗိုက်ကိုက်

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ချေး သူ့ နာကျင်စွာ အော်ဟစ်ကာ ကျွန်မနားမှ ထပြေးပါသည်။ ပါးစပ်ကလည်း ရေရွတ်သွားသေး၏။ 'အဲဒါကြောင့်ပြောတာ ဝုတ်ဝုတ် ပါဆို' တဲ့။

ကျွန်မကတော့ မဲ့ရွဲ့တွန့်ရှုံ့ကာ ပြောနေသော သူ့ကိုကြည့်ပြီး ရယ်မောနေမိတော့သည်။

ခုလိုကျပြန်တော့လည်း ဖေသုတဆိုတာ အတ္တတွေ မာနတွေနဲ့ တစ်ကိုယ်ကောင်းဆန်မှုတွေ ကင်းစင်နေသော ချစ်သူကောင်လေးတစ်ယောက် ဖြစ်လို့နေပြန်သည်လေ။

■ ■ ■



အခန်း (၄)

"သုတ အလုပ်မသွားခင် မင်းဆီကို ဝင်လာခဲ့မယ် ဖြစ်လား"

ကျွန်မ အိပ်ပျော်နေဆဲမှာပင် ဖုန်းမြည်သံက ဆူဆူညံညံ ထွက်ပေါ်နေသောကြောင့် အိပ်ချင်မူးတူးနှင့်ပင် ထကိုင်လိုက်ခြင်း ဖြစ်၏။

နာရီကို ကြည့်လိုက်တော့ ခုနစ်နာရီထိုးအတိ။

ကြားလိုက်ရသည့် စကားသံကလည်း ကျွန်မ ဘယ်လိုမှ ထင်မှတ်မထားပါသော အကြောင်းရာ။

"ကိစ္စရှိလို့လား သုတ"

"မဟုတ်ပါဘူး။ မင်းနဲ့တူတူ မနက်စာ စားချင်လို့လေ"

"အမယ် ထူးထူးဆန်းဆန်း"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တကယ်ကိုပင် အံ့ဩမင်သက်မိသွားခြင်း ဖြစ်၏။ ဖေသုတ ဆီမှာ ကျွန်မနဲ့ မနက်စာတူတူ စားချင်သည်ဆိုသော ခံစားချက်မျိုးလည်း ရှိနေသေးတာပါလားနော်။ ကိုယ့်ကိုယ်ကိုယ် နည်းနည်းလည်း ကျေနပ်သွားမိသည်။

"ဟုတ်တယ်၊ နောက်ဆို အားရင်အားသလို မင်းဆီလာပြီး မနက်စာစားမယ်"

"အဲဒါက ဘာစိတ်ကူးလဲ"

"တကယ်တော့ အိပ်ပုတ်ကြီးတဲ့မင်းကို မနက်စောစော ထစေချင်တာလေ"

"ကြည့် ဒီက အကောင်းမှတ်လို့"

သူ မမြင်နိုင်မှန်း သိပေမယ့် ကျွန်မက နှုတ်ခမ်းစူကာ ပြောလိုက်သည်။

"အဲဒါ အကောင်းပေါ့၊ မင်းကို မနက်စောစော ထတတ်အောင် အကျင့်လုပ်ပေးတာ အဲဒါမှမကောင်းရင် ဘာကကောင်းသေးတာလဲ"

"မဟုတ်ဘူးလေ၊ ကျွန်မက ညတော်တော်လေးနက်မှ အိပ်တတ်တာ ရှင်သိပါတယ်"

"အဲဒါတော့ သိပါတယ်၊ ဒါပေမဲ့ မင်းဘာလို့ ညနက်မှ အိပ်တယ်ဆိုတာကိုတော့ သုတ မသိဘူးလေ"

နိုးမိုး ၀၁၁၀



"ကျွန်မ စာအုပ်တွေ ဖတ်တယ်လေ၊ ရုပ်ရှင်ခွေတွေ ကြည့်တယ်လေ"

"အဲဒါတွေကတော့ သုတလည်း ညမအိပ်ခင်မှာ လုပ်ဖြစ်ပါတယ်၊ ဒါပေမဲ့ မနက်ဆို ပုံမှန်ပဲ၊ စောစောထတာက အကျင့်ဖြစ်နေပြီ"

ကျွန်မ ဘာပြန်ပြောရမည် မသိတော့သောကြောင့် သက်ပြင်းကိုသာ သူ ကြားအောင် ခပ်ကျယ်ကျယ်လေး ချပစ်လိုက်သည်။

"ကဲ အခု လာရမှာလား မလာရဘူးလား။ ပြတ်ပြတ်သားသား ပြော"

"အို လာရမှာပေါ့၊ သုတ လာမယ်ဆိုရင် ကျွန်မ ဘယ်တုန်းက တားခဲ့ဖူးလို့လဲ"

ကျွန်မသည် သူ့အပေါ်မှာ လိုက်လျောနေခဲ့မိတာတွေ အားလုံးဟာ သူ့ကိုချစ်လာဖို့ အင်း မဟုတ်သေးဘူး သူ့ကို ချစ်နေခဲ့ပြီမို့ပဲ ဖြစ်တယ်ဆိုတာ သူ သေသေချာချာရော မသိတော့ပါ။

သူက အမြဲတစေ သူ ဖြစ်စေချင်တာတွေကိုပဲ ဦးစားပေးတတ်ခဲ့တာလေ။ သူ့ဘဝမှာ ကျွန်မဟာ နံပါတ်စဉ် အားလုံးရဲ့နောက်ဆုံးမှာ သေးသေးနုပ်နုပ်လေး ရပ်တည်နေရတာလား မသိတော့ပါ။

တစ်ယောက်တည်း သက်ပြင်းလေး ချဖြစ်ရင်း နေရာမှ ထရပ်လိုက်သည်။ သူ ဖုန်းချသွားတာပဲ ဆယ်မိနစ်လောက် ရှိနေပြီ၊ မကြာခင်

ဝိုးမိုး ၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



မှာ သူ ရောက်လာတော့မှာ သေချာ၏။ ကျွန်မ မျက်နှာလေးသွားသစ်ပြီ
လှလှပပလေး ပြင်ဆင်ထားလိုက်ပါဦးမည်။

ညဝတ်ဂါဝန် ဖားဖားကြီးကို ဘောင်းဘီတိုလေးတစ်ထည်ရယ် တီရှပ်ပွပွလေးတစ်ထည်ရယ်နှင့် လဲလှယ်ပြီးသွားချိန်မှာပဲ တံခါးခေါက်သံ ထွက်ပေါ်လာသောကြောင့် ကျွန်မ ခပ်သွက်သွက်လေးပင် သွားဖွင့်ပေး လိုက်သည်။

ကျွန်မကိုကြည့်ပြီး သူက ပြုံးလိုက်၏။

“ရေမချိုးထားဘူး မဟုတ်လား”

“မျက်နှာသစ်ထားတယ်လေ”

“ညစ်ပတ်တယ်”

သူက ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ကဲ့ရဲ့လိုက်ပြီး အိမ်ထဲသို့ ဝင်သွားခြင်း ဖြစ်၏။ ကျွန်မကတော့ သူ မမြင်အောင်သ နှာခေါင်းရှုံ့ပြလိုက်မိသည်။

သူ့လိုမျိုးတော့ သန့်ပြန့်နေသော လည်ကတုံးအဖြူရောင်ရှ ပုခိုးကွက်စိပ်လေးရယ်နှင့် Burberry ရေမွှေးနံ့ ဘယ်သင်းပျံ့နေပါမ သူ့ခြေချောင်းလေးများကအစ သန့်ပြန့်နေအောင် နေတတ်ထိုင်တတ်သေ ယောကျ်ားတစ်ယောက်မို့လည်း ကျွန်မသူ့ကို ပိုလို့သဘောကျခဲ့မိခြ ဖြစ်၏။





“ရှင်က အလုပ်သွားမယ့်သူပဲ ခုလိုမျိုး သန့်ပြန့်လှပနေမှာပေါ့။ ကျွန်မကတော့ အိမ်မှာ အေးဆေးနေလို့ရတယ်လေ၊ ကြိုက်တဲ့အချိန် ရေချိုးခန်းလေးထဲ ကောက်ဝင်သွားရုံပဲ”

“သုတ မင်းကို အဲဒီကိစ္စလေးလည်း ပြောချင်တယ်”

သူက ကုလားထိုင်ပေါ်တွင် အထက်လူကြီးတစ်ယောက်လို အကျအန ထိုင်လိုက်ပြီးမှ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်လျက်

“မင်း ဘာအလုပ်မှ မလုပ်တော့ဘူးလား”

“ရှင် ဘာကိုပြောချင်တာလဲ”

“မင်းအရွယ်က အမှန်တကယ်ဆိုရင် အလုပ်လေးတစ်ခုတော့ အတည်တကျ ရှိသင့်နေပြီ”

“ကျွန်မ စာရေးတယ်လေ”

“မင်းက အဲဒါကို အလုပ်တစ်ခုလို့ သတ်မှတ်ထားတာလား။ မင်းဘဝအတွက် အာမခံချက် ဘယ်လောက်များ ပေးနိုင်မှာမို့လဲ”

အဲဒါပဲ သူဟာ ငြိမ်သက်စွာနှင့် ကြည်ကြည်နူးနူးလေး ကုန်ဆုံး စေရမည့် အချိန်တွေကိုလည်း ဒီလိုစကားတွေနှင့် ဖျက်ဆီးပစ်တတ် သေးသည်။

ကျွန်မ ငယ်ငယ်လေးတည်းက စာရေးတာကို ဝါသနာကြီးခဲ့ တာ၊ အဲဒီ ဝါသနာကြောင့်လည်း ရန်ကုန်မှာ တစ်ယောက်တည်း လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အခြေချနေထိုင်ခဲ့တာ။ အဲဒါတွေအားလုံးကို အစတည်းက သူ့ကို ပြောပြ ထားပြီးပါလျက်နဲ့ . . ။

ပြီးတော့ ကျွန်မရဲ့စာရေးတဲ့အလုပ်နဲ့ ပတ်သက်ပြီးတော့ ကျွန်မ ကို အပြစ်ပြောသည့် လူတိုင်းအား ကျွန်မဘယ်လိုမှ မကျေနပ်နိုင်တာကို လည်း သိနေသားနဲ့ ခုလိုမျိုးစကားကို သူ မပြောသင့်ဘူးဟု ကျွန်မ ထင်ပါသည်။

ဟိုးတစ်ရက်ကလည်း ဒီလိုပုံစံ စကားမျိုးတွေ သူပြောခဲ့သေး သည်။ အဲဒီတုန်းက ကျွန်မ သည်းခံနေခဲ့၏။ သူ့ကိုဘာတစ်ခွန်းမှ ခွန်းတုံ့ မပြန်ခဲ့ပါ။ ခု ဒုတိယတစ်ခါ ပြောလာခြင်းကတော့ နည်းနည်း လွန်ပါပြီ။

"ရှင့်ကို ကျွန်မ ဟိုတစ်ခါကလည်း မပြောဖြစ်ခဲ့တာက ရှင်နဲ့ ပြဿနာ မဖြစ်ချင်ခဲ့လို့ပဲ၊ ကျွန်မ စာရေးတဲ့အလုပ်ကို နှစ်သက်တယ်၊ မြတ်နိုးတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မကို မရှုတ်ချပါနဲ့၊ ကျွန်မ ဘယ်သူ့ကိုမှ သည်းခံနေမှာ မဟုတ်ဘူး"

ကျွန်မ စကားဆုံးသည်နှင့် သူက ခေါင်းကိုခပ်သွက်သွက် ခါရမ်းပစ်လိုက်သည်။

"သုတက လူတစ်ယောက်ရဲ့ ဝါသနာကို အကြောင်းမဲ့ကြီး ပိတ်ပင်နေတာ မဟုတ်ပါဘူး၊ မင်းမှာလည်း မင်းလွတ်လပ်ခွင့် ရှိတာပေါ့ အဲဒါကို သုတ နားလည်တယ်၊ ဒါပေမဲ့ သုတ ဆိုလိုချင်တာက ဒီအလုပ်





ကိုလုပ်နေတဲ့အချိန်မှာ တခြားမင်းဘဝအတွက် အာမခံချက် အပြည့်အဝ ပေးနိုင်မယ့် တစ်ခုခုကိုလည်း မင်းလုပ်နေသင့်တယ်"

"ကျွန်မအိမ်မှာတော့ ပေါင်မုန့်ထောပတ်သုတ်နဲ့ ကော်ဖီပဲ ရနိုင် မယ်၊ ရှင်ဘာစားချင်တာလဲ"

ကျွန်မက ချက်ချင်းကြီးပဲ စကားလမ်းကြောင်းပြောင်းလိုက်တာ ကို သူ မကြိုက်မှန်းသိပေမယ့် မတတ်နိုင်တော့ပါ။ ဒါပေမဲ့ သူ ပြောလက် စကိစ္စနှင့်ပတ်သက်ပြီးတော့ ဘာမှလည်း ထပ်မပြောတော့ပါ။

"သုတအတွက် အစားအသောက်နဲ့ ပတ်သက်ရင် သိပ်ခေါင်း ရှုပ်မခံပါနဲ့၊ သုတက အားလုံးအဆင်ပြေပါတယ်"

သူ့အတွက် ပေါင်မုန့်နှစ်ချပ်ကို အရင်ဆုံး ထောပတ်သုတ် ပေးပြီးတော့ ကော်ဖီဖျော်ပေးလိုက်သည်။

နောက်ဆိုရင်တော့ သူ့အတွက် နွားနို့ဘူးလေးတွေ ဝယ်ထားဦး မှပါပဲ။ သူက ကော်ဖီသောက်ပေမယ့် နွားနို့ကို ပိုနှစ်သက်မှန်း ကျွန်မ သိသည်။

အစားစားစဉ် တစ်လျှောက်လုံး ကျွန်မကိုပင်မကြည့်ဘဲ သူ တစ်ယောက်တည်း ငြိမ်သက်စွာ စားသောက်နေ၏။ ပေါင်မုန့်တစ်ချပ် ကုန်သွားချိန်မှာတော့ သူ့ထံမှ စကားတစ်ခွန်း ခပ်တိုးတိုးလေး ထွက်ကျ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတ အခုပြောနေတာတွေက မင်းကောင်းဖို့အတွက်ပဲ အ
တာကို မင်းနားလည်သင့်တယ်"

သူ့လေသံက အရင်တုန်းက စကားပြောနေခဲ့သည့် လေသံ
လို မာကျောမနေပါ။ ပုံမှန်ထက် အနည်းငယ်တိုးပြီး အနည်းငယ်
သော အသံမျိုးဖြစ်သည်။ အဲလိုကျပြန်တော့လည်း ကျွန်မမှာသာ အ
ကိုမှန်းမသိ အားနာသလိုလို သူ့အတွက်ပဲ စိတ်မကောင်းသလိုလို
ဖြစ်သွားရပြန်သည်။

ကျွန်မ သက်ပြင်းလေး ချလိုက်၏။

ထိုင်နေသော သူ့ကျောဘက်ကနေ သူ့လည်ပင်းကို ခဲ့သာ
သိုင်းဖက်ထားလိုက်ပြီး ဂျယ်လ်လိမ်းထားသော ဆံပင်တိုစိစိလေးများအ
ငုံ့နမ်းလိုက်သည်။

"ရှင် ဆံပင်ညှပ်ဖို့ကောင်းပြီ"

AVATOR ရုပ်ရှင်ဇာတ်လမ်းထဲက မင်းသားလိုမျိုး ညှပ်ထာ
သော သူ့ဆံပင်တိုတိုများကို အနည်းငယ် ရှည်လာပြီလို့ သူထင်
ဂျယ်လ်လိမ်းကာ ထောင်ထားတတ်သည်။ ဆံပင်လေး နည်းနည်းရှ
လာတာနှင့် သူ့မျက်နှာသည် ရှိရင်းစွဲအသက်ထက် အနည်းငယ် ပို
သွားသယောင် ခံစားရ၏။ အဲဒါကို ကာဗာလုပ်ဖို့အတွက် သူက ဂျယ်
သုံးထားခြင်း ဖြစ်သည်။





ကျွန်မ မကြိုက်ပါ။ သူ အဲဒီလိုမျိုး ပြင်ဆင်တတ်တာကို ကျွန်မ
ကြိုက်ပါ။ အဲဒါကြောင့်လည်း သူ့ဆံပင်နည်းနည်းရှည်လာပြီဆိုတာနဲ့
ကျွန်မက ညှပ်ခိုင်းတတ်ခြင်း ဖြစ်သည်။

"အဲဒီအတွက်ကို အချိန်မပေးနိုင်သေးလို့ပါ"

ကျွန်မရဲ့ချစ်သူသည် တစ်ခါတစ်ခါကျရင် အဲဒီလိုမျိုး စကားကြီး
ကားကျယ်လေးတွေလည်း ပြောတတ်သေးပြန်သည်။ သူ့ဆံပင်တိုတိုများ
အတွက် ညှပ်ဖို့တောင် အချိန်မပေးနိုင်လောက်အောင် သူ အလုပ်တွေ
ပ်နေခဲ့သည်ပေါ့။

အဲဒီလောက် အလုပ်တွေနှင့် မအားလပ်သည့်ကြားက ကျွန်မ
ဆီသို့ ရောက်လာခြင်းသည် ကျွန်မအား သူ အလေးထားကြောင်း
ပြရာ ရောက်နေပြီပေါ့လေ။

ကျွန်မ သူ့ဘေးတွင် ပြန်ထိုင်ကာ ကိုယ့်အတွက် ဖျော်ထားသော
ကော်ဖီခွက်ကို မော့သောက်လိုက်သည်။ နောက်တော့ သူ့မျက်နှာကို
သည့်တည့်စိုက်ကြည့်လျက်

"မသိဘူးကွာ၊ ဒီနေ့ အလုပ်ဆင်းရင် ဆံပင်ဝင်ညှပ်ခဲ့၊ ပြီးရင်
ကျွန်မကို လာပြရမယ်"

သူ ကျွန်မကို လှမ်းကြည့်သည်။ ပြီးတော့ ခေါင်းညိတ်ပြ၏။
နာရီကို တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုတ သွားတော့မယ်"

ကျွန်မသူ့ကို အိမ်တံခါးနားထိ လိုက်ပို့လိုက်သည်။

"လမ်းထိပ်ထိ ပို့ပေးရမလား"

"မလိုပါဘူး။ မင်းဘာသာအိမ်မှာ အေးဆေးနေခဲ့ပါ၊ အိပ်ရေး

မဝလို့ဆိုပြီး ပြန်အိပ်နေဦးမှာ မဟုတ်လား"

"အာ မအိပ်ပါဘူး သုတကလည်း"

"အဲဒါဆို မင်းဒီနေ့ ဘာလုပ်မှာလဲ"

ကျွန်မ တစ်ချက်စဉ်းစားလိုက်သည်။ ဒီနေ့အတွက်တော့ ကျွန်

မှာ လုပ်စရာကိစ္စ များများစားစား မရှိပါ။

"ကျွန်မ ဒီနေ့အိမ်အတွက် လိုအပ်တာလေးတွေ ဝယ်ဖို့ ဈေး

ဝယ်ထွက်ရမယ်၊ ပြီးရင် အဝတ်လေးတွေ ပုံထားတာ နည်းနည်းများ

ပြီ၊ အဲဒါလေးတွေ လျှော်ရမယ်"

"အိုကေ ဘယ်မှလျှောက်ခြေမျှားမနေနဲ့ဦး။ မင်းက သုတပြော

လည်း နားထောင်မှာ မဟုတ်ပါဘူး။ မင်းလုပ်ချင်တာကို မင်းလုပ်မှာပဲ"

"အဲလို မပြောပါနဲ့ သုတရဲ့၊ ကျွန်မက သုတစကားဆို နား

ထောင်ပါတယ်"

"ပြောတာပါပဲ"

သူ ကျွန်မကို မယုံကြည်ပါ။ ကျွန်မ သိတာပေါ့။ အဲဒီအတွက်





ကျွန်မ သူ့ကို စိတ်ဆိုးလိုက်ချင်ပါသည်။ ဒါပေမဲ့ ဒီတိုင်းလေးပဲ ပြုံးလျက်သာ ကြည့်နေခဲ့မိ၏။

"ညနေမှပဲ လာခဲ့တော့မယ်"

သူ လေ့ကားထစ်များကို သူ ပြေးဆင်းသွားပါသည်။ ကျွန်မသည် ဘာလို့များ သူဖြစ်စေချင်သည့် ပုံစံခွက်အတိုင်း နေပေးဖို့ကို လိုက်လျောချင်နေခဲ့ရတာလဲ မပြောတတ်တော့ပါ။

ဘုရားရေ ဒီလိုသာဆို လွှမ်းဝေဝေဆိုတဲ့ မိန်းမဟာ ဖေသုတဆိုတဲ့ ယောကျ်ားတစ်ယောက်ကို တကယ်မချစ်ဘဲ ရွေးချယ်သင့်သည်ဆိုတဲ့ အတွေးတစ်ခုနဲ့ လက်ခံခဲ့သော်လည်း ခုချိန်မှာတော့ အဲဒီယောကျ်ားရဲ့ ပြောစကားတွေကို မငြင်းပယ်နိုင်တော့ပါလား။

အဲဒီအဖြစ်တွေဟာ ကျွန်မထံမှာ တကယ်ပဲ ဖြစ်ပျက်နေခဲ့ခြင်းဖြစ်သည်။ အိပ်မက်တစ်ခု မဟုတ်ခဲ့ပါ၊ ဒီလိုသာဆို ကျွန်မသူ့ကို အတိအကျပဲ ချစ်နေခဲ့မိပြီပေါ့။

■ ■ ■

အိမ်နားမှာရှိသည့် ရုပါမားကတ်ကနေ လိုအပ်သမျှ ပစ္စည်းတွေကို ဝယ်ခြမ်းကာ မနိုင်မနင်းနှင့် အထုပ်တွေကို တစ်ယောက်တည်း ဆွဲပြန်လာခဲ့သည်။ အိမ်နှင့် သုံးလေးလမ်းမျှသာ ဝေးကွာသည်မို့ တက္ကစီတောင် မငှားချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မဝေးဝေး မဝေးဝေး"

ကျွန်မနာမည်ကို နောက်ကနေ အော်နေသလိုမို့ အထုပ်တွေ မနိုင်မနင်းနှင့်ပင် လှည့်ကြည့်လိုက်သည်။

ဟင်. ဟိုကောင်လေးပါလား။ ကျွန်မ ကြည့်နေဆဲမှာပင် သူအနားသို့ ရောက်လာပါသည်။

"မဝေးဝေး ဟိုနားမှာတည်းက လှမ်းတွေ့နေတာ၊ အထုပ်တွေ မနိုင်မနင်းနဲ့ တစ်ယောက်တည်းလားဗျ"

"အေးလေ မင်းမြင်တဲ့ အတိုင်းပဲ"

"ကျွန်တော် ကူသယ်ပေးမယ်လေ"

ပြောပြောဆိုဆို ကျွန်မလက်ထဲမှ အထုပ်နှစ်ထုပ်ကို ဆတ်ခနဲ ဆွဲယူပစ်လိုက်သည်။ ဘယ်လိုမှ ထင်မထားသည်မို့ ကျွန်မ မရှောင်နိုင် လိုက်ပါ။

"ပြန်ပေးပါ၊ ငါနိုင်ပါတယ်"

"နိုင်မှန်းတော့ သိပါတယ်ဗျာ၊ ဒါပေမဲ့ လေးမှာပေါ့၊ တစ်ရပ်ကွက်တည်းသားချင်းတွေပဲ၊ ပြီးတော့ ကျွန်တော့်သူငယ်ချင်း အရင်းကြီးရဲ့ ချစ်သူပဲဟာ၊ ဒီလောက်တော့ ကျွန်တော်က ကူညီရမှာပေါ့"

"ရပါတယ်ဆို ရောင်နီရယ်"

"မဆိုးဘူး မဝေးဝေးက ကျွန်တော့်နာမည်ကို မှတ်မိသားပဲ"





"ဖေသုတရဲ့ သူငယ်ချင်းပဲဟာ ငါမှတ်မိပါတယ်"

ကျွန်မက ထိုကောင်လေးကို ဟိုးအရင်တည်းက မြင်ဖူးသော်လည်း ဒီလိုမျိုး ရင်းရင်းနှီးနှီး စကားပြောခဲ့ဖူးခြင်းတော့ မရှိပါ။ ဖေသုတရဲ့ သူငယ်ချင်းဆိုပေမယ့်လည်း သုတထက်တော့ ငယ်မှာသေချာပါသည်။

"ကျွန်တော် လိုက်ပို့ပေးမယ်နော်"

လမ်းမအလယ်ခေါင်ကြီးမှာမို့ ကျွန်မလည်း ဘာမှထပ်ပြော မနေတော့ဘဲ ခေါင်းညိတ်ပြလိုက်ရတော့၏။

"အစ်မက ဘယ်နှစ်ထပ်မှာနေတာလဲ"

"လေးထပ်"

"ကျွန်တော် လိုက်ပို့ပေးမယ်နော်"

"ရပါတယ်၊ ကိုယ့်ဘာသာ တက်နိုင်ပါတယ်"

ရောင်နီက ခြေလှမ်းများကို ရပ်တန့်လျက် ကျွန်မကိုစူပုတ်ပုတ် ကြည့်သည်၊ တစ်ခုခုကို အလိုမကျသည့် ကလေးတစ်ယောက်ရဲ့ အကြည့်မျိုးဖြစ်၏။

"ဒီလောက် လိုက်သယ်ထားပေးတာတောင် မဝေးဝေးက ကျွန် တော့်ကို အအေးလေးတစ်ခွက်လောက် မတိုက်ချင်ဘူးပေါ့ ဟုတ်လား"

"အအေးက အိမ်မှာ ရှိရောရှိသေးရဲ့လား မသိဘူး"

ကျွန်မရဲ့ ငြင်းဆန်မှုက သိပ်များသိသာသွားသလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရောင်နီကလည်း အလျှော့ပေးမည့်ပုံ တစ်စက်မှ မရှိ။

"ဒါဆိုလည်း ကော်ဖီလောက်တော့ ရှိမှာပါ၊ ကော်ဖီမရှိရင် လည်းဗျာ ဒီထဲမှာ ဝယ်လာတဲ့ နွားနို့ဖျော်တိုက်ပေါ့"

ရောင်နီက သူ ဆွဲထားသော အိတ်ထဲမှ ရယ်ဒီမိတ် နွားနို့ဘူး တစ်ခုကို မျက်စပစ်ပြသည်။

"မရပါဘူးနော်၊ အဲဒါ ဖေသုတအတွက် ဝယ်လာတာ"

ရောင်နီ့မျက်နှာပြုံးသွားသည်။

"မဝေးဝေးက သုတကြီးကို တကယ်ချစ်ပုံပဲ၊ ဒါဆိုလည်း ကော်ဖီတော့ တိုက်ဗျာ"

တော်တော်လည်း ပြောရခက်ပြီး ခေါင်းမာသော ကောင်လေး တစ်ယောက်ပါလား။ ဖေသုတတို့ သူငယ်ချင်းတွေအားလုံးက ဒီလိုမျိုး အတ္တခပ်ကြီးကြီး ယောကျ်ားတွေချည်းပဲလား မသိတော့ပါ။

နောက်ဆုံးတော့လည်း ကျွန်မကပင် အလျှော့ပေးလိုက်ပါ သည်။

"ကော်ဖီသောက်ပြီးတာနဲ့ ချက်ချင်း ပြန်ရမယ်နော်"

"ဟာဗျာ ကျွန်တော့်ကိုများ ဘယ်လိုကောင်ထင်နေလို့လဲဗျ"

ကျွန်မစကားနည်းနည်း လွန်သွားသလား မသိပါ။ ဒါပေမဲ့ ကျွန်မ မမှားတာတော့ သေချာသည်။





အိမ်ထဲရောက်သည်နှင့် ရောင်နီ့လက်ထဲက အထုပ်များကို ကျွန်မက လှမ်းယူကာ နောက်ဖေးဝင်ခဲ့လိုက်သည်။ အထုပ်ထဲမှ ပစ္စည်း များကို မထုတ်နိုင်သေးဘဲ သူ့အတွက် ကော်ဖီတစ်ခွက် အရင်ဖျော်ရ၏။

"ရော့ သောက် ရိုးရိုး ကော်ဖီမစ်ပဲ ဖျော်လာခဲ့တယ်နော်၊ ဘ ယ်ကော်ဖီ သောက်မသောက် မသိလို့လေ"

"ကျွန်တော့်ကို ဒီလောက်ထိ စေတနာထားတာပဲ ကျေးဇူးတင် ပါတယ်ဗျာ၊ ဒါနဲ့ မဝေးဝေးက အိမ်မှာတစ်ယောက်တည်း နေတာတော့ မဟုတ်ပါဘူးနော်"

"ငါ တစ်ယောက်တည်း နေတာပါ"

"ဩော် မိန်းကလေးတစ်ယောက်တည်းဆိုတော့ အကူအညီ လိုရင် ကျွန်တော့်ကို ပြောလေ"

"မင်းထက်အရင် ဖေသုတကို ပြောမှာပေါ့ကွ"

"ကျွန်တော်က ရိုးရိုးသားသား ပြောတာပါဗျာ၊ တစ်ရပ်ကွက် တည်းသားချင်းဆိုတော့ တစ်ခုခုဆို ဖေသုတထက်အရင် ကျွန်တော်က ...တာပေါ့ မဟုတ်ဘူးလား"

"အေးပါ ဟုတ်ပါပြီ မင်းကို လိုအပ်တယ်ထင်ရင် ငါ ပြောပါ့ မယ်"

"ကျွန်တော့်ကို မဝေးဝေးက မခင်သလိုပဲနော်၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



တော့ သုတက ထူးထူးခြားခြား ရည်းစားထားကတည်းက ထူးဆန်းနေ
တာ၊ အဲဒီ သုတရည်းစားကလည်း မဝေးဝေး ဖြစ်နေတော့ ပိုပြီးတော့
တောင် အံ့ဩမိသေးတယ်''

''အဲဒါဘာများ အံ့ဩစရာရှိလို့လဲ''

ကျွန်မ စိတ်သိပ်မရှည်တော့ပါ။ ဖေသုတနဲ့ကျွန်မနဲ့ ချစ်သူ
တွေ ဖြစ်ကြတာဟာ ဖေသုတဘက်က ဘာတွေများ ပေးဆပ်လိုက်ရ
တာရှိလို့ သူက အံ့ဩနေရတာလဲ။

''မိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ယောက်နဲ့ ချစ်သူရည်း
စားတွေ ဖြစ်လာပြီဆိုရင် ဘယ်သူ့ဘက်က ပိုပြီး နစ်နာလိမ့်မယ်လို့များ
မင်းထင်နေတာလဲ''

''ဘာလဲ မဝေးဝေးက မိန်းကလေးတွေဘက်က ပိုနစ်နာတယ်
လို့များ ပြောချင်နေတာလား''

''အဲလိုပဲ မဟုတ်ဘူးလား''

ကျွန်မရဲ့ ထီမထင်တဲ့မျက်နှာပေးကို သူကမျက်မှောင်ကျုံ့ကြည့်
ပြီး ခေါင်းကို တစ်ချက်ခါရမ်းလိုက်၏။

''မဝေးဝေးက စာရေးတယ်သာပြောတယ်၊ တကယ် မ
တတ်သေးဘူးကိုး''

''မင်းဘာကို ဆိုလိုချင်တာလဲ''





''တကယ်တော့ မိန်းမနဲ့ယောက်ျားချစ်သူတွေ ဖြစ်ကြပြီဆို
တည်းက နှစ်ဦးနှစ်ဖက် ပေးဆပ်လိုက်ရတဲ့ ခံစားချက်ချင်းက တူတူပဲ၊
သဘာဝတရားအရသာ ယောက်ျားတွေ မိန်းမတွေဆိုပြီး ကွဲလွဲမှုတွေ
ဖြစ်နေတာပါ၊ ဘယ်သူကမှ မသာဘူး ဘယ်သူမှလည်း မနာဘူး၊ ကျွန်
တော်ဆိုလိုတာက နှစ်ယောက်လုံးက တစ်ယောက်ကိုတစ်ယောက် အချစ်
ပိုနေခဲ့မယ်ဆိုရင်တော့ အဲဒီတစ်ယောက်က ကျန်တစ်ယောက်ထက် နည်း
နည်းလေး နစ်နာနေတယ်လို့ ခံစားရမှာပေါ့၊ ကျွန်တော်ပြောတာကို
လက်ခံလား''

အဲဒီလိုလား။ ကျွန်မ ပါးစပ်ကနေတော့ ထုတ်မမေးဖြစ်ပါ၊
ဒါပေမဲ့ ဒီတစ်ခါတော့ ရောင်နီ ပြောလိုက်သည့်စကားကို ကျွန်မ သဘော
ကျသွားသည်။ သူ့ရဲ့ဒဿနလေးက ဆိုးတော့မဆိုးပါ။

''မဝေးဝေး ဘာမှပြန်မပြောဘူးဆိုတည်းက ကျွန်တော်ပြော
တာကို လက်ခံလို့ပေါ့နော်၊ ဟုတ်တယ်မဟုတ်လား''

ကျွန်မ တကယ်လည်း ဘာမှပြန်မပြောဖြစ်ပါ။ သူ့ကိုသာ
ပြုံးကြည့်နေလိုက်သည်။

''ကဲ မင်း ကော်ဖီကုန်ပြီဆိုရင်လည်း ပြန်ဖို့လုပ်ဦး၊ ငါလည်း
လုပ်စရာလေးတွေ ရှိသေးတယ်''

''ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်အိမ်ကိုလည်း နောက်များ



www.burmeseclassic.com

www.burmeseclassic.com



ကြုံကြိုက်ရင်ဖြစ်ဖြစ် သုတ်နဲ့ပဲဖြစ်ဖြစ် လာလို့ရပါတယ်''

''အင်းပါ ဟုတ်ပါပြီ''

ကလေးတစ်ယောက်လို ခုန်ပေါက်လျက် လှေကားထစ်များကို

ကျော်လွှားပြေးဆင်းသွားသော ရောင်နီ့ကိုကြည့်ပြီး ကျွန်မစိတ်ထဲမှာ

အရင်ကလို ကြည့်မရတာမျိုးတွေ မရှိတော့တာ သတိထားမိလိုက်သည်

သူပြောသွားတဲ့ စကားလေးကို ကျွန်မ တော်တော်လေး သ

ဘောကျပါသည်။ ဒါတောင် ဆင်းခါနီး ထပ်ပြောသွားသေးသည်။ 'အချ

ဝတ္ထုတွေရေးချင်ရင် များများချစ်ကြည့်ပါ' တဲ့။

ဒီလိုဆိုရင် ယောကျ်ားနဲ့မိန်းမ ချစ်ကြခြင်းမှာ မိန်းကလေးဘက်

ပဲ နစ်နာတယ်လို့ တွေးနေမိခဲ့တဲ့ ကျွန်မသည် သူရိယနားတွင် ရှိ

ခဲ့ရသည့် တစ်လျှောက်လုံးမှာ ကျွန်မဘက်ကသာ နစ်နာနေသည်၊ ပေး

ဆပ်နေခဲ့ရသည်ဟု ထင်မှတ်နေခဲ့တာတွေဟာ ကျွန်မရဲ့ အတ္တတွေလာ

သူ့ဘက်က ပြတ်ပြတ်သားသား ပြောထွက်လာမည့် တစ်နေ့

ဆိုတာကို မျှော်လင့်ရင်း ကျွန်မဘက်က ပေးဆပ်ခဲ့ရသမျှတွေကို ကျွန်

မကျေမနပ် ဖြစ်နေခဲ့တာတော့ သေချာသည်။ အဲဒါဟာ အချစ်စစ်

ဟုတ်ခဲ့ရဲ့လား။

သူရိယ ပြောခဲ့ဖူးသလိုမျိုး အနေနီးကပ်တဲ့ သံယောဇဉ်

အချစ်လို့ လွဲမှားထင်နေခဲ့ခြင်းများလား။ အို ဘာတွေပဲ ဖြစ်ခဲ့ပါစေတော





ပြီးတာတွေက ပြီးသွားခဲ့ပြီ။ ကျွန်မရဲ့ အတိတ်အဖြစ် ကျန်ရစ်နေခဲ့ပြီပဲ၊

ဘာကိုများထပ်ပြီး တွေဝေနေရဦးမှာလဲ။ ကျွန်မရဲ့ အတိတ်တွေကို ဖေသု

တ သိသွားမှာကို စိုးရိမ်နေမိတာက လွဲရင်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟေး သုတ"

သူ့အလုပ်ခန်း၏ ဘေးဘက်မှ ခြေစည်းရိုးများမှာ သံတိုင် ခပ်ကျဲကျဲကာထားသောကြောင့် ထိုနေရာလေးကနေတစ်ဆင့် သူ လုပ်လုပ်နေရာ အခန်းထဲသို့ လှမ်းမြင်နိုင်ပါသည်။ အဲဒီနေရာလေးက ပဲ သူ့ကို ကျွန်မ လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

ကျွန်မကိုမြင်တော့ သူ တော်တော် အံ့အားသင့်သွားပါသ ချက်ချင်းပင် အလုပ်လုပ်နေရာမှထလျက် သံတိုင်နားသို့ လျှောက်လာ သံတိုင်၏ တစ်ဖက်ပန်းရုံလေးနားထိ ကျွန်မ တိုးကပ်သွားလိုက်သ

"ဘယ်လိုဖြစ်တာလဲ"





သူ အရမ်းအံ့ဩစွာ မေးလိုက်သော စကားပါပဲ။ သူ့ကို အဲလို အံ့ဩသွားစေချင်လို့လည်း ကျွန်မက ကြိုပြောမထားဘဲ ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဒီလိုပဲ လမ်းကြုံလို့ဝင်လာတာ ပြီးတော့မလား"

"အင်း စာရင်းပိတ်နေပြီ"

သူ နာရီကို တစ်ချက်ကြည့်လိုက်၏။

"ရှစ်နာရီခွဲလောက်တော့ ပြီးမှာပေါ့၊ နောက်ထပ် ဆယ့်ငါးမိနစ်လောက်ပေါ့၊ ဟိုးနားမှာ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ရှိတယ်၊ အဲဒီမှာ သွားစောင့်နေပေးပါလား။ သုတ ပြီးရင် ထွက်လာခဲ့မယ်"

"အိုကေလေ မြန်မြန်လုပ်နော်"

သူ့ ခေါင်းညိတ်ပြလျက် အခန်းထဲ ပြန်ဝင်သွားသည်။ သူ ညွှန်ပြသည့် လက်ဖက်ရည်ဆိုင်လေးက ပလက်ဖောင်းပေါ်တွင် ခုံပုလေးများ ချခင်းထားသော လမ်းဘေးဆိုင်လေးတစ်ဆိုင်ဖြစ်သည်၊ ကျွန်မက ထောင့်ကျကျ စားပွဲဝိုင်းလေးတွင် ဝင်ထိုင်လိုက်၏။

သူ့ကို ဘယ်လောက်ကြာကြာ စောင့်ရမည်မှန်း မသိသောကြောင့် အဲဒီနေရာလေးကို ရွေးချယ်လိုက်ခြင်းပါ။ ကျွန်မသည် ညဘက်ကြီး ကိုယ် မရင်းနှီးသော နေရာတစ်ခုမှာ တစ်ယောက်တည်း လက်ဖက်ရည်ဆိုင် ထိုင်ရမှာကိုတော့ ဝန်လေးတတ်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မိနစ်နှစ်ဆယ်ခန့်အကြာမှာတော့ ကျွန်မဘက်သို့ လျှောက်လာနေသော သူ့ကို လှမ်းမြင်လိုက်ရသည်။

"ဘာလို့ ချောင်ထဲ ဝင်ထိုင်နေတာလဲ၊ ခြင်မကိုက်ဘူးလား"

ကျွန်မရဲ့ဒူးခေါင်းနားထိသာရှည်သော စကပ်တိုတိုအောက်မှ ခြေသလုံးများကိုကြည့်လျက် သူ ပြောလိုက်ခြင်းဖြစ်သည်။ ဟုတ်လည်း ဟုတ်ပါရဲ့။ ကျွန်မ ခြေသလုံးများကို ရစရာမရှိအောင် တွယ်ဖို့ ဝိုင်းနေသော ခြင်တွေက မနည်းမနောမှ မဟုတ်တာ။

အလင်းရောင်အောက်မှ ဝိုင်းလေးသို့ ပြောင်းထိုင်လိုက်ပြီးတော့ သူ့အတွက် ကော်ဖီတစ်ခွက် မှာလိုက်ရင်း

"နောက်ဆို ညဘက်အပြင်ထွက်တာ အဲလို စကပ်အတိုတွေ မဝတ်စမ်းပါနဲ့၊ ဘောင်းဘီလေးဖြစ်ဖြစ် ထဘီလေးဖြစ်ဖြစ် ဝတ်ပေါ့"

ကျွန်မကို လူကြီးတစ်ယောက်လို ဆုံးမလိုက်သော သူ့အား ကျွန်မ စိတ်မဆိုးမိပါဘဲ ပြုံးကြည့်နေမိသည်။

"ဘာလဲ၊ အခု လူကို လှောင်နေတာလား၊ ပြောချင်တာသာ ပြော ငါလုပ်ချင်တာပဲ လုပ်မယ်ဆိုတဲ့ အပြုံးမျိုးလား"

"တွေ့လား။ သူ ဆူနေတာကို သဘောကျလို့ပဲ ပြုံးရသေးတယ် လူကို အပြစ်ပဲ မြင်နေတော့တာပဲ"

"မင်းက အပြစ်ပဲမြင်အောင် လုပ်နေတာကိုး"

ဝိုးမိုး၈၁၉၀



"အခု ဘာလုပ်သေးလို့လဲလို့"

"ကဲပါ ထားလိုက်ပါတော့၊ ဘယ်ကို လာတာမို့လို့ လမ်းကြုံပြီး ရောက်လာတာလဲ"

"အစ်မဝမ်းကွဲအိမ် လာတာလေ၊ ရှင့်ကိုပြောဖူးပါတယ်၊ ဒီနားမှာ ကျွန်မ အမျိုးအိမ်တစ်အိမ်ရှိတယ်ဆိုတာလေ"

"အင်း ကောင်းပါတယ်၊ အဲလိုမျိုး အမျိုးတွေရှိတော့ အကူအညီရတာပေါ့။ မင်းက နယ်ကနေ တစ်ယောက်တည်း လာနေရတာ မဟုတ်လား"

"ရှင် ရှိနေတာပဲ မဟုတ်လား၊ ကျွန်မ ဘာပဲဖြစ်ဖြစ် ရှင်က ရှေ့ကနေ ရပ်ပေးပေါ့"

"တွေ့လား သူတ မကြိုက်တာ အဲဒါပဲ၊ သူတက မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့လူမျိုးကို လေးစားတယ်၊ အဲလို စိတ်ဓာတ်မျိုးကို သူတ အကြိုက်ဆုံးပဲ၊ ကိုယ်တိုင်လည်း အဲလိုမျိုးဖြစ်အောင် ကြိုးစားပြီးနေတယ်၊ မင်းကိုလည်း အဲလိုပဲ ဖြစ်စေချင်တယ်"

"ဘာလဲ ရှင်က ရှင့်ကို အားကိုးတာ မကြိုက်တာလား"

"ဘယ်လိုပြောပြရမလဲ၊ လူဆိုတာ တစ်ယောက်ဘေးနားမှာ တစ်ယောက်က အမြဲတမ်းကြီး ရှိနေနိုင်မှာမှ မဟုတ်တာ၊ ကိုယ်နဲ့တူတူ

ဝိုးမိုး၈၁၉၀

www.burmeseclassic.com

www.burmeseclassic.com



အမြဲရှိနေမှာ ကိုယ်ကိုယ်တိုင်ပဲရှိတယ်လေ၊ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် အားကိုးတာ ပိုမကောင်းဘူးလား''

ကျွန်မသူ့ကို ဘာမှမပြောတော့ဘဲ ဒီတိုင်းသာ ငေးကြည့်နေ တော့သည်။ ဖေသုတနဲ့ ချစ်သူဖြစ်ပြီး တစ်လျှောက်တွင် ကျွန်မ သ ထားမိလာသည့် အချက်များထဲ၌ အဲဒီအချက်လည်း တစ်ခုအပါအ ဖြစ်သည်။

သူ့ရဲ့ ဒဿနတွေပေါ့။ တစ်ခါတလေကျရင် ကျွန်မ နားလ ပေးလို့ မရလောက်အောင် တစ်ဖက်စွန်းရောက်နေသည့် အတွေးတွေ

ခုပဲကြည့်လေ မိန်းမတစ်ယောက်ဟာ သူ့ချစ်သူ ယောကျ်ားေ ကို အားကိုးချင်တယ်ဆိုတာ သိပ်ကို သမရိုးကျသော ကိစ္စကစ်ခု ဖြစ်သည်။ သူကတော့ အဲဒါကို လက်မခံ။ သူ ဖြစ်စေချင်တာတွေကို ကျွန်မအား ရိုက်သွင်းဖို့ ကြိုးစားနေတတ်သည်။

ကျွန်မတို့နှစ်ယောက်အတွက် တစ်ယောက်ကိုတစ်ယောက် ကောင်းဆုံး နားလည်နိုင်မည့် အချိန်သည် တော်တော်ဝေးဝေးမှာ သေးသည်နှင့် တူ၏။

''သုတ ပြောတာကို လက်ခံလား''

ဟင့်အင်း ဒီတစ်ခါတော့ ကျွန်မ ခေါင်းမညိတ်ချင်ပါ။ တ တလေတော့လည်း ကျွန်မဘက်က ခံစားချက်လေးကို သူ နားလည်





ချင့်ပါသည်။

''လက်မခံဘူး''

''ဘာလဲ ရွဲ့တာလား''

''မဟုတ်ပါဘူး''

''ဒါဆိုဘာသဘောလဲ''

''ဘာသဘောရမှာလဲ၊ ကိုယ့်ချစ်သူကို အားကိုးချင်တဲ့ မိန်းက လေးတစ်ယောက်ကို မှားတယ်လို့ပြောနေတဲ့ ရှင့်အယူအဆတွေကို ကျွန်မ အလွယ်တကူနဲ့ လက်ခံနိုင်လိမ့်မယ်လို့များ ရှင်ထင်နေလား''

''အဲဒါဆို မင်းက တစ်သက်လုံး ကိုယ်ပိုင်အစွမ်းအစမရှိတဲ့ ိသူတစ်ယောက် ဖြစ်ချင်တာလား''

''ရှင် ကျွန်မကို မထိုးနှက်ပါနဲ့''

''မဟုတ်ဘူးနော်၊ သုတက မင်းကိုထိုးနှက်စရာ အကြောင်း ည်းမရှိဘူး။ လောကကြီးမှာ မင်းနေတတ်အောင် သင်ပေးရုံပဲ ရှိတာပါ၊ လောကက နေတတ်မှ ကျေနပ်စရာကွ''

''ကျွန်မအတွက်တော့ ဘေးနားမှာ ဖေသုတရှိနေရင် လောက ကြီးက ကျေနပ်စရာတွေချည်းပါပဲ''

''မင်းမှားနေပြီ''

''ရှင်ဘာပြောချင်တာလဲ''



www.burmeseclassic.com

"သုတက မင်းဘေးနားမှာ မင်းနဲ့တူတူ တစ်သက်လုံး ရှိနေလို့ မယ်လို့များ မင်းထင်နေတာလား"

ဟင် အဲဒါ ဘာစကားကြီးလဲ သူကကျွန်မကို ဘယ်လိုမိန်း တစ်ယောက်လို့ သတ်မှတ်ထားတာလဲ။ သူနဲ့ကျွန်မက ချစ်သူတွေလေ ချစ်သူတွေဆိုတာ တစ်သက်လုံး တူတူနေဖို့အတွက်ပဲ ကြိုးစားနေကြ တာ မဟုတ်ဘူးလား။

အဲဒါကို သူ ဘယ်လိုစကားမျိုးကြီး ပြောလိုက်တာပါလိမ့်။

သူကတော့ ထိုစကားကို ဘာအနှောင့်အယှက်မှ မရှိဘဲ ပြော ထွက်လိုက်ခြင်းပေမယ့် ကျွန်မအတွက်ကတော့ ဦးနှောက်ထဲမှာရော နှလုံးသားထဲမှာပါ နာကျင်စွာ ထိုးနှက်ခံလိုက်ရခြင်း ဖြစ်သည်။

အဲဒါကို သူ နည်းနည်းမှ မရိပ်မိဘူးလား။

"ဘာဖြစ်သွားတာလဲ"

ဘာစကားမှလည်း မပြောတော့ဘဲ ငြိမ်သက် တိတ်ဆိတ်သွား သော ကျွန်မကို သူ သည်းမခံနိုင်တော့သည့် လေသံမျိုးနှင့် မေးလာပါ သည်။ အနည်းငယ် ငုံ့သလိုဖြစ်နေသော ကျွန်မရဲ့ဦးခေါင်းကို မော့ပင့် လိုက်သည်။

ဒါပေမဲ့ ကျွန်မမျက်ဝန်းမှာ မျက်ရည်စများ ရစ်သိုင်းနေတာကို တော့ ကျွန်မ မေ့လျော့သွားခဲ့သည်။ သူကတော့ လမ်းမီးတိုင်ရဲ့ အလင်း





ချောင်အောက်တွင် ကျွန်မ မျက်ရည်စများကို သေသေချာချာ တွေ့ရှိသွား ခဲ့သည်။

"အခု အဲဒါက ဘာဖြစ်တာလဲ၊ သုတကို အဲလိုမလုပ်နဲ့နော်၊ ဘာ မကြိုက်ဘူး"

"ကျွန်မ ဘာလုပ်နေလို့လဲ"

"မင်းငိုတော့မှာလေ"

"မငိုပါဘူး။ ငိုတယ်ဆိုတာ မျက်ရည်ကျတာ၊ ကျွန်မ ဘယ်မှာ မျက်ရည်ကျနေလို့လဲ"

ကျွန်မသည် ကလေးတစ်ယောက်လို စကားနိုင်လုပြောလိုက် သည်။ ဒါပေမဲ့ ကျွန်မ ငိုချင်နေတာကို ကိုယ့်ကိုယ်ကိုယ်တော့ မလိမ်ညာ နိုင်ပါ။

"မကျသေးဘူးလေ၊ ဒါပေမဲ့ သုတကသာ တစ်ခုခု ထပ်ပြော လိုက်ရင် မင်းသေချာပေါက် ငိုတော့မှာ၊ အဲဒီဝဲနေတဲ့ မျက်ရည်တွေကအ ပြင်ကို ထွက်ကျလာတော့မှာ၊ သုတပြောတာ ဟုတ်တလား"

ကျွန်မ သူ့ကို ကလေးဆိုးတစ်ယောက်လို ပေစောင်းစောင်း ကြည့်လိုက်ပြီး ဝဲနေသော မျက်ရည်များကို လက်ခုံနှစ်ဖက်နှင့် ခပ် ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်သည်။

"ကဲ အခု ရှိသေးလို့လား၊ မရှိတော့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွေးအခေါ်တွေက အရမ်းကို စိတ်ကူးယဉ်ဆန်လွန်းတယ်၊ ပြီးတော့ ကလေးဆန်လွန်းတယ်"

"တော်ပါတော့ ဆက်မပြောပါနဲ့တော့၊ ကျွန်မစိတ်တွေ အရမ်းကို မွန်းကျပ်နေပြီ"

သူဘာမှ ဆက်မပြောတော့ပါ။

အဲဒီည တစ်ညလုံး ကျွန်မသည် အိပ်ရာထက်မှာ လူးလိုက်လှိမ့်လိုက်နှင့် သူ့ကို ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်ရသည်။ သူ့အယူအဆတွေ အတွေးအခေါ်တွေကို ကျွန်မ ဘယ်လိုမှ လိုက်မမှီတော့ပါ။

သူ ဖြစ်ချင်နေတာတွေက ဘယ်လိုအရာတွေလဲ၊ သူ လက်[illegible]ထားတာတွေက ဘာတွေလဲ၊ ကျွန်မ ဘာကိုမှ မသိရသေးပါ။

ကျွန်မသည် ကိုယ့်ချစ်သူအကြောင်းကိုသော်မှ သေသေချာချာ သိခွင့်မရသော မိန်းမတစ်ယောက်သာ ဖြစ်သည်။ ကျွန်မအဲလိုအဖြစ်မျိုးကို လက်မခံနိုင်ပါ။ ကျွန်မ လိုချင်တဲ့ ချစ်သူဘဝသည် ဒီလိုမျိုး အေးစ[illegible]မှုတွေ လက်မခံပေးနိုင်သော အတွေးအခေါ်အယူအဆတွေနှင့် ပြည့်နှက်နေတာမျိုး မဟုတ်ပါ။

ကျွန်မ လိုချင်တာသည် ချစ်ခင်မှုတွေ ယုယကြင်နာမှုတွေန[illegible] အလေးထားဂရုစိုက်မှုတွေ ပြည့်နှက်နေသော ချစ်သူဘဝမျိုး ဖြစ်သည်[illegible] အဲဒီလို ဘဝမျိုးကို ကျွန်မ သေချာရွေးချယ်ခဲ့သော ယောက်ျားက မ[illegible]



[illegible]ဘူးတဲ့လား။

သူ့ဆီက နွေးထွေးလုံခြုံမှု တစ်စုံတစ်ရာကိုမှ ကျွန်မ မရနိုင်ဘူး[illegible]တဲ့လား။ အဲဒီလို ချစ်သူဘဝမျိုးကို ကျွန်မ ဘယ်လောက်ထိတောင် သည်းခံပြီး နေထိုင်ပေးရမှာတဲ့လဲ၊ ကျွန်မဘက်က သူ ဖြစ်စေချင်တာတွေကို အတတ်နိုင်ဆုံး လိုက်လျောချင်ခဲ့တာတောင် သူက ကျွန်မကို ဘာလို့များ နားလည်မပေးနိုင်ရတာလဲ။

ချစ်သူတစ်ယောက်နဲ့ တစ်ယောက်ကြားမှာ အလိုအပ်ဆုံးက နားလည်မှုပဲ ဆိုတာကို သူ မသိဘူးလား။ မဟုတ်သေးပါဘူး သူ သိပါတယ်။ သူဟာ ကျွန်မထက်တောင် အရာရာကို ပိုသိတဲ့သူပါ။ ဒါပေမဲ့ သူ ကျွန်မရဲ့ခံစားချက်ကို နည်းနည်းမှ နားလည်မပေးနိုင်ခဲ့ဘူး။

သူ အမြဲတမ်း အတ္တကြီးခဲ့တယ်၊ တစ်ကိုယ်ကောင်းဆန်ခဲ့တယ်၊ သူ ဘယ်တော့မှ ကျွန်မကို နားလည်ပေးတော့မှာ မဟုတ်ပါဘူး။

ကျွန်မ အိပ်ရာထက်မှ လူးလဲထလိုက်ရင်း တယ်လီဖုန်းရှိရာသို့ သွက်သွက်လေး လျှောက်သွားလိုက်သည်။

ကျွန်မသူ့ဆီကို ဖုန်းဆက်ပြီး ကျွန်မ ခံစားနေရတာတွေကို ပြောပြလိုက်ရမလား။ သူကရော အဲလိုပြောပြလိုက်ရုံနဲ့ ကျွန်မကို နားလည်ပေးမှာမို့လို့လား။ ဟာ အဲဒါ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ။ သူက ကျွန်မကို အဲလိုမျိုး လွယ်လွယ်ကူကူနဲ့ နားလည်ပေးခဲ့မှတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျိုးတောင် မွန်းကျပ်ပိတ်လှောင်စွာ ခံစားနေရမည် မဟုတ်ပါ။

နောက်ဆုံးတော့ ကျွန်မ နှိပ်လိုက်မိသော ဖုန်းနံပါတ်သည် ..

ညဆယ့်နှစ်နာရီထိုးကျော်ပြီမို့ ဖုန်းကတော်တော်လေး ခေါ်လို
ရသည်။ အိပ်ပျော်နေကြပြီနဲ့တူရဲ့။

"ဟယ်လို"

အသံက အိပ်ရာကနေ ကမူးရှူးထိုး ထလာသော အသံမျ
မတတ်နိုင်ပါ။ ကျွန်မကို တစ်ယောက်ယောက်က နှစ်သိမ့်ပေးမှ ရတေ
မည်။

"ဘယ်သူလဲ ဖုန်းခေါ်ပြီး ပြောလေ"

"ငါ ငါပါ"

ကျွန်မအသံက ကျွန်မကိုယ်တိုင်ပင် မမှတ်မိနိုင်လောက်အော
တုန်ယင်ပြီး ထွက်ကျသွား၏။

"ဝေး ဝေး နင်ဘယ်လိုဖြစ်တာလဲ"

"ငါ ငါဘယ်လိုမှ အိပ်လို့ မပျော်ဘူး သူရိယ"

"ဟာကွာ နင်အခု ငါ့ကိုနောက်နေတာလား။ နင် ဒီအ
ဘယ်တုန်းကရော အိပ်လို့ပျော်ဖူးလို့တုန်း"

"မဟုတ်ဘူး မဟုတ်ဘူး။ အရင်က ငါ စာရေးတာဖြစ်
စာအုပ်ဖတ်တာဖြစ်ဖြစ် တစ်ခုခုလုပ်နေလို့ မအိပ်ဖြစ်တာ၊ အခု ငါအိပ်





တယ်၊ ဒါပေမဲ့ ငါ့စိတ်တွေက ငါ့ကို တော်တော်လေး နှိပ်စက်နေကြတယ်"

"နင်ဘာတွေ ဖြစ်နေတာလဲ"

သူ ကျွန်မစကားတွေကို သိပ်တော့စိတ်မဝင်စားပါ။ စိတ်မရှည်စွာနှင့်ပင် ဝတ်ကျေတန်းကျေ မေးနေခြင်းဖြစ်၏။

"ငါ့ကို သူ နားမလည်ဘူး သူရိယရယ်"

ကျွန်မအသံက နည်းနည်း သိမ်ဝင်သွား၏။

"အဲဒီတော့ နင်ကပဲ နားလည်ပေးလိုက်ပေါ့။ နင်သူ့ကို ရွေးချယ်ခဲ့ပြီးပြီပဲ"

"နင်ငါ့ကို စိတ်ဆိုးနေတာလားဟင်"

"မဆိုးပါဘူး။ နင်လုပ်တာတွေ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီအတွက် ဖြစ်လာသမျှကို နင်ခံစားရမှာပဲ နင့်မှာ စောဒကတက်ပိုင်ခွင့် မရှိဘူးလေ၊ နင်ကိုယ်တိုင် ရွေးချယ်ထားခဲ့တာမို့လို့ပေါ့"

"နင်ငါ့ကို လှောင်နေပြီ"

"နိုး နိုး ငါနင့်ကို လုံးဝမလှောင်ပါဘူး၊ အဲဒီကိစ္စတွေဟာ ဖြစ်ကိုဖြစ်ရမှာ၊ ဖြစ်ရမှာတွေကိုပဲ ငါပြောပြနေတာ"

"လောလောဆယ်မှာ အဲဒါတွေကို ငါမကြားချင်ဘူးဟာ၊ ငါ့ကို တစ်ခုခု ပြောပေးပါ။ သူနဲ့ငါ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်းနဲ့ နားလည်လာနိုင်မှာပါလို့ နင်ငါ့ကို မပြောပေးနိုင်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာဖြစ်နေတာလဲ ဝေးရယ်"

သူရိယ အိပ်ချင်စိတ် ပြေပျောက်သွားပြီလို့ ကျွန်မထင်သည်။ သူ့အသံက ကြည်လင်ပြီး လေးနက်လာ၏။

"ငါ့ကို သူက ကလေးဆန်တယ်တဲ့ အရမ်းစိတ်ကူးယဉ်တယ်တဲ့ ငါ စိတ်ကူးယဉ်တတ်တယ် ဟုတ်တယ် အဲလို စိတ်ကူးယဉ်တတ်လို့လည်း ငါ့စိတ်ကူးထဲက ဇာတ်လမ်းတွေကို အပြင်မှာဖန်တီးပြီး ငါ့စာအုပ်တွေ ကို ရေးနေတာပေါ့၊ ငါ စိတ်ကူးယဉ်တာ မှားလား၊ စိတ်ကူးယဉ်မှုကိုက ငါ့အလုပ်ပဲလေ၊ အဲဒါကို ငါ မစွန့်လွှတ်နိုင်ဘူး"

"သူက နင့်ကို စာမရေးခိုင်းဘူးလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ သူကငါ့ကို ဘဝအာမခံချက်အတွက် အလုပ်တစ်ခုခု လုပ်ပါတဲ့၊ အဲဒါ လက်ရှိငါလုပ်နေတဲ့ အလုပ်ကို သူ စော်ကားလိုက်တာပဲ မဟုတ်ဘူးလား"

"သူပြောတာလည်း ဟုတ်တာပဲလေ၊ နင်က အာရုံရမှ စာရေး တတ်တဲ့သူ မဟုတ်လား။ လူတစ်ယောက်မှာ ရေရှည် စိတ်ချရမယ့် စီးပွားရေးတစ်ခုခုတော့ ရှိထားသင့်တယ်လေ၊ ငါပြောချင်တာက ပုံမှ ဝင်ငွေရနိုင်မယ့် အလုပ်တစ်ခုပေါ့"

"နင်တို့အားလုံး ငါ့ကို နားလည်မပေးကြဘဲကိုး"

"နင် မှားနေပြီ သူနင့်ကို နားလည်မလည်ကတော့ သူပဲသိမယ် ဒါပေမဲ့ ငါကတော့ နင့်ကို နားလည်ပါတယ်၊ နားလည်ပေးမယ့်လည်း နင် လုပ်သင့်တာကိုတော့ ငါပြောပြရမှာပဲလေ၊ ငါထင်ပါတယ်၊ နင့် ဆေသုတာကလည်း နင့်အပေါ်မှာ ငါ့လိုပဲ တွေးပေးတာ ဖြစ်မှာပေါ့"





"အဲလိုလား အဲလိုဆိုတာ သေချာလို့လား"

"နင် ငါ့ကို ရစ်နေတာလား ဝေး"

"ဟင့်အင်း မဟုတ်ပါဘူး၊ ငါချစ်သူကို ငါယုံကြည်ချင်တာပါ"

"လူတစ်ယောက်ရဲ့ စိတ်ထဲကို နောက်လူတစ်ယောက်က စေ့စေ့ စပ်စပ် မသိနိုင်ဘူးဟ၊ ခရေစေ့တွင်းကျ သိရဖို့ကိုတော့ နင်ဘယ်တော့မှ မမျှော်လင့်နဲ့၊ ငါပြောတာကို နင်သဘောပေါက်လား။ လူတိုင်းလူတိုင်းမှာ ကိုယ့်ခံယူချက်နဲ့ ကိုယ်ရှိတယ်"

"ပြီးတော့ ပြီးတော့ သူ ပြောသေးတယ်၊ အဲဒီစကားကြောင့် ငါ အဲလို ဖြစ်သွားတာ"

သူရိယဘက်မှ သက်ပြင်းချသံ ကြားလိုက်ရသည်။ သူလည်း ကျွန်မကြောင့် အိပ်ရေးပျက်သည့်အပြင် စိတ်ပါပျက်နေပြီနှင့် တူသည်။

"သုတာက မင်းဘေးမှာ မင်းနဲ့တူတူ တစ်သက်လုံး ရှိနေပေး နိုင်လို့များ မင်းထင်နေလားတဲ့၊ အဲဒါ ဘာစကားကြီးလဲဟာ၊ အဲဒီ စကားကြီးကို အခုလို ပြန်ပြောရတာတောင် ငါ့ရင်ဘတ်တွေ နာကျင်လို့ သေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ကျဆင်းလာသော မျက်ရည်ပေါက်များကို လက်နှင့် သုတ်ပစ်လိုက်ရင်း တုန်ယင်နေသော အသံနှင့်ပင် သူရိယကို ပြောပြ နေခြင်း ဖြစ်သည်။

"ဝေး နင်ငိုနေတာလား"

"အေး ဟုတ်တယ်၊ ငါငိုနေတယ်၊ ငါ သူ့ကြောင့် ငိုနေရပြီ သူရိယရဲ့ ငါဘယ်လိုလုပ်ရမလဲ"

"နင်အိပ်လိုက်တော့"

"ငါအိပ်လိုက်လို့ မိုးလင်းလာရင်လည်း အဲဒီကိစ္စကြီးက ငါ့ကို ခြောက်လှန့်နေဦးမှာပဲ သူရိယ၊ ငါဘာဆက်လုပ်ရမလဲဟင်"

"အိပ်လိုက် နိုးလာမှပဲ စိတ်ကြည်ကြည်လင်လင် ဖြစ်သွား ပြီဆိုရင် အဲဒီစကားကို ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ နင်ကိုယ် တိုင် သူ့ကို သေချာမေးကြည့်လိုက်ပေါ့၊ အဲဒီလောက်ရှင်းတဲ့ ဖြေရှင်းနည်း ရှိတော့မှာ မဟုတ်ဘူး"

"ငါသိပါတယ်၊ အဲလိုလုပ်ရင် ဖြစ်တယ်ဆိုတာ ငါသိပါတယ်"

"နင် ငါ့ကို ရစ်နေတာ သေချာပြီ ဝေး"

"ငါ့ကို အဲလိုမပြောပါနဲ့ သူရိယရယ်၊ ငါ့စိတ်ထဲမှာ အဲလို မေးလိုက်ရင် ရတာကို သိပေမယ့် သူ့ဆီက ငါမလိုချင်တဲ့ အဖြေမျိုး ငါ့အတွက် နာကျင်ခံစားရစေမယ့် အဖြေမျိုးတွေ ထွက်မှာကို ငါနည်း





းမှ ခံနိုင်ရည် မရှိဘူးလေ"

"လဲသေလိုက်တော့ ဝေးရာ၊ နင်က တကယ့်ကို ကြောက်ပဲ၊ တော်ပြီ တော်ပြီ ငါအိပ်တော့မယ်၊ နင့်ဟာနင် လုပ်ချင်တာသာ လုပ် ာ့"

ဖုန်းသံက တတီတီ အဆက်မပြတ်မြည်လျက် ပြတ်တောက် သွားခဲ့ပြီ ဖြစ်သည်။

ဟုတ်တယ် ငါက တကယ့်ကို ကြောက်ပဲ၊ ငါသူ့ကို တည့်တည့် င်ဆိုင်ပြီး မေးသင့်တာပေါ့။ ငါအလုပ်သင့်ဆုံးက အဲဒါပဲ။ ဟုတ်တယ် ီ သူ့ကို မေးကိုမေးရမယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မင်းက သုတ ပြောတာတွေကို နားမလည်ဘဲကိုး၊ သု
ပြောချင်တာက မင်းသာ ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်တဲ့ လူတစ်ယော
ဖြစ်မယ်ဆိုရင် မင်းအနားမှာ ဘယ်သူရှိရှိ မရှိရှိ မင်းအတွက် ပြဿ
မဟုတ်တော့ဘူး။ ဖေသုတကလည်း လူသားတစ်ယောက်ပဲလေ၊ ဘ
အချိန် ရောက်လာမယ်မှန်း အတိအကျ မသိနိုင်တဲ့ သေခြင်းတ
ကို မလွန်ဆန်နိုင်ဘူး။ မနက်ဖြန်မှာလည်း သုတ ရှိချင်မှရှိမှာ၊ ခဏ
ရင်တောင် မသေချာဘူး ပြောတာကို သိလား"

သူက ကျွန်မကို ကလေးတစ်ယောက်အား စာရှင်းပြသလို
သေချာတစ်လုံးချင်းစီ ပြောပြ၏။ သူ့မျက်လုံးများကလည်း စူးရှ





နေသည်။

သူပြောချင်တာ အဲဒီလို အဓိပ္ပာယ်ဆိုတာရော ဟုတ်မှဟုတ်ပဲ့မလား။ အို ဟုတ်မှာပါလေ ဖေသုတဟာ ဘယ်တော့မှ လိမ်မပြောတတ်သည့် ကျွန်မ ယုံကြည်ရသော ချစ်သူတစ်ယောက်ပဲ။

"သေချာလား၊ အဲလို အဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ"

ကျွန်မက ဇဝေဇဝါဖြစ်နေသေးပုံနှင့် မေးလိုက်တော့ သူ နည်းနည်း တင်းသွားပုံရ၏။ ကျွန်မကို စိုက်ကြည့်နေရာကနေ တစ်ဖက်သို့ မျက်နှာလွှဲသွားပါသည်။ ကျွန်မ မှားသွားမှန်းသိ၍ တစ်ခုခု ပြန်ဖာထေး ပြောရန် ကြံစည်နေစဉ်မှာပင် သူက ကျွန်မဘက်သို့ ပြန်လှည့်လာပြီး

"မင်းသိမှာပါ။ ဖေသုတက စကားတစ်ခွန်းကို တကယ်မဟုတ်ဘဲနဲ့ လေကုန်ခံ အတူးသဖြင့် အချိန်ကုန်ခံပြီး မပြောတတ်တာကို မင်းသိမှာပါ"

"ကျွန်မ သိပါတယ်၊ ကျွန်မ ရှင့်ကိုယုံပါတယ်"

"သုတကိုယုံရမယ်လို့ မင်းကိုမပြောဘူးနော်၊ ဒါပေမဲ့ သုတက စကားတစ်ခွန်းကို လိမ်ညာပြောလိုက်ရမှာ ဝန်လေးတယ်၊ ဟုတ်ပြီလား"

ကျွန်မကို တည့်တည့်ငြိမ်ငြိမ်နှင့် တစ်လုံးချင်း ပြောနေသော သူ့ရဲ့စိတ်ဓာတ်မျိုး အမူအရာမျိုးကို ကျွန်မ အလွန်အားကျပါသည်။ အဲလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေသော လူတစ်ယောက်ပုံစံ



www.burmeseclassic.com

မျိုး ကျွန်မလည်း လိုချင်မိသည်။

သို့သော် ကျွန်မသည် ကိစ္စသေးသေးလေး တစ်ခုအပေါ်တွင်တောင်ယုံကြည်ချက်အပြည့်ဖြင့် လုပ်ဆောင်နိုင်ရန် တော်တော်လေးခက်ခဲလွန်းနေခဲ့သည်။ ကျွန်မတွင် တွေဝေမှုတွေ ဇဝေဇဝါဖြစ်မှုတွေသာများပြားနေခဲ့၏။

ကျွန်မ ဖြစ်ချင်ခဲ့တာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများဖြင့်ပြည့်လျှမ်းနေသော ရဲရင့်ပြတ်သားသည့် လူတစ်ယောက်ပုံစံမျိုး။

"ကျွန်မ ရှင့်လိုမျိုး ဘာလို့မနေနိုင်တာလဲ မသိဘူး"

ကျွန်မတစ်ယောက်တည်းပဲ ရှိနေသလို အဝေးကိုငေးကြည့်ရင်းခပ်တိုးတိုး ရေရွတ်မိတော့ သူ သက်ပြင်းကိုချသည်။

"မင်းရဲ့ဦးနှောက်သေးသေးလေးနဲ့ သုတ စဉ်းစားနေတာတွေကို တစ်ဝက်တောင် သိနိုင်မှာမဟုတ်ဘူး"

ဒီလိုကျပြန်တော့လည်း ကျွန်မ မခံနိုင်ပြန်ပါ။ မှိုင်တွေနေသောမျက်နှာက ချက်ချင်းပင် စိတ်တိုသွားရပြီး

"သြော် ကျွန်မ ဦးနှောက်က သုံးစားမရအောင် သေးပြီးရှင့်ဦးနှောက်ကတော့ တော်တော်လေး ကြီးနေတယ်ပေါ့လေ ဒီလိုလား"

"သုံးစားမရလောက်အောင်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သုတတို့ တွေးသလောက်တော့ မင်း မတွေးနိုင်တာ အမှန်ပဲမဟုတ်လား"





ကျွန်မ ရုတ်တရက် ပြန်ချေပစရာစကား ရှာပါးလွန်းပြီး မျက်စောင်းထိုးလျက်သာ တစ်ဖက်သို့ လှည့်နေလိုက်ရသည်။ သူကတော့ အနိုင်ရသွားသူလို ပြုံးနေပြန်၏။

အို ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျွန်မ သူ့ကို တကယ်တမ်း စိတ်ဆိုးလို့ မရလောက်အောင် ချစ်နေမိတာကတော့ သေချာသထက် သေချာသွားခဲ့ပြီ။

အဲဒါကို သူ သိမှသိပါ့မလား။

■ ■ ■

တံခါးခေါက်သံက အဆက်မပြတ် ထွက်ပေါ်နေသောကြောင့်ကွန်ပျူတာရှေ့တွင် အလုပ်ရှုပ်နေရာမှ မတ်တပ်ထရပ်လိုက်ရသည်။ ဒီလယ် နှစ်နာရီလောက်ကို ကျွန်မထံသို့ မည်သည့်ဧည့်သည်မျှ လာစရာ လာထမရှိပါ။

ဖေသုတကလည်း ဒီအချိန်ဆို အလုပ်ထဲမှာသာ ရှိနေလိမ့်မည်၊ ဟိုးအရင်က သူ့ရိုယ လာတတ်သော်လည်း ဖေသုတနှင့် ချစ်သူတွေ ဖြစ်ပြီးကတည်းက ကျွန်မအိမ်သို့ တစ်ခါမှ ရောက်မလာတော့ပါ။

စိတ်ထဲမှာ ဇဝေဇဝါနှင့်ပင် တံခါးကို ဆွဲဖွင့်လိုက်သည်။ လူစိမ်းဆိုရန်ကိုတော့ မကြောက်ရပါ။ ကျွန်းတံခါးတစ်ချပ်ပြီးလျှင် သံဘာဂျာတံခါးတစ်ထပ် ခံထားသေးသောကြောင့် ကျွန်မ ဤသို့ ရဲရဲတင်းတင်း

www.burmeseclassic.com



ဖွင့်ရဲခြင်းပင် ဖြစ်သည်။

မြင်လိုက်ရသည့်သူက ကျွန်မ ထင်မှတ်မထားသည့်သူ ရောင်

ဒီကောင်လေး ကျွန်မအိမ်သို့ လာစရာအကြောင်းကိစ္စမှ မရှိ ဘာလို့များ ထူးထူးခြားခြား ရောက်လာခဲ့သည်မသိ။ ကျွန်မသည် ဘာဂျာတံခါး တစ်ဖက်တွင်ရပ်ကာ ဒီအတိုင်း ငေးကြည့်နေမိ၏။

"မမက ဧည့်သည်ကိုတောင် တံခါးဖွင့်မပေးတော့ဘူးလား

ကျွန်မ သူ့ကို မျက်မှောင်ကျုံ့ကြည့်လိုက်မိသည်။ ကျွန်မ သူ ခေါ်လိုက်သည့်ပုံက သိပ်ကိုရင်းနှီးမနေဘူးလား။

"ဘာကြောင့်ကြည့်နေတာလဲ မမရဲ့၊ တကယ်ပဲ တံခါးဖွင့်မ တော့ဘူးလား"

"ဘာကိစ္စရှိလို့လဲ"

ကျွန်မအသံသည် လိုအပ်တာထက် ပိုလို့တောင် မာကျော သည့်ပုံပါပဲ။ ရောင်နီ ပြုံးချိုနေသော မျက်နှာလေးသည် ချက်ချင်း တည်သွားခဲ့သည်။

"ကျွန်တော် မမတို့အောက်ထပ်ကို ကိစ္စရှိလို့ လာတာပါ။ ကို သတိရတာနဲ့ တက်လာခဲ့တာ"

ဒီထက် ပိုတင်းလျှင် အဖုအထစ်တွေ ဖြစ်ကုန်မှာစိုးတာကြော ကျွန်မသည် တံခါးကို ဆွဲဖွင့်ပေးလိုက်၏။ သူသည် ဣန္ဒြေရစွာပင်





သာပြီး ကုလားထိုင်ပေါ်တွင် ကျုံ့ကျုံ့လေး ထိုင်နေ၏။

ကျွန်မ သတိထားမိသလောက်ကတော့ ရောင်နီ ဆိုသော ကောင်လေးသည် လူက ပိန်ပိန်ရှည်ရှည် နှုတ်ခမ်းပါးပါး နှာတံစင်းစင်း အသားညိုညက်ညက်လေး ဖြစ်နေသည့်အပြင် လမ်းလျှောက်ပုံက သည်း ခပ်နွဲ့နွဲ့မို့ မိန်းကလေးတစ်ယောက်နှင့် တူလွန်းနေသည်။

အထူးသဖြင့် ထိုကောင်လေး ရယ်မောလိုက်လျှင် ညီညာသော သွားတန်းလေးများပေါ်သွားကာ အလွန်ချစ်စရာကောင်းသွား၏။ ကျွန်မ ၏ မောင်လေးသာဆို ကျွန်မထံမှ အလိုလိုက်ခြင်းကို တော်တော်ခံရမည့် ကောင်လေးတစ်ယောက် ဖြစ်လာနိုင်ပါသည်။

"မမ ဘာလုပ်နေတာလဲ"

"ငါ စာရေးနေတာ"

"ဒါဆို အနှောင့်အယှက်ဖြစ်သွားတာပေါ့ ဟုတ်လား"

"ထားလိုက်ပါတော့၊ မင်းပဲ အိမ်ထဲရောက်နေပြီ အိမ်ထဲရောက် နေတဲ့ဧည့်သည်ကိုတော့ ငါက အဲဒီလို စိတ်အနှောင့်အယှက် မဖြစ်စေချင် ဘူး"

ကျွန်မ သူ့ရှေ့တည့်တည့်မှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော့်ကို ကော်ဖီတိုက်ပါလား"

"ရပါတယ် ကော်ဖီမစ်ပဲ ဖျော်လိုက်မယ်နော်၊ မြန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ညင်သာစွာ ခေါင်းညိတ်ပြသည်။ ကျွန်မ သူ့အတွ
ကော်ဖီတစ်ခွက်ကို ခပ်မြန်မြန်လေးပင် ဖျော်ပေးလိုက်သည်။

ကော်ဖီကို တစ်ငုံချင်းစီ အရသာခံသောက်နေသော ရောင်နီ
ကြည့်ပြီး ကျွန်မ ဘာပြောရင်ကောင်းမလဲဟု တွေးတောနေမိသည်
ကျွန်မနဲ့ရောင်နီကြားမှာ ထွေထွေထူးထူး ပြောစရာ ဘာစကားမှ မရှိ
ဘဲ။

"သုတနဲ့ရော တွေ့ဖြစ်သေးလား"

"အင်း တွေ့ဖြစ်ပါတယ်"

အဲဒီ မေးခွန်းကိုလည်း ကျွန်မ ဘဝင်မကျပါ။ ကျွန်မက
နေရာတကာ သည်းသည်းလှုပ်နေမိတာလား မသိပေမယ့် ချစ်သူ
ယောက်ကို တွေ့ဖြစ်သေးလားလို့တော့ မေးဖို့မကောင်းဟု ယူဆမိသည
ဒီကောင်လေးဟာ စကားပြောနည်းပညာကိုတော့ တော်တော်
သင်ယူရဦးမှာ သေချာပါသည်။

"ဘာလို့ အဲလို မေးတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒီကောင်ကြီးက မမဆီ ရောက်နေ
တောင် ကျွန်တော့်ဆီကျတော့ တစ်ချက်လေးမှ ဝင်မလာလို့လေ"

"ငါနဲ့တောင် အချိန်သိပ်မပေးနိုင်ပါဘူး၊ သူ့မှာ အလုပ်တစ်





နဲ့ဆိုတော့ တော်တော်လည်း ပင်ပန်းရှာတယ်၊ ဘယ်မှလည်း မသွားဖြစ်
ပါဘူး"

"အဲဒီကောင်က တစ်မျိုးဗျ၊ သူ့မိသားစုက အဲလောက် ချမ်း
သာနေတာတောင် သူက အလုပ်လုပ်နေသေးတယ်၊ ကျွန်တော် ပြောချင်
တာက ဒီလိုမျိုး သူ့မိသားစုစီးပွားနဲ့ ဘာမှမပတ်သက်တဲ့အလုပ်ကို သူ
လုပ်နေတာကို ပြောတာ"

"သူက ဘယ်သူ့အကူအညီမှမပါဘဲ သူ့ခြေထောက်ပေါ် သူ
ရပ်ချင်တဲ့လူလေ၊ အဲဒီလို လူတစ်ယောက်က ဒါမျိုးလုပ်နေတာ အံ့သြစရာ
တော့ သိပ်မရှိပါဘူး၊ မင်းရော ဘာအလုပ်လုပ်လဲ"

"ကျွန်တော်က သင်တန်းတက်နေတာဗျ"

"သြော် ဟုတ်လား၊ ဘာသင်တန်းလဲ"

"စားဖိုမှူးလုပ်မလို့လေ"

"သြော ဟော်"

ကျွန်မအသံက လှောင်လိုက်သည့်အသံမျိုး ဖြစ်သွားသလား
မသိပါ။ ရောင်နီက ကျွန်မကို မျက်မှောင်ကျုံ့ကြည့်လျက်

"ဘာလဲ ယောကျ်ားလေးက စားဖိုမှူးလုပ်မယ်ဆိုလို့ လှောင်
တာလား၊ သွားကြည့်လိုက် ဟိုတယ်တွေ နာမည်ကြီးစားသောက်ဆိုင်တွေ
သဘော်တွေ အားလုံးအားလုံးမှာ အောင်မြင်နေတာ ယောကျ်ား စားဖို



www.burmeseclassic.com

မှုးတွေချည်းပဲ''

''သိပါတယ်၊ ဒါပေမဲ့ မင်းပုံက နဂိုတည်းက နွဲ့နွဲ့လေးမဟုတ်
လား၊ မင်းနဲ့အရမ်းလိုက်ဖက်လို့ပါ''

''မမလည်း တခြားသူတွေနဲ့ တူတူပဲ၊ ကျွန်တော့်ရဲ့ ဒီနှုတ်ခမ်း
တွေကို ကြည့်ပြီး အခြောက်နဲ့တူတယ်လို့ ဟားချင်နေတာ မဟုတ်လား
လူတိုင်းက အဲလိုပဲ ကျွန်တော့်ကို ပြောကြလွန်းလို့ ကျွန်တော် စိတ်
ပြီး ဒီတက်တူးတွေ ထိုးဖြစ်တာဗျ''

သူ့ဘယ်ဘက်လက်တစ်လျှောက် တက်တူးတွေဖြင့် ပြည့်နှ
နေတာကို ကျွန်မ စတွေ့စဉ်ကတည်းက သတိထားမိခဲ့ပါသည်။ ဒါပေ
ဒီတက်တူးတွေကို သူ ဘာကြောင့် ထိုးသည်ဆိုတာတော့ ကျွန်မ စိ
မဝင်စားခဲ့ပါ။

''တက်တူးလေးနဲ့ဆိုတော့ လူနည်းနည်းရှိန်တာပေါ့ဗျာ''

''ဪ မင်းက ဒီအဓိပ္ပါယ်နဲ့ ထိုးတာလား''

''ဒါပေါ့၊ သုတထိုးရင်းနဲ့ ကျွန်တော်လည်း တူတူထိုးဖြစ်သွား
တာ''

''ဪ မင်းတို့က တူတူထိုးထားတာကိုး''

ဖေသုတရဲ့ကျောကုန်းတစ်ပြင်လုံးမှာလည်း တက်တူးများ
ပြည့်ရှိနေကြောင်းကို ကျွန်မ ဟိုတလောကမှ သိခွင့်ရခဲ့ခြင်း ဖြစ်သ





''ဟင် ရှင့်ကျောမှာ တက်တူးတွေ ထိုးထားတာလား''

အလုပ်ကအပြန် ကျွန်မအိမ်သို့ သူ ဝင်လာစဉ် အရမ်းပင်ပန်း
နေသောကြောင့် ကျွန်မက ရေချိုးပြီးမှ ပြန်ရန်ပြောသဖြင့် သူ့အင်္ကျီကို
ချွတ်လိုက်စဉ်တွင် တွေ့လိုက်ရခြင်းဖြစ်သည်။

''ဟုတ်တယ်လေ၊ သုံးနှစ်လောက်တောင် ရှိပြီ''

''ကျွန်မက လက်ကဟာ တစ်ခုပဲရှိတယ်ထင်လို့''

သူ့ညာလက်တွင် ထိုးထားတာ ကုန်ပစ္စည်းတွေ မှတ်ပုံတင်သည့်
အမှတ်အသား ဘားကုဒ်လေး။ ဂဏန်းလေးတွေ နေရာမှာ သူ့မွေးနေ့
သက္ကရာဇ်ကို ရေးထိုးထားခြင်းဖြစ်သည်။

အဲဒါလေးကို ကြည့်ပြီး ကျွန်မ ပြောလိုက်တော့ သူက ပြုံးပါ
သည်၊

''အဲဒါက တက်တူးထိုးရင် ဘယ်လိုနေတယ်ဆိုတာ သိချင်လို့
စမ်းထိုးကြည့်ထားတာ''

''မကြိုက်ပါဘူး၊ အဲလို တက်တူးတွေကို၊ လူမိုက်ကြီးနဲ့တူတယ်''

''သုတ ထိုးထားတဲ့နေရာတွေက လူမြင်နိုင်တာမှ မဟုတ်တာ၊
လက်ကဟာကလည်း အင်္ကျီလက်ရှည်ဝတ်လိုက်ရင် မမြင်ရတော့ဘူးလေ၊
ကျောကုန်းကဆို မင်းတောင်အခုမှ မြင်တာမဟုတ်လား။ သုတက ကလေ
ချေ မဖြစ်ချင်ဘူး၊ အဲဒါကြောင့် လူငယ်တွေအားလုံး နားပေါက်လေး

www.burmeseclassic.com



တွေ ကိုယ်စီနဲ့ ဖြစ်နေတဲ့ခေတ်ကြီးမှာ သုတ နားတောင်မဖောက်ဘူ
မင်းသိမှာပါ''

''နားဖောက်တာတွေ တက်တူးတိုးတာတွေ ကျွန်မကတော
တစ်ခုမှ မကြိုက်ပါဘူး''

ကျွန်မ သူ့ကို မျက်စောင်းထိုးပြီး ပြောပစ်လိုက်သည်။ သို့
တော့ အော်ဟစ်ရယ်မောလျက် ရေချိုးခန်းထဲသို့ ဝင်သွား၏။

''မမ ဘာတွေတွေးနေတာလဲ၊ ဘာလဲ သုတကြီးအကြော
မဟုတ်လား''

မှန်နေတော့လည်း ကျွန်မပြုံးနေလိုက်ပါသည်။

''ကျွန်တော်လည်း မမလို အရမ်းချစ်တတ်တဲ့ မိန်းမတေ
ယောက် လိုချင်မိတယ်ဗျ''

''မဆိုးပါဘူး မင်းက ယောကျ်ားလေးဆိုတာ သေချာသာ

သူ့မေးကြော တင်းခနဲ ဖြစ်သွားတာ ကျွန်မ သတိထားလို
မိသည်။ ကျွန်မရဲ့ အပြောင်အနောက် စကားတစ်ခွန်းကြောင့် သူ့ရင်
မှာ ဖုထစ်သွားမည်ဆိုလျှင် ကျွန်မ တကယ်ကို စိတ်မကောင်းဖြစ်မိ
တော့ သေချာသည်။

''ဘာဖြစ်သွားတာလဲ၊ ငါ့စကားလွန်သွားလို့လား''

''မမမျက်လုံးထဲမှာ ရောင်နီ့ကို ယောကျ်ားတစ်ယောက်





မမြင်ခဲ့ဘူးပေါ့ ဟုတ်လား''

''အာ အဲလို မဟုတ်ပါဘူးကွာ၊ မင်းကလည်း''

''ဒါပေမဲ့ မမ ကျွန်တော့်ကို ပြောလိုက်တဲ့စကားက ကျွန်တော့်
ကို လှောင်လိုက်တာနဲ့ ဘာထူးမှာလဲဗျ''

''အဲဒီတော့ မင်းစိတ်ဆိုးတယ်ပေါ့ ဒီလိုလား''

''ထားလိုက်ပါတော့ဗျာ၊ ကျွန်တော့်ကို ခုလို တကူးတကနဲ့
ကော်ဖီတိုက်တာ ကျေးဇူးတင်ပါတယ်''

လက်ထဲတွင် ကိုင်ထားသော ကော်ဖီခွက်ကို စားပွဲပေါ်သို့
ပြန်တင်လိုက်ရင်း သူ့ နေရာမှ ထရပ်လိုက်သည်။ ကျွန်မလည်း ယောင်
ယမ်းကာ လိုက်ရပ်လိုက်မိ၏။

''မင်း ပြန်တော့မလို့လား''

''ဟုတ်ကဲ့''

ကျွန်မသူ့ကို တစ်ခုခု ပြောလိုက်သင့်လား။ ကျွန်မသူ့ကို စော်
ကားသလို ရည်ရွယ်ချက်နဲ့ ပြောလိုက်တာ မဟုတ်ပါဘူးလို့ ရှင်းပြ
လိုက်သင့်လား။

ဘာကိုမှ ကျွန်မ စဉ်းစားလို့မရခင်မှာပင် ရောင်နီက ကျွန်မရဲ့
မြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

ကျွန်မ စိတ်ရှုပ်ရှုပ်နှင့်ပင် ကွန်ပျူတာရှေ့ ပြန်လာထိုင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေသုတက သူ့သူငယ်ချင်းတစ်ယောက်ကို ကျွန်မ ဒီလိုမျိုး စိတ်အနှောင့်အယှက် ဖြစ်သွားအောင် ပြောလိုက်သည်ဆိုတာသာ သိသွားခဲ့လျှင် ကျွန်မကို မည်သို့ပြောဦးမည် မသိပါ။

သူက သူငယ်ချင်းတွေကို သိပ်အလေးထားလွန်းသည့်လူ ဟုတ်လား။ ဒါပေမဲ့ ကျွန်မ သူ့ကို ဖုံးကွယ်မထားချင်ပါ။ ရောင်နီက ဒီအကြောင်းတွေကို သူ့အား သွားပြောပြလို့ အဲဒီအချိန်မှ သိရတယ် ဆိုရင် ကျွန်မကို ပိုလို့တောင် သူ စိတ်တိုသွားနိုင်သည်။

"ဘာ ဒါဆို မင်းပြောတဲ့ပုံက ရောင်နီ မင်းဆီကို လာသွားတယ် ပေါ့၊ ဒီလိုလား"

သူ့မျက်နှာက တစ်စုံတစ်ခုကို အကြီးအကျယ် ထိတ်လန့်သွားသည့်ပုံ။ ကျွန်မသည် အပြစ်တစ်ခု လုပ်ထားမိသည့် ကလေးတစ်ယောက် ပမာ တုန်လှုပ်သွားမိသည်။

"ဟုတ်တယ်လေ သုတရဲ့၊ ဒီနေ့က ပထမဆုံးတော့ မဟုတ်ဘူး၊ ဟိုးတစ်ရက်က ကျွန်မ စူပါမားကတ်ကနေအပြန် သူနဲ့လမ်းမှာဆုံဖြစ် တယ်၊ အထုပ်တွေကလည်း အရမ်းများနေတော့ ကျွန်မ တားနေတဲ့ကြား ထဲကနေ သူကအတင်းပဲ အိမ်ထိလိုက်ပို့တယ်လေ၊ အိမ်အောက်ရောက် တာတောင်မှ မပြန်သေးဘဲ သူ့ကိုတစ်ခုခုတိုက်ပါဆိုတာနဲ့ အိမ်မှာ ကော်ဖီ တိုက်လိုက်ရသေးတယ်"





"အဲဒီကိစ္စကို မင်းဘာလို့ ငါ့ကို အစတည်းက မပြောတာလဲကွ"

သူ့လေသံက နူးညံ့မှုလည်းမရှိ၊ ပုံမှန်လည်းမဟုတ်ဘဲ မာကျော ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဒါပေမဲ့ သူ့မျက်နှာကတော့ ပုံမှန် ပဲဘာ။ ကျွန်မသည် အပြစ်ရှိသည့် တရားခံတစ်ယောက်ပမာ သူ့ရှေ့တွင် တုန်မလှုပ်နှင့် မတ်မတ်ရပ်နေမိ၏။

ကျွန်မ ဘာမှားလို့လဲ။ ကျွန်မ ဘာတွေများ အမှားလုပ်မိလို့ ကျွန်မကို ဒီလို လေသံမာမာနဲ့ လာအော်နေရတာလဲ။ ရင်ထဲမှာ အော်ဟစ် ပြောပစ်လိုက်ချင်ပေမယ့် စကားလုံးတွေက နှုတ်ကနေ ထွက်ကျမလာ။

ကျွန်မသည် သူ့ဒေါသထွက်နေလျှင် ကြောက်လန့်တတ်သော မိန်းမသူတစ်ယောက်အဖြစ်သို့ ချက်ချင်းပင် ပြောင်းလဲသွားခဲ့သည်။ အဲဒီလို ပြောင်းလဲသွားခဲ့တာကို ကျွန်မ ကိုယ်တိုင် သတိထားလိုက်မိချိန်မှာတော့ ကျွန်မဟာ သူ့ရှေ့တည့်တည့်မှ သနားစဖွယ် သတ္တဝါလေးတစ်ကောင်လို ချောက်ချားနေခဲ့ပြီ ဖြစ်သည်။

"ငါမေးတာ ဖြေလေကွာ"

"ကျွန်မ ကျွန်မ မလိုအပ်ဘူး ထင်လို့ပါ"

"ဘာလို့ မလိုအပ်ရမှာလဲ၊ ဖေသုတရဲ့ချစ်သူအိမ်ကို ဖေသုတရဲ့ သူငယ်ချင်းတစ်ယောက်က ပိုင်စိုးပိုင်နင်း ဝင်ထွက်နေတာဟာ ငါနဲ့ မဆိုင်ပါဘူးလို့ မင်း ဘယ်လိုစိတ်ကူးတွေနဲ့များ ပြောလိုက်တာလဲဟင်



www.burmeseclassic.com

www.burmeseclassic.com



လွမ်းဝေးဝေး''

''ရှင် ကျွန်မကို အဲလို မခေါ်ပါနဲ့''

ကျွန်မသည် နာမည်တပ်ခေါ်ကာ အော်ဟစ်ခံရလျှင် ဘာဖြစ်လို့ မှန်းမသိ ပိုလို့ နာကျင်တတ်၏။ သူ ကျွန်မကို အဲလောက်ထိ အော်ဟစ် စရာ မလိုပါ။

ကျွန်မအိမ်သို့ ရောင်နီရောက်လာခဲ့သော အဖြစ်အပျက်နှစ် လုံးတွင် ကျွန်မ ပယောဂနည်းနည်းမှ မပါတာကိုတော့ ကျွန်မကိုယ်ကျွန် လိပ်ပြာလုံပါသည်။

''သူက ညီ့သည်တစ်ယောက်အနေနဲ့ပဲ ရောက်လာခဲ့တာပါ ပိုင်စိုးပိုင်နင်းဆိုတဲ့ စကားမျိုးကို ရှင် မသုံးပါနဲ့''

''မင်းက အခု ရောင်နီ့ဘက်က နာပေးနေတာလား''

''ရှင်သာ ကျွန်မကိုစော်ကားတဲ့ လေသံမျိုးနဲ့ မပြောခဲ့ရင် ရောင်နီ့ဘက်က ပြောပေးစရာအကြောင်း မရှိပါဘူး''

''မင်းကွာ မင်းမဟုတ်တော့ဘူး''

သူ့အမူအရာက ပုံမှန်ထက် မထူးခြားသော်လည်း သူ့လေသံ တော့ တော်တော်လေး ဒေါသထွက်နေပုံရ၏။ အဲဒီ ဒေါသတွေဟာ သူ့သူငယ်ချင်း ရောင်နီကိုထွက်သော ဒေါသတွေလား။ ကျွန်မအပေါ်တွ ဖြစ်ပေါ်နေသော သဝန်တိုမှုတွေလားဆိုတာတော့ ကျွန်မလည်း သေ





ချာ ဝေခွဲမရခဲ့ပါ။

''မင်းကိုငါ ဘာမှမပြောချင်တော့ဘူး၊ မင်းဘာသာ မင်းလုပ်ချင် ဘာသာ လုပ်တော့၊ ငါပြောလို့လည်း မင်းကဘယ်တော့မှ နားထောင်တာ မဟုတ်ဘူး၊ ခြံစုန်တတ်တဲ့ကောင်ကတော့ ခန်မှာပဲ''

''ရှင် ရှင်စကားကို ဘယ်လိုပြောလိုက်တာလဲ''

''မင်းက သူရိယနဲ့ ဇာတ်လမ်းကိုတောင် သေချာမရှင်းနိုင်သေး ဘဲနဲ့ နောက်ထပ်တစ်ယောက်နဲ့ သတင်းထပ်ထွက်မှာမျိုးကို မကြောက်တာ တော့ ငါအံ့ဩတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းဘာသာ မင်း ဘယ်လောက် တောင် လွတ်လပ်ပြီး ပွင့်လင်းတဲ့ မိန်းမတစ်ယောက်ပါလို့ ခံယူထားပါစေ ပတ်ဝန်းကျင်ဆိုတာကို မင်းမေ့ထားလို့ မရဘူးကွ''

''ကျွန်မ ဘာတွေများ လုပ်မိလို့ ဒီလောက်တောင် အော်ဟစ် စော်ကားနေတာလဲ သုတရဲ့''

ကျွန်မ အသံသည် ငိုသံရောစွက်လာခဲ့၏။ ကျွန်မကသာ ငို တော့မည့်ဆဲဆဲ မျက်နှာမျိုး ဖြစ်နေသော်လည်း သူ့မျက်နှာကတော့ တည်တည်ငြိမ်ငြိမ်ပင်။ အဲဒီလို တည်ငြိမ်သော မျက်နှာလေးနှင့် မလိုက် ဖက်စွာပင် သူသည် ကျွန်မအပေါ်တွင် မညှာမတာ ပြောနိုင်ရက်လွန်း လှသည်။

အတိတ်တွေကို ပြင်လို့မရတော့သည့်တိုင် ကျွန်မသည် သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူတူ ရှိနေသော ပစ္စုပ္ပန်ကို အကောင်းဆုံးဖြစ်အောင် နေထိုင်ပေး... တာပဲလေ။ ကျွန်မရဲ့ အနာဂတ်လုပဖို့အတွက် ကျွန်မသူ့ကို သစ္စာရှိ... ချစ်နေခဲ့တယ်လေ။

အဲဒါကိုမှ သူ မယုံကြည်ဘူးဆိုရင်တော့ ကျွန်မ ဘာဆက်လု... ရဦးမှာတဲ့လဲ။

"ရှင် ဘယ်သွားမလို့လဲ"

မိနပ်စီးပြီးဖြစ်နေသော သူ့နားသို့ ကျွန်မ အပြေးသွားကာ လက်တစ်ဖက်ကို ဖမ်းဆွဲထားရင်း မေးလိုက်သည်။ သူ့မျက်နှာက ပြုံးနေ... ၏။ သူက ဘယ်လောက်ပဲ ဒေါသတွေထွက်ထွက် မျက်နှာတစ်ချက်... မပျက်အောင် ထိန်းထားနိုင်သူ ဖြစ်သည်။

"ဘယ်သွားရမှာလဲကွ၊ ကိုယ့်အိမ်ကိုယ်ပြန်မှာပေါ့"

ကျွန်မ ဖမ်းဆွဲထားလိုက်သော လက်ကိုသူက အသာအယာ... ရုန်းပစ်လိုက်၏။

"ဟင့်အင်း ရှင်မပြန်ပါနဲ့ဦး"

ကျွန်မသည် အခုချက်ချင်းပင် ငိုလိုက်ကျသွားတော့မည့် လူတစ်... ယောက်လို အသံတိုးတိုးလေးနှင့် သူ့အားတောင်းပန် တိုးလျှိုးလိုက်သည်... ကျွန်မအပေါ်မှာ ဒီလိုမျိုး အေးစက်သည့် အပြုအမူတွေနှင့် အနိုင်ပိုင်... ပြီး သူ့ကိုထွက်သွားခွင့် မပြုနိုင်ပါ။





"ငါ ပြန်ချင်ပြီ"

ကျွန်မ မျက်ရည်တွေ ပါးပြင်ပေါ်သို့ တရစပ် စီးဆင်းကျလာ၏။ သူ ကျွတ်ခနဲ စုပ်သပ်လိုက်သည်။ ငိုတာကို သူ သိပ်မုန်းမှန်း ကျွန်မ သိပါသည်။ ဒါပေမဲ့ ကျွန်မရဲ့ မျက်ရည်တွေက ကျွန်မကိုယ်တိုင် မတားဆီး လိုက်နိုင်ခင်မှာဘဲ

"မင်းငါ့ကို ဘာဖြစ်စေချင်နေတာလဲ"

သူ စိတ်မရှည်တော့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူ ပြန်မသွားသေးတာပဲ ကျွန်မအတွက် ကံကောင်းလွန်း နေပါပြီ။

"ကျေးဇူးပြုပြီး ဒီလိုတံခါးဝကြီးမှာ ရပ်မနေဘဲ အိမ်ထဲကို ပြန်လိုက်ခဲ့စေချင်တာပါ"

"ဒါပဲလား၊ မင်းဖြစ်စေချင်တာ၊ ငါအိမ်ထဲ ပြန်ဝင်ရုံပဲနော် ဟုတ်လား"

"ပြီးရင် ကျွန်မအပေါ်မှာ ဘာသံသယမှ မရှိစေချင်ဘူးလေ၊ ကျွန်မ ဘာအမှားမှ မလုပ်ခဲ့မိဘူးလို့ ခုချိန်ထိ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတုန်းပဲ"

သူ သက်ပြင်းတစ်ချက်ချလျက် အိမ်ထဲတွင် ပြန်ဝင်ထိုင်လိုက်သည်။ ဘာစကားမှတော့ မပြောပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မဘေးမှာ ရှိနေသေးသည့်အတွက် ကျွန်မ အလွန်ပျော်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာစားမလဲဟင်"

အလုပ်က ပြန်ရောက်တည်းက ကျွန်မကို သူ ဒေါသတကြီး ပြောဆိုနေခဲ့ပြီး ခုချိန်ထိ ဘာမှ မစားရသေးတာကို သတိရသွားမိသော ကြောင့် မေးလိုက်ခြင်းဖြစ်သည်။

သူ ခေါင်းခါပြ၏။ ကျွန်မနှင့်သူ ဒီလောက်ထိ ပြဿနာတစ်ခါမှ မဖြစ်ဘူးသောကြောင့် ကျွန်မသူ့ကို ဘယ်လိုချော့ရမည်ဆိုတာလည်း မသိပါ။

"တစ်ခုခုတော့ စားရမှာပေါ့။ ဩော် နေ့လယ်က ကိတ်တွေ ဝယ်ထားတာရှိတယ်၊ နွားနို့နဲ့ကိတ်နဲ့ စားလိုက်နော်"

သူ ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ ကျွန်မက နောက်ဖေးသို့ ခပ်သွက်သွက် ထွက်ခွာလာခဲ့လိုက်သည်။ ကျွန်မခေါင်းထဲမှာလည်း အတွေး ပေါင်းမြောက်များစွာက နေရာယူထား၏။

သူဘာလို့များ ကျွန်မကို ရောင်နီနဲ့ ပတ်သက်မိခြင်းအတွက် ဒီလောက်တောင် သည်းသည်းလှုပ်နေရတာပါလိမ့်။ ရောင်နီဆိုတာ သူ့ သူငယ်ချင်းပဲ မဟုတ်လား။ ဒီလိုမျိုးတွေ ပြောနေတာဟာ သူ့သူငယ်ချင်း ရဲ့ ကိုယ်ကျင့်သိက္ခာကို သူကိုယ်တိုင်ပဲ စော်ကားနေခြင်း မဟုတ်လား ပြီးတော့ ကျွန်မရဲ့သိက္ခာတရား။

အဲဒါတွေကို နည်းနည်းမှ ထည့်မတွက်ဘူးလား။ ကျွန်မသည်





မ်းနည်းစွာပင် သက်ပြင်းချလိုက်မိ၏။

"ရော့ စားလိုက်"

"မင်းကို သုတ မစားဘူးလို့ ပြောလိုက်တယ်လေ"

"စားလိုက်ပါနော်၊ ကျွန်မကို အဲလိုမျိုးကြီး မဆက်ဆံပါနဲ့"

သူ တစ်ဖက်သို့ လှည့်သွားသည်။ ထပ်မငြင်းတော့သည့်အတွက် ကားဆုံးတင်ရပြန်၏။

"မင်းကို ပြောနေတယ်ဆိုတာက မင်းသိက္ခာတရားအတွက်ကွ"

ကျွန်မရဲ့သိက္ခာတရားကိုပဲ ရှင် စော်ကားလိုက်တာ မဟုတ်လား သုတရယ်။ ဘာလို့များ ဆန့်ကျင်ဘက်တွေ ပြောချင်နေရတာလဲ။ ဘက်က ဖွင့်ဟနိုင်စွမ်း မရှိတော့ဘဲ သူ့မျက်နှာကိုသာ စိတ်ပျက်အားလျော့ စွာနှင့် ငေးကြည့်နေမိတော့သည်။

"သုတ ပြောတာကို သိလား"

သူ့လေသံက လူကြီးတစ်ယောက်က ဘာမှမသိနားမလည်သော ကလေးတစ်ယောက်ကို သေချာရှင်းပြနေသည့်ပုံမျိုး ဖြစ်သွားပြန်သည်။

ကျွန်မသည် သူနှင့်ကတောက်ကဆ ထပ်မဖြစ်ချင်တော့သော ကြောင့် သမန်ကာလျှံကာသာ ခေါင်းညိတ်ပြလိုက်မိ၏။

"မင်းနဲ့သုတရဲ့ အတွေးအခေါ်တွေက ဘာလို့ ဒီလောက်တောင် းလွန်းနေတာလဲဆိုတာ စဉ်းစားလို့ကို မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ကျွန်မအတွေးတွေ တစ်ဖက်စွန်းရောက်နေတာ မဟုတ်ပါဘူး။ ရှင့်အတွေးတွေကသာ ခေါင်နေလွန်းတာပါ။

ဒါပေမဲ့ ကျွန်မ ဘာကိုမှ ပါးစပ်ကနေ ထုတ်မပြောတော့ပါ။ ဒီညအတွက်တော့ သူနဲ့ကျွန်မ အေးအေးချမ်းချမ်းလေးသာ ရှိနေချင်ပါ သည်။

"နွားနို့တွေ အေးကုန်ဦးမယ်၊ မြန်မြန်သောက်လိုက်"

သူက နွားနို့ခွက်ကို ကောက်ကိုင်လိုက်ပြီး ကျွန်မထံသို့ မျက်လုံး တစ်ချက် ပင့်ကာ ကြည့်လိုက်သေးသည်။ ကျွန်မ မျက်နှာထက်က အပြုံးနုနုလေးကို မြင်တော့မှ သူက သက်ပြင်းတစ်ချက်ချပြီး နွားနို့ကို အကုန်မော့သောက်ချလိုက်သည်။

"ရှင် ပြန်တော့မှာလားဟင်"

"သုတ ရေချိုးလို့ရမလား"

သူ့စကားနှင့်ကျွန်မစကားက ပြိုင်တူထွက်သွားခြင်း ဖြစ်၏။ သူက ကျွန်မကို စူးစိုက်ကြည့်လျက်

"ဘာလဲ စားသောက်ပြီးရင် ပြန်တော့ဆိုတဲ့ သဘောလား"

"အာ မဟုတ်ပါဘူး၊ ရှင်ကလည်း"

ကျွန်မ ကပျာကယာ ငြင်းလိုက်တာကို ကြည့်ပြီး သူက ကျွန်မ မမြင်အောင် တစ်ဖက်လှည့် ပြုံးနေသေးသည်။ ဒါပေမဲ့ သူ့အရိပ်အကဲ ကို အမြဲအကဲခတ်နေခဲ့သော ကျွန်မကတော့ သူ ဘာလုပ်လုပ် မြင်နေ သိနေပြီးသားပါလေ။

သူ ရေချိုးခန်းထဲက ထွက်လာသည်နှင့် ကျွန်မက မျက်နှာသုတ် ပဝါတစ်ထည်ကို လက်ကကိုင်လျက် အသင့်စောင့်နေခဲ့သည်။ သူက ထိုမျက်နှာသုတ်ပဝါကို လှမ်းယူလျက် ကျွန်မကို ပေစောင်းစောင်းကြည့် ကာ

"လာမဖားနဲ့နော်၊ ပုံမှန်ပဲဆက်ဆံ"

"ဟီး ရှင်ကလည်းနော်၊ ဒီက ကောင်းကောင်းမွန်မွန် ရိုရိုသေ သေ ဆက်ဆံနေတာလည်း မဟုတ်ပြန်ဘူး ကြည့်"

ကျွန်မက သွားဖြဲကာ မျက်နှာချိုသွေးလိုက်၏။ သူ ကျွန်မကို ဘယ်လိုအတိုက်အခံစကားမျိုးမှ ထပ်မပြောတော့ပါ။

"ခေါင်းတွေလျှော်လာတာလား၊ အပြင်မှာ မိုးအေးနေတာကို၊ ဟင် ရှင် ထီးလည်းမပါဘူးမဟုတ်လား"

သူသည် အပြင်သွားလျှင် ထီးမကိုင်တတ်သည့် ယောကျ်ား ခေါင်းမျိုးစွာထဲမှ တစ်ယောက်လည်းဖြစ်သေးသည်။

"တိတ်သွားမှာပါ၊ ရန်ကုန်မိုးပါကွ၊ မကြာပါဘူး"

"ဒါဆို မိုးတိတ်မှပဲ ပြန်တော့"

သူက ဆိတ်ဆိတ်နေခြင်းဖြင့် ကျွန်မရဲ့တောင်းဆိုချက်ကို






www.burmeseclassic.com

www.burmeseclassic.com



သဘောတူလိုက်သည်။ သူ့အတွက် ကျွန်မ သီးသန့်စီစဉ်ပေးထားသော ရေလဲပုဆိုးကို ဝတ်ဆင်လျက် သူက ဦးခေါင်းကို ရေသုတ်ရန် ဟန်ပြင်

ကျွန်မ သူ့လက်ထဲမှ မျက်နှာသုတ်ပဝါကို ဖျတ်ခနဲ ဆွဲယူလိုက် ကာ သူနှင့်မျက်နှာချင်းဆိုင်တွင် ရပ်ပြီး သူ့ဆံပင်တိုစိပ်စိပ်လေးများ မမှီတမီ လှမ်းသုတ်ပေးလိုက်၏။

"ဘာလုပ်တာလဲ"

သူက ကျွန်မ လက်နှစ်ဖက်ကို လက်ကောက်ဝတ်ကနေ ဖ ဆုပ်ကိုင်လျက် မေးလာတော့ ကျွန်မပင် လန့်ဖျပ်သွားမိသည်။

"ရေသုတ်ပေးတာလေ၊ ဘာဖြစ်တာတုန်း။ လန့်သွားတာ

"အဲလိုမျိုး သုတ်ပေးတာ တစ်ခါမှ မခံခဲ့ဖူးဘူး"

အဲဒါဟာ သူ့ဆီက အငြင်းစကားတော့ မဟုတ်ပါ။ ထို့ကြော ပင် ကျွန်မ ဆက်လက်သုတ်ပေးနေလိုက်ပြီး

"ရှင့်မေမေကရော မသုတ်ပေးဘူးလား"

"သုတ သိတတ်စအရွယ်ကတည်းက မေမေ တစ်ခါမှ အဲ လုပ်မပေးဖူးဘူး"

"ဟွန့် ကျွန်မကိုဆိုရင် ကျွန်မမေမေက ဒီအရွယ်ထိ လိုက် လုပ်ပေးနေတုန်းပဲ၊ အမြဲမဟုတ်တောင် တစ်ခါတလေပေါ့"

"သုတတို့မိသားစုက အဲလိုမျိုးမဟုတ်ဘူးကွ၊ ကိုယ့်ဘာသ





ကိုယ်ပဲ သီးသန့်နေကြတယ်၊ မင်းနားလည်မလားတော့ မသိဘူး"

"အင်း ကျွန်မ နားလည်ပါတယ်"

ဖေသုတ တစ်ယောက် ခုလိုမျိုး ကျွန်မအပေါ်မှာ နူးနူးညံ့ညံ့ ဂရုစိုက်ကြင်နာနာ မရှိခြင်းသည် သူ နေထိုင်ဖြတ်သန်းခဲ့ရသော မိသားစု ဝတ်ဝန်းကျင်ကြောင့်များလား။ သူ့ကို ကျွန်မက နွေးနွေးထွေးထွေး ဆက်ဆံရင်လည်း သူ့အတွက် အထူးအဆန်းတွေလို ဖြစ်နေခဲ့ခြင်းသည် သူ့အသိုင်းအဝိုင်းနှင့် ပတ်သက်မှုတော့ ရှိကိုရှိနေရမည်။

ကျွန်မ သူ့ကို ခုလိုမျိုး အေးစက်စက်နှင့်သွေးအေးတတ်သည့် လူတစ်ယောက်ပုံစံမျိုး မဖြစ်စေချင်ပါ။ လူတွေနဲ့ အမြဲတမ်း နွေးထွေး စွာ ပြောဆိုဆက်ဆံတတ်သည့် ကိုယ်ချင်းစာနာစိတ်ကြီးမားသော ယောက်ျားတစ်ယောက် ဖြစ်စေချင်ပါသည်။

ဒီလိုဆို ကျွန်မ သူ့ကို ပြုပြင်ပြောင်းလဲပေးလို့ရော ရနိုင်ဦး မှာလား။ ဘယ်လိုမျိုး အပြုအမူတွေက သူ့ကို ပြောင်းလဲပစ်လိုက်ဖို့ အတွက် အထောက်အကူ ဖြစ်စေမှာလဲ။

"ဘာတွေ ငြိမ်သွားတာလဲ"

" HOW TO TRAIN YOUR DRAGON ဆိုတဲ့ ကာတွန်းကား ကို ကြည့်ဖူးတယ် မဟုတ်လား"

"အင်း မကြည့်ဖူးဘူး၊ ဒါပေမဲ့ သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကားက အရမ်းရိုင်းစိုင်းတဲ့ နဂါးကိုတောင် နောက်ဆုံး
မှာ ဘယ်လို ထိန်းကျောင်းပေးလိုက်တယ်ဆိုတာကို ပြထားတာ"

"အဲဒီတော့"

ကျွန်မကို သူကပင် စကားဆက်ပေးနေသေး၏။ ကျွန်မ
သူ့မျက်လုံးများနားသို့ နီးကပ်စွာပင် တိုးသွားလိုက်ပြီး သူ့ကို ပြုံးကြည့်
လိုက်သည်။

"အဲဒီတော့ ဖေသုတာက နဂါးလို အရိုင်းအစိုင်းကောင်မှ မဟုတ်
တာ၊ နူးညံ့ပျော့ပျောင်းလာအောင် ပြောင်းလဲရလွယ်မှာပါ"

"ဟာကွာ မင်းကလည်း ဟိုက နဂါးလေ၊ သုတာက တိရစ္ဆာ
မှ မဟုတ်တာ၊ ဘယ်လိုလုပ် နှိုင်းလို့ရမှာလဲ"

"အို ပိုတောင်ကောင်းသေးတယ်၊ ဟိုက တိရစ္ဆာန်လိုကောင်
တောင် နူးညံ့အောင် လုပ်တာလေ၊ နှလုံးသားမရှိတဲ့ တိရစ္ဆာန်တော
ရှင်က လူ၊ နှလုံးသားလည်းရှိတယ်၊ ဦးနှောက်လည်းရှိတယ်၊ ဘာ စိ
ပူစရာရှိလဲ၊ နောက်ဆို ကျွန်မကို ကြင်ကြင်နာနာနဲ့ ဆက်ဆံတတ်
အောင် ပြုပြင်ရမယ်"

ကျွန်မက ရယ်ရယ်ပြုံးပြုံးနှင့် ပြောလိုက်လျှင် သူက ခပ်
တည်နှင့် ပြန်ကြည့်လိုက်သေး၏။

"မင်းကတော့လေ မဟုတ်တာတွေဆို သိပ်ပြောချင်တာပဲ





ရေးထားတဲ့စာတွေကရော အဲလိုပဲ ကြောင်တောင်တောင်ပဲလား ဟုတ်
"

"အောင်မာ ရှင်နော် တခြားဟာ ပြောချင်ပြော၊ ကျွန်မ ရေး
တဲ့စာတွေကိုတော့ မထိနိုက်နဲ့၊ ရှင့်အလုပ်ကို စော်ကားရင် ရှင်
က်သလိုပေါ့"

"အမလေးဗျာ ခုမှပဲ သတ္တိတွေ သိပ်ပြနေပါလား၊ သုတာကို
ပြောနေတယ် ကြည့်စမ်း"

သူ တကယ် ဒေါသထွက်၍ ပြောနေသော စကားများ မဟုတ်
ကျွန်မက သိနေသောကြောင့် ကျွန်မက မျက်နှာကို ပိုလို့မော့ချီလိုက်

"အော်ပြောတာ မဟုတ်ပါဘူးနော်၊ စိတ်ထဲမှာရှိတဲ့အတိုင်း
တာ၊ လူတိုင်းလူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့် ရှိတယ်
တ်လား"

ဘာစကားမှ ပြန်မပြောဘဲ ကျွန်မကို ပေစောင်းစောင်းကြည့်
ဘဲ အဝတ်အစားလဲရန် အနားမှ သူ ထွက်သွားသည်။ ကျွန်မသည်
မှုအရာကို ရယ်ချင်လှသောကြောင့် အော်ဟစ်ရယ်မောလျက် ကျန်
စ်ခဲ့ရတော့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဘယ်လိုလဲ၊ နင့်ဘဲဘဲကြီးနဲ့"

"နင်နော် ဘာဖြစ်နေတာလဲ"

"ဟောဗျာ ဖေသုတက နင့်ဘဲမဟုတ်ဘဲ ဘာလဲ"

သူရိယက ဖေသုတနှင့်ပတ်သက်လာလျှင် ကျွန်မကို ဘယ် တော့မှ လူကြီးဆန်ဆန် ကောင်းကောင်းမွန်မွန် မပြောဆိုတတ်သည့် လူတစ်ယောက်သာ ဖြစ်သည်။

"နင်နဲ့ငါက ဘယ်တော့မှ သူစိမ်းတွေတော့ ဖြစ်သွားမှာ မဟု ပါဘူးနော်"

သူရိယအသံက တိုးတိုးတိတ်တိတ်။ ကျွန်မ နည်းနည်းတေ အံ့သြသွားရသည်။ ရယ်လည်း ရယ်ချင်မိသွား၏။





"နင်က ဘာဖြစ်လို့ ဒီလိုစကားမျိုး ပြောရတာလဲ သူရိယ"

"ငါ့စိတ်ထဲမှာ နင်နဲ့ငါနဲ့ အရင်လို မရင်းနှီးတော့ဘူးလို့ ခံစား နေရတယ်"

"အေးလေ၊ အရင်လိုတော့ ဘယ်ဖြစ်နိုင်ပါတော့မလဲ"

"ခုတော့ နင်က ငါ့ထက် ရင်းနှီးရမယ့် ငါ့ထက် အရေးပေးရ မယ့်လူတွေ ရှိနေပြီပဲ"

သူရိယအသံက တိုးရာကနေ သိမ်ဝင်သွားတော့မတတ် ဖြစ်၏။ သူ့စိတ်ထဲမှာ တစ်ခုခုကို အားငယ်စိတ် ဝင်နေလေသလား။

သူရိယက အပြင်ပန်းကြည့်တော့သာ မျက်နှာပြောင်တတ် ပျော်တတ်သည့်ကောင်လေးတစ်ယောက်ပုံဆိုပေမယ့် တကယ်တမ်းမှာ တော့ အမြဲလိုလို အားငယ်နေတတ်သည့်သူသာ ဖြစ်သည်။ အဲဒါကို ကျွန်မသာ အသိဆုံး။

ဒါပေမဲ့ ခုချိန်မှာ ကျွန်မနှင့်သူရိယသည် အရင်လို ရင်းရင်း နှီးနှီး ဆက်ဆံနေထိုင်ဖို့ရန် ကျွန်မဘက်ကလည်း မဝံ့မရဲ ဖြစ်နေမိ၏။ ကျွန်မရဲ့ ရိုးသားစွာ ပြုလိုက်သော အပြုအမူတစ်ခုခုကြောင့်တောင်မှ ဖေသုတ အပေါ်မှာ သစ္စာမဲ့သလိုမျိုး နည်းနည်းလေးမှ အဖြစ်မခံနိုင်ပါ။

"တကယ်တော့ နင် ခုလိုမျိုး ငါ့အိမ်ကို လာလည်တာသိရင် တောင် သူ ငါ့ကို တော်တော် ပေါက်ကွဲဦးမှာဟ"

www.burmeseclassic.com



"နင်က တကယ်ပဲ စိမ်းပြတ်နေပြီကိုး"

"အဲလိုပဲ ဆိုပါတော့ဟာ၊ ပိုဆိုးတာက သူ့သူငယ်ချင်း ရောင်နီ ဆိုတဲ့တစ်ယောက်က ငါ့ဆီကို လာလည်တယ်လေ၊ အဲဒါကို ငါက သမန် ကာလျှံကာ သဘောထားတာမို့ သူ့ကို ပြန်မပြောဖြစ်ဘူး။ သူလည်း သိသွားရော ငါ့ကို ကောတော့တာပေါ့၊ ငါ့မှာ ကိုယ့်အိမ်နဲ့ကိုယ် နေစရာ နေရာတောင် မရှိဘူးဖြစ်သွားတယ်"

"နင် သူ့ကို အရမ်းကြောက်တာပဲနော်"

သူရိယရဲ့ မှတ်ချက်ကို ကျွန်မက ပြုံးပြုံးလေးပင် ခေါင်းခါပြ လိုက်သည်။

"မဟုတ်ဘူး၊ ငါ သူ့ကိုကြောက်နေတာချည်း သက်သက်တော့ မဟုတ်ဘူး၊ ငါ အခုမှ အရမ်းချစ်တတ်သွားတာ၊ တကယ် ချစ်တတ်လာ ခဲ့တာ"

"နင် ဘာကိုဆိုလိုချင်တာလဲ"

သူရိယ စိတ်ဆိုးချင်လည်း ဆိုးပါစေတော့။ ကျွန်မ ရင်ထဲရှိ သည့်အတိုင်း ဖွင့်ပြောပြဖို့ ဆုံးဖြတ်လိုက်၏။

"တကယ်တော့ နင့်ကိုငါ တွယ်ကပ်နေခဲ့မိတဲ့ ငါးနှစ်လောက် အချိန်တွေကို ငါ နှမြောမိတယ်၊ အဲဒါတွေဟာ အချစ်စစ်စစ်တွေ မဟုတ် ဘူး၊ အနေနီးခဲ့တဲ့အပေါ်မှာ ငါ အားကိုးရာခဲ့တာ၊ နယ်ကနေ တစ်ကိုယ်





တည်းရောက်လာတဲ့အချိန် ပထမဆုံး ခင်မင်ခဲ့တဲ့ နင့်ကို တွယ်မိတွယ်ရာ ငါ တွယ်ခဲ့တာ၊ နင်က ငါ့ကို ဂရုတစိုက်ရှိခဲ့တာတွေကို ငါ သာယာနေ ခဲ့တာ၊ တကယ်တော့ ငါ နင့်ကို မချစ်ခဲ့ပါဘူး သူရိယ၊ အဲဒီအတွက် နင် ငါ့ကို စိတ်ဆိုးချင်လည်း စိတ်ဆိုးနိုင်တယ်"

သူရိယ မျက်လုံးများက စူးရှတောက်ပလာကာ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန် ပြောပစ်လိုက်တော့မလို ရှိ၏။ ဒါပေမဲ့ သူ ဘာမှ မပြောပါ။ ကျွန်မကို စေ့စေ့ကြည့်လျက်ကနေ ဝရန်တာဆီသို့ ထွက် သွားသည်။

ကျွန်မသည်လည်း နေရာကနေ မထပါဘဲ သူ့ကိုငေးကြည့်နေ မိ၏။ ဆယ်မိနစ်လောက်ကြာတော့ သူ ပြန်ဝင်လာပါသည်။

ဣန္ဒြေရစွာပင် ကျွန်မနားသို့ ကပ်ထိုင်လိုက်ပြီး

"အိုကေ ဒီလိုဆို ငါလည်း နင့်ကို ဝန်ခံပါရစေ"

ကျွန်မနည်းနည်းတော့ ထိတ်လန့်သွားမိသည်။ ဒါပေမဲ့ ကိုယ့် ဘက်က ဝန်ခံပြီးလျှင် သူတစ်ပါး၏ စိတ်ခံစားမှုကိုလည်း နားထောင် ပေးရမှာက ဝတ္တရားတစ်ခုပဲ မဟုတ်ပါလား။

ကျွန်မ ညင်သာစွာပင် ခေါင်းညိတ်ပြလိုက်၏။

"ငါလည်း နင့်ကို လိမ်လည်ထားခဲ့မိတာ တစ်ခုရှိတယ်၊ တကယ် တော့ နင်တစ်ယောက်တည်းကိုပဲ မိန်းမတစ်ယောက်အနေနဲ့ ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့တယ်ဆိုတာ ငါညာပြောခဲ့တာပါ၊ နင့်ငါ့ဘေးမှာ ရှိနေချိန်တည်းကိုက ငါ့ဆီမှာ ချစ်သူတစ်ယောက် ရှိနှင့်ပြီးသားပါပဲ''

ကျွန်မ မအံ့သြတော့ပါ။

ခုချိန်မှာတော့ အရာရာသည် ဖြစ်နိုင်နေတာ့ပဲ မဟုတ်လား၊ ကျွန်မ သိပ်ချစ်ခဲ့ပါသည်ဟု ထင်ခဲ့မိသော ယောကျ်ားတစ်ယောက်ကိုတောင် ကျွန်မ တကယ်ကြီး မချစ်ခဲ့ပါဘူးဟု ဝန်ခံနိုင်နေမှတော့ ဒီထက်ပိုပြီး အံ့သြစရာကောင်းတာပင် ရှိတော့မည် မဟုတ်ပါ။

''ခု အဲဒီကောင်မလေးက ဘယ်မှာလဲ''

''ငါ့ဘေးမှာ ရှိနေတုန်းပါပဲ''

ကျွန်မသည် ထိုအဖြေကိုတော့ သိပ်မကျေနပ်နိုင်ပါဘဲနှင့် လက်ခံလိုက်ရလေသည်။

''ဒါဆိုရင် ငါထင်သလိုမျိုး နင်က အထီးကျန် ဖြစ်ကျန်ခဲ့ရတာမှ မဟုတ်ဘဲ သူရိယရဲ့၊ နင်က အမြဲတမ်းအတွဲလိုက်ကြီး ရှိနေခဲ့တာပေါ့''

ကျွန်မ ထိုစကားကို ပြောလိုက်ချိန်တွင်တော့ နာကျည်းမှုနည်းငယ် ပါဝင်နေတာကို မညာချင်ပါ။

''ဒါပေမဲ့ သူကနင့်လိုမျိုး ငါ့ပေါ်မှာ ဂရုတစိုက်မရှိခဲ့ဘူး၊ ငါ့ကို ကြင်ကြင်နာနာ မဆက်ဆံခဲ့ဘူး၊ ငါကသူ့ကို အမြဲတမ်းအရှုံးပေးနေခဲ့ရတာ''





''အဲဒီတော့ ငါက နင့်အတွက် ငါးနှစ်လုံးလုံး အဖြည့်ခံ ဖြစ်ခဲ့ရယ်ပေါ့ ဟုတ်လား''

''ဆောရီးပါ ဝေးရယ်၊ ငါအဲလို သဘောမျိုးနဲ့တော့ မဟုတ်ပေည့် အဲလိုသတ်မှတ်မယ်ဆိုရင်တော့ ရတဲ့အခြေအနေမျိုး ဖြစ်သွားတယ်''

ကျွန်မသူ့ကို လက်ကာပြလိုက်သည်။ ဘာကိုမှ ထပ်မကြားချင်တော့ပါ။ လူတိုင်းလူတိုင်းဟာ ကျွန်မလိုပဲ ကိုယ်ကျရှုံးခဲ့ရတာကိုတော့ ခဏ ကြားချင်နေကြလိမ့်မည် မဟုတ်ပါ။

''ကဲ အဲဒါတွေ အားလုံးကို ငါတို့မေ့လိုက်ကြမယ်၊ အရင်လိုတ်တော့ပေမယ့် နင်နဲ့ငါက သူငယ်ချင်းတွေပဲပေါ့နော် ဝေး''

''နောက်ဆုံးအနေနဲ့ တစ်ခုလောက်တော့ ငါမေးချင်တယ်''

''မေးလေ''

သူရိယက ပေါ့ပေါ့ပါးပါးပင် ခွင့်ပြုလိုက်သောကြောင့် ကျွန်မနုပ်သွားသည်။

''နင့်ကောင်မလေးကို နင်တကယ်ချစ်လား''

ချက်ချင်းပင် တွေဝေတုန့်ဆိုင်းခြင်း မရှိပါဘဲ သူ ခေါင်းညိတ်ပြည်း သူရိယရဲ့ တည်ကြည်သွားသော မျက်နှာနှင့် လေးနက်သောဝန်းများကြောင့်ပင် ထိုအဖြေကို ကျွန်မအကြွင်းမဲ့ ယုံကြည်လိုက်ပါည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ပြောလိုက်မယ်ဟာ နင်ဟာယ်လောက်ပဲ တက
ချစ်တယ်ပြောပြော နောက်ဆုံးတော့လည်း နင်သူ့အပေါ်မှာ သစ္စာဖေ
ဖူးတာပဲ မဟုတ်လား။ အဲဒါကိုတော့ နင် မငြင်းပါနဲ့"

သူရိယ မျက်နှာသည် အောက်သို့ငုံ့လျှိုးသွားခဲ့၏။ သူ
ပြောစရာ စကားမရှိတော့ဘူးဆိုတာ သေချာပါသည်။

ကျွန်မကတော့ အခု သူရိယ ဖြစ်နေသလို အမှုအရာမျိုးအ
ဘယ်တော့မှ မကြုံတွေ့လိုသူသာဖြစ်၏။ ကျွန်မ ဖေသုတကို တကယ်
ခဲ့ပြီးသည့်နောက်မှာ ဘယ်လိုအကြောင်းမျိုးနှင့်မှ သစ္စာမဲ့သည့် လုပ်ရပ်
တွေ မလုပ်မိတော့မှာ ကြိမ်းသေပါသည်။

ဖေသုတကရော ကျွန်မကို အဲဒီလို နိုင်မာသည့် ကတိ
ပေးနိုင်ပါရဲ့လား။

■ ■ ■

ကျွန်မသည် ဖေသုတ မကြိုက်မှန်းသိသောကြောင့် ရောင်နီ
ခပ်ဝေးဝေးသာ နေချင်ခဲ့သော်လည်း တကယ်တမ်းမှာ ဖေသုတကြော
ပင် ရောင်နီနှင့် ထပ်မံတွေ့ဆုံခဲ့ရခြင်း ဖြစ်၏။

ရောင်နီရှိရာ တိုက်လှေကားပေါ်သို့ တက်နေသည့် တော
လျှောက်မှာ ကျွန်မရဲ့ ဦးနှောက်တို့က အတွေးများစွာတို့နှင့် မွှန်း
ပိတ်လှောင်နေခဲ့သည်။ ကျွန်မ တကယ်ပဲ ရောင်နီနှင့်တွေ့သင့်ရဲ့လာ





သွားတွေ့ခဲ့ပြီး အကျိုးမရှိဖြစ်ခဲ့လျှင် ကျွန်မအတွက် အပြစ်တွေချည်းပဲ ဖြစ်ကုန်တော့မည်။

ဒါပေမဲ့ နောက်ဆုံးမှာတော့ ကျွန်မသည် ရောင်နီ၏ အိမ်တံခါး ပေါက်တည့်တည့်တွင် ခြေစုံရပ်မိပြီးခဲ့ပြီ ဖြစ်သည်။

စူးရှသော ဘဲလ်သံမြည်ဟီးသွားပြီး မကြာခင်မှာပဲ တံခါးပွင့်လာ ၏။ အဆင်သင့်စွာပင် ရောင်နီကိုတွေ့လိုက်ရသောကြောင့် အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့သည်။

ရောင်နီမျက်နှာကတော့ အလွန်အမင်း အံ့အားသင့်သွားသည့်ပုံ ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံလည်း ရပါသည်။ သူ့ကို ပြန်လည် ပြုံးပြလိုက်မိသော ကျွန်မရဲ့ အပြုံးတွေကတော့ အသက်ဝင်မည်မထင်ပါ။

ကျွန်မရဲ့ ထိုအပြုံးများကြောင့်ပင် ရောင်နီက အားလုံးကို သိနိုင်တောင် တစ်ခုခုကြောင့် ကျွန်မစိတ်ညစ်ညူးစွာနှင့် သူ့ဆီ ရောက် လာမှန်းတော့ ရိပ်မိလိုက်ပုံရပါသည်။

"ရေသောက်ဦးနော် မဝေးဝေး၊ ယောက်ျားတွေချည်းပဲ နေတာ ဆိုတော့ ဧည့်သည်လာရင် ဘာလုပ်လုပ်လို့ လုပ်ရမှန်း မသိတော့ဘူးဗျ၊ အိမ်ကလည်း တော်တော်ရှုပ်နေတယ်နော်"

သူက ပြောပြောဆိုဆိုနှင့် ကြမ်းပေါ်သို့ ပွစာကျဲနေအောင် ကျနေသော တီရှပ်များကို ခပ်သွက်သွက်လေး ကောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ်၊ တစ်ယောက်တည်းသမားအချင်းချင်းဆိုတော့ နား[illegible] လည်ပါတယ်”

ကျွန်မက သူ့ကိုစိတ်သက်သာရာရစေရန် ပြုံးလျက် ပြောလိုက်[illegible] ခြင်း ဖြစ်သော်လည်း ထိုအပြုံးကပင် တော်တော်လေးကို အားလျော့နေ[illegible] လိမ့်မည်ဆိုတာ သေချာပါသည်။

“မဝေးဝေး ဘာဖြစ်လာတာလဲ”

ရောင်နီ၏ အသံက ကျွန်မကို တကယ်ပင် ကိုယ်ချင်းစာနာ[illegible] ပေးနိုင်မည့်အသံမျိုးဖြစ်သည်။ တိုးတိတ်သော်လည်း နူးညံ့စွာ အားမာန်[illegible] ပါသည့် အသံမျိုး။

ကျွန်မကို စိုက်ကြည့်နေသော ရောင်နီ့မျက်လုံးများကို ကျွန်မ[illegible] ကလည်း ပြန်လည်တုံ့ပြန်ကြည့်လိုက်ပါသည်။

“သိချင်တာလေးတွေ ရှိလို့ အဲဒါရောင်နီ့များ ပြောပြနိုင်မလား[illegible] လို့ပါ”

“ဘာလဲ သုတကြီးအကြောင်းလား”

“အင်း ဟုတ်တယ်၊ အဲဒါအပြင် ဘာများရှိသေးလို့လဲ”

သူက မျက်နှာချင်းဆိုင်မှနေ၍ ကျွန်မမျက်နှာနှင့် ပိုမိုနီးကပ်[illegible] ရန် ခပ်ကုန်းကုန်းထိုင်နေရာမှ ကုလားထိုင်နောက်ကျောသို့ မှီချလိုက်[illegible]

“အမှန်အတိုင်း ပြောရရင်တော့ သုတက လျှို့ဝှက်တယ်[illegible]





[illegible]ဘာတွေလုပ်နေတယ်၊ သူ ဘာဖြစ်နေတယ်ဆိုတာကိုတောင် သူငယ် [illegible]ချင်း ပြောချင်မှ ပြောတတ်တာ”

“အင်း အဲဒါတွေ သိပါတယ်၊ သူက သိပ်[illegible] [illegible]”

“ပြီးတော့ သူက ရည်းစားထားဖူးတာလည်း မကြားဖူးသေး[illegible] [illegible]တော့ မိန်းမတစ်ယောက်ကို ဘယ်လိုချစ်ပြရမယ်ဆိုတာ[illegible] သူ [illegible]လည်းဘူး”

“အင်း အဲဒါကတော့ သိပ်သေချာတယ်”

မချိုပြုံးလေး ပြုံးပြကာ ထောက်ခံလိုက်တော့ ရောင်နီက ရယ်[illegible]လိုက်ပါသည်။ ဒီကောင်လေး ရယ်မောလိုက်လျှင် [illegible]ကို [illegible]ကင်းစင်သည့် ကလေးလေးတစ်ယောက်လိုပင် ချော့မောလှပလွန်း[illegible]သည်။

ရောင်နီ၏ အပြစ်ကင်းစင်သော ထိုအပြုံးလေးကို ကျွန်မ [illegible]လက်လွတ် ငေးမောမိသွားစဉ်မှာပင် ကျွန်မနှင့် မျက်နှာချင်းဆိုင် [illegible]နောက်ဘက် အခန်းဆီမှ အရိပ်တစ်ခု ကျလာခြင်းဖြစ်၏။

“မောင် ဘာလုပ်နေတာလဲ”

ထိုအရိပ်လေးသည် ရောင်နီ့နောက်ဘက်တည့်တည့်တွင် ရပ်[illegible]ပြီး ကျွန်မကိုလည်း စူးစမ်းသော မျက်လုံးများဖြင့်ကြည့်ကာ မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုမျက်နှာတွင် စူးစမ်းချင်လိုသော မျက်ဝန်းများနှင့်
မိန်းမချင်းသာ နားလည်နိုင်သည့် မျက်လုံးအကြည့်တစ်မျိုးလည်း
သေးသည်။

ကလေးလေးတစ်ယောက်လို ရယ်မောတတ်သော ကောင်
တစ်ယောက်တွင် ဒီလိုအဖြစ်မျိုးတွေလည်း ရှိနေသေးပါလားလို့
သိပ်မအံ့ဩချင်ပါဘဲ လက်ခံလိုက်ရသည်။

"အဲဒါ မောင့်သူငယ်ချင်း သုတလေ ချစ် သိတယ်မဟုတ်
သူ့ရဲ့ကောင်မလေးပေါ့"

ရောင်နီ၏ မိတ်ဆက်ပေးပုံက သာမန်သာဆိုပေမယ့် ထို
လေး၏ မျက်လုံးများကတော့ အံ့ဩသွားသည့် ပုံစံမျိုးပါပဲ။

"ဟို ရုပ်တည်တည်ကြီးနဲ့ ဘုန်းကြီးဝတ်မယ့် လူကြီးရဲ့
ပေါ့ ဟုတ်လား"

ကျွန်မကို ပြုံးတူးပြတဲနှင့်ကြည့်ပြီး မေးလိုက်သော မိန်း
၏ မျက်နှာပေါ်တွင် ခုနကလိုမျိုး မနာလိုဝန်တိုသည့် အကြည့်
ချက်ချင်းပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

ကျွန်မသည် ထိုမိန်းကလေး၏ စကားကို သဘောကျ
စိတ်တိုလိုက်ရမလားဟု ဝေခွဲမရနိုင်သေးခင်မှာပင် ရောင်နီက
လိုက်ခြင်း ဖြစ်၏။





"မဝေးဝေး ကျွန်တော်တို့နဲ့ တစ်ခုခု လိုက်စားပါလား၊ သူက
နောက နိုးလာရင် အစားတစ်ခုခုစားရမှ ကျေနပ်တာဗျ၊ မဟုတ်ရင်
တော့်ကိုတစ်နေ့လုံး ဂျီကျနေရော"

ဒီကောင်လေးတွင် အိမ်ထောင်ရှိသည်ဟုလည်း ကျွန်မကို
သက တစ်ခါမှမပြောပြခဲ့ဖူးပါ။ အခုတော့ ကျွန်မမျက်စိရှေ့တည့်တည့်
မထင်မှတ်ထားတာတွေကို မြင်တွေ့နေရပြီလေ။

"အဲဒါဆိုလည်း မင်းတို့ပဲသွားစားကြပါ၊ တစ်ခုပဲ ဖေသုတရဲ့
ာအတိအကျလေးတော့ ပေးခဲ့ပါ"

ထိုစကားကို ပြောလိုက်ရသော ကျွန်မရဲ့ရင်ထဲတွင် တစ်စုံတစ်ခု
ကျ်ရှနေခဲ့သည်။ ကိုယ့်ချစ်သူတစ်ယောက်၏ နေရပ်လိပ်စာ အတိအ
တောင် ခုချိန်ထိမသိသော မိန်းမတစ်ယောက်သည် သူချစ်သူပေါ်
ရိုက်မှု အားနည်းခဲ့ခြင်းကြောင့်တော့ မဟုတ်တာ သေချာပါသည်။

အဲဒီချစ်သူကိုယ်တိုင်ကိုက အမြဲတမ်း လျှို့ဝှက်တတ်သော
အေးသော၊ အချစ်ကိုသေချာနားမလည်သော၊ ဂရုမစိုက်တတ်သော၊
းမထားတတ်သော စသည့် စသည့် ပညတ်ချက်ပေါင်းများစွာနှင့်
ယ်ယောက် ဖြစ်နေခဲ့ခြင်းကြောင့်သာ . . . ။

■ ■ ■

အခုကိစ္စအား သူ့ရိယကို အကူအညီတောင်းဖို့ရာ တွန့်ဆုတ်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မနော်တဆောများ သူရိယက ဟားတိုက်ရယ်မောလိုက်လျှင် သော အတွေးတွေက ကျွန်မ တွန့်ဆုတ်နေရခြင်း၏ အဓိကအကြောင်း ဖြေချက်များပင် ဖြစ်သည်။

ဒါပေမဲ့ မတတ်နိုင်ပါ။ ကျွန်မမှာ လောက်လောက်လားလား အနေယ်ချစ်ကျွမ်း သူတစ်ယောက်သာ ရှိပါသည်။

“ကဲပြော ဘာတွေဖြစ်နေပြန်ပြီလဲ”

“နင်အချိန်ရရဲ့လား”

“အခုလား”

နှစ်ယောက် တွေ့နေကျ ကော်ဖီဆိုင်လေးသည် လွန်ခဲ့သည့် နှစ်များကအတိုင်းပင် အေးချမ်းစွာ ငြိမ်သက်နေဆဲ ဖြစ်သည် ဒါပေမဲ့ ဒီဆိုင်လေးမှာ အမြဲထိုင်ခဲ့သော လူနှစ်ယောက်ကတော့ ခုချိန် တကယ့်ကို ဆန့်ကျင်ဘက်နှစ်ခု ဖြစ်နေခဲ့ပြီလေ။

တစ်ယောက်ဘဝထဲကို တစ်ယောက်ဝင်ဖို့ အတင်းအဓ မကြိုးစားကြတော့။ တစ်ယောက်ကို နားလည်နိုင်ရန် နောက်တစ်ယော က အချိန်တွေပေးပြီး စဉ်းစားမနေတော့။

ကိုယ့်လမ်းကိုယ်လျှောက်ဖို့ရာ ကိုယ့်ရွေးချယ်မှုနှင့်ကိုယ် ဖြ နေခဲ့ပြီလေ။

“အခုဆိုရင်တော့ ငါမအားဘူးဟ”





“ဘာလဲ ဘယ်သွားမလို့လဲ”

“ငါ့ကောင်မလေးနဲ့ ချိန်းထားတယ်”

အရင်ကဆိုရင်တော့ ဒီလို စကားမျိုးကို သူရိယ ပါးစပ်က ထွက်လာခြင်းသည် လွမ်းဝေးဝေးအတွက် တကယ့်ကို ရေခဲတစ်ခုပင် ဖြစ်၏။ နေရာမှာတင် ပစ်လဲပြီး သေချင်သွားလောက်အောင် ပြင်းထန် လွန်းသော စကားလုံးများပါပဲ။

ဒါပေမဲ့ ခုချိန်မှာတော့ ကိုယ်ဖြစ်စေချင်သည့်အတိုင်း မဖြစ်နိုင် တော့၍ စိတ်ပျက်သွားရုံသက်သက်မျှသာ ဖြစ်တော့သည်။ အဲဒါဟာ ဘယ်လောက်တောင် ကြီးမားသည့် ပြောင်းလဲမှုကြီးပါလိမ့်။

လူတစ်ယောက်နှင့်တစ်ယောက်ကြားမှာ ဒီလောက်တောင် အံ့ဩစရာကောင်းလှသည့် ပြောင်းလဲမှုမျိုးတွေ ရှိနေတတ်သည်ပေါ့။

ဒါဆိုရင် တစ်ချိန်ချိန်မှာ ကျွန်မနဲ့ ဖေသုတကြားမှာရော အဲလို ပြောင်းလဲမှုမျိုးတွေ ရှိမလာပါဘူးလို့ ဘယ်သူက အာမခံနိုင်မှာတဲ့လဲ။

ခုတောင်မှ သူ ကျွန်မအားကနေ မပြောမဆိုနှင့် သုံးရက်တိတိ ပျောက်ဆုံးနေခဲ့သောကြောင့် ကျွန်မသည် သွေးရူးသွေးတန်းနှင့် ရောင်နီ ဆီသို့တောင် ရောက်သွားခဲ့ရသေးတာ မဟုတ်လား။

ကျွန်မသူ့ကို တကယ်ကြောက်ပါသည်။ အထူးသဖြင့် သူ့စကား ထစ်ခွန်း။



www.burmeseclassic.com

www.burmeseclassic.com



'သုတက မင်းဘေးနားမှာ မင်းနဲ့တူတူ တစ်သက်လုံး ရှိနေလိမ့်မယ်လို့များ မင်းထင်နေတာလား'တဲ့၊ သူဘယ်လောက်ပဲ ဖြေရှင်းချက်တွေပေးပေး ထိုစကားသည် ကျွန်မရဲ့စိတ်နှလုံးထဲတွင် စူးနစ်နေလောက်အောင် ထိရောက်ခဲ့ပါသည်။

ကျွန်မရဲ့ စိတ်ကူးယဉ်မှုတွေကို ရိုက်ချပစ်ခဲ့သော ခမ်းနားကြီးကျယ်လှသည့် စကားတစ်ခွန်းလည်း ဖြစ်ခဲ့သည်။ အဲဒီစကားကိုကြားကြားခြင်း အချိန်တုန်းက ကျွန်မရဲ့တုန်လှုပ်ချောက်ချားရမှုကို ခုပြန်တွေးရင် အခုပြန်ပြီး ထိတ်လန့်နေမိဆဲပင်ဖြစ်၏။

"ပြောပါဦး နင့်ကိုငါက ဘယ်လိုကူညီရမယ်ဆိုတာ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးဟာ၊ ငါနဲ့အတူ ဗဟန်းကိုလိုက်ခဲ့ပေးပါ"

"ဗဟန်း ဟုတ်လား၊ ဘာသွားလုပ်မှာလဲ"

"ဖေသုတဆီကိုလေ"

"ဩော် သူက အဲဒီမှာနေတာလား"

ငါလည်း ခုနကမှ ရောင်နီ ပြောပြလို့ သိတာလို့တော့ ကိုယ့်သိက္ခာ ကိုယ်ချပြီး ရှင်းပြမနေတော့ပါ။

"အဲဒါ ငါတစ်ယောက်တည်း မသွားချင်လို့ နင့်ကို အဖော်ခေါ်တာလေ"





"နေစမ်းပါဦး နင်ကဘာလို့ သူ့နေရာထိ လိုက်သွားရမှာလဲ၊ သူက နင့်ဆီကို အမြဲလာနေတာပဲ မဟုတ်လား"

"ဟင့်အင်း သူမလာတာ သုံးရက်တောင် ရှိသွားပြီ"

"သူ့ဆီလိုက်သွားရလောက်အောင် လိုအပ်လို့လား"

"သူ ဒီတိုင်းပဲ အလုပ်ရှုပ်နေလို့ မလာဖြစ်တာဆိုရင် ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ သူနဲ့နောက်ဆုံး တွေ့လိုက်တဲ့နေ့က သူ့ငါ့ကို ရောင်နီ့ကိစ္စနဲ့ စိတ်သက်ပြီး စိတ်တိုသွားတယ်"

"ရောင်နီဟုတ်လား၊ ဟိုတစ်ခါ နင့်အိမ်ရောက်လာတယ်ဆိုတဲ့ အေသုတ ဒွူငယ်ချင်းလား"

သူရိယက ရောင်နီ့ကို မှတ်မိနေသည့်အတွက် နည်းနည်းတော့ စိတ်သက်သာရာရသွားမိ၏။

"နေပါဦး သူက နင့်အိမ်ကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ ရောက်လာတာလဲ၊ နင်ပြောပုံအရဆိုရင်တော့ အဲဒီရောင်နီဆိုတဲ့ကောင်က ဘယ်လိုလဲ၊ နှစ်ကျပ်ကွက်နင်းချင်နေတာလား"

"မသိပါဘူးဟာ၊ သူ့ဘာသာ ဘယ်လိုဖြစ်ဖြစ် ကိုယ့်ဘက်က ရှင်းအောင်နေရင်ပြီးတာပဲလို့ တွေးခဲ့တာ"

"အခု ဘာဖြစ်နေလို့လဲ"

ကျွန်မ ပြန်မဖြေနိုင်ပါ။ ဘယ်လိုလုပ် ဖြေနိုင်ပါ့မလဲ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ကင်းကင်းရှင်းရှင်း နေချင်တာတောင် နေလို့မရနိုင်တဲ့ အခြေအ
နေ ဖြစ်ခဲ့ရတယ် မဟုတ်လား။ ဖေသုတရဲ့ လိပ်စာကို အခုမှ ရောင်နီ့ဆီ
ကိုယ်တိုင်သွားပြီး တောင်းလာခဲ့ရတဲ့အဖြစ်။

"ထားလိုက်ပါတော့ ဒါပေမဲ့ ငါ ခုနလေးကတင် သိလိုက်ရတာ
တစ်ခုတော့ ရှိတယ်"

သူရိယ နားထောင်နေမှန်း သေချာတော့မှ ကျွန်မက စကားကို
ဆက်ပြောလိုက်သည်။

"သူမှာ အိမ်ထောင်ရှိတယ်လို့ ငါထင်တယ်ဟ"

"ဟွန် နင့်ဟာက ဘယ့်နှယ်တုန်း"

"အေးဟာ ထားလိုက်ပါတော့၊ ငါပြောချင်တာက သူမှာ အိမ်
ထောင်ရှိနေတယ်ဆိုရင် သူ့ကို ငါတို့ စိတ်ပူနေစရာ မလိုတော့ဘူးလေ"

"အင်းပေါ့ အဲလို ပြောရင်တော့ ရတာပေါ့။ ဒါပေမဲ့ လောလော
ဆယ်တော့ ငါ မအားဘူးဆိုတာ နင်သိတယ်နော်၊ ထုံးစံအတိုင်း ငါသွား
ကြိုရဦးမှာ၊ ညလောက်မှ ပြန်ရောက်မှာပေါ့"

"အဲဒါဆိုလည်း ညထိ ငါသည်းခံပြီး စောင့်လိုက်မယ်ဟာ
ဒီကြားထဲလည်း သူ့ဆီက ဆက်သွယ်ချင် ဆက်သွယ်လာနိုင်တာပဲလေ"

ဒါပေမဲ့ ကျွန်မရဲ့ ယဲ့ယဲ့လေးသာရှိတော့သော မျှော်လင့်ချက်
လေးကို ညရှစ်နာရီကျော်သွားချိန်မှာတော့ သက်ပြင်းကို ဖြည်းညင်းစွာ





[...]း လျှော့ချပစ်လိုက်ရသည်။

ကျွန်မ ငြိမ်သက်နေစဉ်မှာပင် သူရိယထံမှ ဖုန်းဝင်လာခဲ့သည်။

"ငါ့ကို ကားဂိတ်က စောင့်နေ"

"အေး ကောင်းပြီလေ"

ဘယ်လိုပဲဖြစ်ဖြစ် သူရိယသည် ကျွန်မရဲ့ သူငယ်ချင်းတစ်
[...]ယောက် အနေနဲ့တော့ ရှိနေသေးတာ သေချာသွားပါသည်။

ကျွန်မတို့နှစ်ယောက် ဗဟန်းထဲသို့ ရောက်သွားချိန်သည် ညရှစ်
[...]နာရီခွဲပြီး၍ ဆယ်မိနစ်ခန့်ပင် စွန်းနေခဲ့ပြီ ဖြစ်သည်။

ရောင်နီ့ဆီကနေ ဖေသုတ လိပ်စာကို တောင်းလာခဲ့ရသော်
[...]ည်း တကယ်တမ်းမှာ သူ့အိမ်သို့တိုင် သွားရဲသော သတ္တိမျိုး ကျွန်မ၌
[...] သူရိယကို သွားခိုင်းရအောင်ကလည်း နဂိုကမှ သူရိယဆိုလျှင်
[...]မြင်မကြည်ဖြစ်နေသော သုတ ပိုလို့တောင် စိတ်တိုသွားနိုင်ပါသည်။

ဗဟန်းသုံးလမ်းကားဂိတ်ရောက်တော့ လေးဆယ့်သုံးအထူးကား
[...]ကနေ ဆင်းလာပြီး ကျွန်မမှာ ဘာလုပ်ရမှန်းမသိသေးဘဲ ကားဂိတ်မှ
[...]န်းလေးတွင် ယောင်တောင်တောင်နှင့် ထိုင်နေမိသေးသည်။

"ကဲ နင့်ဗဟန်းတော့ ရောက်လာပြီ သူ့အိမ်ကို သွားမှာလား"

ပထမတော့ သူ့အိမ်ကို ရောင်အောင်သွားမည်ဟူသော ဆုံးဖြတ်
[...]နှင့် လာခဲ့ခြင်းဖြစ်သော်လည်း သူ့ဘက်မှာ တစ်ခုခု နစ်နာသွားမှာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်မ မလိုလားပြန်ပါ။

အကယ်၍ ကျွန်မ လိုက်လာခဲ့မိသောကြောင့် သူ့မိသားစု
သူ ပြဿနာ ဖြစ်ရမည်ဆိုလျှင် ကျွန်မသည် တခြားနည်းလမ်းတစ်ခု
သာ ပြောင်းလဲသုံးမိမည် ဖြစ်သည်။

"ဘာလုပ်မှာရလဲ ဝေးရာ၊ ကိုးနာရီထိုးတော့မယ်"

"ရှစ်နာရီခွဲကျော်ပဲ ရှိပါသေးတယ်လေ၊ ဒီလိုလုပ်ရအောင် ဖိ
သူ့အိမ်မသွားတော့ဘူး၊ သူပြောဖူးတယ်၊ ကြေးသွန်းဘုရားရှေ့နား
လက်ဖက်ရည်ဆိုင်မှာ သူ ထိုင်တတ်တယ်တဲ့"

အဲ ဟုတ်ပါရဲ့နော်၊ ကျွန်မဟာ တော်တော်လေးကို ပိန်းသည်
မိန်းမပါပဲ။ သူဟာ ကြေးသွန်းဘုရားနားက လက်ဖက်ရည်ဆိုင်မှာ ထိ
တတ်ပါသည်ဟု ပြောထားလျက်သားနဲ့ ဗဟန်းမှာနေသည်ဟု မရိပ်မိခဲ့
ကျွန်မ တုံးလွန်းလို့ဖြစ်မှန်း ကိုယ့်ကိုယ်ကိုယ် တိုးတိတ်စွာ ဝန်ခံလိုက်
ရသည်။

"အဲဒါဆိုလည်း သွားရအောင်၊ ငါကနင့်ကိုကြည့်ပြီး စိတ်မ
သာလွန်းလို့သာ လိုက်လာပေးရတာ၊ တကယ်တမ်းက သိပ်အဆင်ပြေ
မဟုတ်ဘူး"

ကျွန်မ သိပါသည်။ ဖေသုတနဲ့ သူရိယရဲ့ကြားမှာ မျက်
ချင်းဆိုင်ပြီး ဘာပြဿနာမှ မဖြစ်ခဲ့ဖူးသော်လည်း သူတို့တစ်ယောက်





င်ထဲမှာတော့ ကျွန်မနှင့်ပတ်သက်ပြီး အစိုင်အခဲတစ်ခုစီ ရှိနေကြတယ်ဆို
ာကိုလေ။

ကျွန်မတို့နှစ်ယောက်သား ယောင်လည်လည်နှင့် ဘုရားကြီးရှေ့
ို့ ရောက်လာကြသော်လည်း လမ်းဘေးတွင် စီခင်းထားသော လက်ဖက်
ည်ဆိုင်လေးများက တော်တော်ကို ကျယ်ကျယ်ပြန့်ပြန့်မို့ မျက်စိတစ်
သောင်း ရှာဖွေလိုက်ရသည်။

သို့သော် သူ့အရိပ်အယောင်ကိုသော်မျှ မတွေ့ရပေ။ တွေ့မယ့်
တွေ့တော့လည်း သူတို့လမ်းထိပ်မှ လမ်းချိုးလေးတစ်ခု၏ ထိပ်တွင်
ည်ထားသော လက်ဖက်ရည်ဆိုင် သေးသေးလေး၌ဖြစ်၏။

ကျွန်မကို မြင်လိုက်ရချိန်တွင် သူ့မျက်နှာ၌ အံ့ဩသွားသည့်
ရိပ်အယောင်တစ်ခု ဖြတ်သန်းသွားသည်။ ဒါပေမဲ့ အဲဒီ အရိပ်အယောင်
လေးကို ကျွန်မတစ်ဦးတည်းသာ ရိပ်ခနဲ သတိထားလိုက်မိခြင်း ဖြစ်၏။

တကယ်တော့ သူ့ပတ်ဝန်းကျင်သို့ အကြောင်းမကြားဘဲ ရောက်
ာသောကျွန်မအတွက် ဘယ်လိုမှ မမျှော်လင့်ထားသော အနေအထား
တွေကိုများ မြင်တွေ့လိုက်ရမလားလို့ တွေးကြောက်နေခဲ့မိသေးသည်။
မှာ သူ့ကို တခြားကောင်မလေးတစ်ယောက်ယောက်နဲ့ ယှဉ်တွဲပြီးတော့
ဖြစ် ဒါမှမဟုတ် ကိုယ့်အကြောင်း မကောင်းပြောနေတုန်းမှာ ကိုယ်က
ာက်ဘက်ကနေ မထင်မှတ်ပါဘဲ ရောက်သွားတာမျိုးပဲဖြစ်ဖြစ်ပေါ့)



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒါတွေ တစ်ခုမှ မဖြစ်ခဲ့ပါဘဲ သူကတောင် ကျွန် တို့ကို ဆိုင်ထဲဝင်ပေးရန် လက်ယပ်ခေါ်နေခဲ့သေး၏။

"ဘယ်လိုလုပ် ရောက်လာကြတာလဲ"

သူက ကျွန်မကို မေးလိုက်ခြင်း မဟုတ်ဘဲ သူ့ရိုယကိုကြည့် မေးလိုက်ခြင်းဖြစ်သည်။

"သူ့ပေါ့ ဘုရားသွားချင်တယ်ဆိုတာနဲ့လေ"

"အင်း ဟုတ်တယ်၊ ဘုရားက ဆင်းတော့ သူဝ ပြောမှုတ လေ၊ ကြေးသွန်းဘုရားနားက လက်ဖက်ရည်ဆိုင်မှာ ညဆို ထိုင်တ တယ်ဆိုတာ သိထားလို့"

သူ့ရိုယ ယုတ္တိရှိအောင် အကောင်းဆုံးဖန်တီးပြီး ပြောလိုက် ကို ကျွန်မကလည်း နောက်ကနေ အကျိုးအကြောင်း ဆက်စပ်ပြရ ၏။

သို့သော် သူ့ထံသို့ တမင်တကာ လိုက်လာခြင်းဖြစ်ကြော သူ တွက်ဆထားမိမှာ ကျိန်းသေပါပဲ။

ဟုတ်ပါတယ် သူသိပါတယ်။ ကျွန်မကို ပြုံးကြည့်နေသေ သူ့မျက်လုံးများက ကိုယ့်ကိုယ်ကိုယ် သေချာလွန်းသော မျက်လုံးမ ဖြစ်၏။

"ဘာသောက်ဦးမလဲ"





"ဟင့်အင်း မသောက်တော့ပါဘူး"

"ဒါက သုတသူငယ်ချင်း သားငယ်၊ မင်းကိုတော့ သူတို့က ပါတယ်"

သူနှင့်အတူ ယှဉ်ထိုင်နေသော ကျွန်မတို့နှင့် ရွယ်တူကောင်လေး စ်ယောက်အား မိတ်ဆက်ပေးပြီး စကားဝိုင်းသည် ပြန်ငြိမ်သွားပြန် သည်။ ကျွန်မမှာလည်း သူဘော်ဒါရှိနေသောကြောင့် ပြောချင်သည့် ကားများကို လွတ်လွတ်လပ်လပ် မပြောရပါ။

ဒါကို ရိပ်မိဟန်ရှိသော သူကပင်

"ကိုးနာရီတောင်ခွဲတော့မယ်၊ မင်းနောက်ကျပြီ မဟုတ်လား၊ ်ရအောင် သုတလိုက်ပို့ပေးမယ်"

ထိုညက ကျွန်မအိမ်ရှေ့သို့ ရောက်သည့်ထိ သူ လိုက်ပို့ပေးပါ သည်။ သူ့ရိုယကတော့ သူ့အိမ်သူပြန်သွားခဲ့ပြီး ဖြစ်သည်။

"အိမ်ပေါ်တက်ဦးမလား"

"မတက်တော့ဘူးလေ၊ ဟိုမှာသားငယ်တို့က လက်ဖက်ရည်ဆိုင် ာ ထိုင်စောင့်ချင် စောင့်နေကြဦးမှာ"

"ဒါဆို ရှင် ကျွန်မဆီမလာတဲ့ ရက်တွေအတွင်းမှာ အလုပ်တွေ ်ရှုပ်နေလို့လို့ပဲ သိထားလိုက်ရမှာလား"

"အဲဒါ အမှန်ပဲပေါ့၊ သုတတို့ မိသားစုကိစ္စလေးတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မကို ပြောပြလို့ မရဘူးလား''

''မရဘူး''

သူ့အဖြေက အလွန်ပင် ပြတ်သားလွန်းနေ၏။ နည်းနည်းလေး... တောင် စောဒကထပ်တက်ပိုင်ခွင့် မရှိသော အဖြေမျိုးဖြစ်သည်။

''ဒါပေမဲ့ ဖေသုတအကြောင်းလည်း မသိတာမဟုတ်ဘဲ... သုတက ကိစ္စတစ်ခုကို အာရုံစိုက်နေပြီဆိုရင် ကျွန်တာတွေ အားလုံ... မေ့ထားလိုက်တာ''

''ရှင် မေ့ထားလိုက်တဲ့ထဲမှာ ကျွန်မပါ ပါနေတာကတော့... တကယ့်ကို ဝမ်းနည်းစရာပေါ့နော်''

BURMESE CLASSIC .com

သူ ကျွန်မကို စိုက်ခနဲ တစ်ချက်ကြည့်လိုက်သည်။ သူ့အကြ... များက ရူးရဲလွန်းသောကြောင့် ကျွန်မချက်ချင်းပင် မျက်နှာလွှဲလိုက်သည်...

''တက်တော့ သုတလည်း သွားတော့မယ်''

သက်ပြင်းတစ်ချက် မသိမသာ ခိုးချရင်း လေယာဉ်ထဲမှာ... လှမ်းတက်ခဲ့ရသော ကျွန်မရဲ့ နောက်ကျောကို သူဘယ်တော့မှ ငေးကြ... နေမှာ မဟုတ်မှန်း ကျွန်မသိပါသည်။

နောက်တက်ဆီသို့ ဆတ်ခနဲ တစ်ချက်ပြန်လှည့်ကာ တက်... သော လေယာဉ်ငါးထစ်လောက်ကို အမြန်ပြေးဆင်းလိုက်သည်။ ကျွန်... တိုက်နှင့် လေးငါးတိုက်လောက်အကွာမှာ ခပ်သွက်သွက်လေး လ...





...လျှောက်သွားနေသော သူ့ကျောပြင်ကို လှမ်းမြင်နေရသည်။

စိတ်ထဲမှာ သူများ ပြန်လှည့်ကြည့်ဦးမလားလို့ တိတ်တိတ်လေး ...မျှော်လင့်မိနေသေးပေမယ့် အဲဒါဟာ ရယ်စရာတစ်ခုသာ ဖြစ်မှန်းလည်း ...ကျွန်မ သိပါသည်။ ကျွန်မတို့ လမ်းကို ချိုးကွေ့သွားပြီး သူ့ပုံရိပ်လေး ...မြင်ကွင်းမှ ပျောက်ကွယ်သွားသည်ထိ မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီး ...တော့မှ အိမ်ပေါ်သို့ လေးလံသော ခြေလှမ်းများဖြင့် ဖြည်းညင်းစွာ ...လှမ်းတက်ခဲ့ရသည်။

အိပ်ရာပေါ်ရောက်သည်ထိ ကျွန်မစိတ်တွေ မကြည်လင်သေး ...ဘဲ ဘဝင်မကျနိုင် ဖြစ်နေသေးသည်။ သူဟာ တကယ်ကိုပဲ ကျွန်မအား ...မေ့ထားနိုင်သည်ပေါ့။ တကယ်တော့ သိပ်ကိုသေချာနေပြီးသားပါ၊ သူ့ ...အတွက် ကျွန်မက ဘယ်နေရာမှာမှ အရေးမပါသည့် မိန်းမတစ်ယောက် ...သာ ဖြစ်သည်။

ကျွန်မကို ဖုန်းလေးတစ်ချက် ဆက်ဖို့တောင်မအားသည့် အချိန် ...ပေးနိုင်သည့် သူသည် ဘော်ဒါတွေနှင့်တော့ လက်ဖက်ရည်ဆိုင်တွင် ...အချိန်ဖြုန်းနိုင်၏။

အဲဒါဟာ ဘယ်လောက်များ ရင်နာစရာ ကောင်းလိုက်ပါသလဲ။

ပါးပြင်ပေါ်မှာ စွတ်စိုသွားသည် အထိအတွေ့ကြောင့် ယောင် ...ယမ်းကာ စမ်းသပ်လိုက်မိသည်။ လက်ချောင်းလေးများတွင် ပေကျံကုန်



www.burmeseclassic.com

www.burmeseclassic.com



သော မျက်ရည်များကို ကိုယ့်ဘာသာ တအံ့တသြနှင့် ပြန်ကြည့်နေ
မိတယ်။

ကျွန်မ သူ့အတွက် မျက်ရည်ကျရပြန်ပြီလေ။

■ ■ ■



## အခန်း (၈)

"နင့်အကောင်က ဘာလဲ၊ ငါတစ်ယောက်လုံး ပါနေတာတောင်
သူက လိုက်ပို့တယ်ဆိုတော့ ငါ့ကို မယုံဘူးဆိုတဲ့ သဘောလား။"

"ကျွတ် နင်က တော်တော်ကို အတွေးခေါင်တာပဲ၊ သူ့ဘာသာ
ချစ်သူကို လိုက်ပို့ချင်လို့ ဖြစ်မှာပေါ့"

ကျွန်မမှာ စိတ်တိုနေသော သူရိယကိုကြည့်ပြီး ဘာပြောလို့
ပြောရမှန်းပင် မသိတော့။ သူရိယကလည်း နဂိုကမှ တွေးတတ်လွန်း
သည့်ကောင်။

"နင့်ကို သူက ချစ်သူတစ်ယောက်လို သဘောထားတယ်လို့
ခံစားလို့ရတယ်ပေါ့၊ ဒီလိုလား ဝေး"

"နင့်စကားက ဘာကြီးလဲ၊ သူနဲ့ငါက ချစ်သူတွေပဲဟာကို
ချစ်သူလို့ မခံစားလို့ ဘယ့်လိုခံစားပေးရမှာလဲ ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့ မဆိုးနဲ့ဟာ၊ ငါကတော့ နင်တို့နှစ်ယောက်ကို ချစ်သူတွေဆိုပြီး ခံစားပေးလို့ကို မရဘူး"

အဲဒီစကားဟာ ကျွန်မကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆဲဆို နေတာထက်တောင် ပိုပြင်းထန်သေးတယ်ဆိုတာ သူရိယလည်း သိမှာပါ။ သူရိယက ကျွန်မကို နာကျင်စေချင်နေတာလား။

ဖေသုတကို ကျွန်မရဲ့ချစ်သူအဖြစ် ရွေးချယ်ခဲ့သည့်အပေါ်မှာ တော့ သူ လုံးဝမကျေနပ်မှန်း ကျွန်မသိပါသည်။ ဒါပေမဲ့ အဲဒါဟာ ဘာတတ်နိုင်တော့မှာမို့လို့လဲ။ အားလုံးဟာ ဖြစ်ပြီးသွားပြီ၊ ကာယကံရှင် ဖြစ်တဲ့ ကျွန်မကိုယ်တိုင်လည်း လက်ခံကျေနပ်ခဲ့ပြီးပြီလေ။

"နင်ပြောလိုက်တဲ့ စကားက ဘယ်လောက်တောင် ပြင်းထန် တယ်ဆိုတာ နင်သိလား သူရိယ"

"ငါသိတာပေါ့ ငါသိပ်သိတာပေါ့၊ အဲဒီလိုမျိုး ငါပြောနေရတာ လည်း နင့်အတွက်ပဲလေ ဝေ၊ အဲဒါကို နင်နားမလည်ဘူးလား"

"ငါနားလည်တယ်၊ ဒါပေမဲ့ နင့်မှာအဲလို ဝေဖန်ပိုင်ခွင့် မရှိဘူး"

"ဘာ ဝေး နင်ငါ့ကို ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ်လေ၊ ငါလည်း နင်နဲ့ပတ်သက်ပြီး ဘာကိုမှ မဝေ ဖန်ဘူး၊ အေး မဝေဖန်တော့ဘူးပေါ့ဟာ နင့်ကိုလည်း အဲလိုပဲ ဖြစ်စေ ချင်တယ်"





"နင်နဲ့ငါက သူငယ်ချင်းတွေအဖြစ်နဲ့တော့ ဆက်ရှိနေဦးမှာဆို"

"အေးလေ၊ ဒါပေမဲ့ သူငယ်ချင်းဆိုတိုင်း နင်အဲလို ပြောလို့မ ရဘူး"

သူရိယ ကျွန်မကို ကြည့်လိုက်သော မျက်လုံးသည် တကယ့်ကို ကြောက်မက်ဖွယ်ဖြစ်၏။ ဒါပေမဲ့ ကျွန်မ မကြောက်တော့ပါ။ အရင်ကလို ကျွန်မ မထိတ်လန့်တော့ပါ။

"နင်ရူးတော့မယ်၊ မဟုတ်ဘူး နင်ရူးနေပြီ ဝေးရဲ့၊ အဲဒီကောင် က နင့်ကို ဘယ်လောက်တောင် ချုပ်ကိုင်ထားလိုက်လဲ မသိတော့ဘူး၊ ဘယ်လိုနည်းတွေ သုံးလိုက်လို့ ဒီလို အချိန်တိုလေးအတွင်းမှာ နင်သူ့ ဘက်သားလုံးလုံး ဖြစ်သွားရတာလဲ"

သူရိယသည် ကျွန်မရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် လှုပ်ရမ်း စေလိုက်ခြင်းကြောင့် နာကျင်မှုများဖြင့် ကျွန်မ ရုန်းကန်ပစ်လိုက်သည်။ သို့သော် သူ့လက်များထဲမှ လွတ်မသွားပါ။

"နင် ငါ့ကိုလွှတ်စမ်း သူရိယ၊ လမ်းပေါ်မှာဆိုတာကိုလည်း သတိထားဦး"

ကျွန်မရဲ့ သတိပေးမှုကို သူရိယ သတိပြုဟန်ပင် မတူပါ။ ကျွန်မတို့နှစ်ယောက် ရှိနေသော နေရာလေးသည် လူသွားလူလာ နည်းငယ် ပြတ်လပ်သော လမ်းမကြီး၏ ကားဂိတ်ထိုင်ခုံလေးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"နင်ဟာ ငါနင့်ကို ဘယ်လိုပြောပြရမလဲ၊ အဲဒီကောင်က နင့်ကို တကယ်မချစ်ဘူး၊ အဲဒီကောင်ချစ်တာက သူ့အတွက်တွေပဲ၊ အဲဒါကို နင်မသိ ဘူးလား"

"ငါသိတယ်၊ ဒါပေမဲ့ ငါ့ခွင့်လွှတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါသူ့ကို ချစ်လို့"

သူရိယ ဆုပ်ကိုင်ထားသော လက်များ ဖြည်းဖြည်းချင်း ပြေ လျော့ကျသွားသည်။

"နင်ဟာ နင် ဘယ်လိုဖြစ်သွားတာလဲ၊ ငါသိခဲ့တဲ့ ငါ့သူငယ်ချင်း မဟုတ်တော့သလိုပဲ"

"နင်သိခဲ့တဲ့ လွှမ်းဝေးဝေးက အစွဲအလမ်းကြီးတယ်၊ နူးညံ့ ချင်တယ်၊ နင့်စကားကို တသဝေမတိမ်း နားထောင်တတ်တယ်၊ အဲဒီလို မဟုတ်လား"

သူ ကျွန်မကို ကြောင်တောင်တောင်နှင့် ငေးစိုက်ကြည့်နေ သည်။ ကျွန်မဦးခေါင်းကို မော့လှန်ကာ တစ်ချက်ရယ်မောလိုက်မိ၏။

"တကယ်တော့ အခု လွှမ်းဝေးဝေးကလည်း နင်သိခဲ့တဲ့ လွှမ်း ဝေးဝေးလိုမျိုးပဲ အစွဲအလမ်းကြီးတယ်၊ ကြင်နာတတ်တယ်၊ အရင် အတိုင်းပါပဲ၊ တစ်ခုပဲပြောင်းဟာ ဟိုတုန်းကတော့ နင့်စကားတွေ အားလုံး





ကြိုက်နာခဲ့တယ်၊ ခုတော့"

"ဆက်မပြောနဲ့တော့ ဝေး၊ ငါ နားလည်သွားပြီ နင်ကငါ့အပေါ် က သံယောဇဉ်ဆိုတာမျိုးတွေ တစ်စက်မှမရှိတော့တာကို ငါသိလိုက်ပါပြီ"

တကယ်တော့ သူရိယသည် လောဘကြီးသည့် လူတစ်ယောက် ဖြစ်သည်။ သူ ဘယ်လောက်ပဲ ငြင်းဆန်နေခဲ့ပေမယ့် သူ့မျက်နှာ ပေါ်မှအရိပ်အကဲကို ကျွန်မ ကောင်းကောင်းကြီး နားလည်နေဆဲ ဖြစ်၏။

သူ့ဘေးမှာ သူ တကယ်ချစ်သည့် မိန်းကလေးတစ်ယောက် ရှိနေခဲ့တာကိုတောင်သူသည် ကျွန်မဆီမှ ဂရုစိုက်မှုတွေ ကြင်နာမှုတွေ အလိုက်လျောမှုတွေကို လိုချင်နေဆဲပင်ဖြစ်သည်။

"ငါ စိတ်မကောင်းပါဘူး သူရိယရယ်"

"ဟင့်အင်း မလိုပါဘူး"

မှုန်မှိုင်းနေသည့် သူ့မျက်နှာကို ကျွန်မ ဆက်မကြည့်ချင်တော့ သောကြောင့် ထိုကားဂိတ်လေးကို ကျောခိုင်းထွက်ခွာလာခဲ့တော့၏။

အဲဒီလို ထွက်ခွာခဲ့မိခြင်းကြောင့် ကျွန်မကို ရပ်စောင့်နေခဲ့သော မောင်နီနှင့် မျက်နှာချင်းဆိုင်တွေ့ခဲ့ခြင်းလည်းဖြစ်သည်။

ကျွန်မကို တွေ့တွေ့ချင်းမှာပင် 'ကျွန်တော် မဝေးဝေးကို စောင့် နေတာ' ဟူသော စကားက အံ့အားသင့်စေခဲ့သည်။

"ကိစ္စရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြလိုက်သော သူ့မျက်နှာက အလွန်တည်ငြိမ်နေ
ချစ်စဖွယ် ပြုံးတတ်သော ကောင်ငယ်လေးတစ်ယောက် မဟုတ်တော့
လိုပါပဲ။

ဘာလို့မှန်း မသိပါဘဲ သူနှင့်မျက်နှာချင်းဆိုင် ရပ်နေရာက
အလိုလိုနေရင်း ကျွန်မ လက်ဖျားတွေ အေးစက်လာ၏။ ဖေသုတ
ပတ်သက်သော သတင်းဆိုးတစ်ခုခုကိုတော့ ဒီကောင်လေး ပြောချလို
မှာ မဟုတ်ပါဘူးနော်။

"ခုနက ပြောနေတာတွေက အမှန်ဆိုရင် မဝေဝေက ကျ
တော့် သူငယ်ချင်းကို လိမ်ထားခဲ့တာပေါ့နော်"

" ဟင်"

ကျွန်မသည် ပါးစပ်အဟောင်းသား ပွင့်လျက် မျက်လုံး
ပြူးကျယ်ကုန်ကာ ရောင်နီ့ကို အလန့်တကြား မော့ကြည့်လိုက်မိသ

"မင်း မင်းဘာကိုပြောတာလဲ"

ကျွန်မ အသံတွေ တုန်ယင်သွားသည်ကို ကြည့်ပြီး ရောင်
မရယ်ချင်ရယ်ချင်နှင့် ရယ်လိုက်သေးသည်။

"ကျွန်တော် အားလုံးကြားခဲ့တယ်ဗျ"

ဒီကောင်လေး ကျွန်မကို ဘာပြောချင်နေတာလဲ။ သူဘာ
ကြားခဲ့တာလဲ။ ခုနက သူရိယနှင့် ပြောနေခဲ့သော စကားတေ





ကြားသွားခဲ့တာတော့ မဟုတ်ပါဘူးနော်။

ဒါပေမဲ့ ကံတရားသည် ကျွန်မ မဖြစ်စေချင်ခဲ့သည့်အတိုင်းသာ
ဖြစ်စေခဲ့သည်။

"မဝေဝေနဲ့ ဟိုတစ်ယောက်နဲ့ ပြောနေတာတွေ အားလုံးကို
ကျွန်တော် ကြားခဲ့တယ်"

ကျွန်မသည် ခြေထောက်တွေ ပျော့ခွေသွားခြင်းကို ကာကွယ်ရန်
အနီးရှိ ယာဉ်ထိန်းရဲရုံလေး၏ ပိတ်ထားသော သံပန်းတံခါးကို ဖမ်းကိုင်
ထားလိုက်ရသည်။ ကျွန်မ ပြုတ်ကျတော့မည်ဟု ထင်၍လားမသိ သူက
အမန်းကတန်းနှင့် ကျွန်မရဲ့ ပခုံးတစ်ဖက်ကို လှမ်းကိုင်လိုက်၏။

"ရပါတယ်၊ ငါဘာမှမဖြစ်ပါဘူး"

သူ့လက်ကို ပြန်ပုတ်ချလိုက်ပြီး လေကို တစ်ဝရှူသွင်းပစ်လိုက်
သည်။ ဆောင်းလေရဲ့ အေးမြမှုကို အဆုတ်ထဲထိ ရောက်ရှိသွားသော်
လည်း ကျွန်မ လန်းဆန်းမလာပါ။

"အဲဒီ အမှန်တရားတွေကိုသာ သုတ သိသွားခဲ့ရင်"

"ဟင့်အင်း သူ သူ မသိပါဘူး"

"သုတက မဝေဝေရဲ့အချစ်ဦးဟာ သူပါဆိုပြီး ကျေနပ်နေတာ
"

"သိတယ်၊ ကျွန်မ သိတာပေါ့၊ အဲဒါကြောင့်လည်း ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကြီးကို ဖွင့်မပြောချင်တာပေါ့၊ သူ ကျွန်မကြောင့် ခံစားသွားရ
စိုးလို့လေ''

''မင်းကြားခဲ့တာတွေကို သူ့ကို သွားပြောပြလိုက်မှာလားဟင်

ကျွန်မသည် အပြစ်အကြီးကြီးတစ်ခုကို လုပ်ထားခဲ့သည့် တ
ခံတစ်ယောက်ပမာ ရောင်နီ့ရှေ့မှာ ကတုန်ကယင်နှင့် တုန်လှုပ်ချော
ချားနေမိသည်။ ကျွန်မရဲ့ အပြောကြောင့် ရောင်နီက သက်ပြင်းတစ်ချ
ချလိုက်ပြီး

''ဘယ်လိုလုပ်မလဲ၊ ဖေသုတဆိုတာ ကျွန်တော့်ရဲ့ သူငယ်ချ
လေ''

''ဟုတ်တယ် ငါသိတယ်လေ ဖေသုတဟာ မင်းသူငယ်ချင်း
တာလည်း ဟုတ်တယ်၊ လက်ရှိအချိန်မှာ ငါသိပ်ချစ်ရတဲ့ ငါ့ချစ်သူဆို
လည်း ဟုတ်တယ်လေ၊ အဲဒီတော့ သူ့ကို ထိခိုက်စေမယ့် ဘယ်ကိစ္စ
ငါမဖြစ်စေချင်ဘူး''

''အဲဒါ အစ်မကိုယ်အစ်မ ကာကွယ်လိုက်တဲ့ စကားရော မဖြ
နိုင်ဘူးလား''

ကျွန်မသည် ရောင်နီ့ထံမှ ထပ်စွပ်စွဲလာမည့် စကားများ
သည်းမခံနိုင်တော့သောကြောင့် လက်ကိုကာပြကာ တားမြစ်လိုက်ရသည်

''အိုကေ အခုလည်း တော်တော်နောက်ကျနေပြီ မင်းမှာလည်





ပြောချင်တာတွေ ကျန်ဦးမှာပဲ၊ အဲဒီတော့ မနက်ဖြန်မနက်ကို ငါ့ဆီ
လာခဲ့ပါ၊ ဖြစ်မလား''

''ရပါတယ် မနက်ဖြန် ကျွန်တော့်ရဲ့ အော့ဖ်ဒေးပါ''

''ဟုတ်ပြီ ဟုတ်ပြီ ငါစောင့်နေမယ်''

ကျွန်မသည် သူ့ရှေ့ကနေ ကမန်းကတန်း လှည့်ထွက်လာခဲ့လိုက်၏။ သို့သော် ကျွန်မခြေလှမ်းတို့ တုန်ယင်နေတာကို သူ သတိထားလိုက်မိပုံရပါသည်။

''မဝေးဝေး ကျွန်တော် လိုက်ပို့ပေးရမလား''

သူ့အသံကို နောက်တက်ကနေ လှမ်းကြားလိုက်ရသေးသော်လည်း ကျွန်မမှာ လှည့်ကြည့်ဖို့ရာတောင် အားအင်ကုန်ခမ်းနေခဲ့ပြီဖြစ်သည်။ လက်တစ်ဖက်ကို မြှောက်ကာသာ ခါပြလိုက်ရ၏။

ကျွန်မ ဖေသုတကို တကယ်ချစ်နေခဲ့ပါပြီ။ ဘယ်လောက်ပဲ သူ့ကိုမချစ်ဘဲ အဖြေပေးခဲ့သည်ပြောပြော ခုချိန်မှာ ကျွန်မရင်ထဲမှ ချစ်သူသည် ဖေသုတ တစ်ယောက်တည်းသာ ရှိပါသည်။

အဲဒါဟာ ကျွန်မအတွက် လောကကြီးကပေးသော အပြစ်ဒဏ်တစ်ခုလား။ သူ့ကိုချစ်ပါသည်ဟု ပထမဆုံးပြောခဲ့တုန်းက တကယ်တမ်းချစ်ခဲ့ပေမယ့် ကျွန်မ ဖေသုတအပေါ်မှာ အတတ်နိုင်ဆုံး ရိုးသားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ချစ်သူတွေ စဖြစ်ခဲ့ချိန်ကစပြီး သူကလွဲလို့ တခြားတစ် ယောက်ယောက်ကို မျက်လုံးအကြည့်လေး တစ်ချက်နှင့်တောင် စေ့စေ့ မကြည့်ခဲ့ဖူးတာကိုလည်း ကျွန်မသာ သိပါသည်။ ဒီလိုမျိုး သူတစ်ယောက် တည်းကိုသာ စွဲစွဲလမ်းလမ်းနှင့် ချစ်မိသွားသော အချိန်ကျမှ ကံကြမ္မာက ကျွန်မကို အပြစ်ဒဏ်ခတ်ဖို့ ကြိုးစားလာခဲ့လေပြီ။

■ ■ ■

တံခါးခေါက်သံ ခပ်ညက်ညက်လေး ထွက်ပေါ်လာချိန်မှာတော့ ကျွန်မသည် ချက်ချင်းပင် ထဖွင့်ပေးနိုင်ခဲ့၏။ မျှော်လင့်ထားသည့်အတိုင်း ပင် တံခါးဝ၌ ရောင်နီကို တွေ့လိုက်ရသည်။

"ကျွန်တော်က မဝေးဝေး မနီးသေးဘူးတောင် ထင်နေတာဗျ"

ကျွန်မ ပြုံးပြလိုက်မိသည်။ တကယ်တော့ တစ်ညလုံး ကျွန် အိပ်မပျော်နိုင် ဖြစ်ခဲ့တာကို ရောင်နီမှ မသိနိုင်ဘဲလေ။

ထိုင်ခုံမှာ သူထိုင်ပြီးသည်နှင့် ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းသိမ်းပြီး လေသံမှန်မှန်နှင့် မေးလိုက် သည်။

"ဘာသောက်မလဲ"

"ကော်ဖီပဲပေးပါ"

"အိုကေ"





သူ့အတွက် ကော်ဖီကို တစ်ကျိုက်သောက်လိုက်ပြီး ကျွန်မကို သူ စကားစပြောသည်။

"အစ်မက ဘယ်လိုဖြစ်စေချင်တာလဲ"

"သုတကို မသိစေချင်ဘူး"

"အစ်မနဲ့ ဟိုတစ်ယောက်အကြောင်းတွေကိုလား"

"ဒါပဲ ရှိတာလေ၊ အဲဒီကိစ္စကြောင်းပဲ မင်းဒီနေရာကို ရောက် နေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော် က တခြားလူတွေကိုသာ လိမ်ချင်လိမ်မယ်၊ ကျွန်တော့်သူငယ်ချင်းတွေကို တော့ ဘယ်တော့မှ မလိမ်ညာခဲ့ဖူးဘူး"

"ငါသိပါတယ်၊ မင်းလည်း လိမ်ညာဖို့ မလိုပါဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ ဖေသုတက အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မင်းကို စကား လာမှာ မဟုတ်လို့ဘဲ၊ ညက ငါနဲ့သူရိယနဲ့ ပြောနေခဲ့တာတွေကို မင်း မကြားဘူး မသိဘူးဆိုတဲ့ပုံစံနဲ့ နေလိုက်ရင်ရပြီ၊ အဲဒါပဲ၊ မင်းလည်း ယိမ်စရာမလိုဘူးလေ၊ ငါပြောတာကို လက်ခံလား"

သူက ကျွန်မစကားကို လက်ခံလိုက်သလို ခေါင်းတဆတ်ဆတ် ညိတ်ပြီး ကော်ဖီကို သောက်လိုက်ပြန်၏။

"ကျွန်တော်က ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ်၊ ငါ ဘာဖြစ်လို့ ဒီကိစ္စတွေ သုတ
မသိစေချင်လည်းဆိုတော့ သူ ခံစားရမှာစိုးလို့ပါ၊ ပြီးတော့ ငါသူ
သိပ်ချစ်တယ်လေ''

ဒီစကားကိုကြားတော့ ရောင်နီက ကျွန်မကို ပေစောင်းစောင်
နှင့်ကြည့်ပြီး 'ဟုတ်ရဲ့လား'ဟု မေးပါသည်။ သူ ကျွန်မကို မယုံ
မေးခြင်းမဟုတ်ဘဲ ရင်းရင်းနှီးနှီးနှင့် စနောက်လိုက်ခြင်းသာဖြစ်မှ
သိသောကြောင့် ကျွန်မလည်း ပေါ့ပါးစွာပင် ရယ်မောလိုက်မိ၏။

''ကျွန်တော်က အစ်မနဲ့ အဲဒီတစ်ယောက်ကို ရပ်ကွက်ထဲ
တွေ့တွေ့နေတည်းက ရိပ်မိပါတယ်ဗျာ၊ သုတကို ပြန်ကြိုက်လိုက်
တောင် အံ့သြနေမိသေးတာ''

အံ့သြခဲ့တာလား။ ဒါမှမဟုတ် တော်တော်ပွေသည့် မိန်းမတ
ယောက်အဖြစ် သတ်မှတ်ခဲ့တာလားဆိုတာ ရောင်နီကိုယ်တိုင်မှပင် သိ
ပါလိမ့်မည်။

ကျွန်မသည် ထိုစကားတွေကို ဆက်မပြောချင်တော့သော
ကြောင့် စကားလမ်းကြောင်းကို တခြားဘက်ဆီသို့ ဦးတည်ရန် ကြိုး
လိုက်၏။

''ဒါနဲ့ မင်းအမျိုးသမီးလေးရော''

''ဗျာ''





ရောင်နီ့မျက်နှာက တကယ့်ကို အထူးအဆန်း စကားတစ်လုံး
ကြားလိုက်ရသည့်သူလို အံ့သြတကြီး ဖြစ်သွား၏။ ကျွန်မလည်း
ယ့်စကား ဘာမှားသွားလဲဟု ခပ်မြန်မြန်စဉ်းစားလိုက်ရသည်။

ဟင့်အင်း ကျွန်မ ဘာမှမမှားပါဘူး။ ကျွန်မကိုယ်တိုင် အဲဒီ
ကောင်မလေးကို သူ့အိမ်မှာ မြင်တွေ့ခဲ့ရတာ မဟုတ်လား။ ဒါပေမဲ့
နီးပါလို့ ကျွန်မကို မိတ်ဆက်ပေးထားခြင်းတော့ မရှိဘူးပေါ့လေ။

''မဝေးဝေး ဘာကိုပြောချင်တာလဲ မသိဘူး''

''ဟိုတစ်နေ့က မင်းနဲ့တူတူ တွေ့ခဲ့ရတဲ့ ကောင်မလေးကို
တာပါ''

''သြော် သြော် သိပြီ၊ အစ်မက နိုင်လေးကို ပြောတာနဲ့တူ
ယ်''

''အင်း အင်း မှတ်မှာပေါ့''

ကျွန်မ သိလိုက်ပါပြီ။ ကျွန်မဘက်က ထင်နေခဲ့တာတွေက
ကြီးအကျယ်ကို မှားယွင်းနေခဲ့ပြီ ဆိုတာကိုပေါ့။

''သူက ကျွန်တော့အမျိုးသမီးတော့ မဟုတ်ပါဘူး၊ အင်း
ယ်လိုပြောရမလဲ''

သူက စဉ်းစားဟန် ပြုလိုက်သေး၏။

''အဲ ကျွန်တော့်ရည်စားလို့ ပြောရင်တော့ရတယ်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဘယ်လိုပဲဖြစ်ဖြစ် မင်းရည်းစားဆိုတာ မင်းယ

ထပ်ရမှာပဲ မဟုတ်လား"

ကျွန်မ စကားကြောင့် သူ့ ခေါင်းကုတ်သည်။ နောက်ဆေ

ကျွန်မ အံ့အားသင့်သွားစေမည့် အဖြေမျိုးကို သူ ပေးပါသည်။

"လက်မထပ်ပါဘူး။ ကျွန်တော်သူ့ကို လက်ထပ်မှာမဟုတ်ပါ

ကျွန်တော် လက်ထပ်လောက်တဲ့ မိန်းမမျိုးမရှိသေးဘူး၊ ဘာဖြစ်လို့

ဆိုတော့ ကျွန်တော် ဘယ်သူ့ကိုမှ မချစ်ခဲ့သေးလို့ဘဲ"

"ဪ ဒီလိုလား။ ဟုတ်ပါပြီကွာ ငါ အထင်မှားမိတာ ဆော

ပါ"

ကျွန်မသည် သူ့ကို ခပ်လျှမ်းလျှမ်းသာ ဆောရီးပြောလိုက်

"ဒါနဲ့ မင်းကငါတို့ထက် ငယ်တယ်နော်၊ ငါကတော့ ဗိုက်

နေသလိုပဲ"

"ကျွန်တော့်အသက် နှစ်ဆယ့်တစ်နှစ်မှာ ရည်းစားပေ

လေးဆယ်လောက် ထားဖူးတယ်ဆိုရင် မဝေးဝေး ယုံမှာလား"

"ဟင်"

ကျွန်မ တကယ်ကို မျက်လုံးပြူးသွားခြင်းပါ။ ဒီကောင်လေ

ဘယ်လိုနှိုးပါလိမ့်။ မိန်းမတွေကို သူက ကစားစရာ အရုပ်လေးတစ်

များ ထင်မှတ်နေလေသလား။





"မင်းတော်တော်ဆိုးတာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါ ကျွန်တော် တစ်ယောက်တည်း

ကြောင့်တော့မဟုတ်ဘူး၊ ကျွန်တော့်ကို ပြန်ကြိုက်ကြတဲ့ မိန်းကလေးတွေ

ကိုယ်တိုင်က ကျွန်တော် ရည်စားများတာကို သိလျက်သားနဲ့ ပြန်ပြန်

ကြိုက်ကြတာ၊ အဲဒီတော့ ဘယ်သူ့မှာ ပိုအပြစ်ရှိတယ်လို့ အစ်မထင်လဲ"

"ဒါကတော့ မင်းက မိန်းကလေးတွေကို ဘယ်လိုနည်းတွေနဲ့

သွားမြူဆွယ်လည်းမှ မသိတာ"

ကျွန်မရဲ့ ရန်စကားကြောင့် သူက စိတ်မဆိုးသည့်အပြင် ခွက်

ထိုးခွက်လန်ပင် ရယ်မောလိုက်သေး၏။

"အစ်မရယ် မိန်းမလေးထုဘက်က ရပ်တည်ပေးချင်ရင်လည်း

ကျွန်တော့်ကိုတော့ အပြစ်တွေအားလုံး ပုံမချလိုက်နဲ့ဗျာ၊ ဟား ဟား

အစ်မက တော်တော် ကိုယ်ချင်းစာပေးတတ်တာပဲနော်"

"ဟုတ်တယ် မင်းစဉ်းစားကြည့်လေ ငါ့ချစ်သူဟာ ငါ့နောက်

ကွယ်မှာ အဲလိုမျိုး မဟုတ်ကဟုတ်ကတွေ ပြောပြီး ဖောက်ပြန်နေမယ်

ဆိုရင် ငါဘယ်လောက်တောင် ရင်ကျိုးရမလဲ၊ ငါသေမှာ"

"ဒါဆို အစ်မ ပြောနေတဲ့ပုံက အစ်မကကျတော့ တစ်ခါမှ

မဖောက်ပြန်ခဲ့ဖူးပါဘူးပေါ့"

"ဟာ သိပ်သေချာတာပေါ့၊ သူရိုယနဲ့ငါ ဇာတ်လမ်းဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



လည်း သုတ မရှိခင် အရင်ကကိစ္စ သုတကို စချစ်ခဲ့မိတဲ့ အချိန်ကစပြီး ငါဘယ်ယောက်ျားကိုမှ စေ့စေ့တောင် ကြည့်ခဲ့တာ မဟုတ်ဘူး''

''ဒါဆို ကျွန်တော့်ကိုရော စေ့စေ့မကြည့်ဘူးပေါ့ ဟုတ်လား''

အဲဒီလို ပြောလိုက်တော့မှပဲ ကျွန်မက ရောင်နီမျက်လုံးတွေကို တည့်တည့်စိုက်ကြည့်လိုက်မိခြင်း ဖြစ်သည်။ အလွန်ကို ရူးရူးတောက်ပ သော မျက်လုံးတွေပါပဲ။

ဖေသုတရဲ့ မျက်လုံးတွေက အမြဲလိုလို ထက်ထက်မြက်မြက်နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သေချာလွန်းသော လေးနက်သည့် မျက်လုံးတွေ ဖြစ်သည်။ ဒီကောင်လေးရဲ့ မျက်လုံးတွေကတော့ သူ့ကိုရင်ဆိုင်ကြည့်မိ သူအား အကြည့်ပြန်မစ္စဲချင်လောက်အောင် ဆွဲငင်တတ်လွန်းသည့် မျက်လုံးတောက်တောက်လေးတွေပါပဲ။

ကျွန်မ ချက်ချင်းပင် သူ့ထံမှ အကြည့်လွှဲပစ်လိုက်၏။ ကျွန်မရဲ့ ထိုအဖြစ်ကို သတိထားမိသွားဟန်ရှိသော သူက ခေါင်းကိုမော့လှန်က ရယ်မောလိုက်ချိန်မှာတော့ ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် တိုးတိတ်စွာ ဆဲရေးလိုက်မိတော့၏။

■ ■ ■

မေသူက ကျွန်မ၏ ရေးလက်စ စာကြမ်းတစ်ခုအား ဖတ်နေ ရင်းနှင့်မှ ခေါက်ဆွဲပြုတ်ရန် ပြင်ဆင်နေသော ကျွန်မနားသို့ အပြေး





လေး ရောက်လာပြီး

''ငါ နင့်စာမူထဲက ပြောင်းလဲမှုကို ရှာတွေ့ပြီ ဝေး''

''ဟွန် ဘာများပါလိမ့်၊ ပြောစမ်းပါဦး''

မေသူသည် ကျွန်မအတွက်တော့ စာဖတ်ပရိသတ်ဆိုလည်း ဟုတ်၊ ဝေဖန်ရေးသမားဆိုလည်း ဟုတ်သည်။ သူနှင့်ကျွန်မတို့ သင်တန်း စ်ခုမှ စတင်ပြီး ရင်းနှီးခင်မင်ခဲ့ကြတာ တစ်နှစ်လောက်ပဲ ရှိသေးပေမယ့် ဟာ ကျွန်မလို နာမည်မကြီးသေးသည့် စာရေးဆရာတစ်ယောက်အ က် အမာခံပရိသတ်တစ်ယောက် ဖြစ်ခဲ့သည်။

''နင်အရင်က ရေးတဲ့ဝတ္ထုတွေဆို တစ်ဖက်သတ်တွေ သိပ်များ သလိုပဲ၊ ဒါပေမဲ့ ခုနောက်ပိုင်းတော့ ချစ်သူနှစ်ဦး ပြဿနာတက် တွေ သိပ်များလာပြီ''

''အဲဒီတော့ နင်ပြောချင်တာက''

''နင်ရေးလိုက်တဲ့ စာတွေက နင့်စိတ်ခံစားချက်ကို လုံးဝထင် ပ်ပြနေတယ်''

''အဲဒီတော့''

''အဲဒီတော့ နင့်ကို ခန့်မှန်းရလွယ်တာပေါ့''

''အဲဒါ မကောင်းဘူးလား''

''နင်က ကောင်းတယ် ထင်လို့လား''



www.burmeseclassic.com

"နောက်တာပါဟာ နင်လည်း ငါ့အကြောင်းကို သိသင့်သ
လောက်တော့ သိမှာပေါ့၊ ငါက လက်ရှိခံစားနေရတဲ့ အဖြစ်အပျ
တွေအပေါ်မှာပိုပြီး ရှာန်ဝင်တယ်လေ၊ အဲဒီတော့ ရေးရတာ ပို
ရောက်တာပေါ့"

"ဒါဆို နင့်စာတွေဖတ်ပြီး ငါတော့ နင့်ခံစားချက်တွေကို သိ
တော့မှာပဲပေါ့ ဟင်း ဟင်း"

"အေးပေါ့ဟာ ငါဝမ်းနည်းနေရင်လည်း ငါ့ကို နှစ်သိမ့်ပေးပေါ့"

"ဘာလဲ နင်က ဝမ်းနည်းနေလို့လား"

ကျွန်မက ခေါက်ဆွဲပြုတ်များကို ပန်းကန်နှစ်ခုထဲသို့ ခွဲထည့်
လိုက်ပြီး မေသူ့ကို တစ်ပန်းကန် ကမ်းပေးလိုက်သည်။

"ဟဲ့ ငါမေးတာ ဖြေဦးလေ"

ကျွန်မက သူမ မေးခွန်းကို မသိကျိုးကျွံပြုပြီး ထွက်လာ
သောကြောင့် နောက်ကနေ ထပ်ချပ်မကွာ လိုက်လာပြီး ကျွန်မမျက်
ကို မရအရကြည့်ကာ မေးနေသေး၏။

ကျွန်မ မပြောပြချင်တော့ပါ။ ဖေသုတနဲ့ ပတ်သက်ပြီး ကျွ
နာကျင်နေရတာတွေကို အသစ်တွေထပ်ဖြစ်လာအောင်လို့ ကျွန်မ မ
ချင်တော့ပါ။

"နင် တစ်ခုခုတော့ ဖြစ်နေတဲ့ပုံပါပဲ ဝေးရယ်၊ ငါနဲ့ မတွေ့ဖြ







းလလောက်အတွင်းမှာ နင်ဘာတွေ ဖြစ်ကုန်တာလဲ၊ ငါကတော့ နင်
ခိုင်ယမဟုတ်တဲ့ တခြားတစ်ယောက်နဲ့ ချစ်သူတွေ ဖြစ်နေတယ်ဆိုတာ
လောက်ပဲ သိတာလေ၊ ဘာလဲ နင့်လူက နင့်ဝတ္ထုထဲကလို အဲ့ဩကြီးကြီး
စားမျိုးလား"

ကျွန်မ သက်ပြင်းကိုသာ ချပစ်လိုက်၏။ ကျွန်မ့ တကယ်ကို
ပြောချင်တော့ပါ။ ခုဆို သူဆီသို့ ကျွန်မလိုက်သွားပြီးသည့် ညတည်းက
ယ်မတွေ့ရသေးတာ တစ်ပတ်တိတိ ရှိခဲ့ပြီ။ ကံကြမ္မာက ကျွန်မကို
ခတ်သည်ဆိုလျှင်လည်း ဒီလောက်ထိတော့ မဖြစ်သင့်ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မသူ့ကို တကယ်ပဲ ချစ်ခဲ့မိပြီးပြီလေ။
သို့ အချိန်ကျမှ သူနဲ့ဝေးကွာရမည့် ဘယ်လိုအပြစ်ဒဏ်မျိုးကိုမှ ကျွန်မ
လိုချင်တော့ပါ။

"ဟဲ့ ဖြေလေဟာ၊ နင့်လူကြီးက တစ်ကိုယ်ကောင်းဆန်တတ်တဲ့
လားလို့"

"နင်ဘာလို့ အဲလို ပြောတာလဲ"

"နင်ပဲ ရေးထားတာလေ၊ သူ့အလုပ်တွေ သူ့မိသားစု ကိစ္စတွေ
ယ်ချင်းတွေပြီးတော့မှ ချစ်သူကို နေရာပေးတာဆို၊ သူ့သဘောမှ
သဘော၊ ချစ်သူကိုလည်း မယုယတတ်ဘူးဆို"

ကျွန်မ ရယ်မောလိုက်မိသည်။

www.burmeseclassic.com



တကယ်ကိုပဲ ကျွန်မဟာ ကျွန်မရဲ့ ခံစားချက်တွေကို စာအုပ်ထဲမှာ ဇာတ်ရေးခဲ့မိတာပါလား။ ကျွန်မသည် အကဲခတ်ရလွယ်သည့် မိန်းမတစ်ယောက်သာ ဖြစ်၏။

"စာအုပ်က အခုမှအစပဲ ရှိသေးတယ်၊ ကာရိုက်တာတွေ တော်တော်ပေါ်နေပြီလား"

"ဒါပေါ့ မင်းသားရဲ့ ကာရိုက်တာက ထင်းခနဲ ပေါ်နေတာ မင်းသမီး ကာရိုက်တာကတော့ ဖတ်နေစရာတောင် မလိုပါဘူး၊ သိပ်သနား သားလေ၊ တွေဝေတယ်၊ အပြင်ပန်းက မာကျောပြီး ပျော်ပျော်နေတယ် တယ်လို့ ထင်ရပေမယ့် သူကအမြဲအားငယ်နေတတ်တာ၊ ကဗျာဆန်ဆန် တယ် ယုယမှုကိုလိုချင်တယ်၊ ကိုယ့်ကို ဂရုစိုက်ရင်ကျေနပ်တယ်၊ အဲဒီ အနားမှာပဲ ကလေးတစ်ယောက်လို ကပ်နေချင်တယ်၊ တကယ်တော့ ဇာတ်ကောင်မင်းသမီးက အထီးကျန်နေခဲ့တာပါ"

ကျွန်မသည် မေသူ့ကို ကျွန်မရဲ့ထုံးစံအတိုင်း တွေတွေ ငေးကြည့်လိုက်မိသည်။ မေသူဟာ သိပ်ကိုတော်သည့် ဝေဖန်ရေးသမား တစ်ယောက်ပါ။

■ ■ ■

ဒီနေ့လယ်ကတော့ ရန်ကုန်ဆောင်းတွေရဲ့ ထုံးစံအတိုင်း နေရောင် ခြစ်ခြစ်တောက် ပူနေသည့်ကြားက ကျွန်မသိပ်ကို ပျော်ရွှင်ခဲ့ရသည့် နေ့လယ်ခင်းလေးတစ်ခုသာ ဖြစ်ခဲ့သည်။





နေ့လယ်နေ့ခင်း တစ်ရေးတစ်မော အိပ်တတ်သည့် အကျင့်အတိုင်း အိပ်မောကျနေခဲ့သော ကျွန်မနားထဲသို့ တံခါးခေါက်သံ ခပ်တိုးတိုးသံက အဆက်မပြတ် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ပထမတော့ ကျွန်မသည် အိပ်မက်မက်နေတာလားဟု ထင်မှတ်နေခဲ့သေးတာဖြစ်၏။

မျက်လုံးများ ဖျတ်ခနဲ ပွင့်လာသည့်တိုင် ထိုတံခါးခေါက်သံကို ဆက်လက်ကြားနေရသောကြောင့်သာ တကယ့်အပြင်က အသံမှန်း ကျွန်မ သိခဲ့ခြင်းဖြစ်သည်။

သံပန်းတံခါး၏ အခြားဖက်တွင် ရပ်နေသော လူကိုမြင်လိုက်ရချိန်မှာတော့ ကျွန်မ၏ လှုပ်ရှားမှုများအားလုံးသည် ခဏတာ ရပ်တန့်သွားသည်။

"သုတ"

"ဘာကြောင်ကြည့်နေတာလဲ၊ တံခါးဖွင့်လေ"

သူ့အသံသည် ရှုံးဆင်းလို့ အိမ်ပြန်လာသော ခင်ပွန်းတစ်ယောက်၏ ပိုင်စိုးပိုင်နင်း လေသံမျိုးစစ်စစ် ဖြစ်သည်။

"ကျွတ် တံခါးမဖွင့်တော့ဘူးလား၊ ဘာလဲ မင်းက သုတကို ခွင့်မပေးတော့ဘူးဆိုတဲ့ သဘောလား"

ကျွန်မသည် သူ့ကို ကြောင်ငေးလျက်သားကပင် လက်များက



www.burmeseclassic.com

www.burmeseclassic.com



တော့ သံပန်းတံခါးကို တစ်ဖက်သို့ ဆွဲကပ်ပေးလိုက်မိပြီး ဖြစ်သည်။

သူသည် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ပြီး လေပူတစ်ချက်ကို အားရပါးရ မှုတ်ထုတ်လိုက်သေးသည်။ နောက် တံခါးနားတွင် ဒီတိုင်းကြီးရပ်ကာ သူ့ကို ငေးကြည့်နေမိသော ကျွန်မဘက် သို့ လှည့်လိုက်ပြီး

"မင်း ဘာဖြစ်နေတာလဲ၊ ဘာလဲ သေရွာက ပြန်လာတဲ့ အ လောင်းကောင်ကြီးကို မင်းမြင်လိုက်ရလို့လား"

ကျွန်မသည် ပထမတော့ သူ့စကားကို ကြောင်တောင်တောင် ပင် ရပ်ကြည့်နားထောင်နေခဲ့သေး၏။ သို့သော် ချက်ချင်းပင် ကျွန်မ အသိစိတ်တို့သည် မူလနေရာသို့ ပြန်ရောက်ရှိလာခဲ့သည်။

"ဟုတ်တယ် ကျွန်မအတွက်တော့ ရှင်က သေရွာက ပြန်လာ လိုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သေသွားတဲ့လူတစ်ယောက်လိုပဲ ကျွန်မ ကို ဘယ်တော့မှ ပြန်ရောက်လာတော့မှာ မဟုတ်ဘူးလို့ တွေးနေမိ လေ"

သူ ဝုန်းခနဲ ထရပ်လိုက်ပြီး ကျွန်မ ရှေ့တည့်တည့်သို့ ချက် ရောက်လာခဲ့သည်။

"ဒါဆို မင်းဘဝထဲမှာ ငါမရှိတော့ဘူးလို့ မင်းပြောချင်တာလ

ကျွန်မသည် နာကျင်စွာပင် ပြုံးလိုက်မိ၏။





"သေသွားတဲ့ လူတစ်ယောက်ဟာ သူ့သဘောနဲ့သူ သေဆုံး သွားခဲ့တာပါ၊ ဒါပေမဲ့ ကျွန်ရစ်ခဲ့တဲ့လူကတော့ အဲဒီလူကို ဘယ်တော့မှ မေ့နိုင်ဘူးလေ"

သူသည် ကျွန်မဘယ်လိုမှ မထင်မှတ်ထားသော အပြုအမူတစ် ကို လုပ်လိုက်ပါသည်။ သူ့ရဲ့ သန်မာသော လက်နှစ်ဖက်နှင့် ကျွန်မ ကိုယ်ကို သူ့ရင်ခွင်တွင်းသို့ ဆွဲယူသွင်းပစ်လိုက်ခြင်းပါပဲ။

ကျွန်မသည် အဲဒီလိုမျိုး သူလုပ်လိမ့်မည်ဟု မမျှော်လင့်ခဲ့သော ကြောင့် ရင်ခုန်သံတွေ ပြောင်းဆန်သွားခဲ့ရသည်။ သူ့ကို ရုတ်တရက် တွေ့လိုက်ရသောကြောင့် အေးစက်နေခဲ့သော ကျွန်မရဲ့ ကိုယ်လုံးလေး သည်လည်း အတောင့်လိုက်ကြီး ရပ်နေမိရာမှ အလိုက်သင့်လေး ပျော့ခွေ သွားလျက် ပါးပြင်ပေါ်သို့ မျက်ရည်စများ စီးဆင်းသွားသည်။

ကျွန်မသူ့ကို ပြန်လည် ထွေးဖက်ထားလိုက်ပြီး သူ့ရင်ခွင်ကျယ် ကျယ်ကို နမ်းရှိုက်လိုက်၏။

ထိုခဏတာလေးမှာပင် ကျွန်မသည် သူ့လိုချင်တာ မှန်သမျှကို ဘာတစ်ခုမှ တောဒကမတက်ပါဘဲ လိုလိုလားလားနှင့် ပေးအပ်ပစ်လိုက်ဖို့ ဆိပ်ကို သေချာလွှန်းခဲ့ပါသည်။

"မောင် ပြန်မှာလားဟင်"

ကျွန်မသည် သူ့ရင်ခွင်ကို ခေါင်းအုံးအိပ်နေရာမှ သူ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ကာ မေးလိုက်သည်။ သူ ကျွန်မကို ပြန်မငုံ့မကြည့်ပါ။ မျက်နှာ ကြက်ကို မော့ကြည့်လျက် စီးကရက်ကို ဖွာရှိုက်နေသည်။ ခေါင်းတော တစ်ချက်ဆတ်ပြ၏။

"မပြန်ပါနဲ့လားဟင်"

သူသည် အစီခံနားသို့ ကပ်နေပြီဖြစ်သော စီးကရက်ကို အိပ်ရာ ဘေးမှ ပြာခွက်ထဲသို့ ကုန်းကာလှမ်းချေလိုက်သောကြောင့် ကျွန်မသည် လည်း သူ့ရင်ခွင်ထဲမှ လွတ်မြောက်သွား၏။ ပြန့်ကျဲကာ ရှုပ်ပွချင်နေသေး ဆံပင်ရှည်များကို စည်းနှောင်ရန် ခေါင်းစည်းကြိုးကို ရှာဖွေရပြန်သည်

"မောင် နည်းနည်းကြွကွာ၊ ကျွန်မခေါင်းစည်းကြိုးကို ဖိထား တယ်"

သူသည် ကိုယ်ကိုကြွကာ ခေါင်းစည်းကြိုးကို ကျွန်မထံသို့ ကမ်းပေးလိုက်သော်လည်း

"မစည်းပါနဲ့ကွာ၊ ချထားတာ ပိုကြည့်ကောင်းတယ်"

သူသည် ကိုယ့်ချစ်သူမိန်းကလေးအား လှပါသည်ဟု တစ်ခါ မပြောဖူးသည့် ယောက်ျားတစ်ယောက်လည်း ဖြစ်သေးသည်။ ကြည့် ကောင်းသည်ဆိုတာထက် ဘယ်တော့မှ ပိုမပြောတတ်ခဲ့သူ ဖြစ်၏။

ခေါင်းစည်းကြိုးကို ခေါင်းအုံးဘေးသို့ ပြန်ချထားလိုက်တာ ကျွန်မသည် ဆန့်ထားသော သူ့လက်မောင်းကို ခေါင်းအုံးရန် ကြိုးစား





လိုက်၏။ သူက လက်ကိုပြန်ရုပ်လိုက်သောကြောင့် ကျွန်မသည် သူ့လက် မောင်းများအစား ခေါင်းအုံးဖြူဖြူလေးပေါ်သို့သာ အိပ်စက်မိသွားပါသည်။

"အဲဒါ ဘာလုပ်တာတုန်း"

"သုတ ပြန်ရတော့မယ်လေ"

ခေါက်ခနဲ ထထိုင်လိုက်သော သူ့လက်တစ်ဖက်ကို ပြန်ဆွဲချကာ သူ့အိပ်စေလိုက်၏။ သူ့မျက်နှာကို ကျွန်မမျက်နှာနှင့် မျက်နှာချင်းဆိုင် အောင် ဆွဲယူလိုက်ပြီး

"မပြန်ပါနဲ့ဆို"

သူက ကျွန်မကို ပြုံးကြည့်လျက် နဖူးပြင်အား ဖွဖွလေး နမ်း ရှုသည်။

"အမေ့ကို ဘာမှမပြောခဲ့ရဘူး"

"ကလေးလား"

"အမေ့အတွက်တော့ သုတက ကလေးပဲပေါ့"

သူ ထထိုင်လိုက်ပြန်သည်။

ကျွန်မအနည်းငယ် မချင့်မရဲ ဖြစ်သွားမိ၏။ ကျွန်မသည် ခု ချိန်ထိ အားလုံးရဲ့နောက်ဆုံးမှာပဲ ရှိနေဆဲပါလား။

"ကျွန်မအတွက်ကိုရော ရင်ထည့်စဉ်းစားပေးဖူးလားဟင်"

ကျွန်မကို နောက်ကျောပေးကာ အင်္ကျီကြယ်သီး တပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူ့လှုပ်ရှားမှုများ ခဏတာ ရပ်တန့်သွားသည်။ သူ ကျွန်မကို ခပ်စွေစွေ လှည့်ကြည့်လိုက်၏။ သူ့မျက်နှာကို သေချာမမြင်ရသော်လည်း သူ့အကြည့် များကိုတော့ ကျွန်မ နားလည်ပါသည်။

မသိတတ်ရန်ကော ဟူသော အကြည့်မျိုးတွေ။

"မင်းနဲ့ချစ်နေမှန်းကိုသာ သုတအိမ်က သိသွားရင် ဘယ် လောက်တောင် မိုးမီးလောင်လိုက်မလဲ ဆိုတာကို မင်းသိလား၊ အဲဒီလို အခက်အခဲတွေ ကြားထဲကနေ ငါ မင်းဆီကို ပြန်လာခဲ့တာ"

"နေစမ်းပါဦး မောင်ရဲ့၊ ကျွန်မက ဘာဖြစ်နေလို့လဲ"

"မင်းလို အနုပညာသမားတစ်ယောက် အထူးသဖြင့် စာရေး ဆရာတစ်ယောက်ကို သုတတို့ မိသားစုတွေက ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး။ ပြီးတော့ အမေက တစ်ယောက်တည်းနေတဲ့ မိန်းကလေးတွေ ကို သိပ်သဘောမကျတတ်ဘူးလေ"

"ဘာရယ် ဘယ်လို ဘယ်လို"

သူ့မိသားစုဟာ သူ့လိုပဲ အတ္တကြီးကြီးတွေ ဖြစ်နေလိမ့်မည်လို့ ဘာလို့များ ကျွန်မ ကြိုတွေးမထားခဲ့မိတာပါလိမ့်။ အင်းလေ ခုမှတော့ ဘာကိုမှလည်း မအံ့ဩချင်တော့ပါ။

"သုတ ပြန်တော့မယ်"

သူသည် မတ်တပ်ရပ်လျက် အကျီကိုတွန့်မနေစေရန် အောက်





ကသို့ ဆွဲချလိုက်ပြီး နှုတ်ဆက်၏။

"ကျွန်မ လိုက်ပို့မှာပေါ့ လမ်းထိပ်ထိလေ"

မွေ့ရာခြေရင်းကနေ ကျွန်မရှိရာနားထိ ပတ်လျှောက်လာပြီး ကျွန်မ ဆံပင်များကို သူ ကိုယ်တိုင် စည်းနှောင်ပေးလိုက်ကာ

"လိုက်မပို့ပါနဲ့တော့ မအိပ်ခင် ရေချိုးလိုက်ဦးနော်"

သူ့စကားလည်း နူးညံ့စွာဖြစ်စေ မာကျောစွာဖြစ်စေ တိုးတိတ် စွာဖြစ်စေ ကျွန်မအတွက်တော့ တသဝေမတိမ်း လိုက်နာရမည့် အမိန့် တစ်ခုသာဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မောင် ဒီနေ့ညစာကို အပြင်မှာစားမယ်လို့ ပြောထားတယ်နော်"

"မင်းက ဘာစားချင်လို့လဲ"

"မြေအိုးမြီးရှည် စားချင်တယ်၊ ရေကျော်ဈေးနားကလေ"

မောင်က ကျွန်မကို ကော်ဖီသောက်နေရင်းနှင့် မျက်လုံးလေး ကြည့်သည်။

"မြေအိုးမြီးရှည်က ဒီတိုင်းလည်း စားနေတာပဲကို မင်းလည်း၊ တခြားတစ်ဆိုင်ဆိုင်မှာ သွားစားကြတာပေါ့"

"ရှင့်လခကို မစားရက်ပါဘူးနော်"





"အပိုတွေ ပြောမနေနဲ့ ညကျရင် သုတ ရုံးဆင်းတဲ့အချိန် လောက် ရောင်နီ့အိမ်ကို လာခဲ့မယ်၊ မင်းလည်း လာခဲ့လေ၊ မင်းဆီကို သူကတက လာမနေတော့ဘူး၊ အချိန်လည်း တိတိကျကျလာဦး"

"ခုကျတော့ ဖြစ်သွားပြန်ပြီ"

"သုတ လာခဲ့မှာမို့လို့ပေါ့၊ မင်းတစ်ယောက်တည်းဆိုရင် မသွားနဲ့ဘူး"

"မောင်က ကျွန်မကို စိတ်မချဘူးပေါ့နော်၊ အဲဒါ ချစ်လို့ပေါ့ ဟုတ်လား"

ကျွန်မသည် မောင့်ကို မျက်လုံးလေး ထောင့်ကပ်လျက် စူးစမ်း သလို မေးလိုက်သည်။ မောင်ကတော့ ပုံမှန်ပါပဲ။ ခေါင်းညိတ်ပြ၏။

အဲဒါလေးကိုပဲ ကျွန်မမှာ အလွန်ပျော်ရွှင်စွာ ရင်ခုန်သွားခဲ့ခြင်း ဖြစ်သည်။

"ဒါဆိုလည်း ပြီးရော၊ ရှင် စောစော ပြန်လာခဲ့နော်"

တကယ်တော့ ကျွန်မရောက်သွားသည့် ညရှစ်နာရီခွဲတိတိတွင် သုတ ရောက်မလာသေးပါ။ တံခါးလာဖွင့်ပေးသူ ရောင်နီက ကျွန်မကို အံ့တသြနှင့် ကြည့်၏။ အဲဒီ အမူအရာကြောင့်ပဲ ဖေသုတ မရောက် သေးဘူးဆိုတာကို ကျွန်မ သိလိုက်ခြင်း ဖြစ်သည်။

"ဒီအချိန်ကြီး မဝေးဝေး ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူးကွာ၊ ဟိုတစ်ယောက်က ငါ့ကို မင်းအိမ်
ချိန်းထားလို့ ရောက်လာတာ၊ သူကတော့ မရောက်သေးဘူး မဟုတ်လား"

ကျွန်မ အခုတော့ ရောင်နီ့အိမ်ကို စရောက်ဖူးတုန်းကလို ရှု
ရှုန့်ဘန့် ဖြစ်မနေတော့ပါ။ အနည်းငယ် နေသားကျစွာပင် ဆိုဖာပေါ်
ဝင်ထိုင်လိုက်၏။

"မင်းကောင်မလေးရော မရှိဘူးလား"

ရောင်နီက ကျွန်မစကားထဲမှာ ရယ်စရာလည်း မပါပါဘဲနှ
ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ဘာရယ်တာတုန်း"

"အစ်မက ကျွန်တော့်အိမ်မှာ ခိုင်လေးကို အမြဲတွေ့ရလိမ့်မယ်
လို့များ ထင်နေတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး ဒီလိုပဲ မေးကြည့်တာပေါ့"

"မရှိပါဘူးဗျာ၊ သူလည်း သူ့အိမ်နဲ့သူနေတာပေါ့၊ နေ့ဘက်တွေ
ဘာတွေမှ တစ်ခါတလေလာတာပါ"

ခဏကြာတော့ ရောင်နီ ဖျော်တိုက်ထားခဲ့သည့် ကော်ဖီလည်း
ကုန်သွားခဲ့ပြီ။ သို့သော် သုတကတော့ ရောက်မလာသေးပါ။

"ဟား ဒီတစ်ယောက်ကလည်း ကြာလိုက်တာ၊ ကိုးနာရီတော
ကျော်နေပြီ"





"အင်း သူ့အလုပ်မပြီးသေးလို့ ဖြစ်မှာပေါ့ဗျ၊ ချိန်းထားတာ
သချာရင်တော့ သူလာမှာပါ"

ရောင်နီ့စကား မဆုံးသေးခင်မှာပင် တံခါးဘဲလ်သံ ထွက်ပေါ်
လာကာ ဖေသုတ ရောက်လာသည်။ ကျွန်မကိုမြင်တော့ သူ့မျက်နှာက
နည်းငယ် တည်သွား၏။ နေစမ်းပါဦး ကျွန်မက ဘာအပြစ်တွေကိုများ
ကျူးလွန်ထားမိလို့လဲ။

"မင်းဘယ်အချိန်က ရောက်တာလဲ"

လေသံက ခပ်မာမာ

"ရှစ်နာရီခွဲကပေါ့ ရှင့်အလုပ်ဆင်းချိန်လေ"

"မင်းက ရောင်နီနဲ့ နှစ်ယောက်တည်း ရှိနေတာပေါ့ ဟုတ်
လား"

ရောင်နီက သုတထံသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သလို ကျွန်မ
ည်လည်း စိတ်ထဲမှာတင်းခနဲဖြစ်သွားရ၏။

"မင်းခဏလာခဲ့ဦး"

သူသည် ပြောပြောဆိုဆို အိမ်နောက်ဖေးဘက်သို့ လှမ်းဝင်
သွား၏။ ကျွန်မသည်လည်း ရောင်နီ့ကို အားနာစွာ ပြုံးပြလျက်ပင်
သူ့နောက်ကို လိုက်ခဲ့တော့

"ရှင် ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သုတပြောတာ ဘာမှားလို့လဲ"

"ဟာ မှားတာပေါ့ ကျွန်မက ဒီကိုလာချင်လို့ လာတာမှ ဟုတ်တာ၊ ရှင်ကိုယ်တိုင်ပဲ ချိန်းထားခဲ့လို့ လာတာလေ"

"အေး ဟုတ်ပါတယ်၊ ဒါပေမဲ့ သုတ မရှိရင် မင်းပြန်ပေါ့"

"သုတ လာမလား လာမလားနဲ့ စောင့်နေတာပေါ့။ နေစမ်းပါဦး ရှင်ကရော ဘာလို့များ နောက်ကျနေရတာလဲ"

"ဟ ငါက အလုပ်ထဲမှာကွ၊ အလုပ်ဆိုတာ နောက်ကျချင် လည်း နောက်ကျနိုင်တာပဲလေ"

"အဲဒီတော့ အပြစ်ရှိတာက ဘယ်သူလဲ ပြော"

သူ သက်ပြင်းတစ်ချက် ချလိုက်၏။ မျက်နှာအနေအထား ကလည်း ချက်ချင်းပင် ပြောင်းလဲသွားသည်။

"ကဲပါ ညစာသွားစားကြရအောင်"

"ရောင်နီကိုပါ ခေါ်မှာလား"

"သူ့ကိုပါ ခေါ်မှာမို့ မင်းကိုဒီမှာ ချိန်းလိုက်တာပေါ့ကွ၊ ဟိုမှာ လည်း သားငယ်တို့ စောင့်နေကြလိမ့်မယ်"

ဒါဆို ဒီညစာက သူနဲ့ကျွန်မ နှစ်ယောက်တည်း လွတ်လပ်စွာ စားခွင့်ရမည့်ညစာ မဟုတ်ဘူးပေါ့။

"ဘယ်မှာစောင့်နေမှာလဲ"





"ကန်ပတ်လမ်းက ဆိုင်တစ်ဆိုင်မှာပေါ့"

ထိုစကားဆုံးသည်နှင့် သူသည်ခုမှ ကျွန်မကို သေချာသတိ ထားမိသည့် ပုံစံနှင့် ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး

"ဟာ မင်းပုံက အဖြစ်သေးပါဘူး၊ ဘယ်လိုဝတ်လာတာတုံး"

"ဘာဖြစ်လို့လဲ အရင်ကလည်း ဒီလိုပဲ ဝတ်နေတာပဲလေ"

ကျွန်မသည် ထုံးစံအတိုင်း တီရှပ်ခပ်ပါးပါး အရှည်ကြီးပေါ်က ခေါင်းစွပ်အနွေးထည်ကို ထပ်ဝတ်ကာ ဒူးခေါင်းထိသာရှည်သော ဘောင်း ဘီတိုနှင့်ဖြစ်သည်။

"သွား အဝတ်ပြန်သွားလဲ အပေါ်ရော အောက်ရော အားလုံး လဲခဲ့"

ကျွန်မ နည်းနည်းခံပြင်းသွားသည်။

မနက်တည်းက ဒီအစီအစဉ်တွေ ဒီလိုရှိတယ်ဆိုတာကို ကျွန်မ ကို ကြိုပြောထားရမှာပေါ့။ ခုတော့ ကျွန်မက အရင်လိုပဲ ဒီနားဟိုနား မုန့်လျှောက်စားကြမည်ဆိုသည့် အတွေးနှင့် ခါတိုင်းလိုပဲ ဝတ်စားလာခဲ့ ခြင်းဖြစ်သည်။

"မလဲဘူးဆိုရင်ရော"

ကျွန်မသည် သူ့ကို နည်းနည်းတော့ ကသိကအောက်ဖြစ်စေ ချင်မိတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မလဲရင် မခေါ်သွားဘူးပေါ့"

"ဒြော် ရှင်က ဒီလိုလား။ ကျွန်မကလည်း ရှင့်သူငယ်ချင်းတွေ ကြားထဲမှာ အရှုပ်ထုပ် အဖြစ်ခံပြီး မလိုက်ချင်ပါဘူးနော်"

"မင်း ငါ့ကို မရွဲ့နဲ့နော်"

"မရွဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မအိမ်ကို မပြန်ချင်တော့တာတော့ အမှန်ပဲ"

သို့သော် နောက်ဆုံးကျတော့လည်း ကျွန်မကပဲ အလျှော့ပေးကာ အိမ်ပြန်အဝတ်လဲခဲ့ရတာ ဖြစ်သည်။ လမ်းထိပ်တွင် ရပ်စောင့်နေသော သူတို့နှစ်ယောက်နားသို့ ကျွန်မ ရောက်ချိန်မှာ ဖေသုတာ ကျွန်မကို သေချာစိုက်ကြည့်လိုက်ပြီး ကျေနပ်သွားသယောင် ပြုံးပြသည်။

အနက်ရောက် ပျော့ပျော့အိအိ အသားပေါ်မှာ အဖြူရောင် အစက်ပိစိလေးတွေ ပါသော လည်ပင်းနားမှအိကျနေသည့် လှိုင်းတွန့်လေးတွေနှင့် အင်္ကျီကို မီးခိုးနှင့်အနက်ရောယှက်ကာ အကွက်သေးသေးစိပ်စိပ် ငွေ့လေးများနှင့် ဒီဇိုင်းဖော်ထားသော မီနီစကတ်နှင့် တွဲဖက်ဝတ်ဆင်ခဲ့သည်။ ဖိနပ်ကတော့ သူ့အကြိုက် သည်းကြိုးအကြည်ရောင်ပေါ်မှာ ကျောက်ပန်းပွင့်ကြီးပါသော အဖြူရောင်အပါးလေး ဖြစ်သည်။ သူသည် ဒေါက်မြင့်ဖိနပ်တွေကို မနှစ်သက်သူတစ်ယောက်လည်း ဖြစ်၏။

"အဲဒီလို လုပ်စမ်းပါကွာ၊ ဖေသုတာရဲ့ ချစ်သူဆိုပြီး မိတ်ဆက်ပေးနိုင်အောင် လုပ်စမ်းပါ၊ ဒါနဲ့ တစ်ခုတော့ ကြိုမှာထားမယ်နော်"





"ဘာလဲ ရှင့်သူငယ်ချင်းတွေနဲ့ တွေ့ရမှာကိုပဲ ကျွန်မမှာ သမ္မတနဲ့ တွေ့ရတော့မှာကျလို့ ပြင်လိုက်ဆင်လိုက် ရှောင်လိုက် ဘိမ်းလိုက်ရတာ"

"မင်း သူတို့ရှေ့မှာ အော်ကြီးဟစ်ကျယ် မရယ်မိဖို့ပါကွာ"

ကျွန်မသည် အဲဒီလို သူပြောလိုက်လို့ပင် ရယ်မောလိုက်မိတာဖြစ်၏။

ကျွန်မရယ်သံက နည်းနည်းလေးမှ မိန်းမဆန်တာတော့ ကိုယ့်ဘာသာလည်း သိပါသည်။ ကျွန်မမှာ မိန်းကလေးတစ်ယောက်လို မြူစိစိနှင့်ခွင့်တပွင့် မရယ်မောတတ်ဘဲ ကျယ်လောင်စွာ ရယ်မောတတ်သော အကျင့်ဆိုးတစ်ခုတော့ ရှိ၏။

"မင်းကလေ ပြောရင်းဆိုရင်းနဲ့ကို"

"ဟုတ်ကဲ့ မရယ်တော့ပါဘူးနော် အစ်ကို၊ ကျွန်မ မရယ်တော့ဘူး။ အစ်ကို့လိုမျိုး ခပ်တည်တည်ကြီး နေပါ့မယ်"

ရယ်မောနေတာကို ချက်ချင်းပင် ရပ်ပစ်လိုက်ပြီး သူ့ကို ပြုံးနှင့်ကြည့်ကာ ပြောလိုက်တော့ သူဘာမှ ဆက်မပြောတော့ပါ။

သူတို့ ချိန်းဆိုထားသည့် ဆိုင်ကိုရောက်သည့်အခါ သူ့သူငယ်ချင်း သားငယ်တို့နှစ်ယောက်က ရောက်နှင့်နေကြပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်ကိုတော့ ဟိုတစ်ခါ မင်းလိုက်လာတုန်းက တွေ့ ထားပါတယ်၊ ဒီဘက်ကတစ်ယောက်က ကောင်းကောင်းတဲ့ သူတို့အား ကတော့ မင်းကို သိကြပါတယ်"

ကျွန်မ မမြင်ဖူးတဲ့ သားငယ်ဘေးက သူငယ်ချင်းနှင့် မိတ်ဆက် ပေးပြီးတော့ သူကပဲ အရင် စားစရာသောက်စရာများ မှာလိုက်သည်။

"ဘဲကင်တစ်ကောင်နဲ့ ငါးမုန့်ကြော်တစ်ပွဲ အရင်ချဦး၊ မင်းရော ဘာစားမလဲ"

ဟင့်အင်း ကျွန်မက ဒီလို ဆိုင်ကြီးအကြီးကြီးထဲ ရှင့်သူငယ် ချင်းတွေရှေ့မှာ အလုစားချင်တာ မဟုတ်ဘူး။ လမ်းဘေးမှာ ပကာသ တွေ မပါဘဲ အားရပါးရ စားချင်တာ။

"ကျွန်မ မစားချင်ဘူး"

"အာ မစားချင်လို့ မရဘူးလေ၊ မင်းကို မနက်တည်း ညစာတူတူ စားမယ်လို့ ပြောပြီးပြီပဲ၊ တစ်ခုခုတော့ စားရမယ်၊ သူတ သူငယ်ချင်းတွေရှေ့မှာ အရှက်ကွဲအောင် မလုပ်နဲ့နော်"

အသံခပ်အုပ်အုပ်နှင့် ကျွန်မဘက်သို့ ကိုယ်ကိုကိုင်းကာ လိုက်သော သူ့ကြောင့်ပင် ကျွန်မမှာ ပုဇွန်တန်ပူရာတစ်ပွဲ မှာလိုက်ရ သူတို့ကတော့ ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက်။

"မောင် ပြန်ကြရအောင်"





ကျွန်မအသံက အားလုံးကြားလောက်ရုံ ဆိုသော်လည်း သူက ကျွန်မအား မလိုတမာသလို လှမ်းကြည့်လိုက်သည်။ ဘာလို့များလဲဆိုတာ ကို ကျွန်မ စဉ်းစားလို့ မရခင်မှာဘဲ သားငယ်က သူ့ကို ပြုံးစိစိနှင့်ကြည့်

"ဟော့ကောင် သူတ မင်းက ကောင်းစားနေတာပါလား၊ မောင် ဘာတွေ အခေါ်ခံရလို့"

"မသိပါဘူးကွာ၊ ငါ ခေါ်ခိုင်းတာလည်း မဟုတ်ပါဘူး၊ သူ့ဘာ ခေါ်တာပဲ"

"အဲဒါ မင်းက နားမယဉ်လို့ပါကွာ၊ ရောင်နီတို့များဆိုရင် မှတ် ထဲက နာမည်ကိုတောင် မောင်လို့ပြောင်းရတော့မယ့် အခြေအနေ သူက ဟိုကောင်မလေးနဲ့တွေ့လည်း မောင် ဒီကောင်မလေးနဲ့ တွေ့ လည်းမောင် ဟုတ်နေတာပဲကွာ"

သားငယ်က သူ့စကားကိုသူ သဘောကျသလိုနှင့် ရယ်မော ပြန်သည်။ ရောင်နီကတော့ သဘောကျနေတာလား ကျေနပ်နေတာ မကွဲပြားသော အပြုံးမျိုးဖြင့် ပြုံးနေသည်။

ဒါပေမဲ့ ကျွန်မကတော့ စိတ်ထဲမှာ နည်းနည်းမှ မကျေနပ်နိုင်ပါ မေသုတကိုသာ စိုက်ကြည့်နေမိသည်။ သူလည်း ရိပ်မိမှာပါ။ သူ့ကို ကျွန်မ တင်းသွားပြီဆိုတာလေ။ အားလုံးကို နှုတ်ဆက်ပြီး ထပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့မှ

"ရှင်ဘယ်လိုပြောလိုက်တာလဲ"

"ဘာကိုလဲ"

"မသိချင်ယောင်ဆောင်မနေနဲ့ ရှင်ကျတော့ ရှင့်သူငယ်ချင်းအေ
ရှေ့မှာ ရှင့်ကို အရှက်မခွဲနဲ့လို့ ပြောပြီး ကျွန်မကိုတော့ ဘာလို့ အရှက်
တာလဲ"

"မင်းက သူတို့ရှေ့ကြီးမှာ သုတကို မောင်လို့ခေါ်တာကိုးကွ"

"အဲဒါ ဘာဖြစ်လဲ၊ ကိုယ့်ချစ်သူကိုယ်ခေါ်တာပဲဟာ"

"နှစ်ယောက်တည်းကျမှခေါ်ပါလို့ မင်းကို မပြောထားဘူးလား"

ကျွန်မ သူ့ကို ဘာမှမပြောချင်တော့ပါ။

သူ့ကို ကိစ္စတိုင်းနဲ့ ပတ်သက်ပြီး နားလည်ပေးဖို့ရာ ကျွန်
ကြိုးစားပါသော်လည်း သူ ကိုယ်တိုင်ကတော့ ရှုပ်သည်ထက်ရှုပ်အော
လုပ်နေခဲ့သည်။ သူများတကာတွေ ပေါ့ပေါ့ပါးပါး လုပ်လာခဲ့သော အ
တွေကလည်း သူ့ဆီရောက်ရင် အကြီးကြီးတွေ ဖြစ်ကုန်တတ်၏။

ကျွန်မ သူ့ကို နားမလည်နိုင်တော့ပါ။

"အခု ဘယ်ကိုဆက်သွားဦးမှာလဲ"

"သူတို့ သုံးကောင်က ကလပ်သွားမလို့တဲ့၊ ပြောနေတာ
ကြားဘူးလား"





"ရှင် လိုက်မသွားရပါဘူး၊ ကိုယ့်ပုံကိုယ်လည်း ပြန်ကြည့်ဦး၊
ညကတုံးအဖြူနဲ့ ပုဆိုးနဲ့"

"အဲဒီပုံနဲ့ ကလပ်မသွားရဘူးလို့ ဘယ်သူက ပြောလို့လဲ"

"မသိဘူး မသိဘူး၊ မသွားရဘူးဆို မသွားရဘူးဘဲ"

ကျွန်မသည် ကလေးတစ်ယောက်ကို ခြေဆောင့်လျက် နှုတ်ခမ်း
ဆိုက်မိသည်။

"မသွားပါဘူးကွာ၊ သုတက အိမ်ပြန်ရမှာလေ"

"သိပါတယ်၊ အမေကို ပြောမလာခဲ့ဘူး မဟုတ်လား၊ ခုကျတော့
ည်း အဲဒါက ခပ်ကောင်းကောင်းပဲနော်"

တက္ကစီက အတော်လေး ရှားသွားပြီမို့ အချိန်တော်တော်ကြာ
အောင် စောင့်ယူလိုက်ရသည်။ ကားပေါ်တက်ခါနီးမှာ ကျွန်မနားနားသို့
က ခပ်တိုးတိုး ပြောလိုက်သေး၏။ 'တက္ကစီသမားကို သတိထားနော်'

သူ ကျွန်မကို ဂရုစိုက်တာလား၊ ဂရုမစိုက်တာလား ဆိုတာ
ည်း ကျွန်မ မဝေခွဲတတ်တော့ပါ။ ဒါပေမဲ့ ကျွန်မ ယုံကြည်နေပါ
သည်။ သူ ကျွန်မကို ချစ်တယ်လို့ပေါ့။

တက္ကစီပေါ်က ဆင်းလိုက်ပြီး သော့ခတ်ထားသော လှေကားတံ
ကို ဖွင့်နေစဉ်မှာပင် ဘေးနားမှ အရိပ်တစ်ခုပေါ်လာသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား မော့ကြည့်လိုက်မိသည်။

"ဟဲ့ သူရိယ"

"နင်ဘယ်တွေ လျှောက်သွားနေတာလဲ ဝေး"

သူ့လေသံရော မျက်နှာပါ မာကြောနေသည်။ ညာလက်တွင် ပတ်ထားသော နာရီကို ကျွန်မ မျက်နှာရှေ့ထိုးပြကာ ဒေါသတကြီး မေးနေသော သူ့ကို ကျွန်မ ကြာကြာရင်မဆိုင်ချင်ပါ။

"နင်ဘာကိစ္စရှိလို့လဲ"

"ငါ နင့်ကို ထိုင်စောင့်နေတာ ကြာလှပြီ"

"အပေါ်လိုက်မလို့လား"

သူ ကျွန်မနောက်မှ ကပ်ပါလာ၏။

"ဘာကိစ္စလဲဟ"

"ငါ အကူအညီတစ်ခု တောင်းချင်လို့"

"ဘာလဲ"

သူ့မျက်နှာက အားတုံ့အားနာ ဖြစ်နေဟန်။

"နင်ငါ့ဆီက ပိုက်ဆံချေးမလို့လား"

သူ ကျွန်မကို မော့ကြည့်လိုက်သည်။ ပြီးမှ ခေါင်းကို ခါပစ်လိုက် ရင်း

"နင် ဖေသုတဆီက ပြန်လာတာလား"





"အေး အဲဒါ ဘာဖြစ်လို့လဲ"

"နင်ဘာတွေလျှောက်လုပ်နေတာလဲ ဝေးရယ်"

"ငါ"

"နင်ငါ့ကို ပြောပြစမ်းပါ၊ ဘာတွေလျှောက်လုပ်နေတာလဲလို့"

ကျွန်မသည် ရုတ်တရက် သူရိယကို မျက်နှာချင်းမဆိုင်ချင် သောကြောင့် ကုလားထိုင်ပေါ်တွင် ခပ်မြန်မြန်ထိုင်ချ ပစ်လိုက်ရ၏။

"ငါဘာမှမလုပ်ပါဘူး"

"နင့်ကို မိန်းကလေး ပီသစေချင်တယ်၊ မိန်းကလေး တစ်ယောက်နေရမယ့် ပုံစံမျိုးလေးတွေနဲ့ မြင်ချင်တယ်"

"အခုငါက ဘာဖြစ်နေလို့လဲ"

"နင့်ကို ပတ်ဝန်းကျင်မှာ ဘာတွေပြောနေကြလဲဆိုတာ နင်သိရဲ့ လား"

ဟင့်အင်း ငါမသိဘူး ဆို သိလည်းမသိချင်ပါဘူးလေ။ ကျွန်မ သူရိယမျက်နှာကို ငေးကြည့်လျက် နှုတ်ဆိတ်နေမိသည်။

"လူတွေက တစ်ယောက်တည်းနေတဲ့ မိန်းကလေးတွေ၊ အဆောင်မှာနေတဲ့ မိန်းကလေးတွေ၊ အလုပ်ပြင်ဆိုင်က မိန်းကလေးတွေဆို ရင် အထင်မကြီးတတ်ကြတာ နင်သိမှာပါ"

"အေးလေ အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူရိယ ဘာဆက်ပြောလာမည်ဆိုတာ ကျွန်မသိ ပါသည်။ ဒါပေမဲ့ ကျွန်မ မသိချင်ယောင်သာ ဆောင်နေလိုက်၏။

"အဲဒီတော့ နင့်ဘက်က အနေအထိုင်တွေကို ဆင်ခြင်သင့် တာပေ့ါ။ ဖေသုတက ခုဆိုနင့်အိမ်ကို အမြဲဝင်ထွက်နေတယ် မဟုတ်လား"

"နင်ပြောချင်တာကို ငါနားလည်တယ်၊ ဒါပေမဲ့ ငါက ပတ်ဝန်း ကျင်ကို ဂရုမစိုက်တတ်တဲ့သူဆိုတာ နင်မသိတော့ဘူးလား၊ ငါက ငါလုပ် ချင်တာကို မရရအောင်လုပ်မှာပဲ အဲဒါသေချာတယ်"

"နင့်ဂုဏ်သိက္ခာကို ထိခိုက်ခံပြီးတော့ပေ့ါ ဟုတ်လား"

ကျွန်မ သက်ပြင်းကိုသာ ခိုးချလိုက်မိ၏။

"နင့်ကိုငါ ဘယ်လိုရှင်းပြရမလဲ သူရိယရယ်၊ ငါလေ"

"နင့်ကိုကြည့်ရတာ အရင်ကနဲ့ နည်းနည်းမှ မတူတော့ဘူး အရင်က နင်က လုပ်ချင်တာ ပြောချင်တာရှိရင် ရဲရဲဝံ့ဝံ့နဲ့ လုပ်တတ်တယ် ပြောတတ်တယ်၊ ဒါပေမဲ့ စည်းလွတ်ဝါးလွတ်တော့ မဟုတ်ဘူးလေ၊ ခုတော့ ဟာ"

"ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ငါ ဘယ်လိုမှ ရုန်းမထွက်နိုင် တော့ဘူး"

သူရိယ ကျွန်မကို ကြည့်နေသော မျက်လုံးများသည် သနား စရာ သတ္တဝါတစ်ကောင်အား မကယ်တင်နိုင်တော့၍ လက်မှိုင်ချလိုက်





သော အကြည့်မျိုးဖြစ်သည်။

"အေးလေ တကယ်တော့ နင့်ဘဝနဲ့နင်ပါ၊ ငါက နင့်သူငယ်ချင်း တစ်ယောက်အနေနဲ့ သတိပေးရုံသက်သက်ပါပဲ"

"ကျေးဇူးတင်ပါတယ်"

ကျွန်မ ပြောနိုင်တာ ဒီစကားပါပဲ။ ဒီထက်ပိုပြီး ကျွန်မမှာ ပြောစရာ မရှိပါ။ ဘာကိုမှလည်း ပြင်ဆင်မထားခဲ့ပါ။

ကျွန်မသည်လည်း ပတ်ဝန်းကျင်က ဘာတွေဘယ်လို ပြောနေ ပါစေ ဖေသုတနှင့် ပတ်သက်လာလျှင်တော့ သူသာ ကျေနပ်သည်ဆိုလျှင် ဘာကိုမှ ပြုပြင်ပြောင်းလဲဖို့ အစီအစဉ် မရှိသူဖြစ်သည်။

■ ■ ■

"မမ"

မှန့်ဟင်းခါး ထိုင်စားနေသော ကျွန်မ နားနားသို့ကပ်ကာ ခပ် တိုးတိုးလေး ခေါ်လိုက်သံကြောင့် အလွန်လန့်သွားလျက် လှည့်ကြည့်လိုက် မိသည်။

"ရောင်နီ"

"မမ တစ်ယောက်တည်းလား"

"အေး မင်းက ဘာလာလုပ်တာတုံး"

"မနက်စာ လာဝယ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်စာလေးပဲဟာ၊ ဆိုင်မှ ထိုင်စားလိုက်ပြီးရော"

"ဩော် ဟုတ်သားပဲ၊ မမမှ မသိတာ၊ ညက ဟိုကောင်တွေ ကျွန်တော့်အိမ်မှာ လိုက်အိပ်ကြတယ်ဗျ"

"ဟော ဟုတ်လား"

စားလက်စ မုန့်ဟင်းခါးကို ဆက်မသွင်းနိုင်တော့ဘဲ ကျွန်မ အံ့ဩသွားရသည်။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချပြီးသား ဖြစ်သွား

"သူ နိုးပြီလား"

"ဟင့်အင်း မနိုးသေးဘူး"

"ငါ လိုက်ခဲ့လို့ ရတယ်မဟုတ်လား"

ကျွန်မ ရောင်နီ့အိမ်ထဲသို့ ဝင်လိုက်သည်နှင့် တုံးလုံးပက်လက် အိပ်ပျော်နေကြသော ယောကျ်ားသုံးယောက်၊ အုတ်နံရံနားကပ်ကာ နှ နှစ်ခြိုက်ခြိုက် အိပ်နေဆဲဖြစ်သော သူတနားသို့ ကျွန်မ တိုးကပ်သွား ကာ ထိုင်ချလိုက်၏။

ကျွန်မ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ကျွန်မနှင့်တူ ရှိနေဖို့အတွက်ကျတော့ သူ့အမေ၏ ခွင့်ပြုချက်မရှိ၍ မဖြစ်နိုင်ပါဘူး ငြင်းဆန်ခဲ့သော ယောကျ်ားတစ်ယောက်သည် ခုတော့ ...။

ကျွန်မ သူ့တင်ပါးကို လက်နှင့်တအားပုတ် နှိုးပစ်လိုက် သူ လန့်သွားကာ မျက်လုံးများ ပွင့်လာသည်။



အိပ်ချင်မူးတူး မျက်လုံးများနှင့် ဟိုဟိုဒီဒီ လှမ်းကြည့်နေပြီး ာမှ ကျွန်မကိုမြင်တော့ သူ သိပ်အံ့ဩသွားပုံနှင့်

"မင်းက ဒီကို ဘယ်လိုရောက်လာတာလဲ"

"မုန့်စားနေရင်း ရောင်နီနဲ့တွေ့လို့ ကဲ ထဦး မျက်နှာသစ် သွားတိုက်လိုက်"

ကျွန်မက အသင့်ဝယ်လာသော သွားတိုက်တံအသစ်လေးကို ထုတ်ပေးလိုက်သည်။

"အဲဒါကရော ဘယ်ကပါလာတာလဲ"

"ရောင်နီက သွားတိုက်ဆေး ကုန်နေတယ်ဆိုတာနဲ့ ရှင့်အတွက် တစ်ခါတည်း ဝယ်လာလိုက်တာလေ"

ကျွန်မ လက်ထဲမှ သွားတိုက်တံကို ယူပြီး သူ အိမ်နောက်သို့ က်သွားချိန်မှာပဲ သူ့ဘေးတွင် အိပ်နေသော သားငယ်တို့နှစ်ယောက် လာကာ ကျွန်မကိုမြင်တော့

"ဟာ မဝေးဝေး ဘယ်လိုရောက်နေတာလဲ"

"ရှင်တို့ကို လာနှိုးတာလေ"

"ဟား ဒီလိုဆိုတော့ ကျေးဇူးပါဗျာ"

"ရှင်တို့အတွက် ရောင်နီက အုန်းနို့ခေါက်ဆွဲတွေ ဝယ်ထား ယ်၊ ထစားလိုက်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ် သွားတိုက်ပြီးလျှင် သူစားဖို့ရာ အဆင်သင့်ပြ ထားသော အုန်းနို့ခေါက်ဆွဲပန်းကန်ကို သူ့ထံသို့ ကမ်းပေးလိုက်သည်

"မင်းက စောစောစီးစီး ဘယ်လိုလုပ် ရောင်နီနဲ့ တွေ့ခဲ့တာ

သူ့အသံက ထုံးစံအတိုင်း မလိုတမာစွာ။ ကျွန်မ မျက်စောင်း ပစ်လိုက်သည်။

"ကျွန်မ မုန့်ထွက်စားတာပေါ့ရှင်"

"တိုက်ပဲတိုက်ဆိုင်လွန်းတယ်"

သူနဲ့ကျွန်မ တိုးတိုးတိတ်တိတ် စကားနိုင်လုနေကြချိန်မှာ ရောင်နီ၏ ကောင်မလေး ရောက်လာကာ များပြားလှသော ကျွန်မ လူစုကိုမြင်တော့ အံ့သြသွားပုံရသည်။

"ကြည့်ရတာ ညက အားလုံးဒီမှာအိပ်ပုံရတယ်"

"တို့မပါပါဘူး"

ကျွန်မသည် အဲလိုမျိုး အထင်ခံရတာကို မနှစ်သက်စွာ ချက်ချင်း ငြင်းပယ်ပစ်လိုက်၏။

ကောင်မလေးမျက်နှာ နည်းနည်းပျက်သွားသည်။

"ဟုတ်တယ် ခိုင်လေးရဲ့ မဝေးဝေးက မောင်နဲ့မနက် ဈေးထဲမှာတွေ့ခဲ့တာ"

"ဒီမှာ မောင်စားဖို့ လက်ဖက်ရည်နဲ့ အီကြာကွေးတွေဆော





ယ်လာခဲ့တာကို မောင်က ဘာတွေ စားထားတာလဲ"

"ဘာမှမစားရသေးပါဘူးဗျာ ခိုင်လေး လာမယ်ဆိုတာသိလို့ ဘာမှမစားသေးဘဲနဲ့ကို စောင့်နေတာပါ"

ခိုင်လေးဆိုသော ကောင်မလေးမျက်နှာက ချက်ချင်းပင် ပြုံးရွှင် သွားပြီး ရောင်နီနားတွင် ပွတ်သီးပွတ်သပ် လုပ်နေပြန်၏။

ကျွန်မနှင့်ဖေသုတသည် ချစ်သူတွေမှန်သော်လည်း ဘယ်သော အခါမှ လူရှေ့သူရှေ့တွင် အမြင်မတော်သော အမူအရာမျိုးတွေနှင့် ပွတ်သီးပွတ်သပ် မနေတတ်ခဲ့ကြပါ။ အထူးသဖြင့် ဒီလိုမျိုး ယောကျ်ား လေးတွေ အများကြီးရှေ့မှာ ဖြစ်သည်။

ကျွန်မသည် ရောင်နီတို့ နှစ်ယောက်ထံမှ အကြည့်များကို လွှဲပစ်လျက် သုတကို မျက်စပစ်ပြလိုက်၏။ သုတကတော့ ကျွန်မ၏ အမူအရာကိုကြည့်ပြီး ပြုံးနေပါသည်။

နောက်တော့ ကျွန်မကိုလက်တို့လျက် လူရှင်းသော အိမ်နောက် ဖေးဘက်သို့ ခေါ်သွားပြီး

"ဒီလိုယောကျ်ားတွေကြားထဲမှာ မင်းနေတတ်လိမ့်မယ်လို့ သုတ ထင်ထားခဲ့ဘူး"

"ညကတောင် နေခဲ့သေးတာပဲ"

"ညကဟာက စားကြသောက်ကြတာလေ၊ ခုဟာက တူမှမတူ



www.burmeseclassic.com

www.burmeseclassic.com



တာ''

''တကယ်တော့လည်း ကျွန်မ မနေတတ်ပါဘူး။ ဒါပေမဲ့ မောင်က နေတယ်လေ၊ နေပါဦး မေးပါဦးမယ် ညကအိမ်မပြန်တာကျတော့ ရှင့်အဆော ဆီက ခွင့်ပြုချက်ယူစရာ မလိုဘူးပေါ့ ဟုတ်လား''

သူ ဘာမှပြန်မဖြေပါ။ ကဲ လွမ်းဝေးဝေး နင့်ပါးစပ်လေးကို ပိတ်ပြီး ဒီတိုင်းလေးနေနေစမ်း ပြဿနာမရှာချင်စမ်းနဲ့။

ကျွန်မကိုယ်ကျွန်မ ပြန်ထိန်းချုပ်လိုက်၏။ အလကားနေရင်း သူနဲ့စကားတွေ များမနေချင်တော့ပါဘူး။

''ကဲ သုတတို့ ပြန်ကြတော့မလား၊ ဒီနေ့ ပိတ်ရက်ဆိုတော့ သုတမှာလည်း ကိစ္စထွေထွေထူးထူးတော့ မရှိပါဘူး''

''ဟား အဲလိုဆို ကျွန်မ အိမ်လိုက်ခဲ့လေ''

ကျွန်မ၏ ကလေးတစ်ယောက်ကို ခပ်မြှူးမြှူးလေး အော်လိုက်တော့ သူက သဘောကျစွာ ရယ်မောလိုက်ပါသည်။

■ ■ ■

''ဒီည ကော်ဖီဆိုင်မှာ ကျွန်မစောင့်နေမယ်၊ မောင်လာခဲ့နော်''

''အင်း အင်း''

သမန်ကာလျှံကာသာ ဖြေသွားခဲ့သော ထိုအဖြေသည် တကယ်တမ်းမှာလည်း မတည်တံ့ခဲ့ပါ။ ကျွန်မတစ်ယောက်တည်းနှင့် ကော်ဖီဆိုင်





ချက်လောက် ကုန်ဆုံးသွားသော်လည်း မောင့်အရိပ်အယောင်မျှပင် မတွေ့ရ။

''သုတက လာရောလာဦးမှာလား''

ဆိုင်ရှင် အစ်ကိုကြီးကတောင် ကျွန်မ၏ ဖွဲကောင်းကောင်းနှင့် စောင့်နေပုံကို ကြည့်ပြီး သနားကရုဏာသက်သောလေသံနှင့် လာမေးပါပြီ။ ကျွန်မသည်လည်း မချိပြုံးလေးသာ ပြုံးပြနိုင်ခဲ့၏။

သူ့အလုပ်တွေ မပြီးသေးလို့ မလာတာပါဟု ပြောရအောင်ကလည်း ညဆယ်နာရီထိုးခါနီးထိ စာရင်းလုပ်လို့ မပြီးသေးသော ရက်မျိုးကို တစ်ခါမှ ကျွန်မ မကြုံတွေ့ခဲ့ဖူးပါ။ ခုတော့ သူ တစ်ခုခု ဖြစ်နေတာ သေချာသည်။

နောက်ဆုံးတော့ ကျွန်မသည် တစ်ယောက်တည်း အရဲစွန့်လျက် သူ့အလုပ်ရှိရာသို့ ထွက်လာခဲ့လိုက်သည်။ အဲဒီတော့မှ ကျွန်မရဲ့ သံသယတွေ ပိုလို့နိုင်မာသွားခဲ့ခြင်း ဖြစ်၏။

'ကိုဖေသုတက ရှစ်နာရီကျော်တည်းက ပြန်သွားပြီ'တဲ့၊ ကျွန်မ မြေမကိုင်မိလက်မကိုင်မိနှင့် အတော်လေးကို ယောက်ယက်ခတ်သွားသည်။

အဲဒါ မောင် ဘာလုပ်တာလဲ။

မလာဖြစ်တော့ဘူးဆိုရင်လည်း ကျွန်မကို ဖုန်းလှမ်းဆက် သင့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါမှမဟုတ် ကျွန်မတို့ ချိန်းထားသော ကော်ဖီဆိုင်သို့ ... ဆက်လိုက်ရင်လည်း အဆင်ပြေသွားပဲ။ ဆိုင်ရှင်အစ်ကိုကြီးနှင့် ကျွန်... နှစ်ယောက်လုံး ရင်းနှီးနေကြတာပဲ မဟုတ်လား။

ခုတော့ ကျွန်မကို တစ်ယောက်တည်း ပစ်ချသွားသည့်... မောင့်မှာ ဘယ်လောက်တောင် အရေးကြီးသည့် ကိစ္စတွေရှိနေလို့... ကျွန်မကို ဒီလိုမျိုး ပစ်ထားရက်ရလောက်အောင် မောင် ဘာတွေ... အရေးတကြီး လုပ်စရာရှိနေလို့လဲ။

အို ဘယ်လောက်ပဲ အရေးကြီးပါစေ၊ ကျွန်မဆီကို တစ်... နည်းနဲ့တော့ရအောင် အကြောင်းကြားသင့်ပါသည်။ ကျွန်မသည် ... ဖက်ရည်ဆိုင်တွင် ညဘက် တစ်ယောက်တည်း အချိန်ကြာကြာ ... စောင့်ရတာကို နည်းနည်းမှ မနှစ်သက်မှန်း သူ သိနေပါလျက်နဲ့။

အိမ်ပြန်ရောက်တော့လည်း အဝတ်အစားပင် မလဲနိုင်တော့... အိပ်ရာထက်သို့ ပစ်လှဲချလိုက်မိသည်။ ကျွန်မသည် ကိစ္စသေးသေး... များကအစ သည်းသည်းလှုပ်စွာ စိုးရိမ်ပူပန်တတ်မှန်း မောင် သိ... သားနဲ့ ဘာလို့များ ဒီလိုမျိုးလုပ်တာလဲ။

မောင်များ လမ်းမှာ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရ... လား။ အို မဖြစ်နိုင်ပါဘူး။ မောင်က လူနဲ့သတိ အမြဲတစေ တွဲကပ်... တတ်သူသာ ဖြစ်သည်။ မတော်တဆ တစ်ခုခုကို မောင့်ချို့ယွင်း...





...ကြောင့်တော့ ဘယ်တော့မှ ကြုံတွေ့ရလိမ့်မည် မဟုတ်ပါ။

အဲဒီည တစ်ညလုံး မောင့်ကို စိုးရိမ်ပူပန်စွာနှင့် ကျွန်မ အိပ်...သွားခဲ့ရသော်လည်း မနက် နေတောင်မထွက်သေးခင်မှာပင် ကျွန်မ ...လည်နိုးထလာပြန်သည်။ အဖြစ်တော့ပါဘူး။ သူ့ဆီက အကျိုး အ...ကြောင်းတစ်ခုခုကို ကျွန်မ သိရမှ ဖြစ်တော့မည်။

ရာသီဥတုက အေးစိမ့်နေသော်လည်း ကျွန်မသည် ရေအေး...ဖြင့်ပင် ခေါင်းလျှော်ချပစ်လျက် စိတ်ဇောကိုလန်းဆန်းအောင် မနည်းကြိုး...ယူနေရ၏။

အဝတ်အစားများကိုလည်း အရင်လို သမန်ကာလျှံကာ မဟုတ် ... သပ်သပ်ရပ်ရပ် ဝတ်ဆင်ရသေး၏။ သူ့ပတ်ဝန်းကျင်မှာ ကျွန်မရဲ့ ...ပုံစားပုံကြောင့်တော့ သူ့သိက္ခာကို မကျဆင်းစေချင်တာ အမှန်ပင်။

ညက ကျွန်မ အိပ်ခါနီး မျက်ရည်ကျမိသေးလား မကျဖြစ်ခဲ့ဘူး ... မသေချာသော်လည်း မို့အစ်နေသော မျက်လုံးများကို ခရင်မ်ပတ်ဖ် ... ဖုံးဖိရပြန်သည်။

နေစမ်းပါဦး မောင် ညက ချိန်းထားသည့်နေရာကို ရောက်မလာ...ခြင်းအတွက် ကျွန်မက အဲဒီလောက်ထိ စိတ်လှုပ်ရှားနေဖို့ လိုအပ်လို့ ... အချိန်တွေအများကြီး ကျန်သေးတာပဲ။ မနက်စာစားဖို့ အတွက် ...ောင် ရောက်လာနိုင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တစ်နေ့လုံး မောင့်ထံမှ ဆက်သွယ်မှုတစ်ခုခုကို ကျွန် စောင့်စားနေနိုင်သေးသည်။ သူ့အသိုင်းအဝိုင်းထဲထိ ကျွန်မ လိုက်သွ လိုအပ်နေပြီဖြစ်သည့် အနေအထားတော့ဖြင့် မဟုတ်သေးပါ။

ဒါပေမဲ့ ကျွန်မ မနေနိုင်ဘူးလေ။ အရာရာကို တွေးတောတ သော်လည်း လက်တွေ့မှာ မကျင့်သုံးနိုင်သေးတာဟာ ကျွန်မရဲ့ အားနည် ချက် တစ်ခုသာဖြစ်သည်။

ယိုင်နဲ့နေသော ခန္ဓာကိုယ်ကို တည့်မတ်သွားစေရန် ကျွန်မသ ဒေါက်မြင့်ဖိနပ်ဖြူဖြူလေးကို ထုတ်စီးလိုက်၏။ အဲဒီလို ဖိနပ်တွေ မောင် မကြိုက်မှန်းသိပေမယ့် လောလောဆယ်မှာ ကျွန်မသည် စိတ်လှ ရှားမှုတွေနှင့် တည့်မတ်စွာပင် မရပ်တည်နိုင်သော လူတစ်ယောက် တော့ ဘယ်သူ့ကိုမှ မသိစေချင်ပါ။

မောင်တို့ လမ်းထိပ်ရှိ မောင်ထိုင်တတ်သော လက်ဖက်ရည် လေးတွင်လည်း မောင်မရှိပါ။ မောင့်သူငယ်ချင်းတွေ၏ အရိပ်အယော ကိုလည်း မတွေ့ရ။ တကယ်ဆို ဒီအချိန်သည် ကျွန်မဆီသို့ မလာဖြစ်လျ တောင် မောင် မနက်စာ ဆင်းစားနေကျ အချိန်ဖြစ်သည်။

တခြား ဘယ်နေရာမှာများ မောင့်ကိုကျွန်မ ရှာတွေ့နိုင်မည် ဒါမှမဟုတ် မောင်က အိမ်ပေါ်မှာပဲ ရှိနေတာလား။ မောင့်အိမ်ဝရန်တာ ကြီးကိုဆွဲပြီး ခေါ်နိုင်းရင်ရော ရမှာလား။





မောင်နဲ့ကျွန်မတို့ ချစ်နေကြတာကို မသိသေးသော မောင့် သားစုတွေအတွက် အထူးအဆန်းတစ်ခု ဖြစ်သွားနိုင်သည်။ ကျွန်မ ကြောင့်တော့ မောင့်ကို နည်းနည်းလေးမှ အခက်မတွေ့စေချင်တာ သချာပါသည်။

"ဟာ ဝေးဝေး ဘာလုပ်နေတာလဲ"

ကျွန်မသည် ကူကယ်ရာမဲ့နေရာမှ ကိုယ့်နာမည်ကို တရင်းတနှီး ခေါ်လိုက်သံကြောင့် အတိုင်းမသိကို ဝမ်းသာသွားရလျက် နောင်လှည့် ကြည့်လိုက်သည်။

"ဟယ် သားငယ် ဝမ်းသာလိုက်တာ"

"ဒီနားမှာ ဘာလုပ်နေတာလဲ"

"ငါ ငါ သုတကို လာရှာတာလေ"

"ကိစ္စရှိလို့လား"

ကျွန်မ မဖြေတတ်သောကြောင့် ပြုံး၍သာ နေလိုက်သည်။

"လာ လက်ဖက်ရည်ဆိုင်မှာ ကောင်းကောင်းတို့ စောင့်နေ ယ်၊ လိုက်ခဲ့လေ၊ သုတလည်းလာချင်လာမှာပေါ့"

ကျွန်မ ဝမ်းသာသွားကာ သားငယ်နှင့်အတူ လက်ဖက်ရည်ဆိုင် ို့ လိုက်ပါခဲ့သည်။ ဆိုင်၏ မျက်နှာစာမှ ခုံပုလေးတွင် ကောင်းကောင်း စ်ယောက်တည်း ထိုင်နေတာကို လှမ်းတွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဝေးဝေး ပါလာတာကိုး"

ကောင်းကောင်းကို ပြုံးပြနှုတ်ဆက်ပြီး သူတို့နှစ်ယောက်နှင့် အတူ ထိုင်နေရသော်လည်း ကျွန်မ၏ မျက်လုံးတို့က မောင့်အိမ်ရှိရာသို့ သာ။ ဒီဆိုင်လေးက မောင့်အိမ်ကို လှမ်းမြင်ရသော နေရာလေးမှာမို့ နည်းနည်းတော့ စိတ်သက်သာရာ ရပါသည်။

"ဘယ်လိုဖြစ်တာလဲ မဝေးဝေးရဲ့ မျက်လုံးကြီးက သူတာအိမ် ဘက်မှာပါပဲလား"

"ဟုတ်တယ်၊ မတော်တဆ သူ့ကို လွတ်သွားမှာစိုးလို့လေ"

"သူ လာရင်တော့ ဒီဆိုင်ကိုပဲ လာနေကျပါ၊ စိတ်ပူမနေနဲ့"

သူတို့ ဘယ်လောက်ပဲ နှစ်သိမ့်ပေမယ့် တကယ်တမ်း ကိုယ့် ရင်ထဲမှာ ပူလောင်နေတာကိုတော့ ကိုယ်ကိုယ်တိုင်ပဲ အသိဆုံး ဖြစ်သည်။

စိတ်ပူမနေနဲ့ဟု သူတို့က ပြောသော်လည်း အဲဒီဆိုင်လေးမှာ တစ်နာရီနီးပါးမျှ ထိုင်ပြီးချိန်မှာတော့ ကျွန်မသည် မျက်လုံးများတင် မက ခန္ဓာကိုယ်ကပါ မငြိမ်မသက် ဖြစ်လာတော့၏။ ဒီလိုမျိုး ဘာမှမသိရသည့် အခြေအနေမျိုးကို ကျွန်မလုံးဝ သည်းမခံနိုင်ပါ။

"နင်တို့လူက မလာတော့ဘူးနဲ့ တူပါတယ်၊ နင်တို့ထဲက တစ် ယောက်ယောက် သွားခေါ်ပေးလို့ မရဘူးလား"

နှစ်ယောက်သားလုံး မျက်နှာပျက်သွားတာကို ကြည့်ပြီး ကျွန်





မ နားလည်လိုက်ပါသည်။

"ငါတို့ တမင်သက်သက် အကျင့်ယုတ်ပြီး မကူညီတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီနားမှာ တစ်ခုခုဆို သူတတို့မိသားစုက သေချာ ပေါက် ပြန်ကြားမှာပဲ၊ ငါတို့ပါ မကောင်းဘူးပေါ့ဟာ"

ကျွန်မလည်း သူတို့နေရာမှာသာဆို အဲဒီလို အနေအထားမျိုးကို နားလည်ပေးနိုင်မလား မသိပေမယ့် ခုတော့ ကျွန်မကိုယ်တိုင်က ကာယကံ ရှင်မို့ နည်းနည်းလေးမှ သည်းမခံနိုင်ခဲ့ပါ။

ဟင့်အင်း ကျွန်မ ဘာမှထုတ်မပြောပါဘူး။ မောင့်သူငယ်ချင်း တွေကို ကျွန်မ တစ်ခုခု မကျေနပ်ပါဘူးဟု ပြောခဲ့မိလျှင် မောင် ပြန်လည် ဖြေရှင်းနေရမည်စိုးသောကြောင့် ဘာကိုမှ ကျွန်မ မပြောခဲ့ပါ။ ကျွန်မ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မောင်ကတော့ ကျွန်မဘက်က ရပ်တည် ပေးမှာလည်း မဟုတ်ပါ။

"ဒီလိုလုပ်လေ၊ ငါတို့လည်း သွားစရာ ရှိသေးတယ်ဆိုတော့ နင်မှာစရာရှိတာကို မှာထားခဲ့၊ ငါတို့ ပြန်ပြောပေးမယ်၊ အဲလိုဆို ကျေနပ် သလား"

"ထွေထွေထူးထူးတော့ မှာစရာ မရှိပါဘူး၊ ငါ့ဆီကို ဖုန်းဆက် ဖို့ပဲ ပြောပေးပါ"

ကျွန်မမှာ ဒီထက်ပိုပြီးတော့လည်း ဘာကိုမှ ပြောစရာစကား



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့တာ အမှန်။ ကျွန်မ ပြန်လာခဲ့ရသည့် အချိန်ထိ စိတ်ရှင်းလောက်စရာ အဖြေတစ်ခုတလေပင် မရခဲ့ပါဘဲ စိတ်ကြီးက ပိုလို့တောင် လေးလံလာသလို ခံစားရသည်။

တစ်နေ့လုံး ဖုန်းနားတွင်ထိုင်ကာ မောင့်ထံမှ ခေါ်ဆိုမှုကို မျှော်လင့်နေမိသော်လည်း တကယ်တမ်းမှာတော့ တိတ်ဆိတ်နေသော ဖုန်းလေးကသာ ကျွန်မကို လှောင်ပြောင်သရော်နေဟန် ရှိ၏။

ကျွန်မသည် ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေရင်းမှ မျက်ရည်တို့ပါ ပါးပြင်ပေါ်သို့ အရှိန်အဟုန်ဖြင့် စီးဆင်းကုန်၏။ ကျွန်မသည် မောင့်ကို နည်းနည်းလေးမှ မခွဲခွာနိုင်သော မိန်းမတစ်ယောက်သာ ဖြစ်မှန်း ကိုယ်တိုင်လက်ခံလိုက်ရချိန်တွင် မောင်ကတော့ ကျွန်မ မသိနိုင်သော တစ်နေရာမှာ ကျွန်မ ခံစားနေရတာတွေကို မသိဘဲရှိနေလိမ့်မည်။

အဲဒါကတော့ ကျွန်မ နည်းနည်းမှ လက်မခံနိုင်သော အဖြေ အထားသာ ဖြစ်၏။ နောက်ဆုံးတော့ ကျွန်မသည် ကူကယ်ရာမဲ့စွာပင် အထီးကျန်ဆန်လွန်းသော ဒီအိမ်ခန်းလေးထဲမှ ထွက်ခဲ့လိုက်၏။ ကျွန်မ တစ်ယောက်တည်းနေလို့ ဖြစ်တော့ပါ။ တစ်ယောက်တည်း ရှိနေခြင်းသည် ကျွန်မအတွက် ဆောက်တည်ရာမရဘဲ ရူးသွပ်သွားတော့မည်ပင်။

ကျွန်မ လျှောက်လာမိသော ဦးတည်ရာသည် ရောင်နီ့ထံ





အိမ်ဘက်ဖြစ်နေမှန်းကို ရောင်နီ့အား မျက်နှာချင်းဆိုင် တွေ့လိုက်ရမှပင် ကျွန်မ အသိဝင်တော့၏။

"အစ်မ ဘာဖြစ်လာတာလဲ"

"ငါ ဖါစိတ်ညစ်လွန်းလို့ အိမ်မှာနေရင် ငါ ရူးသွားတော့မလား လို့ ခံစားရလို့"

ကျွန်မ မျက်နှာသည် စိတ်ပျက်အားငယ်လျက် အသံတွေက ဆည်း အနည်းငယ် တိုးတိတ်စွာ တုန်ယင်နေမှန်း သတိထားလိုက်မိသော်လည်း ဘာကိုမှ ပြင်ဆင်လိုက်ဖို့ အင်အားမရှိတော့ပါ။

"ဘာလဲ သုတနဲ့ ဘာဖြစ်ပြန်ပြီလဲ"

ကျွန်မကို ဒီလောက်ထိ ဖြစ်သွားအောင် လုပ်နိုင်သူသည် သုတ တစ်ယောက်တည်းသာရှိမှန်း လူတွေအားလုံးက သိကုန်ကြပြီလား မသိပါ။

"နင်တို့သုတ ငါ့ကို တော်တော်ခံစားရအောင် လုပ်တာပဲ"

"အစ်မ အိမ်ပေါ်လိုက်မလား။ ကျွန်တော့်ကို ပြောပြလေ၊ ကူညီ နိုင်တာရှိရင် ကူညီရတာပေါ့"

ရောင်နီရဲ့ထိုစကားက ကျွန်မအတွက် နည်းနည်းတော့ အားတက်သွားစေတာအမှန်။ သူ့အိမ်ပေါ်မှာ ထုံးစံအတိုင်း ဘယ်သူမှ မရှိ။ ကောင်မလေးဆိုသူလည်း မရှိ။ အဲဒါကလည်း ပိုလို့စိတ်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



သွားစေသည်။ ကျွန်မနှင့် မရင်းနှီးသော လူတစ်ယောက်ရှေ့မှာ ကျွန်မ၏ ခံစားချက်တွေကို ကျွန်မ ဖွင့်ပြောပြလို့ ထွက်မှာမဟုတ်တာ သေချာ သည်။

"ကဲ ပြော ဘာတွေဖြစ်ကြပြန်ပြီလဲ"

"မနေ့က ငါနဲ့ချိန်းထားတဲ့နေရာကို ဘာအကြောင်းပြချက် လည်း မရှိပါဘဲ သူ ရောက်မလာဘူး၊ မနက်ကလည်း သူ ထိုင်နေ လက်ဖက်ရည်ဆိုင်ကို လိုက်သွားတော့လည်း သူနဲ့မတွေ့ခဲ့ရဘူး၊ သား တို့ပဲရှိတယ်၊ ငါဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူး ရောင်နီရယ်"

"ကျွန်တော်လည်း ဟိုတစ်နေ့ညတည်းက နောက်ပိုင်းမတွေ့ ဖြစ်တော့ဘူးလေ၊ အဲဒီတော့ သူ ဘာတွေလုပ်နေမှန်း မသိဘူးဗျ"

"ဟုတ်ပါတယ်၊ မင်းတို့က သိလည်းငါ့ကို ပြောပြကြမှာ မဟုတ် ပါဘူး၊ မင်းတို့က သူ့သူငယ်ချင်းတွေပဲလေ"

ရောင်နီ သက်ပြင်းချလိုက်တာကို ကျွန်မ ပြုံးကြည့်နေမိ အဲဒါဟာ တကယ့်ကို မချိပြုံးစစ်စစ်ဖြစ်သည်။

"ကျွန်တော် မဝေးဝေးကို အရမ်းသနားတာပဲ"

"ဘာဖြစ်လို့လဲ ငါက သနားစရာ သိပ်ကောင်းနေပြီလား ဟင့်အင်း ငါ့ကို မသနားပါနဲ့၊ ငါ့ကိုသနားတာ နည်းနည်းမှမကြိုက်ဘူး

ရောင်နီ ပြုံးနေသည်။ အဲဒီအပြုံးတွေကို ကျွန်မ နည်းနည်း





ကြိုက်ပါ။ တကယ့်ကို သနားစဖွယ် သဏ္ဌာဝါတစ်ကောင်အား အားပေး လိုက်သော အပြုံးမျိုးဖြစ်သည်။

"ငါပြန်တော့မယ်"

"နေပါဦး မဝေးဝေးရဲ့၊ ဘယ်လိုဖြစ်တာလဲ ဒီလိုပုံစံနဲ့တော့ အစ်မကို တစ်ယောက်တည်း မလွှတ်လိုက်နိုင်ဘူး"

ပြန်ရန် မတ်တပ်ထရပ်လိုက်သော ကျွန်မ လက်တစ်ဖက်ကို ဆွဲထားလျက် ရောင်နီပြောတော့ ကျွန်မသည် လက်ကိုပင် ပြန်လည်ရုန်း ကန်နိုင်သည့် အားအင်မျိုးမရှိတော့ဘဲ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ပြန်ပြုတ်ကျသွားရ၏။

"ငါ ငါရူးတော့မယ် ရောင်နီရယ်၊ သူ ငါ့ကို ဘယ်တော့မှ နားမလည်ဘူး။ သူ့ရဲ့ အတ္တတွေ တစ်ကိုယ်ကောင်းဆန်မှုတွေကိုပဲ သူ က အကောင်းလို့ထင်နေတယ်၊ သူ ငါ့ခံစားချက်တွေကို နားမလည်တဲ့ အပြင် နားလည်ပေးဖို့လည်း မကြိုးစားဘူး၊ သူ ငါ့ကို မချစ်ပါဘူးဟာ"

ကျွန်မရင်ထဲက ခံစားချက်တွေ ထိန်းသိမ်းမရတော့ဘဲ ဖွင့်အန် ထွက်ကျသွားခဲ့သည်။ လုံးဝကို ဟန်မဆောင်နိုင်တော့ဘဲ ကလေးတစ် ယောက်ပမာ ရှိုက်ကြီးတငင် ငိုချပစ်လိုက်တော့ ရောင်နီ နည်းနည်း ရှာယာခတ်သွား၏။

"မဝေးဝေး ရင်ထဲက ခံစားချက်ကို ကျွန်တော် နားလည်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကာယကံရှင်ဖြစ်တဲ့ သုတ နားလည်တာက ပိုပြီး သဘာဝကျ
တယ်''

''အေး ငါသိတာပေါ့၊ ဒါပေမဲ့ ငါ့မှာနင့်ကို အခုဖွင့်ပြောပြသလို
မျိုး သူ့ကိုပြောပြဖို့ အခွင့်အရေးတောင် မရခဲ့ပါဘူး''

ကျွန်မသည် တကယ့်ကို ကလေးတစ်ယောက်ပမာ ပြောလည်း
ပြော ပြောရင်းနှင့်ပိုဝမ်းနည်းလာကာ ငိုလည်း ငိုချပစ်ချင်နေမိသည်။

မောင် ကျွန်မကို တကယ်ပဲ မချစ်ဘူးနှင့် တူပါသည်။

ကျွန်မကတော့ မချစ်ဘဲနှင့် အဖြေပေးခဲ့သည်ဆိုဦးတော့ ခု
မှာ မောင်ကလွဲရင် ဘယ်ယောကျ်ားကိုမှ အတွေးထဲ ထည့်မရတော့
လောက်အောင် ချစ်ခင်ခဲ့ပြီး ဖြစ်သည်။

ဒါကို ဘာလို့များ မောင်က နည်းနည်းလေးတောင် နားမလည်
နိုင်ရတာပါလိမ့်။

''ကျွန်တော် ဘာလုပ်ပေးရမလဲ မဝေးဝေး''

ရောင်နီ့အသံက တကယ့်ကို တည်တည်ငြိမ်ငြိမ်။ ကျွန်မ မျက်
ရည်တွေကြားကပဲ အားတင်းပြီး ပြုံးပြလျက် ခေါင်းကို ဖြည်းညင်းစွာ
ခါရမ်းပစ်လိုက်သည်။

''မလိုပါဘူး၊ တကယ်တော့ တစ်ယောက်ယောက် ဝင်ကူညီ
ဝင်အသနားခံလို့ ပြုံးပြလျက် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပစ်လိုက်





သည်။

''မလိုပါဘူး၊ တကယ်တော့ တစ်ယောက်ယောက်က ဝင်ကူညီ
လို့ ဝင်အသနားခံလို့ သူ့စိတ်ခံစားတွေ ငါ့အပေါ်မှာ ပြောင်းလဲသွားတယ်
ဆိုလည်း အဲဒါဟာ အစစ်အမှန်မှ မဖြစ်နိုင်တာ၊ ငါလိုချင်တာက သူကိုယ်
တိုင် ငါ့ကိုနားလည်လာပြီး ပြောင်းလဲတာကို လိုချင်တာ''

''အဲဒါဆိုရင်တော့ အစ်မ ကြိုးစားရမှာပေါ့၊ ဒါပေမဲ့ သုတက
ခေါင်းသိပ်မာတာ၊ သူ့ကိုပြောင်းလဲပစ်ဖို့ဆိုတာ တော်ကော်လေးကို ခဲယဉ်း
မယ့် ကိစ္စပဲ''

ရောင်နီ့စကားကြောင့် ကျွန်မ သက်ပြင်းချပစ်လိုက်သည်။

ဟုတ်တယ် သု သိပ်ခေါင်းမာတယ်။ သူ့ရဲ့ တစ်ယူသန်အစွဲ
အလွကြောင့် ကျွန်မရင်ထဲမှာ မီးတောက်တွေ တစ်လုံးပြီးတစ်လုံး ပေါက်
ကွဲနေရတာ မဟုတ်လား။

အဲဒီလို မာကျောလွန်းသည့် သူ့စိတ်ဓာတ်ကို ကျွန်မလို သူ့
အတွက် ဘာမှအရေးမပါသည့် မိန်းမတစ်ယောက်က ပြုပြင်ပြောင်းလဲ
ပေး ရနိုင်ပါမည်လား။

စစ်မရောက်မီက မြားကုန်ခြင်း မဟုတ်ပေမယ့် ကိုယ့်ဝမ်းနာ
ကိုယ်သာအသိဆုံးလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျွန်မ မသင်မှတ်စွာဘဲ ထိုအဖြစ်အပျက်တွေ ဖြစ်ပြီး [illegible] ရက်မြောက်နေ့တွင် မောင့်ထံမှ ဖုန်းဝင်လာပါသည်။

ကျွန်မသည် မောင့်အသံကို ကြားလိုက်ရချင်းတွင် တစ်ကို[illegible] လုံးရှိ ကြွက်သားမျှင်များ ထသွားရသလို ရင်တစ်ခုလုံးလည်း [illegible] ဆန့်အောင် လှုပ်ရှားတုန်ယင်နေခဲ့သည်။

"မင်းဘာတွေလုပ်နေတာလဲ၊ ဟိုတစ်ရက်ကလည်း ဗဟန်း[illegible] ရောက်လာတယ်ဆို"

"ဟုတ်တယ် မောင်"

"ဘာလာလုပ်တာလဲ ပြောစမ်းပါဦး"

"မောင့်ကို လာရှာတာပေါ့"





"မင်းကို ငါဘယ်နှစ်ခါပြောရမလဲ၊ ငါ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲကို ငါမခေါ်ဘဲနဲ့ လိုက်လိုက်မလာပါနဲ့ဆိုတာ"

ကျွန်မရင်ထဲတွင် နာကျင်သွားရသလို လက်ဖျားများလည်း အေးစက်ကုန်၏။

"နေစမ်းပါဦး မောင်ရဲ့၊ ကျွန်မလည်း ခံစားချက်ရှိတဲ့ လူတစ်ယောက်ပါ။ မောင့်ဆန္ဒတွေကိုပဲ ရှေ့တန်းတင်ပြီး ဖော်ပြမနေပါနဲ့၊ 'ကျွန်မ ဘယ်လိုဖြစ်နေတယ်ဆိုတာကိုလည်း မောင်တစ်ချက်လောက် လှည့်ကြည့်ပါဦး"

"ကဲ ပြောစမ်းပါဦး၊ မင်းက ဘာတွေဖြစ်နေလို့လဲ"

ကျွန်မသည် အလိုက်မသိလွန်းလှသော မောင့်ကို အနားမှာသာ [illegible]နေလျှင် တစ်ချက်လောက်တော့ ထုရိုက်ပစ်လိုက်မိမှာ ကျိန်းသေပါသည်။ [illegible]တော့ မောင် ဘယ်မှာရောက်နေတယ် ဆိုတာတောင် မသိနိုင်သည့် [illegible]နီးမတစ်ယောက်မို့ လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထား[illegible]လိုက်ရ၏။

"မောင် နည်းနည်းမှ မသိဘူးလားဟင်၊ မောင် ပစ်ချထားတဲ့ [illegible]နီးမတစ်ယောက်က ဘာတွေဖြစ်နေလိမ့်မယ်ဆိုတာ မောင် နည်းနည်းမှ ခံစားမိဘူးလား"

"ငါ ဘာလုပ်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် မသိချင်ယောင်ဆောင်နေတာလား မေ့သွားတာလား ကျွန်မနဲ့ချိန်းထားတဲ့ နေရာကို မောင် ရောက်မလာခဲ့ဘူး။ ဘာအကြောင်း ပြချက်မှ မပေးဘဲနဲ့နော်၊ မောင့်ပတ်ဝန်းကျင်ကို လိုက်လာပြန်တော့လည်း ကျွန်မကို ရှောင်နေတယ်၊ အဲဒါတွေရဲ့ အစိက အကြောင်းရင်းက ဘာလဲ အဲဒါလောက်တော့ ကျွန်မ သိခွင့်ရှိတယ် မဟုတ်လား မောင်"

မောင့်ထံမှ ကျစ်ခနဲ စုပ်သပ်လိုက်သည့် အသံကို ကျွန် ကြားလိုက်သည်။ သေချာပေါက်ကို မောင် စိတ်တိုနေပါပြီ။

ဒါပေမဲ့ ကျွန်မ မတတ်နိုင်တော့ပါ။ ကျွန်မသည် ပြဿန တစ်ခုခုဖြစ်ပြီဆိုလျှင် မြန်မြန်ဆန်ဆန် ဖြေရှင်းပစ်လိုက်ရတာမျိုးကိုသ နှစ်သက်သူ ဖြစ်၏။ ဘာမှန်းရေရာစွာ မသိပါဘဲ အချိန်တွေ ကုန်လွ သွားရခြင်းမျိုးကိုတော့ နည်းနည်းလေးမှ မလိုလားပါ။

"မောင် ဘယ်မှာလဲ"

"အိမ်မှာ"

"အိုကေ၊ ကျွန်မလာခဲ့မယ်၊ မောင် စောင့်နေပါ"

"ဟာ မင်းလာလို့ ဘယ်ဖြစ်မှာလဲ၊ အချိန်ကိုလည်း ကြည့်ဦး"

"ဘာဖြစ်လဲ မောင်၊ ခုမှ ညကိုးနာရီပဲ ရှိပါသေးတယ်"

"မင်းဘာဖြစ်လို့ လာမှာလဲ"

"ကျွန်မ မောင့်မျက်နှာကိုကြည့်ပြီး အခုကျွန်မ ခံစားနေရတာ





တွေက ဘာကြောင့်လဲဆိုတာကို လေ့လာချင်လို့"

"မင်းလာမှ ဖြစ်မှာလား"

မောင့်အသံက စိတ်ပျက်လက်ပျက် ကျွန်မ အံကို တင်းတင်း ကြိတ်လိုက်သည်။

"ဟုတ်တယ် မောင်၊ ကျွန်မ လာရမှဖြစ်မယ်၊ ဒီညတော့ ောင့်မျက်နှာကို ကျွန်မ မြင်ရမှ ဖြစ်မယ် မောင်ရဲ့"

"မနက်ကျရင် သုတ လာခဲ့မယ်"

အဲဒါဟာ ကျွန်မကို သူဆီသို့ မလာစေချင်၍ ပိတ်ပင်လိုက် ည့် စကားမှန်းသိသော်လည်း ကျွန်မ မသိချင်ယောင်သာ ဆောင်နေ ိုက်၏။

"မောင် ဘယ်နားမှာ စောင့်နေမှာလဲ"

"မင်းကို မလာပါနဲ့လို့ ပြောနေတယ် မဟုတ်လား"

"ကျွန်မ"

ဒေါသတကြီး အော်ဟစ်လိုက်သော သူ့အသံက ကျွန်မ၏ ဆက်မည့် စကားလုံးများကို တားဆီးပိတ်ပင်လိုက်တာနှင့် တူတူပင် ည်။

"မောင် ကျွန်မကို အဲလိုမအော်ပါနဲ့နော်၊ ကျွန်မကို မအော်ပါနဲ့"

ကျွန်မအသံသည် ငိုသံစွက်ကာ သိမ်ဝင်သွားခဲ့ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့အော်ချင်အောင်တွေချည်းပဲ လိုက်ရှာကြံလုပ်နေတာ
ကိုး"

"အိုကေ မောင်၊ ကျွန်မ အလျှော့ပေးပါတယ်၊ မောင့်ဆီ
မလာတော့ပါဘူး၊ ဒါပေမဲ့ မနက်ကျရင်တော့ မောင် လာဖြစ်အောင်လာ
နော်၊ ကျွန်မ စောင့်နေမယ်"

သူ့ဘက်မှ ဖုန်းချသွားသည့် တတူတူသံ ထွက်ပေါ်လာသည့်
ကျွန်မသည် နားရွက်နှင့် ဖုန်းခွက်ကို ဖိကပ်ထားမိဆဲ ဖြစ်၏။

မောင်နှင့်ကျွန်မ အဲဒီလို အဲဒီလိုတွေနဲ့ပဲ ဝေးကြရတော့မလာ
မသိပါ။ မရပါဘူး မောင့်ကို ကျွန်မနည်းနည်းမှ မစွန့်လွှတ်နိုင်ပါဘူး
အဲဒါကို မောင်လည်းသိမှာပါ၊ အဲဒါတွေကြောင့်လည်း မော
ကျွန်မအပေါ်မှာ အနိုင်ယူရက်တာပေါ့။

တကယ်တော့ ကျွန်မ ဝဋ်လည်တာပါပဲ။ ကျွန်မ သူ့အချစ်
ဟန်ဆောင်ပြီး လက်ခံခဲ့သည့်အတွက် ကံတရားကြီးက ကျွန်မကို အ
ပေးတာပါပဲ။ အဲဒီ အကြွေးတွေကို မြန်မြန်ပြေသွားအောင် ကျွ
ဘာလုပ်ရမလဲဟင်။

သူ့ဆီက ဂရုတစိုက်ပေးတဲ့ အကြင်နာတွေ ကျွန်မ ခံစား
ရအောင် ဘယ်လိုလုပ်ရမလဲဟင်။ ကျွန်မကို ပြောကြပါဦးနော်။

ကျွန်မသည် ပါးစပ်မှ တတွတ်တွတ်ရွတ်လျက် အော်ဟစ်ငို





ခ်လိုက်မိ၏။ မောင့်ဆီက အကြင်နာတွေကို လိုချင်လွန်းလို့ ရူးသွပ်
တော့မယ့် မိန်းမတစ်ယောက်ကို မောင် ဒီလိုမျိုးပဲ ရက်ရက်စက်စက်
ခ်ထားတော့မှာလားကွယ်။

မောင် ကျွန်မကို နားလည်ဖို့ တစ်ချက်လောက်တော့ ကြိုးစား
ကြည့်ပါဦးနော်။

■ ■ ■

"မင်းဖြစ်ချင်နေတာ ဘာလဲ၊ လူတစ်ယောက်က ကိုယ်ဖြစ်ချင်
တာ ကိုယ်ကိုယ်တိုင် မသိဘူးဆိုရင် အဲဒီလူက တကယ့်ကို အသုံးမဝင်တဲ့
သူပဲကွ မင်းသိလား"

ကျွန်မမျက်နှာကို ဘာဖြစ်ချင်တယ်ဆိုတာ ကျွန်မဘာသာ
နားလည်တာပေါ့ မောင်ရဲ့။ ဒါပေမဲ့ အဲဒီကျွန်မရဲ့ ခံစားချက်တွေကို
မောင်က ထုတ်ဖော်ပြောခွင့် ပေးခဲ့လို့လား။ မောင်နားလည်ဖို့ ကြိုးစားခဲ့
လို့လား။

"ကျွန်မ ဖြစ်ချင်နေတာက မောင့်ကို ကျွန်မနားမှာ အမြဲရှိနေဖို့
ပဲလေ"

သူ ကျွန်မကို အံ့ဩဟန်ကြီး ကြည့်သည်။ စက္ကန့်ပိုင်းလောက်ပဲ
ကြာမည်၊ သူ့ရှေ့ရှိ နွားနို့ဆေးပုလင်းထဲမှ ပိုက်တံလေးကို လက်နှင့်
ဆော့ကစားလျက် ကျွန်မထံမှ အကြည့်လွှဲလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ တောင်းဆိုချက်တွေကို သူ မလိုက်လျောနိုင်သည် အပြင် စိတ်ပျက်စွာပင် မျက်နှာလွှဲလိုက်ခြင်း ဖြစ်သည်။ ချက်ချင်းပင် ကျွန်မ မျက်ဝန်း၌ မျက်ရည်တို့ရစ်ဝိုင်းသွားရ၏။

ကျွန်မသည် မောင့်နှင့်ပတ်သက်လျှင် အလွန်မျက်ရည်လွယ် တစ်ယောက်လည်း ဖြစ်လာသည်။

ကျွန်မရဲ့ နှပ်ရှုပ်လိုက်သံကြောင့် သူ ဖျတ်ခနဲ မော့ကြည့်၏

''မင်းငိုနေပြန်ပြီလား၊ ထစ်ခနဲရှိ ငိုဖို့ပဲတတ်တယ်၊ အဲလော တောင် မျက်ရည်လွယ်နေရင် စာရေးဆရာ မလုပ်တော့ဘဲ သုံးဆ ငါးလမ်းသွားပြီး မင်းသမီးလုပ်စားပါလား''

''မောင် ကျွန်မကို မရွဲ့ပါနဲ့''

''ဟုတ်တယ်လေ မင်းက တစ်ခုခုပြောလိုက်တာနဲ့ မျက်ရည် ကျလာပြီ၊ ငါ့ကို မျက်ရည်ခံထိုးတာလောက် ငါမုန်းတာမရှိဘူး၊ မင်း မိန်းမတွေကလေ မျက်ရည်ကို လက်နက်အနေနဲ့ အသုံးချနေကြတာ ပြီးတော့ လူတွေအများကြီးကြားထဲမှာ ဘယ်လောက် ရှက်စရာကောင်း ငိုချင်ရင် မင်းဘာသာ အိမ်ရောက်မှ တစ်ယောက်တည်းငို''

''မောင် ကျွန်မကို အဲလို မပြောပါနဲ့''

ကျွန်မသည် မျက်နှာတစ်ခုလုံး ရွှဲရွှဲစိုနေသော မျက်ရည်စက် ကို လက်ခုံနှစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လျက် ဇလုံးဇ





အော်ဟစ်ပစ်လိုက်သည်။

''ဒီနေ့တော့ မင်းနဲ့စကားပြောရတာ ဘယ်လိုမှ မကောင်းဘူး၊ လည်း အလုပ်သွားတော့မယ်၊ ရှေ့ဆက်ဘာလုပ်မယ် ဆိုတာကို သေချာ စဉ်းစားထားပါ''

ကျွန်မ မျက်စိရှေ့ကနေ ပြောချင်ရာတွေ ပြောပြီး ထွက်ခွာသွား ဖြစ်သော မောင့်ကျောပြင်ကို ကျွန်မ ဝိုးတဝါး မြင်လိုက်ရသည်။

''မောင်''

ကျွန်မအကျယ်ကြီး အော်ခေါ်လိုက်ခြင်း ဖြစ်သော်လည်း သံက ကိုယ်တိုင်ပင် ပြန်မကြားလောက်အောင် လည်ချောင်းဝမှာပင် ပျောက်ကွယ်သွား၏။

အနားမှာ မောင့်အရိပ်အယောင်များ လုံးဝပျောက်ကွယ်သွား မှာတော့ ကျွန်မသည် စားပွဲပေါ်တွင် မျက်နှာမှောက်တင်လျက် ကြီးတင်င် ငိုချပစ်လိုက်မိတော့သည်။

မောင်ပြောသလိုမျိုး လူတွေအများကြီးရှိနေသည့် ကော်ဖီဆိုင် မှာဆိုပေမယ့် ကျွန်မသည် ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်ထားလို့ နိုင်တော့အောင်ပင် မွန်းကျပ်လွန်းနေခဲ့ပြီဖြစ်၏။ ကျွန်မလည်း လူ ကြည့်နေမှာကို ရှက်တတ်ပါတယ် မောင်၊ ဒါပေမဲ့ အဲဒီ အရှက်တရား ထက် မောင် ပေးလိုက်တဲ့ နာကျင်မှုတွေက အဆမတန် ပိုလွန်း



www.burmeseclassic.com

www.burmeseclassic.com



နေတော့လည်း ကျွန်မ ဘာကိုမှ မမြင်နိုင်တော့ပါဘူး။

ထိုမျက်ရည်များနှင့်အတူပင် မောင်သည် ကျွန်မကို နားလည်ရန် နည်းနည်းမှ မကြိုးစားပေးသော အတ္တကြီးသော ယောကျ်ားတစ်ယောက်ဖြစ်မှန်းလည်း ရင်နာနာနှင့်ပင် ကျွန်မ လက်ခံလိုက်ရ၏။

ကျွန်မ ငိုတာကို မောင် မကြိုက်ဘူးလို့ ထင်ခဲ့တာ။

တကယ်က ဟုတ်မှမဟုတ်ဘဲ။

မောင်က လူကြားထဲမှာ ကျွန်မ မျက်ရည်ကျလိုက်လို့ မော အရှက်ရမှာကို စိုးရိမ်ခဲ့တာပဲ။ ကျွန်မကတော့ ကျွန်မကိုချစ်လို့ ကျွ မျက်ရည်ကျတာမျိုးကို မလိုချင်ခဲ့တာလို့ မှားထင်နေခဲ့တာ။

"ငိုချင်ရင် တစ်ယောက်တည်း အိမ်ရောက်မှငို" တဲ့။

ကျွန်မ အမြဲတမ်း အဲလိုပဲ ငိုခဲ့ရတာပါ။ မောင့်ရှေ့မှာ မျက်ရည်ကို လက်နက်အနေနဲ့လည်း အသုံးမချခဲ့ဖူးပါဘူး။

မောင့်ရှေ့မှာ ကျခဲ့တဲ့ မျက်ရည်တွေအားလုံးက မောင့် အရှုံးပေးလိုက်တာပါ။ ကိုယ့်ကိုယ်ကိုယ် အားငယ်မိတာပါ။

မောင် ချော့တာကို ခံချင်မိတာပါ။

■ ■ ■

ကျွန်မ ဖျာခနဲ လန့်နိုးလာချိန်တွင် ကျွန်မ၏ခုတင်ထ မှတ်စုစာအုပ်လေးကို ကိုင်ဖတ်လျက် ကျွန်မကို လှမ်းကြည့်လိုက်





မောင့်ကို မြင်လိုက်ရ၏။

"မင်း မောင့်ကို နားလည်မှု လွဲနေပြီ"

မောင့်အသံက မနက်ကလို မာကျောရင့်သီးမနေဘဲ နူးညံ့ပျော့ပျောင်းနေ၏။ မောင် ကျွန်မကို နားလည်သွားပြီလား။ မဖြစ်နိုင်ပါဘူး။ မောင် ကျွန်မကို ဒီလောက် လွယ်လွယ်ကူကူနဲ့ နားလည်ပေးဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

"ကျွန်မ ဘာများ နားလည်မှုလွဲလို့လဲ မောင်"

"မင်းကို သုတက လူတွေကြားမှာ နေတတ်တဲ့၊ ပြီးတော့ စိတ်ခတ်မာကြောတဲ့ မိန်းမတစ်ယောက် ဖြစ်စေချင်တာ၊ အဲဒါကို မင်း ဘာလို့ နားမလည်တာလဲ"

"ကျွန်မတို့နှစ်ယောက်ကြားမှာ တစ်ယောက်ကိုတစ်ယောက် နားမလည်တာတွေနဲ့ပဲ လုံးထွေးနေတော့မှာလား မောင်၊ ကျွန်မ အဲဒီလို ကြီးပဲ ဖြစ်ဖြစ်နေတာကို စိတ်ညစ်လှပြီ"

"သုတတို့ အချိန်တစ်ခု လိုအပ်နေလို့ ဖြစ်နေတာပါ"

"ရှစ်လဆိုတဲ့ အချိန်က ကြာပြီလို့ ပြောရင်လည်း လက်ခံနိုင်တဲ့ ကာလတစ်ခုပါ မောင်"

"ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် နားလည်ပေးနိုင်ဖို့ ဒီထက်ပိုပြီး အဲဒီ နားလည်ပေးထားတာကို လက်ခံပေးနိုင်ဖို့တော့ သုတတို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ယူရလိမ့်မယ်၊ သုတက အရာရာကို တည်တည်ငြိမ်ငြိမ်ပဲ ရင်ဆိုင်ချင်တယ်၊ မင်းဆူနေရင် သုတ ငြိမ်ချင်လည်း ငြိမ်နေမယ်၊ အားလုံးငြိမ်သွားတဲ့အချိန်ကျမှ သုတတစ်ယောက်တည်း ဆူပူသောင်းကျန်းဖြစ်ရင်လည်း ဖြစ်မယ်၊ မင်း သုတရဲ့စိတ်ကို ခန့်မှန်းဖို့ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး၊ ပြီးတော့ မင်းကို ဘယ်လောက်ပဲ စိတ်တိုတို ဒေါသထွက်ထွက် လုံးဝ မျက်နှာပျက်မှာလည်း မဟုတ်ဘူး။ အဲဒါ ဖေသုတရဲ့မူပဲ"

မောင်သည် စကားတွေအများကြီး ပြောလိုက်ရသောကြောင့်လား မသိ အိပ်ရာဘေးမှ စားပွဲပုလေးပေါ် တင်ထားသော ရေတကောင်းထဲက ရေတစ်ခွက် ငှဲ့သောက်သည်။

ကျွန်မကတော့ မောင် ပြောလိုက်မှပင် မောင့်စိတ်ကြီးကို ပို၍လို့ ကြောက်ရွံ့သွားမိ၏။ မောင်ဟာ သွေးအေးအေးနှင့် ရက်စက်တတ်သော လူတစ်ယောက်လို့ ကျွန်မ ပြောပစ်လိုက်ချင်ပေမယ့် အဲဒီလောက်ရင့်သီးသော စကားလုံးများကို မောင့်အတွက် ကျွန်မ နှုတ်ဖျားမှ ပြောမထွက်ချင်ခဲ့ပါ။

"ဘယ်လိုပဲဖြစ်ဖြစ် မောင့်ကို ကျွန်မ နားလည်နိုင်အောင်ကြိုးစားပါ့မယ်"

"မင်းသဘောပါ"

ကျွန်မ မောင့်လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ လက်ခုံပေါ်





နှုတ်ခမ်းနုလေးများအား နမ်းရှိုက်လိုက်မိသည်။

■ ■ ■

"နောက်ဆုံးတော့လည်း နင်ကပြန်ပြီး နားလည်ပေးရတော့ ယ့် အခြေအနေပဲဟာ၊ နင်တော့သွားပြီ"

"နင် ဘယ်လိုမြင်လဲဟင်၊ သူ ငါ့ကို တကယ်ချစ်တယ်လို့ င် ထင်လား"

သူရိယက ကျွန်မကို လူထူးဆန်းတစ်ယောက်လို ကြည့်လိုက်ပြီးမှ

"နင့်ညည်းစားက နင့်ကို တကယ်ချစ်မချစ်ဆိုတာ နင်ကိုယ်တိုင်ပဲ သိမှာပေါ့၊ ငါက ဘယ်လိုသိနိုင်ပါ့မလဲ"

"နင့်ကိုငါ သူနဲ့ဖြစ်ပျက်သမျှတွေ ပြောပြနေတာပဲလေ"

"အဲလိုပြောလို့ မရဘူးလေ၊ နင်နဲ့သူက နှစ်ယောက်တည်းရှိတဲ့ ချိန်တွေမှာ နင့်ကို သူ ဘယ်လိုဆက်ဆံတယ်ဆိုတာ ငါလည်းမြင်ရတာ ဟုတ်ဘူး။ ပြီးတော့ နင့်ဘဲက တကယ့်ကို ဆိုက်ကိုကြီး၊ ဘာမှန်းကို သိဘူး။ နင့်ကိစ္စတွေ နားထောင်လိုက်ရင် အမြဲတမ်း ဦးနှောက်ခြောက် ရာတွေချည်းပဲ၊ နင့်အပူတွေက ငါ့ကိုပါ ကူးတယ်၊ တော်ပြီ နောက်ဆို ဒါကို နင့်ဘဲနဲ့ပတ်သက်ပြီးတော့ ဘာမှလာမပြောနဲ့တော့"

"နင်ကလည်း ငါ့မှာ ရင်းရင်းနှီးနှီး သူငယ်ချင်းဆိုလို့ နင် တစ်ယောက်တည်း ရှိတာကို နင်ကမှ အဲလိုပြောတော့ ငါက ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ''

''အိစိအိစိ လုပ်မနေနဲ့၊ မရတော့ဘူး၊ ခု နင်ဖြစ်နေတာ
ယောကျ်ားတစ်ယောက်ကိုတောင် မထိန်းသိမ်းနိုင်တဲ့ မိန်းမတစ်ယော
အနေအထားမျိုး ဖြစ်နေတာ၊ အဲဒါ နင့်ကိုယ်နင်ရော သိရဲ့လား''

''ငါ သိပါတယ်''

''သိရဲ့နဲ့ နင် အဲဒီအတိုင်း ခေါင်းငုံ့နေဦးမယ်ဆိုရင်တော့ န
သဘောပဲ၊ ငါလည်း ဘာမှမတတ်နိုင်ဘူး''

သူရိယ စကားတွေက ပြတ်သားနေပေမယ့် တကယ်တမ်း
မောင့်အပေါ် မပြတ်သားနိုင်တာက ကျွန်မကိုယ်တိုင်ပဲဖြစ်သည်။ ကျွ
ဘက်က ဖြစ်ချင်တာတွေကို ပြတ်ပြတ်သားသား တင်ပြလိုက်လို့ မော
ကများ ကျွန်မကို စိတ်ခုသွားမလားဆိုသည့် ခံစားချက်တွေက ကျွ
ရင်ထဲမှာ နေရာယူလွှမ်းနေသည်။

အဲဒီလို မောင့်အာရုံတွေ နောက်ကိုသွား၍ ကျွန်မကို မမြင်
မတွေ့ချင်တော့ဘူးဆိုပြီး ထားခဲ့မှာမျိုးကိုလည်း ကျွန်မ အတွေးနဲ့
တုန်လှုပ်ချောက်ချားနေမိ၏။

တကယ်တော့ သိပ်ချစ်ကြသည့် ချစ်သူနှစ်ဦးဆိုလျှင် ဒီ
ပြဿနာမျိုးတွေ ဘယ်တော့မှ ဖြစ်မည်မထင်ပါ။ ခုဟာက ကျွ
တစ်ယောက်တည်းက အရှုံးအမူး ဇွဲလမ်းလျက် မောင်ကတော့ အေ





အေးစက်နိုင်လွန်းပါသည်။

မောင် ကျွန်မကို မချစ်တော့ဘူးလား။ ဒီဇာတ်လမ်းတစ်ခုလုံးကို
မောင်ကိုယ်တိုင် ဖန်တီးရေးသားခဲ့တာပါ။ ကျွန်မက အဲဒီထဲမှာမှ မောင့်
လိုကျ အသုံးတော်ခံခဲ့ရတာပါ။ အဲဒါကိုတောင် မောင်က စင်ပေါ်ကနေ
ာ်ရက်စက်စက် လုပ်ရက်နိုင်လွန်းသည်။

''အခု သူနဲ့နင် အဆက်အသွယ်ရှိတယ် မဟုတ်လား''

''အင်း သူ ငါ့ဆီ လာချင်တဲ့အချိန်ဆို ဖုန်းလှမ်းဆက်တယ်လေ''

သူရိယ ပြုံးလိုက်သော အပြုံးသည် ကျွန်မ ရင်ထဲတွင် တော်
တော်လေး ထိမြက်သွားစေသော အပြုံးမျိုးဖြစ်၏။

''ငါ သိပါတယ်၊ နင်လည်း ငါ့ကို အထင်သေးနေပြီဆိုတာပေါ့''

''နင် မှားတယ်၊ အဲဒါ ငါ နင့်ကို အထင်သေးတာ မဟုတ်
နင်တို့နှစ်ယောက်မှာ နင်က ပိုချစ်တဲ့သူဖြစ်နေတော့ ရှေ့လျှောက်
ည်း နင်ပဲ ခံစားနေရဦးမှာပဲ၊ သူက နင့်ကို အနိုင်ယူနေဦးမှာပဲ၊
ဒါကို ငါ ကောင်းကောင်းနားလည်တယ်၊ ဘာလို့လဲဆိုတော့ ငါနဲ့ ငါ့
ကောင်မလေးဆိုရင်လည်း ငါက ပိုချစ်မိတဲ့သူဆိုတော့ နင့်လိုပဲ အမြဲ
ခံခဲ့ရတယ်လေ''

သူရိယ စကားအဆုံးမှာ ဘာရယ်မဟုတ်ပါဘဲ ကျွန်မတို့နှစ်
ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ပြိုင်တူ ရယ်မော
လိုက်မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျွန်မရှေ့မှ စားပွဲလေးပေါ်တွင် ကော်ဖီတစ်ခွက်မှ မကျွန်ဓ
သည့် ခွက်မှန်ခွက်မှင့် နည်းနည်းမှ မထိရသေးသောကြောင့် အေးခဲ
မှက်နှာပြင်တင်းနေသည့် ကော်ဖီအပြည့်ခွက်တစ်ခွက်တို့ ရှိနေကြသည်
ဘယ်နှစ်ကြိမ်မြောက်မှန်း မသိတော့လောက်အောင် မော
သည့် နိုးနီးထားသည့်နေရာသို့ ရောက်မလာချိန်မှာတော့ ကျွန်မ၏ နာ
ဝမ်းနည်းခြင်းတွေကိုလည်း ထိန်းချုပ်၍မရအောင် ပေါက်ကွဲပစ်ချင်
ဖြစ်၏။

"နင့်သူဘက ဒီတစ်ကြိမ်လည်း မလာတော့ဘူးနဲ့ တူပါတယ်
ဆိုင်ရှင်အစ်ကိုကြီး သက်ပြင်းချပြီး ကျန်ခဲ့သည်ကို ကျွ
မသိကျိုးကျွံပြုလျက် မောင့်အလုပ်ရှိရာသို့ ထွက်ခဲ့သည်။ ကျွန်မ ရ





မှာ ခံစားနေရတာတွေကို ကျွန်မ ဒီတိုင်း ဥပေက္ခာပြု မထားနိုင်တော့ပါ။

မောင့်ထံမှ ပြတ်သားသည့် စကားတစ်ခွန်းခွန်း ဆုံးဖြတ်ချက်တစ်ခုခုကို ကျွန်မ ကြားသိချင်လှပါပြီ။ ဒီလိုမျိုး ဘာမှန်း ရေရေရာရာ သိသည့် အခြေအနေမျိုးမှာ ကျွန်မ တစ်ယောက်တည်း ကြိတ်ပြီး ခံစားမနေချင်တော့ပါ။

"ဟဲ့ ဝေး တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ ဘယ်သွားမလို့လဲ"

ကျွန်မသည် တစ်ယောက်တည်း အသိစိတ်ကင်းမဲ့သူလို ဖြစ်နေမိရာမှ ပလက်ဖောင်းဘေးကပ်လျက် ရပ်လိုက်သော ကားတစ်စီးကြောင့် လှုပ်နိုးခံလိုက်ရသူပမာ တုန်ယင်သွားပြီး အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။

"ဟင် မေသူ"

"အေး ဟုတ်တယ်၊ နင် ငါ့ကိုတော့ မှတ်မိသားပဲ၊ တော်ပါသေးရဲ့၊ ငါက နင် လောကကြီးနဲ့ အဆက်ပြတ်သွားပြီ မှတ်နေတာ၊ ဒါနဲ့နေစမ်းပါဦး၊ ဘာကိုမှ မမြင်တဲ့သူလိုပဲ ကြောင်တောင်တောင်နဲ့ ဘယ်သွားမလို့လဲ"

"ငါ ငါ ဖေသုတဆီ သွားမလို့"

"သူ့အလုပ်ထဲကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မေသူက ကားပေါ်မှ ဆင်းလာလျက် ကျွန်မနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်ပြီး ကျွန်မ မျက်နှာကို စူးစိုက်ကြည့်ကာ

"အခြေအနေက သာမန်တော့ မဟုတ်လောက်ဘူး၊ နင်တို့ဘာတွေဖြစ်နေလဲ၊ ငါ့ကို ပြောပြပါဦး၊ လိုအပ်ရင် ငါ လိုက်ခဲ့ပေးရမှာပေါ့"

"နင် အချိန်ရရဲ့လား"

"ရပ့ါ၊ ဒီနေ့က ငါ့ပိတ်ရက်လေ၊ ဝယ်စရာခြမ်းစရာတွေ နည်းနည်းပါးပါး ရှိနေလို့ ထွက်လာခဲ့တာ"

ကျွန်မနှင့်မေသူတို့နှစ်ယောက်သား အနီးရှိ စားသောက်ဆိုင်တစ်ခုတွင် ဝင်ထိုင်ဖြစ်ကြပြီး အကြောင်းစုံကို ကျွန်မက ပြောပြလိုက်သည်။ အဲဒီအကြောင်းတွေ ပြန်ပြောတိုင်း ကျွန်မရဲ့မျက်ရည်တို့ကလည်း အလိုလို ကျဆင်းမြဲမို့ . .

"မငိုပါနဲ့ ဝေးရယ်၊ ငါ့မှာတော့ သူရိယ ဒုက္ခတွေ ခံပြီးလို့ တစ်ယောက်နဲ့တော့ နင် တော်တော်လေး အေးချမ်းလိမ့်မယ်လို့ မျှော်လင့်နေတာ၊ ခုဟာက ပိုတောင်ဆိုးနေပါပေါ့လား၊ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးက ကျားထက်ဆိုးနေပြီပေါ့"

"အဲလိုပဲ ပြောရမယ်နဲ့တူတယ်"





"ငါ ကြားရသလောက်ကတော့ နင်နဲ့သူနဲ့က ကာရိုက်တာချင်းကလည်း တော်တော်လေးကို ဆန့်ကျင်နေတယ်၊ နင် လိုအပ်နေတာတွေနဲ့ သူပေးနေတာတွေက တခြားစီပဲ၊ ညှိမရတာတွေ ကြာလာရင် နင်တို့ အပြတ်ပြတ်နဲ့ နာခေါင်းသွေးထွက်လိမ့်မယ်နော်၊ သူက တခြားတစ်ယောက်များ ရှိနေ"

"အဲဒါမျိုးကို ငါ ကြားတောင် မကြားနိုင်လို့ ဆက်မပြောပါနဲ့ သူရယ်၊ ငါ တောင်းပန်ပါတယ်နော်"

"သွားပြီ နင်တော့ သွားပြီ၊ သွက်သွက်ခါသွားပြီ"

"ဟုတ်တယ် ငါ ရှုးနေပြီ မေသူ၊ ငါ ဘယ်လိုလုပ်ရမလဲ၊ သူ့ကို ငါကလွဲရင် တခြားမိန်းကလေးတွေကို ကြည့်တာတောင် ငါ သည်းခံနိုင်တာမဟုတ်ဘူး၊ သူ့ကိုလည်း ပြောဖူးပါတယ်၊ ဒို့ပြင် မိန်းမတွေလို အားလိပ်မသောက်နဲ့၊ အရက်တွေ ဘီယာတွေ မသောက်နဲ့လို့ လိုက်တားနေမှာမဟုတ်ဘူး၊ ဒါပေမဲ့ မိန်းမကိစ္စနဲ့ ပတ်သက်ရင်တော့ နည်းနည်းမှ သည်းမခံနိုင်ဘူးလို့ ပြောထားတယ်"

"ဟူး ရင်မောလိုက်တာ ဝေးရယ်"

မေသူရဲ့စကားကပင် ကျွန်မအတွက် အင်အားများကို စုပ်ယူလိုက်သလို ခံစားရ၏။

"အေးလေ ဘယ်လိုပဲဖြစ်ဖြစ် အကျိုးအကြောင်းသိရအောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါတို့ဘက်က လုပ်ရမှာပေါ့၊ နင်ပြောသလို ပြတ်သားတဲ့အဖြေ တစ်ခု ရရမှာပေါ့"

ကျွန်မတို့နှစ်ယောက် သူ့အလုပ်ထဲသို့ ရောက်သွားချိန်တွင် သူကတော့ ရှိမနေပါ။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"သူ လာတော့လာမယ် မဟုတ်လား"

"သူ လာမှာပါ၊ သူက အလုပ်ပျက်ခံတယ်"

"ဒါဆို ငါတို့ ကားထဲမှာပဲ ထိုင်စောင့်ကြမယ်လေ"

အလုပ်ချိန်ကို တစ်နာရီတိတိ နောက်ကျပြီး မောင် ရောက်လာ သည်။ မောင့်အလုပ်ထဲက လုပ်ဖော်ကိုင်ဖက်တို့က ပြောလိုက်သည် ထင်၏။ မောင်သည် ကျွန်မတို့နှစ်ယောက် ရှိနေသည့် ကားလေးနား တန်းတန်းမတ်မတ်ပင် လျှောက်လာပါသည်။

အဲဒီလိုမျိုး မောင်နှင့် တည့်တည့်ကြီး ရင်ဆိုင်ရတော့မည် တော့လည်း ကျွန်မသည် အပြစ်လုပ်ထားသူတစ်ယောက်လို တစ်ကိုယ် လုံး တောင့်တင်းအေးစက်ကာ ကျောက်ရုပ်တစ်ရုပ်ပမာ ငြိမ်သက်နေမိ

"ဟဲ့ နင် ကားပြင်ကို ထွက်လိုက်လေ"

မေသူ၏ သတိပေးချက်ကြားတာတောင်မှ ကျွန်မသည် ကြောင် တောင်တောင်ဖြစ်နေမိသေး၏။ ကျွန်မ၏မသိစိတ်တွေက မောင်နှင့်ကျွန်





ကြားမှာ ဆိုးဆိုးရွားရွား တစ်ခုခုဖြစ်တော့မည်လို့ အချက်ပေးနေကြသည်။

"မင်း ဘာကိစ္စရှိလို့လဲ"

ကားပြင်သို့ ကျွန်မ ထွက်ရပ်လိုက်သည်နှင့် ကြားလိုက်ရသော မောင့်အသံက သူစိမ်းတစ်ယောက်အား ပြောလိုက်သည့်လေသံထက် တောင် ပိုလို့ မာဆတ်နေပါသေးသည်။

အဲဒီလေသံနဲ့တင် ကျွန်မ ချောက်ချားစွာ ငိုကြွေးဖို့ လုံလောက် နေပါပြီ။

"မောင် အဲလို မပြောပါနဲ့၊ မနက်က ချိန်းထားတဲ့ ကော်ဖီ ဆိုင်မှာ ကျွန်မ ဘယ်လောက်တောင် စောင့်ခဲ့ရတယ်ဆိုတာ မောင် သိရဲ့လား"

ကျွန်မသည် တုန်လှုပ်မှုကြောင့် အဆက်မပြတ် လှုပ်ရှားနေ သော ရင်ဘတ်နှင့် အာခေါင်တွေခြောက်သွေ့ကာ စကားသံက လိုသ လောက် ထွက်မလာခြင်းကို မနည်းကြီး ကြိုးစားထိန်းချုပ်နေရ၏။

"ငါ မလာတော့ဘူးဆိုတာ မင်း သိရင် ပြန်တော့ပေါ့၊ ဘာလို့ များ ဆက်ထိုင်နေတာလဲ"

"မောင်လာမယ် မလာဘူးဆိုတာကို ကျွန်မက ဘယ်လိုလုပ် ကြိုသိနိုင်ပါ့မလဲ မောင်ရဲ့"

ကျွန်မသည် ငိုချင်လွန်းနေပါပြီ၊ ဒါပေမဲ့ ကျွန်မ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလိုမျိုးတော့ မကျချင်သေးပါ။

"ငါအလုပ်ကိုလည်း နောက်ကျမှရောက်လာတာ၊ မင်းနဲ့စကား ပြောနေလို့ မဖြစ်သေးဘူး"

"ဟင့်အင်း မရဘူး မောင်၊ ဒီနေ့တော့ ကျွန်မကို မောင် ရှင်းရှင်းလင်းလင်း ပြောမှဖြစ်တော့မယ်"

"ငါက ဘာတွေကို ရှင်းရှင်းလင်းလင်း ပြောရမှာလဲကွ"

"မောင်ရယ် ခုချိန်ရောက်မှတော့ မသိချင်ယောင် ဆောင်မနေ ပါနဲ့တော့၊ ကျွန်မကို မောင် ဘာလို့များ စိမ်းကားနေရတာလဲ၊ ကျွန်မ ဘာအပြစ်တွေ လုပ်မိလို့လဲ၊ ပြောပါ မောင်ရဲ့"

သူ ကျစ်ခနဲ စုပ်သတ်လိုက်ကာ သူ့အလုပ်ရှိရာဘက်သို့ လှည့် ကြည့်လိုက်သေး၏။ မောင်သည် ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဘယ် သောအခါမှ အလုပ်ထဲသို့ သယ်မလာတတ်သော လူတစ်ယောက်ဖြစ်၏။

"မင်း ဟိုရှေ့နားက လက်ဖက်ရည်ဆိုင်မှာ သွားစောင့်နေ ငါ ပြီးရင် ပြန်ထွက်လာခဲ့မယ်"

မောင်သည် ကျွန်မထံမှ ပြန်ပြောမည့် စကားကို နားမထောင် တော့ဘဲ ကျောပေးထွက်ခွာသွားခဲ့သည်။

"မေသူ ငါ ဘယ်လိုလုပ်ရမလဲ၊ သေချာတာကတော့ သူနဲ့ငါ ကြီးကြီးကျယ်ကျယ်တွေ ဖြစ်ကုန်တော့မယ်"





"နှင့်စိတ်ကိုလျှော့ထား ဝေ။ အကြောင်းရင်းက ဘာဆိုတာကို နှင်သိရသေးတာမှ မဟုတ်တာ"

"ဟင့်အင်း မရဘူး မေသူ၊ ငါ့စိတ်တွေ ဘယ်လိုမှကို ဆောက် တည်ရာမရတော့ဘူး။ ငါ ခုချက်ချင်းကို လဲပြိုကျသွားချင်နေပြီ"

ကျွန်မသည် ကားနောက်မီးကို မှီချလျက် တကယ့်ကို အင်အား ဆုတ်ယုတ်ကုန်သလို ခံစားနေရသည်။ ကျွန်မသည် မောင့်ကိုရင်ဆိုင်ပြီး မောင့်ဆီက ထွက်ကျလာမည့် ဘယ်လိုစကားမျိုးကိုမှ ရင်ဆိုင်နိုင်စွမ်း မရှိတော့တာ ကိုယ့်ကိုယ်ကိုယ် လုံးဝ သေချာနေပါပြီ။

မောင်ပြောသည့် လက်ဖက်ရည်ဆိုင်လေးသို့ ကျွန်မတို့က ကား ပါကင်ထိုးရန် နေရာကို ခက်ခက်ခဲခဲ ရှာဖွေနေရသောကြောင့် မောင့် ထက်ပင် နောက်ကျမှ ရောက်ရှိသွားခဲ့၏။

မောင်သည် ဆိုင်၏အတွင်းကျကျ ထောင့်ဆုံးဝိုင်းလေးတွင် ဆိုင်ပေါက်ဝကို ကျောပေးလျက် ထိုင်နေပါသည်။ ကျွန်မ မောင့်ဘေးမှာ ဝင်ထိုင်လိုက်၏။ မေသူက ကျွန်မရှေ့တည့်တည့်မှာ။

"ပြော မင်းပြောချင်တာတွေကို ပြောတော့"

မောင်သည် ကျွန်မကို လုံးဝမကြည့်။ ဘေးပတ်ဝန်းကျင် ဘယ် ကိုမှလည်း မကြည့်ပါဘဲ ခေါင်းကို ငုံ့ချထား၏။

"မောင် ကျွန်မကို ဘယ်လိုဖြစ်စေချင်နေတာလဲ၊ မောင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာလုပ်နေတာလဲ၊ ကျွန်မ သိချင်တာ အဲဒါပဲ မောင်''

''ငါ မအားဘူး၊ မင်းဆီလာဖို့ မအားဘူး''

''အဲလိုဆို အစတည်းက မောင် မချိန်းနဲ့လေ''

''မင်း အသံကို တိုးတိုးပြောလို့ မရဘူးလား''

မောင်သည် ခေါင်းငုံ့ထားရာမှ ကျွန်မဘက်သို့ အနည်းငယ် ငဲ့စောင်းကြည့်လျက် ပြစ်တင်ပြောဆိုလိုက်သေး၏။

''မရဘူး မောင်၊ ကျွန်မကြောင့် အရှက်ရတယ်ဆိုရင် ကျွန်မ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်မ အခု မပြောရင် ရင်ထဲမှာ မွန်းကျပ် လွန်းလို့ ရူးသွားတော့မယ်လို့ ခံစားနေရတယ်''

''ပြောကွာ မေးစရာရှိရင်လည်း မေး၊ ဒါပေမဲ့ ငါ့ကို အရှက် နောက်အောင်တော့ မလုပ်နဲ့နော်''

''မောင် ဘာဖြစ်လို့ ကျွန်မကို နင်ဟယ်ငါဟယ်နဲ့ ပြောနေတာ လဲဟင်၊ တကယ်တော့ စိတ်တိုရမှာ မောင် မဟုတ်ပါဘူး။ ကျွန်မပါ မောင်ရဲ့''

ကျွန်မသည် ကျဆင်းရန် တာစူနေသော မျက်ရည်များကြောင့် မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်၏။

''ငါ ဒီနားက မားကတ်ကို ခဏသွားလိုက်ဦးမယ်၊ နင်တို့ ပြောစရာရှိ အေးအေးဆေးဆေး ပြောကြနော်''



မေသူက တမင်သက်သက် ရှောင်တိမ်းပေးသွားမှန်း သိသောကြောင့် ကျွန်မလည်း အသာတကြည်ပင် ခေါင်းညိတ်ပြလိုက်သည်။

ဆိုင်ထဲမှ မေသူ ထွက်သွားသည်နှင့်

''မင်းကိုငါ အမြဲပြောတယ်၊ မင်းသူငယ်ချင်းတွေကို ငါ့ဆီ ခေါ်မလာပါနဲ့ဆိုတာလည်း နားမထောင်ဘူး''

''ဘာဖြစ်လဲ မောင်၊ သူတို့မှ ကျွန်မဘေးမှာ ဖေးမမပေးရင် ကျွန်မနားမှာ ဘယ်သူမှ မရှိဘူးလေ၊ မောင် ကျွန်မဘေးမှာ ကျွန်မ လိုအပ်ချိန်တိုင်း ရှိမနေပေးခဲ့ဘူးလေ''

''မင်း ဒါတွေပဲ ပြောနေတော့မှာလား''

''ကျွန်မ ခံစားနေရတာလည်း အဲဒီအတိုင်းပဲမို့ ကျွန်မ မပြို နိုင်တော့ဘူး၊ မောင် ဘာလို့ ကျွန်မနားမှာ ရှိမနေပေးတာလဲ မောင် ...ည်''

ကျွန်မသည် ဝမ်းနည်းစွာ တစ်ချက်ငိုရှိုက်လိုက်မိ၏။

''ကျွတ် မင်းတို့ မိန်းမတွေက အဲဒါပဲ၊ ထစ်ခနဲဆို ငိုဖို့ပဲ ...သိတယ်''

''နေစမ်းပါဦး မောင်ရဲ့၊ မင်းတို့မိန်းမတွေလို့ ပြောရအောင် ...ထဲက ကျွန်မအပြင် ဘယ်မိန်းမတွေနဲ့များ ထပ်ပတ်သက်နေသေးလို့လဲ''

ကျွန်မသည် ထိုစကားကို မနည်းအားတင်းကာ ပြောလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၏။ အဲဒီစကား ကျွန်မ နှုတ်ဖျားကနေ ထွက်ကျသွားပြီးချိန်

ကျွန်မမျက်နှာကို မော့ကြည့်လိုက်သော မောင့်အကြည့်များအား ကျွန်

ဘယ်တော့မှ မေ့လို့ရတော့မည် မထင်။

“ဟုတ်တယ် မင်း မကြိုက်ဆုံးကိစ္စကို ငါ ကျူးလွန်ထားတယ်”

“မောင် ဘာကိုဆိုလိုတာလဲ”

အခြေအနေကို ရိပ်မိစပြုနေပြီဖြစ်သော ကျွန်မသည် တုန်ရ

နေမှုကို အစွမ်းကုန် ထိန်းချုပ်လျက် မောင့်ကို ထိတ်လန့်စွာ မေးလိုက်မိ

“မင်း မကြိုက်ဆုံးကိစ္စက ဘာလဲဆိုတာ မင်းဘာသာမင်းသေ

မှတ်မိတယ် မဟုတ်လား”

“မိန်းမ မိန်းမကိစ္စလား မောင်”

ကျွန်မအသံတွေ ပီပီပြင်ပြင် ထွက်မလာတော့ပါ။ လည်ချော

ထဲမှ မနည်းညှစ်ထုတ်လိုက်ရသလို ခပ်အက်အက် အသံတချို့သာ ထွ

ကျသွား၏။

ကျွန်မရဲ့ မေးခွန်းအတွက် မောင့်အဖြေဟာ ခေါင်းညိတ်

ဖြစ်နေတာကို ကျွန်မ ဘယ်လိုမှ လက်မခံချင်ပါဘဲ ရင်နာနာနှ

လက်ခံလိုက်ရပါသည်။

အဲဒါဟာ အိပ်မက်တစ်ခုသာ ဖြစ်လိုက်စမ်းပါတော့

အိပ်မက်ဆိုရင်တောင် ကျွန်မ မွန်းကျပ်စွာ နာကျင်ရမည့်အိပ်





ဘယ်တော့မှ မမက်ချင်ခဲ့သည့် အိပ်မက်တစ်ခုပါပဲ။

“မောင် ကျွန်မကို မချစ်တော့ဘူးလားဟင်”

မည်သို့မျှ ထူးခြားလာတော့မည် မဟုတ်သည့် မေးခွန်းတစ်ခုကို

ပ်မေးလိုက်မိမှန်း ကိုယ်ကိုယ်တိုင် သတိထားလိုက်မိပေမယ့်

“ဟင့်အင်း မောင် မဖြေပါနဲ့”

“ဟုတ်တယ် မချစ်တော့ဘူး”

ထိုစကားနှစ်ခုသည် တစ်ပြိုင်တည်း ထွက်ကျလာခဲ့ခြင်းဖြစ်၏။

သွားပြီ သွားပြီ။ ကျွန်မ ကမ္ဘာလေးဟာ မောင့်နှုတ်က စကား

စ်ခွန်းနဲ့တင် ရစရာမရှိအောင် ပြိုကျပျက်စီးသွားခဲ့ရပြီ။

“မောင်”

ကျွန်မ အထိတ်တလန့် ခေါ်လိုက်မိ၏။

“မင်းက ငါ့ရင်ထဲကနေ အလိုလို ထွက်သွားခဲ့တာ”

ကျွန်မ တစ်ကိုယ်လုံးမှာ ရှိနေသော သွေးတွေအားလုံး ခမ်း

ခြောက်ကုန်လျက် ခန္ဓာကိုယ်ကြီးသည် ရေခဲတုံးတစ်ခုနှင့် ဘာမှမကွာ

တော့သလို ခံစားလိုက်ရသည်။

ကျွန်မ ဘာလုပ်ရမလဲဟင်။ မောင့်ရင်ထဲကနေ ကျွန်မက အလို

ထွက်သွားခဲ့တာတဲ့။ အဲလိုမျိုး ပြန်ဖြေသိမ့်စရာ ရှားပါးလွန်းတဲ့

ားတွေနဲ့တော့ ကျွန်မကို မနှိပ်ကွပ်ပါနဲ့ မောင်ရဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ နောက်တစ်ယောက် ရှိနေပြီ"

"နောက်တစ်ယောက်"

ကျွန်မသည် ထိုစကားကို ဒီ့အရင် ဘယ်တုန်းကမှ မကြားခဲ့ဘူး သိလို အသစ်အဆန်းတစ်ခုပမာ လိုက်ရွတ်လိုက်မိသည်။

"မောင် အဲလိုလုပ်လို့ မရဘူးလေ၊ မိန်းမတစ်ယောက်ကို ရှင် လုပ်ချင်တိုင်း လုပ်လို့ရမယ်လို့များ ထွေးနေတာလား မောင်"

ကျွန်မမှာ ပြောစရာစကားတွေ မရှိတော့ပါ။ ကျွန်မရဲ့အသဲ စိတ်သည် ကျွန်မ၏ခန္ဓာကိုယ်နှင့် အဝေးဆုံးသို့ ရောက်ရှိသွားခဲ့ပြီဖြစ် သည်။

"ရှင်နဲ့ကျွန်မ ရင်းနှီးပတ်သက်ခဲ့တာတွေက သာမန်ဆက်ဆံ မှု မဟုတ်ခဲ့ဘဲ၊ ရှင် ကျွန်မကို နည်းနည်းလေးမှ မစာနာဘူးလားဟင် အား ကျွန်မ ရှက်လိုက်တာ မောင်ရယ်"

ကျွန်မရဲ့ မျက်နှာတစ်ခုလုံး ရွဲရွဲနစ်နေပြီဖြစ်သော မျက်ရည်တို့က သုတ်လေကျလေ ကျလေသုတ်လေနှင့် ထိန်းချုပ်လို့လည်း မနိုင်တော့ပါ။

"ခေါင်းငုံ့မထားပါနဲ့ မောင်၊ မောင့်ခေါင်းကို မော့ပါ မောင်ရဲ့ အဲဒီစကားတွေကို ကျွန်မ မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြန်ပြော လိုက်စမ်းပါ"





"မင်း အဲလိုမျိုး လူတွေကြားထဲမှာ ထိန်းချုပ်မရ ဖြစ်နေတဲ့ပုံ စံကို ငါ ရှက်တယ်ကွာ၊ မင်းကြောင့်ပဲ ငါ ခေါင်းမဖော်ရဲတာလေ၊ ဒါပေမဲ့ မင်းက သေချာချင်တယ်ဆိုရင် ငါ ထပ်ပြောပေးမယ်"

တကယ်တော့ ကျွန်မက မောင် ခေါင်းငုံ့ထားတာဟာ အခု မောင် ပြောခဲ့တာတွေအတွက် မောင့်စိတ် မောင်မလုံလို့ မောင်ပြောတာ တွေဟာ အမှန်တွေမဟုတ်လို့ ကျွန်မ မျက်လုံးတွေကိုကြည့်ပြီး မောင် ပြောရဲလို့ အဲလိုမျိုးတွေ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ပြီး တွေးနေမိတာလေ။

ခုတော့ အဲလို မဟုတ်ပါဘဲ မောင်က ကျွန်မ တောင်းဆိုသည့် အတိုင်း ထပ်ပြောပေးဦးမယ်တဲ့။ ခုချက်ချင်းကိုပဲ ဒီလောကကြီးထဲကနေ ကျွန်မ ပျောက်ကွယ်သွားပါရစေတော့။

"ငါ့မှာ နောက်ထပ် ကောင်မလေးတစ်ယောက် ရှိနေပြီ မင်းကို ငါ့အပ်တော့ဘူး။ မချစ်တော့ဘူး၊ ကဲ ရပြီလား"

နှုတ်ခမ်းများကပြုံးလျက် ကျွန်မ မျက်လုံးများကို တည့်တည့် စိုက်ကြည့်ပြီး ပြောလိုက်သော မောင့်ကို သတိကင်းလွတ်စွာဖြင့် ကျွန်မ စိုက်ကြည့်နေမိပြီး မတ်တတ်ထရပ်လိုက်မိသည်။

ဒီနေရာကနေ မြန်မြန်ပဲ ထွက်သွားလိုက်တော့မည်။ ဒါတွေက ဘာယ်ဖြစ်နေတာမှ မဟုတ်တာဘဲ။ ကျွန်မ အိပ်မက်မက်နေခဲ့တာ။

မဟုတ်သေးဘူး ကျွန်မ ဒီနေရာမှာ ရှိမနေသင့်ဘူး။ မနက်ဖြ



www.burmeseclassic.com

www.burmeseclassic.com



စားရန် မောင်နှင့်ချိန်းထားသည့်နေရာကို မောင် ရောက်မလာပြီးသည့်နောက် ကျွန်မဟာ ကိုယ့်အိမ်ကိုယ်ပဲ အရင်လို နှုတ်ဆိတ်ပြီး ပြန်သွားသင့်တာ။ ခုတော့ ကျွန်မ မလိုချင်တာတွေ မဖြစ်ချင်တာတွေ မကြားချင်သုံးစကားတွေကို ကျွန်မကိုယ်တိုင် ဖန်တီးယူပြီး ကြုံတွေ့နေရပြီ။

ဆိုင်ပြင်သို့ ဘယ်လိုခြေလှမ်းမျိုးတွေနှင့် ကျွန်မ ထွက်လာခဲ့သည်မသိတော့။ ဆိုင်တွင်းရှိ လူတွေအားလုံး ကျွန်မတို့ကို ငေးကြည့်နေကြသေးလား ကျွန်မ ဘာကိုမှ မသိတော့ပါ။

"ဟဲ့ ဝေး နင် ဘာဖြစ်လာလဲ၊ ဖေသုတရော ဘယ်မှာလဲ နင်တို့ ဘာဖြစ်သွားပြီလဲ"

ကျွန်မ ရှေ့တည့်တည့်ကနေ ကားဆီးလျက် စိုးရိမ်တကြီးမေးလိုက်သော မေသူ့ကြောင့်သာ ကျွန်မ ခန္ဓာကိုယ်ထဲသို့ အသိစိတ်တချို့ ပြန်ဝင်လာခြင်းဖြစ်၏။

"ငါ ပြန်ချင်တယ် မေသူ၊ အိမ်ပြန်လိုက်ပို့ပေးမယ် မဟုတ်လား"

"ပို့ပေးမှာပေါ့။ လာ လာ ကားက ဟိုဘက်မှာ ရပ်ခဲ့တာလေ"

ကားနောက်မှီကို အရုပ်ကြိုးပြတ် မှီလှဲချပစ်လိုက်ပြီးနောက်မှတော့ ကျွန်မ မျက်လုံးများက မျက်ရည်တို့သည် ထိန်းမနိုင် သိမ်း[illegible]စွာဘဲ စီးဆင်းလာကြပြန်၏။





"ဘာတွေဖြစ်ကုန်ပြီဆိုတာ ငါ့ကို နင် ပြောပြသင့်တယ်လို့ ထင်တာပဲ ဝေး"

မေသူက ကားကို စက်မနှိုးသေးဘဲ ကျွန်မကို စိတ်ညစ်ညူးစွာ ငေးကြည့်ရင်း ပြောပြန်သည်။

"သူ့မှာ နောက်တစ်ယောက် ရှိနေပြီတဲ့လေ"

"ဘာ အဲဒါ တကယ်လား၊ အမှန်ပဲတဲ့လား"

သူ့မှာ နောက်ထပ် ကောင်မလေးရှိနေကြောင်းကိုတောင် မနည်း အားယူလျက် ပြောလိုက်ရသော ကျွန်မအား မညှာမတာစွာပင် တကယ်လား အမှန်လားဟု ထပ်တစ်ခါ အတည်ပြုခိုင်းနေသော မေသူ့ကို ကျွန်မ အကြောင်သားသာ ငေးစိုက်ကြည့်နေမိတော့၏။

"အဲဒါကို နင် ဘာမှမလုပ်ခဲ့ဘဲ ဒီအတိုင်း အရှုံးသမားတစ်ယောက်လို ငိုယိုပြီး လှည့်ထွက်လာခဲ့တယ်ပေါ့ ဟုတ်လား"

"ငါ ဘာလုပ်နိုင်မှာလဲ မေသူ၊ ဒီအခြေအနေမျိုးမှာ ငါက ဘာများ လုပ်နိုင်ဦးမှာမို့လဲ"

"နင် လုပ်နိုင်တာပေါ့။ နင်တစ်ခုခုတော့ သူ့ကို နာကျင်အောင် [illegible]ဖြစ် လုပ်ခဲ့သင့်တယ်"

"သူ့ကို နာကျင်အောင် လုပ်လိုက်တော့ရော အစိပ်စိပ်အမွှာမွှာကွဲကြေကုန်တဲ့ ငါ့နှလုံးသားတွေက ပြန်ကောင်းလာနိုင်မှာမို့လား။ မျော်လင့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာမို့လား''

''အဲဒီလိုမျိုးတွေတော့ မဖြစ်လာနိုင်ပေမယ့် နင် ဒီအတိုင်း အရှုံးသမားတစ်ယောက်လို ခေါင်းငုံ့ထွက်လာတာထက်တော့ အများကြီး သာသွားမှာပါ''

အဲဒီလိုလား။ ကျွန်မ သူ့ကို တစ်ခုခု ပြန်လုပ်ခဲ့လျှင် ကျွန်မ၏ အရှုံးတွေကို နည်းနည်း ကာကွယ်ပြီးသား ဖြစ်သွားမှာတဲ့လား။

ဒီလိုဆိုရင် ကောင်းပြီလေ။

''ဆိုင်ထဲမှာ သူ ရှိသေးလား မေသူ''

''ခုနလေးကတင် ထွက်သွားပြီ''

''သူ့အလုပ်ထဲ ပြန်မရောက်သွားခင် ငါ့ကို အမီမောင်းပေး မလား''

''သိဒ်ရတာပေါ့''

မေသူက ခေါင်းငိုက်စိုက်ချ၍ တစ်လှမ်းချင်း စိတ်ပျက်လက်ပျက် လှမ်းလျှောက်လာနေသော သူ့ရှေ့တွင် ကားလေးကို ကန့်လန့်ဖြတ် ဝိတ်ကာဆီးပြီး ရပ်ပစ်လိုက်၏။

ကားပေါ်မှ ဆင်းလာသော ကျွန်မကိုမြင်တော့ သူ ကျစ်ကျစ် စုပ်သတ်လျက် မျက်နှာလွှဲသွား၏။

''မင်း မပြီးသေးဘူးလား''





''ဟုတ်တယ် မပြီးသေးဘူး၊ ကျွန်မရဲ့ရင်တွေကို ရစရာမရှိအောင် ခွဲချေပြီးတော့မှ ရှင်ကျတော့ ဘာနာကျင်မှုမှ မရှိဘဲ လွတ်လွတ် လပ်လပ်ကြီး ထွက်သွားလို့ ရမယ်များ ထင်နေတာလား''

''မင်း ဘာလုပ်ချင်တာလဲ''

သူ လမ်းတစ်ဖက်မှ အုတ်ခုံလေးပေါ် ခြေပစ်လက်ပစ် ထိုင်ချ လိုက်၏။ ကျွန်မ သူ့ရှေ့တည့်တည့်တွင် မျက်နှာချင်းဆိုင် ဆောင့်ကြောင့် ထိုင်လိုက်ပါသည်။

''သုတာဆီက ဘာတွေများ ထပ်လိုချင်နေသေးတာတုံး''

ဒီမျက်နှာနှင့် ဒီအသံကို အခုချိန်မှာတော့ ကျွန်မ နည်းနည်းမှ နှစ်သက်နိုင်ပါ။ ကျွန်မကို မလိုလားသော မျက်နှာနှင့် မာကျောသော အသံ၊ ထိုအရာများဖြင့် ကျွန်မ ရင်ဘတ်တစ်ခုလုံး စုတ်ပြတ်သတ်သွား အောင် သူ တတ်စွမ်းနိုင်ခဲ့ပါသည်။

မျက်ခုံးများဖြင့် ရုပ်ပျက်ဆင်းပျက် ယိုယွင်းနေသော မျက်နှာ ပေါ်တွင် အပြုံးတစ်ခုကို ကျွန်မ တပ်ဆင်လိုက်ပါသည်။ သူ့ကိုနာကျင် အောင်လုပ်မည့် ကျွန်မ မျက်နှာပေါ်တွင် အနည်းဆုံးတော့ အပြုံးလေး တစ်ခုလောက်ဖြစ်ဖြစ် ရှိနေသင့်သည် မဟုတ်လား။

ဖြန်းခနဲ အသံနှင့်အတူ အံ့ဩတကြီး ဖြစ်သွားသော သူ့မျက်နှာ၊ ရှေ့နေသော သူ့ပါးပြင်ပေါ်တွင် ရဲရဲနီအောင် ထင်းနေသော ကျွန်မ၏



www.burmeseclassic.com

လက်ဝါးရာ။ ဘယ်လိုမှ မျှော်လင့်ထားမည် မဟုတ်သော အဖြစ်အပျက်
သူ့ ခဏတာ ကြောင်သွားပုံရ၏။

အသိတရားနှင့်အဖြစ်အပျက်တို့ကို ဆက်စပ်မိသွားချိန်မှာ
သူ့ ကျွန်မရှေ့တွင် ဝုန်းခနဲ ထရပ်လျက် ခြေလှမ်းကျဲများဖြင့် ထွက်
ရန် ပြင်လိုက်၏။

"အခု မင်းလုပ်ခဲ့တာတွေကို ဒီထဲမှာ သိမ်းထား ကြားလား

သုတက သူ့ဘယ်ဘက်ရင်အုံကို လက်နှင့်ထောက်လျ
ကျွန်မကို ပီပီသသ တစ်လုံးချင်း ပြောသွားသော ထိုစကားသည် ကျွ
၏ ဟန်ဆောင်ပြုံးထားခဲ့ရသော အပြုံးတုများအားလုံးကို အလဲလဲ
ပြိုနှင့် မှုံပြုံးတစ်ခု ဖြစ်သွားစေပြီး ထွက်ခွာသွားသော သူ့ကျောပြ
ငေးကြည့်လျက် နေရာမှာတင် ကျွန်မ အရုပ်ကြိုးပြတ် ထိုင်ငိုချလို
သည်။

"ဟေး ဝေး ထစမ်း။ နင် အဲဒါ ဘာလုပ်နေတာလဲ၊ လူ
ရှိနေတယ်လေ၊ လာ လာ ကားပေါ်မြန်မြန်တက်"

မေသူ၏ ဖေးမ ခေါ်ယူမှုဖြင့် ကျွန်မ ကားပေါ်တွင် ပါလာ
လည်း ကျွန်မအသိစိတ်တို့သည် လဲပြိုကျခဲ့သော ထိုနေရာမှာတင်
ရစ်ခဲ့၏။

ကျွန်မ ဘယ်တော့မှ ပြန်မရနိုင်တော့ပါ။ ကျွန်မသိပ်ချစ်





သုတကို ကျွန်မ ဘယ်တော့မှ ပြန်မရနိုင်တော့ပါ။ အဲဒါ ဘယ်လောက်
တောင်များ သွေးပျက်ချောက်ချားစရာ အဖြစ်အပျက်ကြီးပါလိမ့်။

နာကျင်ခြင်းကို ထုံသွားသူတစ်ယောက်ပမာ ကျွန်မ မျက်ရည်
တို့ ခြောက်ခမ်းကုန်၏။ ဘယ်ကိုမှ မသွားချင်မလာချင် စာရေးချင်စိတ်
ဆိုတာ ဝေးလို့။ ကျွန်မ ဘဝအတွက် အသက်ရှင်နေသည်ဆိုတာကိုပါ
ကိုယ့်ဘာသာ မေ့လျော့လာသည်။

သူ မရှိတော့မှ သူဟာ ကျွန်မဘဝရဲ့ လိုအပ်ချက်ကြီးတစ်ခုမှန်း
သေချာလာသည်။ သူ မရှိခြင်းဟာ ကျွန်မအတွက် ဘာဆိုဘာမှ မရှိ
တော့တဲ့ ပျောက်ဆုံးကုန်တာနှင့် တူလွန်းသည်။ သူနှင့်အတူ ကျွန်မ၏ဘဝ
ကြီးတစ်ခုလုံး သူ ယူဆောင်သွားခဲ့သည်။

ကျွန်မမှာ ဘာဆိုဘာမှ မရှိတော့။ ကျွန်မတစ်ယောက်တည်း
ထီးထီးကြီး ကျန်ရစ်ခဲ့ရသည်။

■ ■ ■

"နင် စာတွေလည်း မရေးဖြစ်ဘူးဆို ဟုတ်လား ဝေး"

ဝရန်တာတွင် တစ်ယောက်တည်း ထိုင်ငေးနေမိသော ကျွန်မ
အားသို့ သူရိယ ရောက်လာကာ အပြစ်တင်သံနှင့်မေး၏။

"ငါ့အာရုံတွေ စုစည်းလို့မရလို့"

"ခုချိန်ထိ နင့်အနာ မကျက်နိုင်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အနာကျက်ရင်တောင် အမာရွတ်ကျန်နေမှာလေ"

"ငါ့တုန်းက နင် ဖေသုတကို အသုံးချပြီး ရုန်းထွက်ခဲ့တယ် ခုကျတော့ နင့်အတွက် Replacement ရှာမတွေ့သေးဘူးလား"

သူရိယ၏စကားကြောင့် ကျွန်မ ထိတ်လန့်တကြားနှင့် သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ သူရိယကတောင် ကျွန်မ၏အချစ်တွေကို မယုံတော့ဘူးပေါ့။

"ငါ နင့်ကို ဘယ်လိုရှင်းပြရင် နင် ယုံမလဲ သူရိယ၊ ငါ့အတွက် ဖေသုတဆိုတာ အစားထိုးလို့ရတဲ့ချစ်သူတစ်ယောက် မဟုတ်ဘူး။ နင့်တုန်းက အနေနီးတဲ့သံယောဇဉ်တစ်ခုကို ငါ အချစ်လို့ အထင်မှားခဲ့တာ၊ ငါ တစ်ခုတော့ ဝန်ခံပါတယ်၊ အဲဒီ တွယ်ကပ်မှုကနေ ရုန်းထွက်နိုင်ဖို့ ငါ သူ့ကို အသုံးချခဲ့ဘယ်၊ ဒါပေမဲ့ ငါ သူ့ကို တကယ်ချစ်သွားတယ်လေ အဲဒီအတွက် ငါ့မှာအစားထိုးစရာ မရှိတော့ဘူး၊ ဘယ်တော့မှလည်း ရှိ လာတော့မှာ မဟုတ်ဘူး"

"ဒါဆို တခြားရင်ခွင်တစ်ခုထဲကို ရောက်သွားတဲ့ယောကျ်ား တစ်ယောက်အတွက် နင် တစ်သက်လုံး ဒီလိုနေနေမှာလား"

"မပြောနဲ့ အဲဒီစကားကို ငါ့ရှေ့မှာ လာမပြောစမ်းနဲ့ သူရိယ သူဟာ အမြဲတမ်း ငါ့အတွက်ပဲ၊ သူ ငါ့ဆီကို ပြန်လာမှာ၊ ငါသိတယ် ဘာလို့လဲဆိုတော့ ငါ့လောက် သူ့အပေါ် နားလည်ပေးနိုင်တဲ့သူ မရှိလို့ပဲ





သူ ပြန်လာအောင် ငါ ကြိုးစားမှာ"

"နင် မရှက်ဘူးလား ဝေ၊ နင်ကိုယ်တိုင် လူလယ်ခေါင်မှာ ပါးရိုက်ခဲ့တဲ့ယောကျ်ားတစ်ယောက်ကို နင်ကိုယ်တိုင် ပြန်ပြီးတွယ်ကပ်ချင်နေတာလား"

"ဟုတ်တယ် သူရိယ၊ ငါ သူ့ကို ပါးရိုက်ခဲ့တယ်ဆိုတာလည်း သူ့ကိုသိပ်ချစ်လွန်းလို့ ဖြစ်ခဲ့တာပဲ၊ အဲဒီအတွက်လည်း ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး။ ဒါပေမဲ့ ငါ ယုံနေတယ်၊ သူ ငါ့ဆီကိုပဲ ပြန်လာမှာ"

"နင် ရူးနေပြီ"

"နင် မသိဘူးလား၊ ငါ သူ့ကြောင့် ရူးနေတာ ကြာခဲ့ပြီ"

"ဟာကွာ တောက်"

ကျွန်မအား သူရိယ တကယ်ကိုပင် စိတ်ပျက်သွားခဲ့သည်။ တစ်ချက်မှပင် နောက်ပြန်လှည့်မကြည့်တော့ဘဲ အိမ်ထဲမှ ထွက်ခွာသွားသည်။

■ ■ ■

"ကျွန်တော် တကယ်မသိဘူး မမ၊ ဒီကောင်က အဲလိုပဲ တစ်ခါတစ်ခါဆို အကြာကြီး ပျောက်ပျောက်နေတယ်"

"ငါ ဘာလုပ်လိုက်တယ်ဆိုတာလောက်တော့ နင်တို့ ကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့''

''အဲဒါတော့ ကြားပါတယ်၊ သုတကြီးကို ပါးရိုက်ရဲတဲ့သတ္တိ တော့ ကျွန်တော်တို့အားလုံး ဖြုံသွားတယ် အဟဲ''

ရောင်နီက ရယ်မောကာ ပြောလိုက်သော ထိုအဖြစ်အပျက် သည် ကျွန်မအတွက် ငရဲခန်းတစ်ခု ဖြစ်ခဲ့မှန်း မသိလို့များလား။

''ငါ ရိုက်လိုက်တဲ့ ကိစ္စပဲ ပြောမနေနဲ့လေ၊ ဘာလို့ ရိုက်တယ် ဆိုတာလေးရော မသိချင်ကြဘူးလား''

''ဟုတ်သားပဲ၊ အကြောင်းရင်းကို မေးဖို့မေ့နေတယ်၊ ဘာ ရိုက်လိုက်တယ်ဆိုတာ ပြောပါဦးဗျ''

''နင်တို့လူက ဒါတော့ ထည့်မပြောဘူး မဟုတ်လား၊ ငါ့ဆီကို မလာဘူးလေ၊ နောက်ထပ်တစ်ယောက် ရှိနေတယ်တဲ့၊ အဲ ငါလည်း စိတ်မထိန်းနိုင်ဘဲ လုပ်ပစ်လိုက်မိတယ်''

''အာ ဟုတ်လို့လား မဝေဝေရဲ့၊ သုတကြီးက အဲလိုလုပ် ကောင်မျိုး မဟုတ်ပါဘူး၊ အေးတိအေးစက်ကြီး နေလွန်းလို့တောင် ကျွန် တော်တို့က ဘေးကနေ မြှောက်ပင့်ပေးနေရတာ''

''ငါ မသိတော့ပါဘူး ရောင်နီရယ်၊ မသိတော့လို့လည်း နင်း ကို ရောက်လာတာပဲ၊ နင်များ တစ်ခုခု ကူညီနိုင်မလား၊ သိနေမယ ဆိုပြီးပေါ့''





''ဒီကြားထဲ ကျွန်တော် ဗဟန်းဘက်သွားစရာတော့ ရှိတယ်၊ စိတ်ချပါ၊ ကျွန်တော် တတ်နိုင်သလောက် စုံစမ်းပေးပါ့မယ်''

''ကျေးဇူးပါပဲ ရောင်နီရယ်၊ ငါ့မှာ တစ်ခုခုဆို သူနဲ့ပတ်သက် ရင်ဖွင့်စရာ နင်ပဲရှိတာလေ''

''ရပါတယ်ဗျာ၊ ကျွန်တော်ကလည်း မဝေဝေကို ကူညီချင်ပါ တယ်''

ရောင်နီ့အိမ်ကနေ ပြန်လာတဲ့တစ်လျှောက်လုံး ကျွန်မစိတ်တို့ ပါးနေခဲ့၏။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ နောက်ထပ် ကောင်မလေး တစ်ယောက် ရှိနေသည်ဆိုသောကိစ္စကို ကျွန်မလိုပင် မယုံနိုင်သော သူတစ်ယောက် ထပ်ရှိနေခဲ့ပြီ မဟုတ်လား။

ဘာလို့မှန်းမသိပါဘဲ ကျွန်မစိတ်ထဲမှာ သူ့ကို ယုံကြည်နေမိသေး ဖေသုတဟာ ဘယ်တော့မှ ဒီလိုမျိုး သစ္စာမဲ့သည့် လုပ်ရပ်မျိုးကို လုပ်မှာမဟုတ်ပါဘူးလို့ ယုံကြည်နေမိသေးသည်။ ဒါဟာ ဘယ်လောက် ကောင်များ ရယ်စရာ ကောင်းနေလိုက်သလဲ။

ဘစ်ဆင့်စကားဖြင့် ကြားခဲ့ရခြင်းလည်း မဟုတ်ဘဲ ကာယကံ ကိုယ်တိုင်က ကျွန်မ မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီး ဝန်ခံ ခြင်း ဖြစ်ပေမယ့် ကျွန်မ နည်းနည်းမှ မယုံကြည်နိုင် လက်မခံနိုင်ပါ။ အဒင်္ဂလေးမှာတော့ ကျွန်မ ဘာကိုမှ မမြင်နိုင်တော့ဘဲ သူ့အသားကို



www.burmeseclassic.com

www.burmeseclassic.com



နာကျင်အောင် လုပ်ခဲ့မိသည်။ ဒါဟာလည်း သူ့ကို သိပ်ချစ်လွန်းခဲ့လ

ဆိုတာ သူ တစ်ချိန်ချိန်တွင် နားလည်လာပါလိမ့်မည်။

ကျွန်မ၏ သူ့အပေါ်ထားသော ယုံကြည်မှုတွေ ပိုလို့ ခိုင်မာ လာအောင် အားပေးခဲ့တာကတော့ ရောင်နီ၏စကားများပဲ ဖြစ်ခဲ့၏။

"ကျွန်တော် ဟိုတစ်နေ့က ရောက်ခဲ့တယ်၊ သုတအိမ်ကိုပေါ့"

"ဘာတဲ့လဲ ရောင်နီ"

ကျွန်မ၏ မျက်ဝန်းတွင် မျှော်လင့်ချက်များဖြင့် လင်းလက် တောက်ပနေမှာ သေချာပါသည်။

"ဒီကောင့်မှာ ဘာနောက်ထပ်ကောင်မလေးမှ မရှိပါဘူး၊ ဒါပေမဲ့ ဒီကောင့်ပုံကြည့်ရတာ မူမမှန်ဘူးဗျ"

"ဘယ်လိုမူမမှန်တာလဲ ရောင်နီ၊ ငါလည်းနှင့်ဆီလာပြီး နောက် နှစ်ရက်သုံးရက်လောက် သူ့အလုပ်ထဲ လိုက်သွားသေးတယ်၊ အလုပ်လည်း မလာဘူးတဲ့လေ"

"ဟုတ်တယ် သုတ နေမကောင်းဘူးလား မသိဘူး၊ တော်တော် လည်း ပိန်သွားတယ်၊ မျက်တွင်းတွေလည်းကျလို့၊ ကျွန်တော်တောင် သူ မဟုတ်တာတွေ လုပ်နေသလားလို့ တွေးလိုက်မိသေးတယ်၊ ဒါပေမဲ့ သားငယ်တို့ကို မေးကြည့်တော့လည်း မဟုတ်ဘူးတဲ့လေ၊ ခက်တာက သုတဆိုတဲ့ကောင်က ဘယ်တုန်းကမှ ပွင့်ပွင့်လင်းလင်း မရှိတာဘဲ







သူ ဘာဖြစ်နေတယ်ဆိုတာကို ဘယ်သူ့ကိုမှ ပြောမပြတတ်ဘူးလေ"

"ဟိုလေ သူ့အိမ်ကိုရော မေးမကြည့်ဘူးလား"

"သူ့အိမ်ကိုလား၊ သူ့အိမ်ကလည်း သူ့လိုပဲ မြုံစိစိတွေလေ၊ တစ်ခွန်းမေးလို့ တစ်ခွန်းပြန်မဖြေချင်မှဖြေတာ၊ ဒီလောက်ထိ သုတနဲ့ တွေ့ခွင့်ပေးတာတောင် ငယ်သူငယ်ချင်းတွေမို့လို့ဗျ"

"ဟူး"

ကျွန်မ သက်ပြင်းချလိုက်၏။

ဘယ်လိုတွေပါလိမ့်။ ကျွန်မကိုယ်တိုင် လိုက်သွားလို့ရလျှင် သိပ် ကောင်းပါမည်။ ဒါပေမဲ့ သင့်တော်ပါ့မလား။ ချစ်သူတွေဆိုတဲ့ ခေါင်းစဉ် အောက်မှာ ရှိနေတုန်းကတောင် ကျွန်မ မလုပ်ရဲခဲ့သည့် အလုပ်လေ။

ခုလို အနေအထားမျိုးဖြင့် ကျွန်မ ဘယ်မျက်နှာတစ်သွားရပါ့မ လဲ။ သူ အမြဲတမ်း ဖုံးကွယ်ရန် ကြိုးစားနေခဲ့သော အဖြစ်တွေကို ကျွန်မ သိချင်သည်။ ဖေသုတ အစစ်အမှန်ဟာ ဘယ်လိုမျိုးပါလိမ့်။ သူ့စိတ်ခါတ် အမှန်က ဘယ်လိုလဲ။ ပြီးတော့ ကျွန်မအပေါ်တွင် သူ ထားခဲ့သည့် အချစ်တွေ၊ အဲဒါတွေဟာ တကယ်ရှိခဲ့တာတွေလား။ ဒါမှမ ဟုတ် ကျွန်မကိုယ်ကျွန်မ သိပ်အထင်ကြီးကာ သူ့ကို ယုံကြည်နေမိဆဲ ဖြစ်နေတာလား။

ဘယ်ဟာက အမှန်တရားလဲဆိုတာကို ကျွန်မ ရှာဖွေကြည့်ရမည်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုစိတ်တစ်ခုတည်းနှင့်ပင် ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချပြီး ဒီလမ်းထဲကို ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဖေသုတ၏တိုက်ခန်း မျက်စောင်းထိုးလောက်တွင်ရှိသော အအေးဆိုင်လေးမှာထိုင်ကာ သူ့အိမ်ရှိရာဆီ လှမ်းကြည့်နေခဲ့တာပင် တစ်နာရီနီးပါးရှိခဲ့ပြီ။ သူ့ကို တစ်ချိန်ချိန်တော့ ကျွန်မတွေ့ခွင့်ရမှာပါ။ ဒီနေ့မတွေ့ရင်လည်း နောက်နေ့တွေ ရှိသေးသည်။

ကျွန်မတွင် အချိန်တွေအများကြီး ရှိပါသေးသည်။ ဒီကိုမလာခင် သူ့အလုပ်ထဲ ဝင်မေးခဲ့သေး၏။ အလုပ်ကနေ ခွင့်တစ်ပတ်တိတိ ယူထား သော သူ့ထံမှ ခိုင်လုံသည့် အကြောင်းပြချက်တစ်ခုကို ကျွန်မလိုချင်သည်။ တော်တန်ရုံ အလုပ်ပျက်ခဲ့သည့် ဖေသုတသည် ကျွန်မနှင့်ဝေးကွာပြီးသည့် နောက်မှာ မကြာခဏဆိုသလို အလုပ်ပျက်တတ်နေ၏။

ဒါကရော သူ ဖုန်းကွယ်ထားသည့် အကြောင်းအရာတစ်ခု လေပဲလား။ သူသည် ရိုးစင်းမလိုနှင့် ရှုပ်ထွေးသော ဘဝထဲတွင် နေသား ကျနေသည့် လူတစ်ယောက်သာဖြစ်မှန်း ကျွန်မ လက်ခံလိုက်ရသည်။

ထိုနေ့တစ်နေ့လုံး သူ့အရိပ်အယောင်လေးမျှပင် ကျွန်မ မြင်တွေ့ ခွင့်မရခဲ့ပါ။ အိမ်ပေါ်မှာ သူ မရှိလို့များလား။ မဖြစ်နိုင်၊ သူ့သူငယ်ချင်း





သားငယ်တို့ကို သူ့ထံဖုန်းဆက်နိုင်းပြီး သူ အိမ်ပေါ်မှာ ရှိနေမှန်း အတည်ပြုခဲ့ပြီးပြီ။

ဘာလို့မှန်းတော့မသိ၊ သူ့သူငယ်ချင်းတွေကိုယ်တိုင်လည်း သူ လျှို့ဝှက်ထားသည့် တစ်ခုခုကို ကျွန်မနည်းတူ သိချင်နေကြသည်။ ဒီ့အတွက်လည်း ကျွန်မအား စိတ်လိုလက်ရ ကူညီနေခြင်းဖြစ်၏။

သူ့အိမ်ရှေ့မှ အအေးဆိုင်လေးတွင် သွားထိုင်စောင့်သည့် သုံးရက်မြောက်နေ့မှာတော့ ကျွန်မထံသို့ ထူးဆန်းစွာပင် ဖုန်းခေါ်မှုတစ်ခု ရောက်ရှိလာခဲ့သည်။

"ဟယ်လို မင်းက လွှမ်းဝေးဝေး ဆိုတာလား"

အသံက တည်ကြည်လေးနက်သော အမျိုးသမီးကြီး တစ်ယောက်အသံ။

"ဟုတ်ပါတယ်"

"အန်တီက ဖေသုတရဲ့မိခင်ပါ"

"ရှင်"

အံ့အားသင့်သွားမှုနှင့်အတူ ကျွန်မသည် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်မိ၏။

"ဟုတ်ကဲ့ပြောပါ အန်တီ"

"မင်း အိမ်ပေါ်ကို တက်လာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အန်တီပြောတာကို မင်းသိပါတယ်နော်"

"ဟုတ်ကဲ့ သိပါတယ် အန်တီ"

ဖုန်းချပြီးသည့်ထိ ကျွန်မ နားမလည်နိုင်အောင် ဖြစ်နေခဲ့ ဖြစ်သည်။ ဖေသုတ၏ မိခင်က ကျွန်မဖုန်းနံပါတ်ကို မည်သည့်နည်းနှင့် သိသွားရတာလဲ။ ပြီးတော့ သူ့အိမ်နားက အအေးဆိုင်လေးမှာ ကျွန်မ နေမှန်းလည်း သိနှင့်နေသေးသည်။

ကျွန်မကို သူ့အိမ်ပေါ်သို့ တက်လာခိုင်းရသည့် အဓိက အ ကြောင်းရင်းကရော ဘာများပါလိမ့်။ ထပ်ကြာကြာ စဉ်းစားမနေတော့ ဘဲ အအေးဖိုး ခပ်မြန်မြန်ရှင်းပေးကာ သူရှိရာ တိုက်ခန်းလေးဆီ တတ် ကားအကူအညီဖြင့် ကျွန်မ အပြေးရောက်သွား၏။

အိမ်ခန်းတံခါးကို မပိတ်ထားပါဘဲ စေ့ရုံသာ စေ့ထားသော ကြောင့် ကျွန်မအလွယ်တကူပင် အထဲသို့ဝင်နိုင်သွားသည်။ သင်း လေး မွှေးနေသော ရနံ့တစ်ခုနှင့်အတူ အဲကွန်းကလည်း စိမ့်နေအောင် အေးသောကြောင့် ကျွန်မနည်းနည်း အမောပြေသွား၏။

သူတို့အိမ်သည် အပြင်က မြင်နေရသည့်ထက် အထဲ ပိုကျယ်ပြီး ခမ်းနား၏။ နင်းရက်စရာမရှိအောင် အိစက်နေသော ကော်ဇောကြီးများက ကြမ်းအပြည့်။ တချို့နေရာများတွင်ပြန့်နေ၍





တပ်ထားရသော ကျွန်မအိမ်ခန်းထဲမှ ဖယောင်းပုဆိုးများနှင့် နှိုင်းရက်စရာ မရှိအောင် သားနားခန့်ထည်လွန်းပါသည်။

ဧည့်ခန်းနံရံတွင် ချိတ်ဆွဲထားသော မိသားစုဓာတ်ပုံကြောင့် သူ့မိခင်ဆိုသူကို သက်ရှိထင်ရှား မမြင်တွေ့ဖူးခင်မှာပဲ ကျွန်မတွေ့ခွင့် ရလိုက်သည်။ အစ်ကိုနှင့်အစ်မ၏ကြားတွင် ရပ်နေသော ဖေသုတပုံက ထိုဓာတ်ပုံထဲတွင် အလွန်ကလေးဆန်နေ၏။

"မင်းကို ပြောစရာလေးရှိလို့ ခေါ်လိုက်တာပါ"

တည်ကြည်ပြတ်သားသော သူ့အမေ၏ အသံက ကျွန်မနားတွင် ဆွက်ပေါ်လာ၏။ ဖေသုတသည် ထိုအသံမျိုးကို အမေ့ထံမှ အမွေရခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

အိမ်မှာနေရင်း ဝတ်ထားသော အဝတ်အစားများကပင် အလွန် သပ်ရပ်ခန့်ထည်နေသော အသက်ငါးဆယ်ခန့် အမျိုးသမီးကြီးကို ငေး ကြည့်နေမိရင်း ကျွန်မကိုယ် ကျွန်မ သိမ်ငယ်သွားသည်။

ဒူးနားထိရှည်သော ချည်သားအင်္ကျီပွပွကို အသားကပ် ဘောင်း ဘီအနက်ရောင်နှင့် လွတ်လွတ်လပ်လပ် တွဲဝတ်လာခဲ့သော ကျွန်မ၏ သည် ထိုအမျိုးသမီးကြီးအတွက်တော့ ကြည့်ကောင်းနိုင်မှာ မဟုတ်ပါ။

"ထိုင်ပါ မင်းကို အန်တီကလည်း တွေ့ဖူးချင်နေတာပါ"

အိစက်နေသော ဆိုဖာမီးခိုးရောင်များကြောင့် အခန်းက အ



www.burmeseclassic.com

www.burmeseclassic.com



နည်းငယ် မှိုင်းနေသယောင်ရှိသော်လည်း သူ့ဟာနှင့်သူ ကြည့်လို့အ
ဆင်ပြေလွန်းနေပါသည်။

"မင်းနဲ့သားငယ်ရဲ့ အခြေအနေကို အန်တီ သိသင့်သလော
သိပါတယ်"

"တကယ်တော့ ဖေသုတနဲ့ ကျွန်မနဲ့က ဘာမှမပတ်သက်
ပါဘူး အန်တီ"

"ဟင် ဘယ်လို မပတ်သက်တော့တာလဲ"

"ကျွန်မတို့ ချစ်သူတွေလိုမျိုး ပတ်သက်မှု မရှိတော့တာ နည်
နည်းကြာခဲ့ပါပြီ"

"အင်း အဲဒါလည်း အန်တီ သိထားပါတယ်"

"ရှင်"

ကျွန်မ အံ့သြပြီးရင်း အံ့သြသွားရ၏။ ဘာတွေလဲ အခုတာ
များ ဖြစ်နေတာတဲ့လဲ။

"အန်တီပြောချင်တာက ဘာများလဲဟင်၊ ကျွန်မ တကယ်
နားမလည်နိုင်ဘူး ဖြစ်နေတယ်"

"အမှန်အတိုင်း ပြောရရင်တော့ မင်းနဲ့တွဲနေတဲ့အကြော
အန်တီ့ကို သူဖွင့်ပြောလာခဲ့တုန်းက အန်တီ့ဘက်ကလည်း ဘယ်
သဘောမတူနိုင်တဲ့အကြောင်းကို ပြတ်ပြတ်သားသားပဲ ပြန်ပြောခဲ့တ





အဲဒီ့အတွက် သူ အန်တီ့ကို ဘယ်လိုနည်းနဲ့ ဆန္ဒပြခဲ့တယ်လို့ မင်းထင်လဲ"

ဟင့်အင်း ကျွန်မ မထင်တတ်ပါ။

ကျွန်မ ရင်ထဲမှာ အံ့သြလွန်းလို့ ကြက်သေသေနေမိခဲ့ပြီ ဖြစ်၏။
သူနဲ့ကျွန်မ ချစ်နေကြသည့်အကြောင်းကို သူ့အိမ်ကို သူ ဖွင့်ပြောပြခဲ့ဖူး
သည်တဲ့လား။ ပြီးတော့ သူ့အမေကိုတောင် ဆန္ဒပြခဲ့သေးသည်တဲ့လား။

ဒါတွေကို ကျွန်မအား ဘာလို့များ မပြောပြခဲ့ရတာလဲ။

"တစ်လတစ်ခါ သွေးသွင်းရမယ့်နေ့တွေမှာ သူ အိမ်ပြန်မလာ
ဘူး သူ့ရောဂါကို သူ ပိုကြီးသွားအောင်လုပ်တဲ့နည်းနဲ့ အမေကို အနိုင်ယူ
တယ်လေ"

"ရှင် ခဏလေးပါ အန်တီ၊ စကားဖြတ်ပြောတယ် မထင်ပါနဲ့
နော်၊ သုတ သုတမှာ ဘာရောဂါများ ရှိနေတာလဲဟင်"

"အဲဒါပဲ ကြည့်လေ မင်းသာ အန်တီ့သားအပေါ်မှာ တကယ်
ရော ချစ်ခဲ့ပါရင် သားအကြောင်းတွေကို မင်းအားလုံး သိထားသင့်
တယ်"

ကျွန်မ ပြောလိုက်ချင်ပါသည်၊ အန်တီ့သားက သိပ်ကို ပွင့်လင်း
လို့လား။ အရာရာကို ဖွင့်ချပြတတ်သည့် စိတ်ဓာတ်မျိုးမို့လို့လား။

"အန်တီ သိသင့်ပါတယ်၊ ဖေသုတဟာ သိပ်ကို လျှို့ဝှက်တတ်
တဲ့ လူတစ်ယောက်ပါ၊ သူ့မှာတစ်ခုခု ခံစားနေရတယ်ဆိုရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မျက်နှာပျက်ယွင်းမသွားတတ်တဲ့ လူမျိုးပါ''

''ထားလိုက်ပါ၊ မင်းသိထားသင့်တာက အန့်တီ့သားဟာ သာမ

လူတွေလို ကျန်းမာရေးကောင်းတဲ့သူ မဟုတ်ဘူး။ ပုံမှန်သွေးသွင်းပေ

လဲပေးနေရတဲ့ သွေးအားနည်းရောဂါကို ခံစားနေရတာပါ''

''ရှင်''

ကျွန်မ ဦးခေါင်းကြီးတစ်ခုလုံး လေးလံသော အရာတစ်ခုခု

ပြင်းပြင်းထန်ထန် တိုက်လိုက်မိသလို ပြာဝေမှူးနောက်သွား၏။

''ကျွန်မ ကျွန်မ မသိခဲ့ဘူး''

''မွေးရာပါ ဒီရောဂါကို အန့်တီတို့ အတတ်နိုင်ဆုံး တတ်

သလောက် ကာကွယ်ပြီး သူ့အသက်ကို ဆွဲဆန့်ခဲ့နိုင်လို့ ဒီအရွယ်

လောကကြီးမှာ သူရှိနေခဲ့တာပဲ၊ သူက လူတစ်ယောက်ယောက်ရဲ့ အ

အညီနဲ့ နေရတာမျိုးကို သိပ်မုန်းတယ်၊ သူ့ခြေထောက်ပေါ် သူ ရပ်တ

နိုင်တဲ့လူမျိုး ဖြစ်ချင်နေခဲ့တယ်၊ ဒါပေမဲ့ မင်းနဲ့တွေ့ပြီးနောက်မှာ

တစ်ယောက်တည်း မနေနိုင်တော့ဘူးတဲ့လေ၊ တစ်ချိန်ချိန်မှာ မင်း

ထားခဲ့မှာကိုလည်း သူ သိပ်ကြောက်တတ်လာတယ်၊ ခုနောက်ပိုင်း

ဝေဒနာခံစားနေရတဲ့ အချိန်မျိုးဆိုရင် တစ်အိမ်လုံးကို ခြောင်းဆန်

သောင်းကျန်းတော့တာပဲ''

ကျွန်မ ကြားနေရသော ထိုစကားများသည် ကျွန်မ သိ





ချင်နေခဲ့သော သူ့အကြောင်းတွေ အမှန်ပဲတဲ့လား။ ဝမ်းနည်းနာကျင်စရာ

ကောင်းလွန်းသော ထိုဇာတ်လမ်းသည် ကျွန်မချစ်သူ၏ ကြေကွဲဖွယ်

အဖြစ်တွေတဲ့လား။ ဘယ်လို စိတ်မျိုးနဲ့ ဒီဖြစ်တွေကို ယုံကြည်လက်ခံပေး

နိုင်ပါ့မလဲ။

ကျွန်မရှေ့တွင် အမြဲတစေ အေးစက်စက် ပြတ်သားနိုင်ခဲ့လွန်း

သော ချစ်သူဆီမှာ ဒီလို နာကျင်စရာ အဖြစ်မျိုးတွေ ရှိနေသည်တဲ့လား။

ကျွန်မဆီသို့ မလာနိုင်ခဲ့သော နေ့ရက်တွေဟာ သူဝေဒနာကို တစ်ယောက်

တည်း ကြိတ်မှိတ်ခံစားနေခဲ့ရသော နေ့ရက်တွေတဲ့လား။

''သူ အခု ဘယ်မှာလဲဟင် အန့်တီ''

''သူ ရှိပါတယ်၊ ဒီလပိုင်းတွေမှာ သူ့ဝေဒနာ ပိုပိုဆိုးလာလို့

အန့်တီတို့သူ့ကို မျက်စိအောက်က သိပ်အပျောက်မခံတော့ဘူးလေ၊

ခုလည်း မင်းထိုင်ထိုင်နေတဲ့ အအေးဆိုင်ကို လှမ်းမြင်ရတဲ့ ပြတင်းပေါက်

နားကနေ တစ်နေ့တစ်နေ့ မခွာလို့ နောက်ဆုံး သူ အိပ်ပျော်နေတဲ့အချိန်

မင်းဖုန်းနံပါတ်ကို စုံစမ်းပြီး အန့်တီခေါ်လိုက်ရတာပါ''

အိမ်တစ်အိမ်လုံးမှ ပြတင်းပေါက်များတွင် တပ်ဆင်ထားသော

မှန်များမှာ အပြင်ဘက်မှကြည့်လျှင် အထဲသို့ လှမ်းမမြင်နိုင်သော အနက်

ရောင်မှန်များဖြစ်သည်မို့ ကျွန်မကို လှမ်းမျှော်ကြည့်နေမည့်သူ့အား မမြင်

နိုင်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူ့ဆီကို သွားလို့ရမလားဟင် အန်တီ"

"မင်းကို သူ ဖြတ်တောက်ပစ်လိုက်တဲ့ ကိစ္စလည်း အန်တီ သိပါတယ်၊ မင်းရဲ့ နေပုံထိုင်ပုံ အဆင့်အတန်းနဲ့ အန်တီတို့နဲ့ သိပ်ကွ ကွာခြားလွန်းတယ်လေ၊ မင်းကို သူ ကြိုးစားပြီး ပြုပြင်မယ်လို့ ပြော တယ်၊ သူ့မှာ ဒီရောဂါကြီးရှိနေတာကိုလည်း မင်းမသိစေချင်ဘူးလေ သူ ရောဂါဖောက်တဲ့နေ့မျိုးတွေဆို မင်းကိုရှောင်ဖို့ သူ ကြိုးစားတော့တာ ဒါပေမဲ့ မင်း ဒါတွေကို သိအောင်လည်း မလုပ်ခဲ့ဘူး။ မသိတဲ့အပြင် သည်းခံခြင်းဆိုတာလည်း မင်းမှာ မရှိခဲ့ဘူး၊ မင်းနဲ့ပြဿနာဖြစ်တဲ့နေ့ သူ တအားမူးပြီး အိမ်ပြန်ရောက်လာခဲ့တယ်"

သုတ အမေက ကျွန်မမေးသည်ကို မသိကျိုးကျွံပြုလျက် သူ့ စကားကို ရှေ့ဆက်ပါသည်။ အသံများက တုန်ယင်နေသော်လည်း စိတ် တအားထိန်းချုပ်ရင်း ပြောနေမှန်း ကျွန်မ ခန့်မှန်း၍ရ၏။

"သုတကို သူ အထင်လွဲသွားပြီ၊ နာကျည်းသွားပြီ၊ သူ အ ဆုံးဆိုတာကိုမှ ကျူးလွန်တဲ့ ယောကျ်ားတစ်ယောက်လို့ သူ သတ်မှ သွားပြီ မေမေရဲ့"

ငိုကြီးချက်မဖြင့် ပြောနေသော သားဖြစ်သူကိုကြည့်ရင်း ခေါ် ထား စိတ်နှလုံးတွေ ကွဲကြေခဲ့ရသည်။ သားချစ်သူဟု ဖွင့်ပြောပြ ခဲ့သော ထိုကောင်မလေး၏အကြောင်းကို စုံစမ်းကြည့်တော့ နယ်တက်





တစ်ယောက်တည်း ရန်ကုန်တက်လာကာ စာရေးသည့် အလုပ်ဖြင့် အသက်မွေးသည်တဲ့လေ။

သူမတို့မိသားစုနှင့် ဘယ်လိုမှ မအပ်စပ်သော မိန်းကလေးတစ် ဦးသာဖြစ်မှန်း သတ်မှတ်ပြီးသည့်နောက် ထိုမိန်းကလေးနှင့် အဆက်ဖြတ် ရန် အမျိုးမျိုး တွန်းအားပေးပါသော်လည်း အချည်းနှီး ဖြစ်ရသည်က များ၏။ တစ်လတစ်ခါ သွေးသွင်းရမည့်နေ့များမှာ အိမ်ပြန်မလာဘဲ နေမည်။ ဆေးခန်းသွားရမည်ဆိုလျှင် ရှောင်ပြေးမည်။

အဲဒီလိုမျိုး ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးသည့် နည်းပေါင်းစုံဖြင့် အခွံမခံဘဲ နေလာခဲ့သည့် သားဖြစ်သူက ယခုတော့ . . ။

"သုတ သူ့ကို ရောဂါသည်တစ်ယောက်ရဲ့ ပုံစံကို မပြချင်ဘူး၊ ဒါပေမဲ့ သူနဲ့တူတူနေတာများလာလေလေ သူနားကနေ ခွဲသွားဖို့ ခက် လေလေပဲ၊ ဒီနေ့တော့ သူ နာကျည်းသွားအောင် ပြောပစ်ခဲ့တယ် မေမေ၊ အဲဒီအတွက် နှလုံးသားတစ်ခုလုံး စုတ်ပြတ်သွားတယ်၊ ရင်ဘတ်ထဲက နာကျင်မှုတွေကိုလည်း အပြုံးတွေနဲ့ ဖုံးကွယ်ထားခဲ့ရတယ်၊ ဒါပေမဲ့ လ အဲဒီအပြုံးတွေက သိပ်ကိုပီပြင်လွန်းတယ်နဲ့ တူပါတယ် မေမေရယ်၊ သုတကို ပါးချသွားတယ်လေ၊ သုတ နှလုံးသားတွေလည်း နာတယ်၊ အသည်းလည်း နာတယ်"

တစ်သက်နှင့်တစ်ကိုယ် အပ်ပေါင်းမြောက်များစွာကို အသားထဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုးသွင်းခံရင်း ဆေးကုသခဲ့သော်လည်း တစ်ချက်ကလေးမှ နာသည်
မညည်းဖူးသော သားဖြစ်သူထံမှ ထိုစကားများသည် သူမ၏ မျက်
များကိုပါ ဆွဲချုံသွားနိုင်ခဲ့၏။

"အန်တီ ကျွန်မကို သုတနဲ့ တွေ့ခွင့်ပေးပါနော် နော် အန်တီ

ကျွန်မ၏အသံများသည် လည်ချောင်းဝမှနေ မနည်းညှစ်ထုတ်
ပြောလိုက်ရသော ခပ်အက်အက် အသံများသာ ဖြစ်၏။

"သူ အခု အိပ်နေတယ်"

"ရပါတယ် အန်တီ၊ ကျွန်မ သူ အိပ်နေလည်း စောင့်နိုင်
တယ်၊ သူ ရှိတဲ့နေရာကိုသာ ပို့ပေးပါနော်"

သူ့အခန်းသည် အပြာနုရောင်များဖြင့် မြှုလွှမ်းထားသော
ချင့်စဖွယ် အပြင်အဆင်မျိုးလေး ဖြစ်၏။ ရှုပ်ရှုပ်ထွေးထွေးကို မနှ
သက်သော သူ့အကျင့်အတိုင်း အခန်းသည် သပ်ရပ်၍ စနစ်ကျနေသည်

သူ အိပ်ပျော်နေသော ခုတင်ဘေးကြမ်းပေါ်တွင် ထိုင်ချလိုက်
သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်နေမိ၏။

ဟုတ်သည် ရောင်နီ ပြောခဲ့သည့်အတိုင်း သူ တော်တော်
ပိန်ကျသွား၏။ မျက်ကွင်းများ ညိုကာ ရောဂါသည်တစ်ယောက်
လက္ခဏာအားလုံးကို သူ့ထံတွင် တွေ့ရသည်။ ကျွန်မ မျက်ဝန်းမှမျက်
များ အလိုလို ကျဆင်းလာသည်။





သူက ငိုတာကို မုန်းသည်တဲ့။ သို့သော် သူကိုယ်တိုင်ကပဲ
ကျွန်မ ငိုကြွေးရအောင် ဖန်တီးနေခဲ့တာဖြစ်သည်။

"ရှင့်ကို မုန်းတယ် သိလား ဖေသုတ၊ ကျွန်မကို ဒီလိုနည်းနဲ့
ထားသွားလို့ရမယ်များ ထင်နေလား"

ကျွန်မသည် ဒေါသတကြီး ငိုကြွေးရင်း သူ့ကို အံကြိတ်လျက်
သူ့ပူကြိမ်းမောင်းနေမိ၏။

"ရှင် နည်းနည်းလေးမှ မတရားဘူး၊ ရှင်လုပ်ချင်တာ ရှင်
ဖြစ်ချင်တာပဲ သိတယ်၊ ကျွန်မကို နည်းနည်းလေးမှ ထည့်မတွက်ဘူး
ရှင် ဒီလိုနည်းနဲ့ ထွက်သွားရင် ကျွန်မကို တစ်သက်လုံး ဖုံးကွယ်ထား
နိုင်ပြီလို့များ ထင်နေတာလား"

ကျွန်မ အသံကြောင့် ထင်သည်။ သူ့ခန္ဓာကိုယ် အနည်းငယ်
လှုပ်လှုပ်ရှားရှားလာ၏။ ကျွန်မသည် အဆက်မပြတ်ကျဆင်းနေသော
မျက်ရည်များကို ကမန်းကတန်း သုတ်ပစ်လိုက်ရသည်။ သူက ငိုတာကို
မုန်းသည်ဆိုလျှင် သူ့ရှေ့တွင် ကျွန်မ ဘယ်သောအခါမှ ငိုမိမည် မဟုတ်ပါ။

"သုတ နိုးပြီလား"

ကျွန်မ၏ တိုးတိတ်ညင်သာသော အသံအဆုံးမှာ သူ့မျက်လုံး
များ ပွင့်လာ၏။ ကျွန်မအသံအား ကြားလိုက်ရခြင်းကို သူ လက်ခံချင်
ပုံမပေါ်။ သို့သော် သူ့နားခုတင်အောက်တွင်ထိုင်ရင်း သူ့ထံ ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသော ကျွန်မ၏မျက်ဝန်းများကို မြင်တွေ့သွားချိန်မှာတော့ ဒါတွေသည် အိပ်မက်မဟုတ်မှန်း သူ လက်ခံသွားသည်။

လဲလျောင်းနေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်အထိ သူ အံ့သြတကြီး ဖြစ်သွားခဲ့၏။

"မင်း သုတအခန်းထဲကို ဘယ်လိုရောက်နေတာလဲ၊ ဘာလဲ ရောင်နီ ခေါ်လာတာလား"

"ဘယ်က ရောင်နီက ပါလာတာတုံး"

"ရောင်နီမဟုတ်ရင် မင်းကို ဒီထိ ဘယ်သူခေါ်လာတာလဲ"

"သိပ်လည်း အံ့သြမနေပါနဲ့ သုတရယ်၊ ကျွန်မကို ရှင့်မေမေ ကိုယ်တိုင် လှမ်းခေါ်လိုက်တာပါ၊ သူ့သား ပြတင်းပေါက်ကနေ လှမ်းလှမ်း ကြည့်နေတာကို သနားလို့နဲ့ တူပါရဲ့"

"အာ ဘာတွေလျှောက်ပြောနေတာလဲ"

"အံမယ် မဟုတ်လို့လား"

"မေမေက မင်းကို သုတနဲ့တွေ့ခွင့်ပေးတယ်ဆိုတာ မယုံချင်စရာပဲ၊ ဘယ်လိုမှ သုတ လက်ခံပေးလို့ မရဘူးဖြစ်နေတယ်"

"ရော် ဟုတ်ပါတယ်ဆို၊ သူ့သား ပြတင်းပေါက်ကနေပဲ ငေးနေရင်းနဲ့ ငုတ်တုတ်ကြီး မေ့သွားမှာစိုးလို့နဲ့ တူတယ်၊ ကျွန်မကိုခေါ်ပြီး အားလုံး ဖွင့်ပြောပြတော့တာပဲ၊ သိပ်ချစ်တတ်တဲ့ ကောင်လေးတစ်ယောက်





အကြောင်းကိုရောပေါ့"

"ဘာမှမဟုတ်ဘူး၊ သူ့သားကို ကောင်မလေးတစ်ယောက်တည်း အိမ်ရှေ့လာလာပြီး ပေါ်တင်ကြီး ကြောင်နေတာကို မကြည့်ရက်တော့လို့နဲ့ တူတယ်"

ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်ရင်း ပြိုင်တူ ရယ်မောလိုက်မိ၏။

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကျွန်မကတော့ သုတနားမှာ ရှိနေခွင့်လေး ပြန်ရလို့ ကျေနပ်နေမိတာပါပဲ"

"သုတ ရှိနေရင် မင်း သိပ်ပျော်တယ် ဟုတ်လား"

သူ့လက်တစ်ဖက်ကို ကျွန်မ တင်းတင်းဆုပ်ကိုင်လိုက်သည်။

"ဒါပေါ့၊ အဲဒါကြောင့် ကျွန်မနားကနေ သုတ ဘယ်ကိုမှ ထွက်သွားဖို့ မကြိုးစားနဲ့နော်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကျွန်မသည် ဖေသုတရှေ့တွင် ထိန်းချုပ်ထားခဲ့ရသမျှ မျက်ရည်များကို သူရိယနှင့် အတူရှိချိန်များတွင်တော့ ဖွင့်အံချပြမိမြဲ ဖြစ်၏။

"ဘယ်လိုမှ ထင်မထားခဲ့ဘူး သိလား"

"ဘာကိုလဲ သူရိယ"

"နင့်ကို တခြားယောကျ်ားတစ်ယောက်ကြောင့် ကြေကြေကွဲကွဲနဲ့ ငါ့ကိုတိုင်တည်ပြီး ငိုနေတဲ့ အဖြစ်မျိုးကို ကြုံရလိမ့်မယ်လို့ တစ်ခါမှ မတွေးထားခဲ့မိဘူး"

"နင်ကရော ငါ ဒီလို ရင်ဖွင့်တာကို မကြိုက်လို့လား ဟုတ်လား"

"မဟုတ်ပါဘူး ဝေးရာ၊ ငါက နင့်အာရုံကို ပြောင်းသွားအောင် ပြောတာပါ၊ နင့်ကိုကြည့်ရတာ သုတကြောင့် သိပ်ပင်ပန်းနေပြီလေ"





"ဟင့်အင်း ငါ မပင်ပန်းပါဘူး၊ သူကမှ ငါ့ထက် အများကြီး ပိုပင်ပန်းတာပါ၊ ငါ့ရှေ့ရောက်ရင် သူ့ရောဂါတွေအားလုံးကို မေ့ပျောက်ထားပြီး သူ ဝေဒနာခံစားနေရတာကို ငါ မမြင်အောင်လို့ ထိန်းချုပ်နေရတာလေ၊ ပြီးတော့လေ သူ အရင်ကလို ငါ့အပေါ်မှာ အတ္တတွေနဲ့ ဆက်ဆံတော့ဘူးဟ"

"အဲဒီအတွက် နင် ပျော်နေတယ် မဟုတ်လား"

"ငါ ပျော်တယ်ဆိုတာထက် အရင်လို သူ့အတ္တတွေ မရှိနိုင်တော့တာကိုပဲ ငါ စိတ်မကောင်းဖြစ်တာပါ၊ သူ့ကိုယ်သူ ရောဂါသည်ဆိုတာ မေ့နေအောင် ဘယ်လောက်ပဲ ဟန်ဆောင်ထားပေမယ့် သူ့မသိစိတ်တွေကတော့ အားငယ်ဖျော့တော့နေပြီ၊ ငါ သူ့ကိုကြည့်ပြီး အဲဒီဝေဒနာတွေအားလုံးကို သူ့အစား ငါပဲ ခံယူပစ်လိုက်ချင်တယ်"

မရိုးနိုင်လောက်အောင် ကျဆင်းနိုင်လွန်းသော မျက်ရည်များကို လက်ခုံဖြင့်ပွတ်သုတ်လိုက်ရပြန်၏။

"ပြန်ကောင်းမယ့် ရာခိုင်နှုန်းက ဘယ်လောက်ရှိတယ်တဲ့လဲ"

ကျွန်မ မဖြေချင်ဆုံး မေးခွန်းကိုမှ သူရိယက လာမေးနေသည်၊ ဒီမေးခွန်းဟာ နင်နဲ့သုတနဲ့ ခွဲခွာရဖို့ ဘယ်လောက်လိုသေးလဲလို့ မေးလိုက်တာနှင့် တူတူပဲမဟုတ်လား။

သုတနှင့် ခွဲခွာရမည့်အချိန်တွေ နေ့ရက်တွေကို ကျွန်မ မေ့



www.burmeseclassic.com

www.burmeseclassic.com



တွက်မနေချင်ပါ။ အတူတူ ရှိနေခွင့်ရသည့်အချိန်လေးတွေ နေ့ရက်တွေ
အားလုံးကိုတော့ အကောင်းဆုံးဖြစ်အောင် ကျွန်မ ကြိုးစားချင်သည်

သုတနားမှာ ရှိနေလျှင် ပျော်ရွှင်နေတတ်သည့် ကျွန်မ၏ ကြည်
နူးမှုတွေကို ဘယ်လိုကံတရားက ဘယ်လိုအချိန်မျိုးမှာ အကြောင်းမကြ
ဘဲ ပယ်ဖျက်ပစ်မည်လဲ မသိနိုင်ပါ။ ထို့ကြောင့်ပင် အတူရှိခွင့်ရသည့်
အချိန်တွေအားလုံးကို ကျွန်မ အဆုံးရှုံး မခံနိုင်ပါ။

"ဒီနေ့ရော သူ့ဆီ သွားဦးမှာလား"

"သွားမှာပေါ့ဟ၊ ငါ့အတွက် သူနဲ့ရှိခွင့်ရမယ့် အချိန်တွေ
အားလုံးကို ရရင်ရသလို ယူပစ်မှာပဲ"

"ငါလည်း လိုက်ကြည့်ချင်ပေမယ့် အဲဒီလိုလုပ်လိုက်ရင် သူ
ကိုယ်သူ ရောဂါသည်ပါလားဆိုတဲ့အသိမျိုး ပြန်သတိဝင်သွားမှာစိုးတယ်
ပြီးတော့ ငါ့ကိုမြင်ပြီး ဒေါသတွေ ငယ်ထိပ်တက်ဆောင့်မှာကိုလည်း
ကြောက်ရသေးတယ်လေ"

သူရိယက ရယ်ကျဲကျဲနှင့် ပြောပါသည်။ ကျွန်မ သက်ပြင်း
လိုက်မိ၏။

"ခုနောက်ပိုင်း နင်နဲ့ငါ့ကို သူ ဘာမှသိပ်မပြောတော့ပါဘူး"

"တော်သေးတာပေါ့"

"နင့်အတွက်ကတော့ တော်သေးတာပေါ့လို့ ပြောနိုင်ပေမယ်







ငါ့အတွက်ကတော့ အဲဒါ သူ့ အရာရာကို အရှုံးပေးလိုက်တာလို့ပဲ မြင်
နေမိတယ်"

"နင်က အဆိုးဘက်ကချည်းပဲ လျှောက်တွေးနေတာကိုး၊ ဒီ
ထိုင်း ရိုးရိုးလေး တွေးကြည့်စမ်းပါ၊ နင့်အပေါ်မှာ သူ ပိုပို ချစ်လာလို့
လိုက်လျောပေးလာတာတွေလည်း ဖြစ်နိုင်တာပဲလေ"

သူရိယ၏နှစ်သိမ့်စကားတွေမှန်းသိပေမယ့် ကျွန်မ ခေါင်းညိတ်
ပြုပြလိုက်မိ၏။ အဆိုးဘက်က သိပ်မတွေးတော့ဘဲ သူရိယ ပြောသလို
အကောင်းဘက်က တွေးကြည့်ခြင်းသည်လည်း ကျွန်မနှင့်သုတအတွက်
ပျော်ရွှင်မှုအချိန်တွေကို ပိုတိုးပွားရာ ရောက်စေမှာပဲမဟုတ်လား။

■ ■ ■

"မောင် ကျွန်မတို့ ရုပ်ရှင် သွားကြည့်ရအောင်၊ ရှင်ပဲပြောဖူး
တယ်လေ၊ ညကိုးနာရီခွဲပွဲ လိုက်ပြမယ်ဆို"

"ဒီညလား"

"ဒါပေါ့၊ သွားမယ် မဟုတ်လား"

သူ့ကိုကြည့်ရတာ ဒီနေ့ အနည်းငယ် လန်းဆန်းနေသော
ကြောင့် ကျွန်မလည်း တက်ကြွနေမိသည်။

"အတော်ပဲပေါ့၊ သုတလည်း အဲဒီကားကို ကြည့်ချင်နေတာ"

ရုပ်ရှင်ရုံပိုစတာဘုတ်ကြီးကိုကြည့်ပြီး သူ ဝမ်းသာအားရ ပြော



www.burmeseclassic.com

www.burmeseclassic.com



၏။ သူက မြန်မာဇာတ်လမ်းများကို သိပ်မနှစ်သက်သည့်အတွက် ကျွန်မတို့သည်လည်း နေပြည်တော်ရုံဘက် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

နှစ်ယောက်တွဲထိုင်ခုံလေးများရှိရာ ဟိုးနောက်ဆုံးဘက်တန်းဆီတွင် ကျွန်မတို့နှစ်ယောက်သာ ရှိနေ၏။ ဒီပွဲချိန်ဆို နဂိုတည်းက လူနည်းတတ်သောကြောင့် ကျွန်မတို့ ဘေးပတ်ပတ်လည်နှင့် ရှေ့နားတစ်ဝိုက်တွင်လည်း လူသိပ်များများ မရှိလှပါ။ ဟိုဘက်ထောင့်နားတွင်တော့ နာမည်ကြီးမင်းသားတစ်ယောက် သူငယ်ချင်းအုပ်စုလိုက်နှင့် လာကြည့်တာ တွေ့လိုက်သေးသည်။

"မင်းသားကလည်း အပြင်မှာ မောင့်လောက်တောင် မသားနား ပါလား"

"လုပ်ပြီ သူ့ဘာသာ မမှတ်မိအောင် လုပ်လာတာ ဖြစ်မှာပေါ့"

"ဖြစ်စရာလား။ ဒီအချိန်ကြီး သူ့ကို ဘယ်သူမှ လိုက်ကြည့်မနေနိုင်ပါဘူး"

ကျွန်မသည် သူ့လက်မောင်းကို တွယ်ချိတ်ထားလျက် သူ့ပခုံးပေါ် မှီထားရင်းမှ နာမည်ကြီးမင်းသား၏အတင်းကို တုပ်လိုက်သည်။ သူက ကျွန်မကိုငုံ့ကြည့်လျက် ကျွန်မ နှုတ်ခမ်းရှေ့တွင် လက်ညှိုးကို ကန့်လန့်ဖြတ် လာတင်ပါသည်။

"ရှူး တိုးတိုး သူတာ ရုပ်ရှင်ကြည့်ချင်တယ်"





ကျွန်မသည် ဆရာကြီးလေသံနှင့် အမိန့်ပေးနေသော ချစ်သူ မမြင်နိုင်အောင် နှာခေါင်းရှုံ့လိုက်မိ၏။ ဒီက ခေါ်လို့လည်း သူ ကြည့်ခွင့်ရတာကိုများ။

အချိန်တော်တော်ကြာသည်ထိ သူ မလှုပ်မယှက်နှင့် ကျောက်ရုပ်တစ်ရုပ်လို ထိုင်လျက်သားသာ ရှိနေသောအခါ ကျွန်မ ပျင်းရိလာခဲ့သည်။ ကျွန်မက ဒီလိုမျိုး စဉ်းစားတွေးတောနေရသော ဇာတ်လမ်းမျိုးကိုဆို တစ်ယောက်တည်း အေးအေးလူလူ ကြည့်တတ်သူဖြစ်၏။

အခုတော့ ဘေးနားတွင် သူ ရှိနေသည်ဆိုသောအသိက ကျွန်မ၏ စဉ်းစားတွေးတောတတ်သော အသိဉာဏ်အားလုံးကို ခဏတာ ဆဝါးနေစေသည်။ သူ့ဘေးရှိနေချိန်တိုင်း ကျွန်မမှာ ရင်ခုန်သံများနှင့်သာ ထုံးလည်ချာလည် လိုက်ရင်း မောပန်းနေရ၏။

သူကတော့ အေးအေးဆေးဆေးပင်။ အနားမှာ မည်သူမှ မရှိသည့်ပုံစံ။ ရုပ်ရှင်ထဲသို့ အာရုံအားလုံး ထည့်ထားနိုင်သည်။

"မောင်"

"အင်း"

ကျွန်မထံသို့ တစ်ချက်မှ လှည့်မကြည့်သော်လည်း ပြန်ထူးဖော်သေး၍ ဝမ်းသာသွားမိသည်။ အဲဒီအချိန်မှာ ကျွန်မ၏ဉာဉ်ဆိုးလေးက ချက်ချင်းပေါ်လာခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရုပ်ရှင်ပဲ ကြည့်နေတော့မှာလား"

သူ မျက်မှောင်ကြီးကျုံ့လျက် ကျွန်မကို လှည့်ကြည့်သည်။ ကျွန်မ၏ ပြုံးစိစိ မျက်နှာလေးကိုမြင့်တော့

"ရုပ်ရှင်ရုံကို လာတာ ရုပ်ရှင်ကြည့်နေတော့မှာလား"

သူ့အသံက ခပ်အက်အက် သူ့ပုခုံးပေါ်မှီထားသော ကျွန်မကို ရင်ခွင်တွင်းဆွဲသွင်းပြီး တင်းကျပ်နေအောင် ဖက်ထားလိုက်၏။

"ပြော မင်းဘာဖြစ်ချင်တယ်ဆိုတာကို"

"ကျွန်မှာ ဘာဖြစ်ချင်လဲဆိုတော့"

ကျွန်မသည် လက်နှစ်ဖက်လုံးဖြင့် သူ့ခါးများကို သိုင်းဖက်ထားလိုက်ပြီး သူ့မေးစေ့အား တစ်ချက်မော့နမ်းပစ်လိုက်၏။

"မှတ်ဆိတ်ရိတ်တော့"

"မင်းဖြစ်ချင်တာက သုတကို မှတ်ဆိတ်ရိပ်ဖို့လား"

ကျွန်မ ရယ်မောလိုက်မိသည်။ သူဟာ ကျွန်မအတွက်တော့ ရယ်မောအောင် ဝိုကြွေးအောင် လုပ်နိုင်စွမ်းသော ယောကျ်ားတစ်ယောက်သာ ဖြစ်၏။

"မောင်က မော့်ဆရာကြီးလား"

"ဘာလို့လဲ"

"ကျွန်မကို ပြုစားထားတယ်လေ"





သူ့ထံမှ အနမ်းတစ်ချက် ကျွန်မနဖူးလေး လက်ဆောင်ရသွား၏။

"နောက်နေ့အိမ်လာရင် Inception ခွေ ဝယ်လာခဲ့ ကြားလား"

"အခွန် ခုပဲ ကြည့်ပြီးလို့ ထွက်လာတာကို"

"ဘယ်မှာကောင်းကောင်း ကြည့်လိုက်ရလို့လဲ"

ကျွန်မကို ပေစောင်းစောင်းကြည့်လျက် သူ ခပ်တိုးတိုးပြောသည်။ ကျွန်မ ကြိတ်ရယ်လိုက်မိသေး၏။

"ကားထားခဲ့လိုက်ကွာ၊ ကျွန်မတို့ဒီည လမ်းလျှောက်ကြရအောင်နော်"

ဒီညကျမှ ကျွန်မ၏ ဆန္ဒအားလုံးကို လိုက်လျှောပေးဖို့ သူ အသင့်ဖြစ်နေပုံပါပဲ။

လေတဖြူးဖြူးတိုက်နေသော ညလယ်ခေါင်မှာ သူ့လက်ကိုတွဲပြီး လမ်းလျှောက်နေရခြင်းသည် ရင်ခုန်ကြည်နူးခြင်းများဖြင့် တသိမ့်သိမ့်ဖြစ်နေလိမ့်မည်ဟု ကျွန်မ ဘယ်တုန်းကမှ တွေးမထားခဲ့ဖူးပါ။

"မောင် ဗိုက်မဆာဘူးလားဟင်"

"ဟင့်အင်း"

သူ့အသံတွေ တိုးဖျော့နေပြန်၏။ လမ်းလျှောက်နေတာကို ရပ်တန့်ပစ်လိုက်ပြီး သူ့မျက်နှာအား မော့ကြည့်လိုက်သည်။ သူ့နဖူးထက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ချွေးတွေစို့နေကြပြီ။

"မောင်ဘာဖြစ်နေတာလဲဟင်၊ ဘာလဲ ဟာအားညောင်းနေပြီ

လား။ ကျွန်မတို့ ခဏနားလိုက်မယ်နော် မောင်"

ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး တစ်ခု၏ဘေးမှ ကားမှတ်

တိုင်ရှိ ခုံတန်းလေးတွင် ကျွန်မတို့နှစ်ယောက် ထိုင်လိုက်ကြ၏။

သူ ဆေးလိပ်တွေသောက်တတ်ပေမယ့် သူ့နှုတ်ခမ်းများက

အမြဲလိုလို နီရဲနေတတ်ခဲ့သည်။ သို့သော် ခုတော့ ထိုနှုတ်ခမ်းများသည်

လည်း ဖြူရော်ခြောက်သွေ့နေ၏။ ဖြူသော အသားအရေသည် ခြောက်

ကပ်ကပ် ဖြစ်ချင်နေသည်။

"မောင် နေလို့ မကောင်းဘူးလားဟင်"

"သုတ နည်းနည်းမောလို့ပါ"

"မောနေပြီလား၊ ကျွန်မတို့ ခဏနားပြီး အိမ်ပြန်ကြမယ်နော်"

အဲဒီ ကျွန်မအပြစ်ပါဘဲ။ ကလေးဆန်သည့် ကျွန်မ ဆန္ဒတစ်

ကြောင့် သူ့ကို သက်သက်နှိပ်စက်သလို ဖြစ်ခဲ့ပြီ။

"ကျွန်မ ကားငှားလိုက်မယ်နော်"

"မင်းပြန်ဖို့ အတွက်ရော"

"ဟင့်အင်း ဒီည မောင့်ဆီမှာပဲ ကျွန်မ နေမယ်လေ၊ မော

ကားကိုတော့ မနက်ကျမှပဲ တစ်ယောက်ယောက်ကို ယူခိုင်းလိုက်မယ်





လူကြီးများ အိပ်ပျော်နေကြပြီမို့ ကျွန်မတို့နှစ်ယောက် ပြန်ရောက်သွားချိန်တွင် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

"မောင် ဆေးသောက်လိုက်ဦးနော်"

သူ့ခြေလှမ်းတွေ နှေးကွေးနေသောကြောင့် ကျွန်မကပင် လက်မောင်းက ကိုင်တွဲလျက် ခုတင်နားထို လိုက်ပို့ပေးလိုက်သည်။

သူသည် လိမ္မာသော ကလေးတစ်ယောက်လို ဆေးသောက်ပြီး ခုတင်ထက် လှဲအိပ်လိုက်၏။

"မင်းဘယ်မှမသွားနဲ့နော်"

"ကျွန်မ မောင့်နားမှာပဲ နေမှာပါ"

သူက ကျွန်မ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး မျက်လုံးများကို မှိတ်ထားသည်။ သူ့မျက်နှာသည် ကျွန်မ မြင်ဖူးခဲ့သမျှတွင် အင်အားအကင်းမဲ့ဆုံး အနေအထားမျိုး ဖြစ်၏။ သူ့အသက်ရှူသံတွေ အနည်းငယ် မြန်ဆန်နေသည်။

"မောင် အိပ်သွားပြီလားဟင်"

သူက မျက်လုံးများကို မဖွင့်ဘဲ ခေါင်းအသာရမ်းပြ၏။

"မောင့်ကို ကျွန်မ ပုံပြင်ပြောပြမယ်လေ၊ နားထောင်မယ် ဟုတ်လား"

"မင်းပြောချင်တာပြော မောင်က နားထောင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အသံကို လည်ချောင်းထဲမှ အတင်းအားယူပြောနေရသည့် သူ ပြော၏။

"ဟိုး ရှေးရှေးတုန်းက ကောင်မလေး တစ်ယောက် ရှိခဲ့သည် အဲဒီကောင်မလေးက ဟိုးကောင်းကင်ကြီးပေါ်က လင်းလက်တောက် နေတဲ့ ကြယ်နတ်သားလေးနဲ့မှ ချစ်မိကြသတဲ့၊ ကောင်မလေးက ကြယ်နတ်သားလေးဆီ သွားချင်လွန်းလို့ ညတိုင်းညတိုင်း ကောင်းကင်ကြီး ပေါ်ကို ငေးကြည့်နေတတ်တာပေါ့၊ ကြယ်နတ်သားလေးကလည်း ကောင် မလေးရှိတဲ့ မြေကြီးဆီ ဆင်းသက်လာဖို့ အမျိုးမျိုးကြိုးစားပေမယ့် မအောင်မြင်ခဲ့ပါဘူး၊ သူ့ရဲ့အမျိုးအဆွေ ကောင်းကင်တမန်တွေက ခွင့်မပြု ကြဘူးလေ၊ ဒီလူသားမိန်းကလေးဆီ မင်းသွားရင် လမ်းတစ်ဝက်မှာထဲ ပေါက်ကွဲပျက်စီးရလိမ့်မယ်လို့ သတိပေးကြတာပေါ့"

"သူတာဘေးမှာ လာအိပ်လေ"

ကျွန်မသည် သူ့ခေါင်းရင်းနားတွင် ခုတင်ပေါ် မေးထောက် ထိုင်နေခြင်းမှ သူ့ဘေးတွင် လှဲအိပ်လိုက်ရ၏။ သူ့ခေါင်းအုံးကို ဘေးတစ် ဖက်သို့ လွှင့်ပစ်ပြီး ကျွန်မ လက်တစ်ဖက်ကို ဆန့်တန်းစေကာ သူ ခေါင်းအုံးလိုက်သည်။

ကျွန်မ၏ ရင်ညွန့်အထက်နားဆီ၌ သူ အသက်ရှူထုတ်လိုက် သော လေ၏ အထိအတွေ့ကို ခံစားရ၏။ သူ့ဆံပင်တိုတိုများကို ကျွန်မ





လက်ချောင်းများဖြင့် အသာဖွဖွ ပွတ်ပေးနေမိသည်။

အနားမှာ ရှင်ရှိနေတယ်ဆိုတာကို ကျွန်မ ဘယ်အချိန်ထိ ခံစားခွင့်ရမှာလဲ။ ကျွန်မ တစ်ယောက်တည်း မရပ်တည်နိုင်ပါဘူး။ ရှင် မရှိဘဲနဲ့ ကျွန်မ မရပ်တည်နိုင်ပါဘူး မောင်ရဲ့။

"ဆက်ပြောလေ"

"မောင် မအိပ်သေးဘူးလား"

BURMESE CLASSIC .com

"ပုံပြင်ဆုံးမှ အိပ်မယ်လေ".

ဟင့်အင်း ဒီညမှ ထူးထူးဆန်းဆန်း မောင် အိပ်ပျော်သွားမှာကို ကျွန်မ စိုးရိမ်နေမိ၏။ မောင်နဲ့တူတူ တစ်ညလုံး စကားတွေ ပြောနေချင် သည်။ မောင့်ကို ရင်ခွင်ထဲမှာ ဖက်ထားပြီး မောင် တစ်ယောက်တည်း မှောင်ကြောင်း နှစ်သိမ့်ပေးချင်သည်။ မောင့်နားတွင် ကျွန်မ အမြဲရှိ နေတယ်ဆိုတာ မောင့်ကို သိစေချင်သည်။

"တခြားအရာတွေက ဘယ်လိုပဲ တားဆီးပါစေ တစ်ညမှာ ကြယ်နတ်သားလေးက သူချစ်တဲ့ ကောင်မလေးရှိရာဆီ ခုန်ဆင်းသွားခဲ့ တယ်၊ ဒါပေမဲ့ သူ သိလိုက်ပါတယ်၊ သူချစ်သူကောင်မလေးဆီ မရောက် ခင်မှာဘဲ သူဟာ လောင်ကျွမ်းပျက်စီးရတော့မယ်ဆိုတာပေါ့၊ ဒါကို သိတဲ့ ကောင်မလေးလည်း မြေကြီးပေါ်ကနေ ဆုတောင်းသတဲ့၊ သူမလည်း ဒီဘဝမှာ သေဆုံးပြီး နောက်ဘဝအသစ်တစ်ခုမှာ သူချစ်တဲ့ ကြယ်နတ်

www.burmeseclassic.com



သားလေးနဲ့အတူ တောက်ပခွင့်ရပါစေဆိုပြီးပေါ့''

''ကောင်မလေး ဆုတောင်းပြည့်လား''

''ပြည့်တယ်၊ အရှေ့ကောင်းကင်မှာ သိပ်ကို လင်းလက်တောက်ပတဲ့ ကြယ်နှစ်ပွင့်အဖြစ် သူတို့ တွေ့ဆုံခွင့်ရခဲ့တယ်''

သူ့မျက်နှာကို မမြင်နိုင်ပေမယ့် သူ ပြုံးလိုက်သည်ဟု ကျွန်မ ထင်သည်။

သို့သော် ကျွန်မမှာတော့ ဒီပုံပြင်ကို ပြောပြရင်း ဘာလို့မှန်း မျက်ရည်တို့ ကျဆင်းနေမှန်းမသိ။ ဒါပေမဲ့ ကျွန်မ မျက်ရည်တွေကို သူ့အား မမြင်စေချင်သောကြောင့် ထိန်းချုပ်ထားလိုက်ပါသည်။

သူက မုန်းသည်ဆိုလျှင် ကျွန်မသည် ထိုအလုပ်ကို ဘယ်သော အခါမှ လုပ်ဖြစ်လိမ့်မည် မဟုတ်ပါ။ အဲဒီလောက်ထိ ကျွန်မသူ့ကို ချစ်မြတ်နိုးခဲ့ပါသည်။

''သုတ အိပ်ချင်ပြီ''

ထိုစကားကို သူပြောလိုက်လေသလား မသိ။ ဝေဝါးနေသော စကားတစ်ခွန်းကို သူ ပြောလိုက်သည်ဟုတော့ ထင်မိသည်။

''ဟင်''

ချက်ချင်းပင် ကျွန်မလက်တို့ အေးစက်တုန်ရင်သွား၏။ အစက္ကန့်ပိုင်းလေးမှာတင် ကျွန်မ သိရှိနေသော အသိတစ်ခု ပျောက်သွားသည်။





မဟုတ်ဘူး။ မဖြစ်နိုင်ပါဘူး။ ဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကျွန်မ ရင်ညွန့်အထက်နားဆီတွင် စည်းချက်မှန်မှန် လာရောက် ရိုက်ခတ်နေသော အငွေ့အသက်တချို့ကို ကျွန်မ ထိတွေ့ခွင့်မရတော့။ ကျွန်မ၏ ခါးထက်တွင် သိုင်းတင်ထားသော လက်တစ်ဖက်သည် အားအင်မရှိတော့ သလို ပျော့ခွေသွား၏။

မျက်ဝန်းတွင် မျက်ရည်တို့ ပြည့်လျှံလာသည်၊ ဒီလောက် ထိန်းချုပ်ထားသည့်ကြားကတောင် ဒီမျက်ရည်တွေက ကျချင်နေပြန်ပြီလား။

''ပုံပြင်မဆုံးသေးဘူးနော် မောင်''

ကျွန်မ မောင့်ခေါင်းကို ရင်ခွင်တွင်း ပိုဆွဲနှစ်ထားလိုက်၏။ တုန်ယင်နေသော အသံကို ကြိုးစားထိန်းချုပ်လိုက်သည်။ မောင်မရှိရင် ကျွန်မတစ်ယောက်တည်း ရှုံးသွားလိမ့်မယ် မောင်ရဲ့။

''သူတို့နှစ်ယောက်က ကောင်းကင်ကြီးတစ်ခုတည်းမှာပဲ အတူနေခွင့်ရခဲ့ပေမယ့်''

မျက်ရည်နှစ်စက် ကျွန်မ ပါးပြင်ထက်သို့ တပြိုင်နက် ကျဆင်းသွား၏။ အို အဲဒီ မျက်ရည်တွေကို ကျွန်မ ဘယ်လိုများ တားဆီးနိုင်မှာလဲကွယ်။

ကျေးဇူးပြုပြီး အိပ်မသွားပါနဲ့နော် မောင်။ ကျွန်မ ပုံပြင်လေး

www.burmeseclassic.com



မဆုံးသေးလို့ပါ။

"လူသားတွေရဲ့ သာမန်မျက်လုံးထဲမှာ သူတို့နှစ်ယောက် နီးကပ်သွားပြီလို့ ထင်ကြပေမယ့် တကယ်တော့ အဲဒီကြယ်နှစ်လုံးရဲ့ကြားမှာ အလင်းနှစ်ပေါင်း မြောက်မြားစွာ ခြားနားနေတယ်၊ သူတို့ တကယ် မနီးစပ်ခဲ့ပါဘူး မောင်"

■ ■ ■

"နှင် ထမင်းမစားတာ ဘယ်နှစ်ရက်ရှိပြီလဲ ဝေး"

သူရိယ၏ စိတ်မရှည်သံကို ကြားရသည်။

"သုံးရက်ပဲ ရှိပါသေးတယ်"

"အဲဒါကြောင့် နင့်ကို တစ်ယောက်တည်း လွှတ်မထားချင်တာ ဘာတစ်ယောက်တည်းလဲ၊ ကျွန်မနားတွင် မောင်တစ်ယောက်လုံး ရှိနေတာကို သူ မမြင်ဘူးလား။

"စာရော ရေးဖြစ်သေးလား"

"ငါ့နှလုံးမှ မခုန်တော့တာ စာတွေကို ဘယ်လိုဖန်တီးရမှာလဲ"

သူရိယထံမှ ကျွတ်ခနဲ စုတ်သပ်သံ ထွက်လာသည်။

"ဩော် ပြီးတော့ နင့်အမေကိုလည်း ငါ အကြောင်းကြားထားတယ်၊ တစ်ရက်နှစ်ရက်အတွင်း ရောက်လာမှာပါ"

"ဟာ နင် မကောင်းဘူး၊ ဘာလို့ အမေ့ကို အကြောင်းကြား





လိုက်တာလဲ၊ အမေ ရောက်လာရင် မောင်နဲ့ငါနဲ့ ဘယ်လိုလုပ် တူတူနေလို့ ရတော့မှာလဲ"

"ဝေး နင် ဘယ်လိုဖြစ်နေတာလဲ"

ကျွန်မပခုံးနှစ်ဖက်ကို ဆောင့်ကိုင်ရင်း သူရိယ အော်ပစ်လိုက်သံကြောင့် အလွန်ထိတ်လန့်သွားမိ၏။ ကျွန်မနဲ့မောင်နဲ့ တူတူရှိနေတာကို ဘာလို့များ သူတို့တွေအားလုံးက မကျေနပ်နိုင် ဖြစ်နေကြတာပါလိမ့်။

"ငါနဲ့မောင့်ကို မခွဲပါနဲ့၊ တောင်းပန်ပါတယ် သူရိယရယ်"

"စိတ်ကို ထိန်းထားစမ်းပါ ဝေးရာ၊ တကယ်ဆို နင့်မေသုတဘာ မရှိတော့ဘူးလေ၊ သူ မရှိတော့ဘူး"

သူ ဆုပ်ကိုင်ထားသော ပခုံးနှစ်ဖက်ကို ကျွန်မ ဆောင့်ရုန်းပစ်လိုက်၏။ ပါးပြင်ထက်သို့ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။

ကျွန်မဘေးနားမှာ မောင် ရှိနေပါလျက်နဲ့ ဘာလို့ သူတို့ ဒီလိုပြောချင်နေတာလဲ။

"မောင် ကျွန်မနားမှာ မောင်ရှိတယ်ဆိုတာကို ပြောပြလိုက်လေ မောင်ရဲ့၊ မောင်ကျွန်မကိုထားမသွားဘူး၊ ကျွန်မ တစ်ယောက်တည်း မဟုတ်ဘူးလို့ ပြောပြလိုက်လေ"

ကျွန်မ အော်ဟစ်ငိုယိုကာ တောင်းပန်ပါသော်လည်း မောင်



www.burmeseclassic.com

www.burmeseclassic.com



သည် တုတ်တုတ်မှမလှုပ်ဘဲ ထိုင်နေခဲ့၏။ ကျွန်မ မောင့်ကို စိတ်တိုသွားမိသည်။

"မောင် အဲလိုမျိုး ပါးစပ်ပိတ်နေမယ်ဆိုရင် ကျွန်မ မောင့်ကို မချစ်တော့ဘူးနော်"

"ဝေး"

သူရိယသည် ချက်ချင်းပင် အနားသို့ ရောက်လာလျက် ကျွန်မကို ရင်ခွင်တွင်း ဆွဲသွင်းထားလိုက်သည်။

"ဟင် သူရိယ နင် ဘာလုပ်တာလဲ၊ မောင် ငါ့ကို စိတ်ဆိုးတော့မှာပဲ၊ လွှတ်စမ်းပါ"

ကျွန်မက လွှတ်ခိုင်းပါမှ ပိုလို့တောင် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားခြင်း ခံလိုက်ရ၏။ ကျွန်မ ပခုံးပေါ်တွင် မေးတင်ထားရင်း သူရိယ ငိုနေသည်။ ကျွန်မ အနည်းငယ် တုန်လှုပ်သွားမိ၏။ ရုန်းကန်နေခြင်းများလည်း အားလျော့သွားသည်။

ဘာဖြစ်လို့များ သူရိယ ငိုနေတာပါလိမ့်ဟု တွေးမိသွားသောကြောင့် ဖြစ်သည်။

"နင် ငိုနေတာလား သူရိယ"

"ဟုတ်တယ် ငါ ငိုနေတာ၊ နင့်ကို သနားလွန်းလို့ ငါ ငိုနေတာလေ"





သူ့စကားကြောင့် ကျွန်မ မလှုပ်မယှက်နှင့် ကျောက်ရုပ်ဖြစ်သွားမိသည်။

အချိန်တော်ကြာ ငိုကြွေးလို့ဝသွားတော့မှ ကျွန်မကို သူ့ရင်ခွင်တွင်းမှ ထွက်ခွာခွင့်ပေးပြီး ပခုံးကိုဖေးမတွဲကာ ကုလားထိုင်ထက် ထိုင်စေလိုက်၏။

"အခု ခဏအိပ်လိုက်နော် ဝေး၊ ညနေကျရင် ဆေးခန်းသွားရအောင် ငါလာခေါ်မယ် ဟုတ်ပြီလား"

အိမ်ခန်းထဲကနေ ခေါင်းငိုက်စိုက်ချ၍ ထွက်ခွာသွားသော သူရိယကျောပြင်ကို ငေးကြည့်ရင်း ကျွန်မ ရယ်မောလိုက်မိ၏။

လောကကြီးက တစ်ခါတစ်ရံမှာ ကြိုးစားမှုတွေကို လျစ်လျူရှုထားတတ်မှန်း ကျွန်မသိလာခဲ့သည်။ ဘယ်လောက်ပဲ အားစိုက်ထုတ်ထားမယ့် အဆုံးသတ်ချိန်ရောက်လာလျှင် ထွက်ပြေးမလွတ်နိုင်အောင် ဘဲဆုံးကြရမှန်းလည်း ကျွန်မသိလာခဲ့သည်။

တစ်ယောက်တည်းနေနိုင်အောင် ကျင့်ထားလို့ မောင်ပြောတုန်းက ကျွန်မစိတ်ဆိုးခဲ့ဖူး၏။ သူ့လက်ကို တွဲချိတ်ထားရင်း ထာဝရ အတူတူနိုင်ရန်လည်း ရှူးရှူးမိုက်မိုက် ဆုတောင်းခဲ့သည်။

သို့သော် ကျွန်မတို့နှစ်ယောက် တကယ်မနီးစပ်နိုင်ခဲ့ကြပါ။ ကံကြမ္မာက ခုံဆည်းခွင့်မရှိသော လူသားနှစ်ဦးအား တွေ့ဆုံခွင့် ခပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကြာပေးခဲ့သည်။

တကယ်ဆို ထိုတွေ့ဆုံမှုလေး တစ်သက်တာ ပေါင်းစပ်ခွင့်ရဖို့ကိုတော့ အလင်းနှစ်သန်းပေါင်းများစွာ ကွာဝေးမှန်း ကျွန်မအလွန်နောက်ကျစွာ သိခွင့်ရခဲ့၏။

ဘယ်လောက်တောင် နောက်ကျလိုက်သလဲဆိုရင် ကျွန်မဘေးမှာ သူမရှိတော့မှ ကျွန်မတစ်ယောက်တည်းဆိုတာ သေချာသွားချိန်မှ ..

မျက်ရည်များကို တစ်သျှူးစဖြင့် ခပ်ကြမ်းကြမ်းပင် ပွတ်သုတ်ဖျက်ပစ်လိုက်ပြီး အခန်းတံခါးကိုလည်း စေ့ပိတ်ထားလိုက်သည်။ ဖုန်းထဲမှ ဘက်ထရီကိုလည်း ဆွဲထုတ်ပစ်လိုက်၏။

မောင့်အရိပ်တွေ ပြည့်လျှံနေသော ဒီအခန်းလေးထဲ၌ ကျွန်မ တစ်ယောက်တည်း နေနိုင်ရန် ကြိုးစားရပါဦးမည်။

ပရိသတ်အတွက်
အမြဲတမ်း
ဖူး

ဝိုး မိုး ၀၁၄၃

www.burmeseclassic.com